# အောင်မြင်မှုရေးရာ

# “A to Z”

# မဟာဗျူဟာ



အောင်မြင်ဖို့ ယုံကြည်ပါ
ယုံကြည်တဲ့အခါ မြင်နိုင်လိမ့်မယ်
ယုံကြည်တဲ့အရာ ကြိုးစားလိုက်ချိန်
အောင်မြင်မှုဆိုတာ သေချာပါတယ်


ဇင်မြိုးမိုင်
MESI University College


(၄)နှစ် တစ်ကြိမ်သာ ကျရောက်သော ၂၉-ဖေဖော်ဝါရီ မွေးနေ့အမှတ်တရ
အထူးရေးသားထုတ်ဝေသည့် အောင်မြင်မှုရေးရာ “A to Z” မဟာဗျူဟာ စာအုပ်

M E S I   U N I V E R S I T Y   C O L L E G E

Photo By - Culture Image

# ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ထုတ်ဝေခြင်း - ဖေဖော်ဝါရီလ၊ ၂၀၂၀

ထုတ်ဝေသူ - ဦးဇင်ဖြိုးပိုင်
MESI University College (02161)
အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်း။
၀၉ ၇ ၈၈၈၈၈ ၄၃၄၊ ၀၉ ၈၈၈ ၉၉၇၇၄

ပုံနှိပ်တိုက် - ဦးဝင့်ဗိုလ်ဗိုလ်
နန်းသဇင် ပုံနှိပ်တိုက် (၀၀၄၄၁)

မျက်နှာဖုံးဒီဇိုင်း - မြတ်မာလာ (MESI)
အတွင်းဒီဇိုင်း - စန်းမင်းထိုက် (MESI)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၅၀၀၀ ကျပ်

အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ စာမျက်နှာ -၃၃၀
ဇင်ဖြိုးပိုင် (MESI)
ဖေဖော်ဝါရီလ၊ ၂၀၂၀
၅. ၂ x ၇. ၅ လက်မ

# မာတိကာ


အောင်မြင်မှုရေးရာ Z to A မဟာဗျူဟာ (စာအုပ်မိတ်ဆက်) ၁၀

ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ ၁၆

ဆရာဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း ၂၀

A

**Achieve - အောင်မြင်တိုးတက်မှု**

ဇောက်နန်မှချ အောင်မြင်တိုးတက်မှုသို့

ဘယ်လိုမဟာဗျူဟာနဲ့ ကြိုးစားအောင်မြင်မလဲ ၂၅

B

**Believe - ယုံကြည်မှု**

မိမိကိုယ်တိုင် ယုံကြည်မှု ဘယ်လိုမြင့်တင်ပြီး

နေ့စဉ်ယုံကြည်မှုတိုးအောင် ကြိုးစားနေမလဲ ၃၇

C

**Character - ကိုယ်ကျင့်တရား**

ကိုယ်ကျင့်တရားကောင်းပြီး လူတော်၊ လူကောင်း ဖြစ်ဖို့

ဘယ်လို လူ ၄-မျိုးဖြစ်ဖို့ ကြိုးစားနေမလဲ ၄၇

D

**Decision - ဆုံးဖြတ်ချက် မှန်ကန်မှု**

Life is Choice ဆိုရင် ဘဝအတွက်

ဘယ်လိုအကောင်းဆုံး ဘယ်လို ရွေးချယ်ဆုံးဖြတ်မလဲ ၅၉

E

**Entrepreneur - စွန့်ဦးတီထွင်မှု**

အောင်မြင်မှုတွေကို ဖန်တီးနိုင်ဖို့ အများနဲ့မတူ

ဘယ်လို စွန့်ဦးတီထွင် ကြိုးစားနေမလဲ ၇၁

F

**Foucs - အာရုံစူးစိုက်မှု**

FOCUS ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်

အလုပ်တခုပြီးမြောက်ဖို့ ဘယ်လိုအာရုံစူးစိုက်မလဲ ၈၁

G

**Goal - ရည်မှန်းချက်ပန်းတိုင်**

ရည်မှန်းချက်တွေ အောင်မြင်ဖို့ ဘယ်လိုမဟာဗျူဟာ

ရေးဆွဲကြိုးစားမလဲ (GROWTH မဟာဗျူဟာ) ၉၁

H

**Harmony - လိုက်လျောညီထွေရှိမှု**

ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှု ရှိသူနှင့်

မရှိသူသူတို့၏ ကွာခြားချက် ၁၀၃

**I**

**Internet** - အင်တာနက်နည်းပညာ

၂၁ ရာစု အရေးပါလာတဲ့ နည်းပညာခေတ်မှာ မဖြစ်မနေ
ကျွမ်းကျင်ရမည့် ICT MAN စွမ်းရည်များ ၁၁၁

**J**

**Joy** - ပျော်ရွှင်ကျေနပ်မှု

ပျော်ရွှင်ခြင်းနဲ့ စိတ်ကျေနပ်ခြင်းကို ဘယ်လိုရယူမလဲ
(ပျော်ရွှင်မှ အောင်မြင်လား၊ အောင်မြင်မှ ပျော်ရွှင်တာလား ၁၂၃

**K**

**Knowledge** - အထွေထွေ ဗဟုသုတရှိမှု

အသိပညာရှိဖို့ ဘဝမှာ ဘယ်လိုသင်ယူလေ့လာမလဲ
(မသိမဖြစ်လေ့လာရမည့် ပညာ(၇)မျိုးအကြောင်း) ၁၃၅

**L**

**Leadership** - ဦးဆောင်စီမံခန့်ခွဲမှု

ခေါင်းဆောင်တစ်ဦးဖြစ်ဖို့ ကမ္ဘာကျော်စာအုပ်မှ
ဆောင်ရန်၊ ရှောင်ရန်များ ၁၄၇

**M**

**Money** - ငွေကြေးချမ်းသာမှု

အောင်မြင်တိုးတက်ရေး လိုအပ်ချက် ငွေကြေးချမ်းသာဖို့
ဘယ်လို ဝင်ငွေရှာဖွေ ရင်းနှီးမြှုပ်နှံမလဲ ၁၅၉

N

**Network** - လူမှုအဆက်အသွယ်ကောင်းမှု
ဘဝမှာ အရေးကြီးတဲ့ လူမှုအဆက်အသွယ်ကို
ဘယ်လိုဆက်သွယ်ဆောင်ရွက်မလဲ နည်းလမ်းများ ၁၇၁

O

**Opportunity** - အခွင့်အလမ်း ဖန်တီးနိုင်မှု
အခက်အခဲမှ အခွင့်အရေးတွေကို ဘယ်လိုရှာဖွေမလဲ
(SWOT, TOWS ဆန်းစစ်သုံးသပ်ချက်) ၁၈၁

P

**People** - လူမှုပတ်ဝန်းကျင်
လူမှုဝန်းကျင်မှာ အောင်မြင်တိုးတက်ဖို့ လူ(၇)မျိုးနဲ့
ဘယ်လိုပေါင်းသင်းဆက်ဆံ အောင်မြင်သွားမလဲ ၁၉၁

Q

**Quality** - အရည်အသွေးမြှင့်တင်မှု
Quantity to Quality အရည်အတွက်မှ
အရည်အသွေးသို့ စွမ်းရည်မြှင့်တင်ဖို့ (9-Q) စွမ်းရည်များ ၂၀၅

R

**Result** - ရလဒ်ကောင်းများဖန်တီးမှု
နာမည်ကြီး E+R=O ရလဒ်၏ ဖော်မြူလာနဲ့
ရလဒ်ကောင်းဖို့ ဘယ်လိုစီမံဆောင်ရွက်မလဲ ၂၁၅

**S**

**Smart - နည်းစနစ်တကျ ကြိုးစားမှု**

အောင်မြင်တိုးတက်ဖို့ Smart နည်းစနစ်တကျ

ကြိုးစားဆောင်ရွက်မှု နည်းလမ်းများ ၂၂၃

**T**

**Teamwork - အသင်းအဖွဲ့နှင့် ပူးပေါင်းကြိုးစားမှု**

မိမိကြိုးစားမှု၊ အသင်းအဖွဲ့နဲ့ပူးပေါင်းပြီး

ပိုမိုအောင်မြင်တိုးတက်မှုသို့ ဘယ်လိုကြိုးစားမလဲ ၂၃၁

**U**

**Unleash Power - အတိုင်းအဆမသိ စွမ်းအားများ**

မိမိ၏ကိုယ်တွင်းမှ အတိုင်းအဆအသိ စိတ်စွမ်းအားများကို

ဘယ်လိုရယူပြီး အောင်မြင်တဲ့ဘဝကို ဘယ်လိုဖန်တီးနိုင်မလဲ ၂၄၁

**V**

**Value - တန်ဖိုးထားမှု**

တိုက်ရိုက်တန်ဖိုးနဲ့ သွယ်ဝိုက်တန်ဖိုးဟူသော

Value တန်ဖိုး၏ ဥပဒေသများ စုတည်းမှု ၂၅၃

**W**

**Work - အလုပ်ကြိုးစားမှု**

အလုပ်နဲ့ ဘဝကို တည်ဆောက်အောင်မြင်ဖို့

(၇)ရက် (၇)ချက် အောင်မြင်ရေးနည်းစနစ် ၂၆၁

X

**X,Y Change - X,Y ပြောင်းလဲမှု သီအိုရီ**

ပြောင်းလဲတိုးတက်ရေး **X,Y** သီအိုရီနှင့်

အလေ့အကျင့်ပြောင်းလဲဖို့ (၂၁)ရက် ဥပဒေသ ၂၇၁

Y

**Youth - လူငယ်တွေနဲ့ အနာဂတ်ရှေ့ရှုမှု**

လူကြီး၊ လူငယ်၊ လူလတ် အရွယ်(၃)ပါးမှာ

ဘယ်လိုအောင်မြင်ဖို့ ကြိုးစားနေမလဲ ၂၈၁

Z

**Zero to Hero - သုညဘဝမှ အောင်မြင်သူဖြစ်ဖို့**

Zero Power (သုညစွမ်းအား) အသုံးပြုလျက် Zero to

Hero သုညဘဝမှ အောင်မြင်သော ဘဝပိုင်ရှင်ဖြစ်ဖို့ ၂၈၉

Do or Die နေမလား၊ သေမလား ၃၀၀

Never Give-up (ဘဝကို ဘယ်တော့မှ အရှုံးမပေးပါနဲ့) ၃၀၂

Job Career Opportunity (အလုပ်အကိုင်အခွင့်အလမ်း) ၃၃၄

အလုပ်အကိုင်နှင့် အနာဂတ်အသက်မွေးဝမ်း ၃၃၈

ဆရာဇင်ဖြိုးပိုင်၏ အားပေးမှုဖြင့် ပြောင်းလဲတိုးတက်ခဲ့သူများ ၃၄၄


MESI
ဝေဖြိုးပိုင်
MYANMAR BUSINESS LEADER CONFERENCE

## အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ (စာအုပ်မိတ်ဆက်)

************************

အောင်မြင်ရေးလမ်းပြမြေပုံ ယခုစာအုပ်မှာ A to Z ဟူသော (အင်္ဂလိပ်စာဟူသည် ပြောင်းပြန်အဓိပ္ပါယ်ပြန်ဆိုရလျှင်) Zero to Hero (သုညဘဝမှ အောင်မြင်သောဘဝ) Achievement (အောင်မြင်တိုးတက်မှုတွေကို ဖန်တီးပြီး) အများအကျိုးပြုနိုင်သော အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်ကြပါစေ။ ဒီစာအုပ်ဖြင့်အတူ အားပေးလိုက်ပါတယ်။

လူတိုင်း လူတိုင်းဟာ အတိုင်းအဆမသိသော စွမ်းအားများ ပိုင်ဆိုင်ထားကြပြီး၊ ယုံကြည်စွာ၊ သတ္တိရှိစွာ၊ အားထုတ်စွာဖြင့် ကြိုးစား

နေသူတိုင်းဟာ Z to A (Zero to Achieve) သုည မှ အောင်မြင်မှု သို့ ကေန်မုချဖန်တီးနိုင်မှာဖြစ်ပါတယ်။

ဒီစာအုပ်အား (အောင်မြင်ရေးလက်စွဲကျမ်းအဖြစ်) တင်ဆက်ထားပြီး. . .

- လက်တွေ့လမ်းညွှန်ထားသော အောင်မြင်ရေး နည်းလမ်းများ
- အောင်မြင်သူတို့၏ အတွေ့အကြုံများ၊ သင်ခန်းစာများ
- အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ (၂၆-ချက်) နှင့်အတူ
- ဆရာဇင်ဖြိုးပိုင်၏ (၁၀-နှစ်တာ) အောင်မြင်ရေး ခရီးမှတ်တမ်းများနှင့်
- ဘဝအောင်မြင်မှုရေးရာ (စင်္ကာပူ၊ ထိုင်း) သင်တန်းများမှ မှတ်စုများပါဝင်ပြီး. . .

အောင်မြင်မှုရေးရာ အဖြာဖြာ (ရသ၊ သုတ) စုံလင်စွာဖြင့် ခေတ်မှီစွာ ရေးသားတင်ဆက်ထားသော (အောင်မြင်ရေးလက်စွဲစာအုပ်) အဖြစ် ပြုစုပေးထားပါတယ်။

စာတွေ့မဟုတ် လက်တွေ့အောင်မြင်ခဲ့တဲ့ အတွေ့အကြုံများကို ပေါင်းစပ်ပြီး Zero to Hero (သုည မှ အောင်မြင်သူဖြစ်ဖို့) ယခုစာအုပ်မှ (သေချာပေါက် လမ်းညွှန်မှုပေးနိုင်ပြီး) အောင်မြင်ရေးလက်စွဲ ဖြစ်ဖို့ အာမခံရေးသားတင်ဆက်ထားပါတယ်။

အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ ဆိုသည်မှာ. . . . .

A – Achievement (အောင်မြင်မှု)

B – Believe (ယုံကြည်မှု)

C – Character (ကိုယ်ကျင့်တရား)

D – Decision (ဆုံးဖြတ်မှု)

E – Entrepreneurship (စွန့်ဦးတီထွင်မှု)

F – Focus (အာရုံစူးစိုက်မှု)

G – Goal (ရည်မှန်းချက်ပန်းတိုင်ရှိမှု)

H – Harmony (လိုက်လျောညီထွေရှိမှု)

I – Internet (အင်တာနက် နည်းပညာစွမ်း)

J – Joy (ပျော်ရွှင်ကျေနပ်မှု)

K – Knowledge (အထွေထွေ ဗဟုသုတရှိမှု)

L – Leadership (ဦးဆောင်စီမံခန့်ခွဲမှု)

M – Money (ငွေကြေး ချမ်းသာမှု)

N – Network (လူမှုအဆက်အသွယ်ကောင်းမှု)

O – Opportunity (အခွင့်အလမ်း ဖန်တီးနိုင်မှု)

P – People (လူမှုဝန်းကျင်အပေါ် ချစ်မြတ်နိုးမှု)

Q – Quality (အရည်အသွေးမြင့်တင်မှု)

R – Result (ရလဒ်ကောင်းများဖန်တီးမှု)

S – SMART (နည်းစနစ်တကျ ကြိုးစားမှု)

T – Teamwork (အသင်းအဖွဲ့နှင့် ပူးပေါင်းကြိုးစားမှု)

U – Unleash Power (အတိုင်းအဆမသိ စွမ်းအားများ)

V – Value (တန်ဖိုးထားမှု)

W – Work (အလုပ်ကြိုးစားမှု)

X – X, Y Change (X-Y ပြောင်းလဲမှု သီအိုရီ)

Y – Youth (အနာဂတ် လူငယ်ဆိုတာ)

Z – Zero to Hero (သုညဘဝမှ အောင်မြင်သူဖြစ်ဖို့)

ဤစာအုပ်အား ၄-နှစ်တစ်ကြိမ်မှ ဖေဖော်ဝါရီ ၂၉ မွေးနေ့ အထိမ်းအမှတ် အကောင်းဆုံးရေးသားထုတ်ဝေသည့် စာအုပ်ဖြစ်ပြီး၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင် Role-Model ကမ္ဘာ့နံပါတ် (၁) Tony Robbin ၏ (၂၉-ဖေဖော်ဝါရီ) မွေးနေ့တူသော ကျွန်တော်ရဲ့ မွေးနေ့မှာ လေ့လာသင်ယူခဲ့ရတဲ့ (စင်္ကာပူ၊ ထိုင်း) နိုင်ငံခြား သင်တန်းများနှင့် အောင်မြင်ရေးစာစုများ၊ အတွေ့အကြုံများနှင့် မဟာဗျူဟာနည်းလမ်းများကို A to Z အနှစ်ချုပ်တင်ပြရေးသားထားသော (အောင်မြင်မှုရေးရာ လက်စွဲစာအုပ်) အဖြစ် စုတုပြု ရေးသားတင်ဆက်လိုက်ပါတယ်။

**စာဖတ်သူများသို့ ကျေးဇူးတင်လွှာနှင့် မေတ္တာလက်ဆောင်**

(အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ) စာအုပ်လက်မှတ်ရေးထိုးပွဲနှင့် စာအုပ်သစ်မိတ်ဆက်ပွဲကိုလည်း ဖေဖော်ဝါရီ (၂၉-ရက်နေ့) မှာ UMFCCI ခန်းမကြီးမှာ စီစဉ်ကျင်းပခဲ့ပြီး၊ ကျွန်တော်ချစ်သော စာဖတ်ပရိတ်သတ်များ အားလုံးအောင်မြင်ကြပါစေ A to Z မဟာဗျူဟာ စာအုပ်ဖြင့်အားပေးရင်း. . .

အောင်မြင်ဖို့ ယုံကြည်ပါ . . . ယုံကြည်တဲ့အခါ မြင်နိုင်လိမ့်မယ်။

ယုံကြည်မြင်နိုင်တဲ့အရာ လက်တွေ့ရဖို့ကြိုးစားလိုက်ချိန် အောင်မြင်မှုဆိုတာ အသေအချာပါပဲ။

ဆန္ဒမွန်ဖြင့်
ဇင်ဖြိုးပိုင် (MESI)
I Must – I Can (အဖြစ်မနေလုပ်ရင် - လုပ်နိုင်ပါတယ်)

## ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ

**********************

ဒီစာအုပ်ကို ဖတ်ရှုရာတွင် အလုံးစုံကို ယုံကြည်ရမည်၊ လက်ခံရမည်၊ မှန်ကန်လိမ့်မည်ဟု မယူဆစေချင်ပါဘူး၊ ကိုယ်တိုင် လက်တွေ့ တွေ့ကြုံနေရတဲ့ အခြေအနေအပေါ် မူတည်ပြီး မှန်ကန်သလားချင့်ချိန်စဉ်းစားကြည့်ပါ၊ (ပညာဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှား၊ အမှန်ကို ခွဲခြားပြီး ပိုမိုကောင်းဖို့ ဆုံးဖြတ်နိုင်စွမ်းသော အတက်ပညာပင်ဖြစ်ပါတယ်)။ ကိုယ်တိုင်တွေးခေါ်လက်ခံယုံကြည်မှုရှိမှသာ ဤစာအုပ်ပါ လမ်းညွှန်ချက်တွေအတိုင်း လူမှုရေး၊ စီးပွားရေး၊ ဘဝရေးရာ အဖြာဖြာတိုးတက်အောင်မြင်ဖို့ အားပေးလိုက်ပါတယ်။

စာအုပ်တစ်အုပ်၊ အကြောင်းအရာတစ်ခုကို အပြည့်အဝ နားလည်ဖို့ဆိုရာမှာ (၁) Believe အကြောင်းအရာအပေါ်မှာ ယုံကြည်

စိတ်ရှိဖို့၊ (၂) General ယေဘူယျအားဖြင့် (တဖက်သက်) အဓိပ္ပါယ် သတ်မှတ်ချက်တွေကို အစွဲမထားဖို့နဲ့ (၃) Interesting လေ့လာနေတဲ့ အကြောင်းအရာအပေါ်မှာ စိတ်ပါဝင်စားမှု၊ အာရုံစူးစိုက်မှု အပြည့်ရှိဖို့ဆိုတဲ့ ယခုအချက် (၃-ချက်)ကို လိုက်နာပြီး အသိပညာ အနှစ်သာရ တန်ဖိုးတွေကို ရရှိစေဖို့ တိုက်တွန်းလိုက်ပါတယ်။

အကြောင်းအရာ အားလုံးထဲမှ မိမိယုံကြည်မှုရှိတဲ့ အပိုင်းများကို တွေးခေါ်ယူဆကြည့်ပါ။

ဖော်ပြထားတဲ့ လမ်းညွှန်ချက်တွေကို သေချာ နားလည်သဘောက်ပေါက်အောင်လေ့လာပါ။

စာဖတ်ရင်း မျက်လုံးထဲမှာမြင်လာအောင် ပုံဖော်တွေးခေါ်ပါ၊ ဆက်နွှယ်မှုတွေကို ထပ်မံစဉ်းစားပါ။

ကြိုက်နှစ်သက်သော အကြောင်းအရာများကို မျဉ်းတား၊ ဘောင်ခတ် အမှတ်အသားများပြုပါ။

တချို့သော အရေးကြီးတဲ့အချက်များကို မသိစိတ်ထဲသို့ ရောက်အောင် ထပ်ခါထပ်ခါဖတ်ရှုပါ။

ကြိုက်နှစ်သက်တဲ့ တချို့အချက်များကို ကိုယ်ပိုင် မှတ်စုစာအုပ်ထဲတွင် ပြန်လည်ပြုစုထားပါ။

ပတ်ဝန်းကျင်သို့ လုပ်ဖော်ကိုင်ဖက်များသို့ စာအုပ်ပါ အမြင်များ ဖလှယ်ပြီး ဆွေးနွေးမျှဝေကြည့်ပါ။

တစ်လတစ်ခါ ပြန်လည်ဖတ်ရှုပြီး ပြောင်းလဲတိုးတက်မှုသို့ လက်တွေ့စီမံခန့်ခွဲဦးဆောင်သွားပါ။

အသိပညာတစ်ခုကို တဖက်ကမ်းကျွမ်းကျင်ဖို့ လေ့လာတဲ့ အခါ (Learn - လေ့လာလိုစိတ်) ပြင်းပြမှုရှိဖို့လို အပ်ပြီး (Unlearn - မခံယူအပ်သော အယူအဆအမှားတွေကို ပယ်ထုတ်နိုင်ဖို့)နဲ့ (Relearn လေ့လာပြီးသောအရာတွေကို ထူးချွန် ကျွမ်းကျင်ဖို့) ထပ်ခါထပ်ခါ လေ့လာနေမှသာ စာတွေ့၊ လက်တွေ့ နယ်ပယ်မှာ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှုတွေကို ဖန်တီးသွားနိုင်မှာ အသေချာပင်ဖြစ်ပါတယ်။

လောကစကြဝဠာမှာ မမြင်နိုင်သော ဆန်းကြယ်အံ့ဩမှု များနဲ့ ပြည့်နက်နေပါတယ်။ ယခင်မသိတာတွေ ယခုသိရှိနားလည် ကြီးစားလာသလို၊ နောင်မှာလည်း ပညာတွေ စဉ်ဆက်မပျက်လေ့ လာရင်း မသိတာတွေကို မရှိတာတွေ များစွာပိုင်ဆိုင်နိုင်မှာဆိုတဲ့ ယုံ ကြည်ချက် Thought အတွေးသည်၊ Action လုပ်ဆောင်မှုကို ဖြစ်စေပြီး၊ Result ရလဒ်ကောင်းတွေကို ဖန်တီးသွားနိုင်တာမို့ အသိပညာဦးဆောင်မှုဖြင့် ဘဝရဲ့ရည်မှန်းချက်တွေကို ဦးဆောင်ဖန် တီးသွားဖို့ အားပေးလိုက်ပါတယ်။

ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့်သင်ယူရသလို
အောင်မြင်သူဖြစ်ဖို့ အောင်မြင်သူတို့ထံမှ လေ့လာသင်ယူပါ။

**I Can Do It + You Can Do It + We Can Do It**

ကျွန်ုပ်လုပ်နိုင်တယ် + သင်လုပ်နိုင်တယ် + ကျွန်ုပ်တို့အားလုံးလုပ်နိုင်တယ်




# ဆရာဦးဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း

ဆရာဇင်ဖြိုးပိုင်သည် စင်္ကာပူနိုင်ငံတွင် စီးပွားရေးဖြင့် ကျောင်းပြီးထားပြီး၊ ကမ္ဘာ့နံပါတ်(၁) Tony Robbin သင်တန်းများ၊ Milionaire Mind သန်းကြွယ်သူဌေး သင်တန်းများ၊ နိုင်ငံတကာ ICF အသိအမှတ်ပြု Leadership Coaching ခေါင်းဆောင်မှု အကြံပေး သင်တန်းများအား ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံများတွင် သွားရောက်တက်ရောက်ထားခဲ့ပါသည်။

ဆရာဇင်ဖြိုးပိုင်သည် စီးပွားရေးအကြံပေးအဖြစ် UN စီမံချက်များတွင်လည်းကောင်း၊ Telenor ကိုယ်စားလှယ်များနှင့် ကုမ္ပဏီကြီးများတွင်လည်းကောင်း၊ အစိုးရဝန်ကြီးဌာနအဆင့် MOC စီးပွားကူးသန်းဝန်ကြီးဌာန၊ SMEs ဌာနများသို့ Busines Consultant နှင့် Corporate Training ကုမ္ပဏီဖိတ်ခေါ်သင်တန်းများကို Company အဖွဲ့အစည်းပေါင်း(၁၀၀)ကျော်သို့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုသို့ အားပေးဆောင်ရွက်လျှက်ရှိပါသည်။

ဆရာဇင်ဖြိုးပိုင်သည် ASEAN နိုင်ငံများဖြစ်သည့် စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများရှိ နာမည်ကြီးတက္ကသိုလ်များသို့လည်း ပညာရေး လေ့လာရေးခရီးထွက်ရှိထားပြီး နိုင်ငံခြားအသိပညာ ဗဟုသုတများဖြင့် သတင်းဆောင်းပါး များရေးသားခြင်း၊ MRTV၊ မြဝတီ၊ Channel 7 စသည့် သတင်းမီဒီယာများတွင်လည်း စွန့်ဦးတီထွင်မှုနှင့် ဘဝ အောင်မြင်တိုးတက်ရေးအတွက် အင်တာဗျူးများကိုလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဆရာဇင်ဖြိုးပိုင်သည် MESI Busines Institute အားကျောင်းခွဲ (၁၅-ခု) ဖြင့် ဦးစီးထူထောင်ထားပြီး (CEO& Principal) အဖြစ် တာဝန်ယူလျက် ရုရှားနိုင်ငံ SWSU တက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ City of Oxford တက္ကသိုလ်ကြီး များနှင့်ချိတ်ဆက်လျှက် UK Diploma သင်တန်းများကို MESI သင်တန်းကျောင်း

တွင် ဦးစီး ပို့ချလျှက်ရှိပြီး မြန်မာနိုင်ငံအနှံ့မြို့ပေါင်း(၃၀)အထိ စီးပွားရေးနှင့် စီမံခန့်ခွဲဦးဆောင်မှုဆိုင်ရာ Seminar ဟောပြောပွဲများ၊ Certificate သင်တန်းများ၊ UK Diploma သင်တန်းပေါင်း (၁၀၀) ကျော်ဖွင့်လှစ်သင်ကြားပေးထားပြီး ကျောင်းသားပေါင်း (၁၀၀၀၀) ကျော်သို့ သင်ကြားပို့ချပေးထားပြီးဖြစ်ပါသည်။

ဆရာဇင်ဖြိုးပိုင်သည် Best Seller နံပါတ်(၁) Life Winning Management စာအုပ်နှင့်အတူ ရောင်းအားအကောင်းဆုံး စာအုပ်(၄)အုပ် ရေးသားထုတ်ဝေထားပြီး စာပေအသိပညာဖြင့် အသက်မွေး လျှက်ရှိပါသည်။ ယခုတွင် Profesional Speakers Asociation \ Founding Member အဖြစ် ပါဝင်ခဲ့ပြီး လူမှုအကျိုးပြု CSR လုပ်ငန်းများကို အားပေးဆောင်ရွက်လျှက် မြန်မာနိုင်ငံအနှံ့မြို့ပေါင်း(၁၅မြို့)တွင်PMTဆရာအဖွဲ့ဝင်ပေါင်း(၃၀-ကျော်)နှင့် အတူတူ ကြိုးပမ်းလျှက် မြန်မာ့ပညာရေးတိုးတက်မှုနှင့် အနာဂတ်ခေါင်းဆောင်များ တိုးတက်ရေးအတွက်အားပေးဆောင် ရွက်လျှက်ရှိပါသည်။

# A

## Achieve

### "အောင်မြင်တိုးတက်မှုရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ အောင်မြင်သူတွေကိုအားကျ အတုယူပြီး တစ်နေ့အောင်မြင်ရမယ်ဆိုတဲ့စိတ်နဲ့ ကြိုးစား ပါတယ်။

မအောင်မြင်သူဆိုတာ ငါတော့အောင်မြင်မှာ မဟုတ်ဘူးဆိုတဲ့စိတ်နဲ့ သူလိုကိုယ်လိုပဲ ကြိုးစားပါတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " A "

## Achievement - အောင်မြင်မှု

"ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"

လူတိုင်းလူတိုင်း အောင်မြင်ချင်ကြတယ်၊ တိုးတက်ချင်ကြပါတယ်။ အောင်မြင်ခြင်းကို အဓိပ္ပါယ်ဆိုရလျှင် မိမိလိုချင်တဲ့အရာတွေဖြစ်လာအောင် ကြိုးစားအောင်မြင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်ဖို့ ဆိုရာမှာ မိမိဘာဖြစ်ချင်တာလဲ။ ထိုရည်မှန်းချက်ကို ရောက်ရှိအောင်မြင်ဖို့ ဘယ်လိုကြိုးစားရမလဲဆိုတာ သိပြီဆိုရင် ထိုအောင်မြင်မှုအတွက် မဆုတ်မနစ် အားသွန်ခွန်စိုက်ကြိုးစားလိုက်ပါ။

## Theory + Practice = Success

## (သီအိုရီ + လက်တွေ့ကြိုးစားမှု = အောင်မြင်မှု)

အောင်မြင်ဖို့အတွက် ကမ္ဘာမှာဖော်ပြထားတဲ့ Success Theory သီအိုရီတွေရှိနေပါတယ်။ အောင်မြင်တဲ့ သူတိုင်းဟာ ယခု သီအိုရီတွေကို လက်တွေ့နဲ့ပေါင်းစပ်ပြီး အသုံးပြုကြပါလိမ့်မယ်။ Theory (သီအိုရီ) + Practice (လက်တွေ့ကြိုးစားခြင်း) = Success (အောင်မြင်ခြင်း) လို့ဆိုပါတယ်။ လက်တွေ့ကြိုးစားပြီး သီအိုရီနည်းလမ်းမသိပြန်လျှင်လည်း အောင်မြင်ဖို့ဝေးသလို၊ သီအိုရီသိပြီး လက်တွေ့မကြိုးစားပြန်လည်း အောင်မြင်မှုသို့ မရောက်နိုင်ပါဘူး။

သီအိုရီဆိုတာ အကြောင်းအရာ၊ အလုပ်တစ်ခုကို အတိုချုံးပြီး ဖော်ပြထားခြင်းတမျိုးပါပဲ။ ခရီးသွားတဲ့အခါ လမ်းသိတဲ့သူဟာ ခရီးကိုမြန်မြန်ရောက်နိုင်သလို၊ အလုပ်လုပ်တဲ့အခါမှာလည်း သီအိုရီကို ကိုးကားခြင်းဖြင့် အချိန်တိုထိရောက်နိုင်ပါလိမ့်မယ်။ လူတစ်ယောက်အောင်မြင်ခြင်းမှာ သူ့ရဲ့ဦးနှောက်ထဲမှာ ဘယ်လောက်စူးစမ်းလေ့လာထားသလဲ ဆိုတဲ့အချက်တွေနဲ့ သူရဲ့အောင်မြင်ဖို့အတွက် ဘယ်လောက်ဖော်ဆောင်နေခြင်းနဲ့ တိုင်းတာပါလိမ့်မယ်။ လိုအပ်နေတဲ့ အရာတွေကို ဖြေရှင်းကျော်လွှားနေတာ အသိပညာရဲ့ ဦးဆောင်နေမှုသာဖြစ်ပါတယ်။

**အောင်မြင်သူ နဲ့ မအောင်မြင်သူ ဘာတွေကွာခြားသလဲ ...?**

- အောင်မြင်သူက - ပြောင်းလဲစွန့်စားမှုကို ပြုလုပ်တယ်။
- မအောင်မြင်သူက - ပြောင်းလဲစွန့်စားမှုကို ကြောက်ကြတယ်။

- အောင်မြင်သူက - အသိပညာကို ဆက်လက်လေ့လာဖို့ကြိုးစားတယ်။
- မအောင်မြင်သူက - ဒီအရာတွေက သိစရာမလိုဘူးလို့ ထင်ကြတယ်။

- အောင်မြင်သူက - ရလာတဲ့ ငွေကြေးကို ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားတယ်။
- မအောင်မြင်သူက - ရလာတဲ့ ငွေကြေးကို သုံးစွဲဖို့ စဉ်းစားတယ်။

- အောင်မြင်သူက - အခက်အခဲတွေကို အခွင့်အရေးလို့မြင်ပြီး ကြိုးစားကြတယ်။
- မအောင်မြင်သူက - အခွင့်အရေးပေးပေမယ့် အခက်အခဲလို့မြင်ပြီး အရှုံးပေးကြတယ်။

- အောင်မြင်သူက - အချိန်ကို ငွေကြေးဖြစ်လာစေဖို့ စဉ်းစားလုပ်ဆောင်တယ်။
- မအောင်မြင်သူက - အချိန်ကို အပျော်အဖြစ် အသုံးပြုဖို့ စဉ်းစားလုပ်ဆောင်တယ်။

- အောင်မြင်သူက - ဘဝရဲ့အခက်အခဲတွေကို အရှုံးမပေးပဲ ကြိုးစားတယ်။
- မအောင်မြင်သူက - ဘဝရဲ့ အခက်အခဲတွေကို အရှုံးပေးဖို့ စဉ်းစားတယ်။

အောင်မြင်သူနဲ့ မအောင်မြင်သူ ဘာကွာသလဲဆိုရင် (အခြေအနေနဲ့ မဆိုင်ပါဘူး) လုပ်ရပ်ကြိုးစားမှုနဲ့သာ ဆိုင်ပါလိမ့်မယ်။

**အောင်မြင်ဖို့ ကံတရားဆိုတာ သင်ယုံကြည်ပါသလား. . .?**

လူတိုင်းမှာ အတိတ်ကံနဲ့ ယခုပစ္စုပ္ပန်ကံ ဆိုပြီး (ကံ-၂မျိုး) ရှိပါလိမ့်မယ်။ အတိတ်ရဲ့ကံတွေကိုတော့ ဘယ်သူမှပြင်နိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ယခုရဲ့ကံတွေကိုတော့ သေချာပေါက်ပြင်နိုင်ပါတယ်။

ဥပမာစဉ်းစားကြည့်ရအောင် မွေးလာတုန်းကလူတိုင်းစာမတက်ကြပါဘူး။ ငါစာမတတ်ဘူးပဲဆိုပြီး နေနေရင်တော့ စာမတတ်သူပဲဖြစ်နေလိမ့်မယ်။ ဒါပေမယ့် ယနေ့ကျွန်တော်တို့အားလုံး စာတက်ကြပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ပြုတဲ့ အလုပ် (ကံ)နဲ့ဆိုင်ပါတယ်။ လိုချင်တာကို ပြောင်းလဲကြည့်ပါ။ တဖြည်းဖြည်းချင်းတော့ ရလာပါလိမ့်မယ်။

ဒါကြောင့် ကမ္ဘာမှာတော့ အရာရာကံကို ပုံမချကြပါဘူး။ ကိုယ်တိုင်ကြိုးစားမှုနဲ့ ဆိုင်တယ်လို့ပြောပါတယ်။ ၁၀%သာ ကံတရားကြောင့်ဖြစ်ပြီး၊ ၉၀ % ဟာ ကိုယ့်ရဲ့ယခုပြုတဲ့ကံနဲ့ဆိုင်ပါတယ်။ ဒါကို လက်တွေ့စဉ်းသပ်ကြည့်ပါ၊ ယခု အလုပ်မလုပ်ရင် ရလဒ်ဆိုတာ မရှိနိုင်ပါဘူး ဒါကို ကံမကောင်းဘူးလို့မဆိုနိုင်ပါဘူး၊ တကယ်တော့ အောင်မြင်သူတွေဟာ ကံကောင်းနေတာမဟုတ်ပါဘူး၊ လက်ရှိ ကံ

အလုပ်တွေကို ကြိုးစားနေကြတာဖြစ်ပါတယ်။ ကိုယ်လုပ်ကိုယ်ရ ဗုဒ္ဓဝါဒသဘောအရ မိမိကိုယ်တိုင်အရာရာကို ကြိုးစားကျင့်ကြံအား ထုတ်ဖို့သာ ဘုရားရှင်ဆုံးမတော်မူခဲ့ပါတယ်။

ဆုတောင်းခြင်းဆိုတာ အောင်မြင်မှုကို မကြိုးစားပဲ ဘုရားထံမှ ဆုတောင်းနေခြင်းသာဖြစ်ပါလိမ့်မယ်။

ဆုပန်တယ်ဆိုတာ အောင်မြင်မှုကို ကြိုးစားပါမယ်ဟု ဘုရားထံမှ အဓိဋ္ဌာန်ဆုတောင်းခြင်းဖြစ်ပါတယ်။

ဆုတောင်းခြင်းထက် ဆုပန်ပြီး မဖြစ်ဖြစ်အောင် သံဓိဋ္ဌာန်ဖြင့် ကြိုးစားအားထုတ်လျှင် လိုအင်ဆန္ဒအားလုံး ပြည့်ဝနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာမှာ ဆုတောင်းခြင်းနဲ့ ပတ်သတ်ပြီး Don’t Wish for It, Work for It ဆုမတောင်းပါနဲ့။ ကြိုးစားလိုက်ပါ။ သေချာတာတော့ လူတစ်ယောက်ကံကောင်းဖို့ဆိုရင် သူဘယ်လောက်အလုပ်လုပ်သလဲ ဆိုတာနဲ့တိုင်းတာပါတယ်။ အလုပ်များများ လုပ်ကြည့်ပါ မိတ်ဆွေ ဒါဟာ သင့်ရဲ့ကံကောင်းခြင်းဆိုတာကို ယုံကြည်စေချင်ပါတယ်။ Good Work is Good Luck လို့ အမြဲခံယူထားပြီး ကြိုးစားလျှင် သေချာပေါက် အောင်မြင်နိုင်မှာပါ။

အားပေးပါရစေ ကမ္ဘာမှာ သင့်ကိုအောင်မြင်အောင် ဖန်တီးပေးနိုင်သူ တဦးသာရှိပါလိမ့်မယ်။ ထိုသူဟာ သင်ကိုယ်တိုင်ပဲဖြစ်ပါလိမ့်ပဲ။ ကိုယ်သာလျှင် ကိုယ်ဘဝရဲ့ ပွဲကိုင်ရှင်ဖြစ်စေလို့ ကိုယ်အား

ကိုယ်ကိုးပြီး ကိုယ်လိုချင်တဲ့ ဘဝကို အကောင်းဆုံးဖန်တီးပိုင်ဆိုင်နိုင်ဖို့ ယုံကြည်ကြိုးစားနေလိုက်ပါ။

စက်ဘ်ပူနဲ့ ထိုင်းနိုင်ငံများသို့ သွားရောက်ပြီး သင်တန်းတွေတက်ရင်း အောင်မြင်ဖို့အတွက် အနှစ်ချုပ် ဒီအချက် (၅-ချက်) Facebook မှတဆင့် ဟောပြောမျှဝေခဲ့ဘူးပါတယ်။ ကြည့်ရှုသူပေါင်း လူဦးရေ (၁-သန်း) ရှိခဲ့တဲ့ ကျွန်တော်အကြိုက်ဆုံး Video ဟောပြောချက်မှ အောင်မြင်မှုအတွက် လျှို့ဝှက်ချက် (ရတနာသိုက် ၅-ချက်) အကြောင်း ယခုစာအုပ်မှာ ပြန်လည်ဖော်ပြပေးလိုက်ပါရစေ။

**ဒီအချက် (၅-ချက်) ကို မလေ့လာခင်မှာ မိမိကိုယ်တိုင်မေးခွန်းတချို့မေးကြည့်ပါ။**

သင်ဟာ Business Leader စီးပွားရေး ဦးဆောင်လိုသူဖြစ်ချင်လား. . . ?

သင်ဟာ Millionaire Investor ချမ်းသာတဲ့ မီလျံနာဖြစ်ချင်လား. . . ?

သင်ဟာ Cele Popularity ထင်ပေါ်ကျော်ကြားသူဖြစ်ချင်လား. . . ?

သင်ဟာ Professional Life ထူးချွန်အောင်မြင်သူဖြစ်ချင်လား?

ဒီလိုဖြစ်လာဖို့ ကိုယ်တိုင်ယုံကြည်တယ်ဆိုရင် ယခု အချက် (၅-ချက်)ကို (မဖြစ်မနေ) ပြည့်စုံအောင်ကြိုးစားနိုင်လျှင် အောင်မြင်တဲ့ဘဝကို ရောက်ရှိနိုင်ပြီဖြစ်ပါတယ်။

## (၁) Mind & Motivation (စိတ် နဲ့ စိတ်ဓါတ်ခွန်အား)

စိတ်ရဲ့ယုံကြည်မှု ဖြစ်ချင်တဲ့ဆန္ဒနဲ့အတူ အောင်မြင်မှုဆီသို့ မဖြစ်မနေရောက်အောင်ကြိုးစားတဲ့ စိတ်ဓါတ်ခွန်အားတွေ လိုအပ်ပါတယ်။

## (၂) Knowledge & Information (အသိပညာနဲ့ သတင်းအချက်အလက်)

ဘယ်လိုလုပ်ရမလဲသိဖို့လိုပြီး၊ လက်ရှိလိုအပ်နေတဲ့ အခြေအနေကို ကျော်ဖြတ်နိုင်တဲ့ လူ၊ ငွေ၊ အရာတွေကို ဘယ်လိုအဖြေရှာမလဲဆိုတာ လိုအပ်ပါတယ်။

## (၃) Work & Leadership (အလုပ်နဲ့ ဦးဆောင်နိုင်မှု)

အလုပ်များများနဲ့ ရလဒ်များများဖြစ်လာတဲ့အခါ တိုးတက်လာနိုင်သလို၊ လူအများနဲ့အတူ လိုချင်တဲ့ ရည်မှန်းချက်တွေပြီးမြောက်စေဖို့ အလုပ်များစွာကို ဦးဆောင်နိုင်ဖို့လိုအပ်ပါတယ်။

## (၄) Social & Network (လူမှုဝန်းကျင် နဲ့ ဆက်သွယ်ချိတ်ဆက်မှု)

ကိုယ်လိုအပ်တာမှန်သမျှ တခြားသူတွေထံမှာရှိနေသလို၊ အားလုံးနဲ့ အရာရာကို လွယ်ကူပြီးမြောက်နိုင်တာမို့ ဆက်သွယ်ဆောင်ရွက်မှုလည်း လိုအပ်ပါတယ်။

## (၅) Money & Wealthy (ငွေကြေး နဲ့ ကြွယ်ဝချမ်းသာမှု)

အားလုံးရှာဖွေနေတဲ့ ငွေကြေးပြည့်စုံပြီး မိမိအတွက်၊ မိမိလိုအပ်မှုအတွက်၊ မိသားစုအတွက်၊ အများကူညီနိုင်ဖို့ ငွေကြေးကြွယ်ဝချမ်းသာဖို့ဟာ လိုအပ်ပါတယ်။

ဒီအချက် (၅-ချက်)ဆိုတာ အောင်မြင်မှုရတနာသိုက်ကို တွေ့ရှိဖို့ ရတနာသိုက်မြေပုံပင်ဖြစ်ပါတယ်။ ဒီအချက် (၅-ချက်) ကို ပေါင်းစည်းပြီး အောင်မြင်ရတနာသိုက်ဖြစ်သော အောင်မြင်တိုးတက်သော ဘဝပုံစံကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

<u>**အောင်မြင်တိုးတက်ရေးမဟာဗျူဟာ**</u>

ဥပမာ - အောင်မြင်မှုဆိုတာ ကားတစ်စီး ခရီးရောက်သွားသလိုပါပဲ။ ကားဆိုတဲ့ သွားတဲ့အခါ လိုအပ်တယ်။ (အလုပ်တစ်ခုနဲ့ အောင်မြင်မှုသို့သွားရမယ်)။ လမ်းဆိုတဲ့ နည်းလမ်း

ကောင်းရွေးချယ်ရမယ်။ ရောက်ရှိမှုဆိုတဲ့ ပန်းတိုင်တစ်ခုထား ရှိရမယ်။ ကားလည်းရှိမယ်၊ လမ်းကလည်းသိနေမယ်၊ ပန်းတိုင်ကလည်းရှိနေပေမယ့် (မသွားသရွေ့တော့ ခရီးမရောက်သလို) အောင်မြင်မှုမဖြစ်နိုင်သေးပါဘူး။ မအောင်မြင်လို့ ပင်ပန်းနေတာထက်စာရင်၊ အောင်မြင်ဖို့ ပင်ပန်းနေတာ ပိုကောင်းပါတယ်။ အောင်မြင်ဖို့ ပင်ပင်ပန်းပန်း ကြိုးစားနေပါ၊ ပင်ပန်းခြင်းဆိုတာ ခဏတာလေးပါ။ အောင်မြင်မှုကတော့ သင့်အတွက် အမြဲကျန်နေတဲ့ အရာဖြစ်နေပါလိမ့်မယ်။

သချာတဲ့အချက်ကတော့ ဘာကြောင့်မအောင်မြင်သေးလဲဆိုရာမှာ (မသိလို့မဟုတ်ပါ)။ အောင်မြင်ရေးနည်းလမ်းဆိုတာ လူတိုင်းသိနိုင်တယ် (စာအုပ်တွေမှာ လမ်းညွှန်ထားပါလိမ့်မယ်)။ ဟောပြောသူတွေကလည်း လမ်းညွှန်ပေးနေပါလိမ့်မယ်။အောင်မြင်ဖို့အရေးကြီးဆုံးတစ်ခုတည်းပါ။(လက်တွေ့လုပ်ဖို့သာလိုအပ်ပါတယ်)။

**အောင်မြင်ဖို့ နေ့စဉ် ရွတ်ဆိုကြိုးစားရန်**

(၁) မိမိကိုယ်တိုင် ယုံကြည်မှုရှိအောင် ခံစားတွေးခေါ်ပါ။

(၂) ရည်မှန်းချက်ကို လှမ်းမြင်နိုင်ပါစေ၊ တနေ့ရောက်ကိုရောက်

မယ် မျှော်မှန်းထားပါ။
(၃) ယုံကြည်ပြီး၊ ရည်မှန်းချက်မြင်နိုင်ပြီဆိုရင် လက်တွေ့အခုပဲ စတင်လုပ်လိုက်ပါ။
(ငါယုံကြည်တယ် - ငါရည်မှန်းချက်ရှိတယ် - ငါလုပ်နိုင်ပါတယ်) နေ့တိုင်းနေ့တိုင်း ဒီ ၃-ချက်နဲ့ ကြိုးစားနေပါ။ သေချာပေါက် တနေ့မှာ အောင်မြင်တိုးတက်လာပါလိမ့်မယ်။

**အောင်မြင်ရေးမဟာဗျူဟာ ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ အောင်မြင်ရေးဆိုင်ရာ အသိပညာ၊ စာပေများ လေ့လာပါ၊ နည်းလမ်းများ စုဆောင်းပါ။ | ၁။ အောင်မြင်ဖို့ လေထဲတိုက်အိမ်ဆောက်သလို အပြောပဲ မလုပ်ပါနဲ့၊ လက်တွေ့စလုပ်စေပါ။ |
| ၂။ အောင်မြင်မှုဆိုတာ ကြိုးစားခြင်းရဲ့ ရလဒ်ဖြစ်၍၊ ရလဒ်ကောင်းများဖြစ်ဖို့ အမြဲကြိုးစားနေပါ။ | ၂။ အောင်မြင်ဖို့အတွက် ဘယ်တော့မှ အရှုံးမပေးပါနဲ့၊ Never Give-up! |
| ၃။ အောင်မြင်သူဖြစ်ဖို့ အောင်မြင်သူတွေကို လေ့လာပါ၊ အတုယူပါ၊ အားကျကြိုးစားနေပါ။ | ၃။ ခဏတာ အောင်မြင်မှုမျိုး မလိုက်ပါနဲ့၊ အမြဲရေရှည် ထိန်းထားသော အောင်မြင်မှုဖြစ်ပါစေ။ |

## Believe

### “ယုံကြည်မှု ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူသည် I can do it ငါလုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဖြစ်ချင်တဲ့အရာတွေကို ကြိုးစားဖန်တီးရယူတယ်။

မအောင်မြင်သူက You can do it သူတစ်ပါးတွေတော့ လုပ်နိုင်တယ်ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုတော့ မယုံကြည်ဘဲ နေထိုင်သွားတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " B "

## Believe - ယုံကြည်မှု

---

"သေရင် မြေကြီး ရှင်ရင် ရွှေထီး"

---

ဘဝမှာ ဘယ်အရာတွေကို ယုံကြည်မလဲ ဒီမေးခွန်းဟာ သိပ်ကိုအဓိကကျပါတယ်။ ယုံကြည်မှုနဲ့ ပြုလုပ်မှုတွေစုပေါင်းထားခြင်းဟာ ဘဝရဲ့အနှစ်သာဖြစ်လို့ပါပဲ။ ကမ္ဘာမှာ လူသားတွေဟာ တူညီပေမဲ့ ယုံကြည်မှုတွေ မတူညီကြဘူး။ လုပ်ရပ်တွေမတူညီကြဘူး။ ကိုးကွယ်ယုံကြည်မှုတွေ မယုံကြည်ကြဘူး။ အဆုံးသတ်လိုက်ရင် ယုံကြည်မှုဟာ အရာရာကို ဖန်တီးခြင်းရဲ့ အခြေခံအုပ်မြစ်ပင်ဖြစ်ပါတယ်။

ယုံကြည်မှုနဲ့ပတ်သက်ပြီး (၂-မျိုး) ရှိတယ်လို့ စကြာပူမှာ သင်တန်းတက်ရင် လေ့လာဖူးခဲ့တယ်။ မိမိနှင့် ပတ်ဝန်းကျင်မှ ယုံကြည်မှုနှင့်အတူ စကြာဝဠာရဲ့ အမှန်တရား ယုံကြည်မှုဟု (၂-မျိုး) ခွဲခြားနိုင်မှာဖြစ်ပါတယ်။


(၁) People Believe (လူသားတွေမှ လက်ခံယုံကြည်ထားမှု)

လူမှုပတ်ဝန်းကျင်တွေမတူညီမှုကြောင့် ယုံကြည်မှုတွေ ကွဲပြားတဲ့အချက်တွေမှာ ဘာသာတရားယုံကြည်ချက်၊ တရားဥပဒေရေးရာ၊ လူမျိုးစု၏ ရိုးရာဓလေ့၊ ပြောဆိုမှုဘာသာစကားစတဲ့ အချက်တွေကိုကြည့်လျှင် မတူညီစွာ ယုံကြည်လက်ခံပြောဆိုနေကြမှာဖြစ်ပါတယ်။

(၂) Universal Believe (တကမ္ဘာလုံးမှ လက်ခံယုံကြည်ထားမှု)

ကမ္ဘာမှာနေထိုင်တဲ့ လူသားတိုင်း၊ နိုင်ငံတိုင်း လက်ခံယုံကြည်တာခြင်းတူတဲ့ မျှတခြင်း၊ စာနာခြင်း၊ သင်ယူခြင်း၊ တန်ဖိုးထားခြင်း၊ အောင်မြင်ဖို့ကြိုးစားခြင်း အရာတော်တော်များများဟာ တူညီကြမှာဖြစ်ပါတယ်။

ဒါကြောင့် ယုံကြည်မှု (၂-ချက်)ရဲ့ ကွဲလွဲမှုကို သုံးသပ်ကြည့်မယ်ဆိုရင် People Believe ဆိုတာ (အမှန်တရား မဟုတ်ပါ) လူမျိုးစုတစ်ခုရဲ့ ယုံကြည်လက်ခံထားမှုသာဖြစ်ပြီး၊ Universal Believe စကြာဝဠာ ကမ္ဘာနဲ့ယှဉ်တဲ့ ယုံကြည်လက်ခံမှုဖြစ်မှသာ (အမှန်တရား) ဖြစ်တယ်ဆိုတာ ယုံကြည်ခံယူထားဖို့ လိုအပ်မှာဖြစ်ပါတယ်။




ဆင်ကိုတစ်ခါမှ မမြင်ဘူးတဲ့ မျက်ကမ်းတွေ ဆင်စမ်းနေသလို (ကမ္ဘာမှာ အမှန်တရားအားလုံးကို မလေ့လာသေးပဲ အလုံးစုံကို မမြင်သေးပဲ သုံးသပ်ထင်မြင်နေသလို) ကိုယ့်ထင်မြင်ယူဆချက်ဆိုတာ အလုံးစုံမမှန်နိုင်ဘူးဆိုတာ ယုံကြည်လက်ခံထားပြီး၊ (များများသိမှ များများယုံကြည်မယ်၊ များများမြင်မှ များများယုံကြည်မယ်) ဆိုတဲ့ Seeing is Believing မြင်နိုင်သမျှကို ယုံကြည်လိမ့်မယ်၊ Believing is Seeing ယုံကြည်သလောက်ပဲ မြင်နိုင်လိမ့်မယ်ဆိုတဲ့ ပညာနဲ့မြင်နိုင်စွမ်းသော ယုံကြည်လက်ခံမှုသည်သာ အမှန်ဆုံးသော ယုံကြည်မှုဖြစ်ပေသည်။

## ယုံကြည်မှုအဆင့်ဆင့် တည်ဆောက်နည်း

အဆင့် (၁) မိမိယုံကြည်မှုကို မြင့်တင်ခြင်း

အဆင့် (၂) လူအများယုံကြည်မှုရှိဖို့ အားပေးခြင်း

အဆင့် (၃) အားလုံးသော ကမ္ဘာတဝှမ်း ယုံကြည်မှုမှန်ကန်ဖို့ ကြိုးပမ်းခြင်း

ယုံကြည်မှုအဆင့်ဆင့်မြင့်တင်ပြီး အောင်မြင်တိုးတက်သော ယုံကြည်ချက်တွေကို ဖန်တီးသွားနိုင်မှာဖြစ်ပါတယ်။ လောကမှာ ယုံကြည်မှုသည်သာ ဖြစ်ပေါ်လာခြင်းဖြစ်တာမို့ Believing is Becoming ယုံကြည်တဲ့အတိုင်းသာ အရာရာဖြစ်လာနိုင်မှာဖြစ်ပါတယ်။

## မိမိကိုယ်တိုင် ယုံကြည်မှုတည်ဆောက်နည်းများ

လောကမှာ သင်ဟာ တဦးတည်းမဟုတ်ပါဘူး မိမိနဲ့အတူ ဘဝရဲ့ ယုံကြည်မှုတွေရှိနေပါတယ်။

ဘယ်နေရာသွားသွား၊ ဘယ်အခြေအနေဖြစ်ဖြစ်၊ ဘာတွေပဲကြုံလာလာ (ယုံကြည်မှု) နဲ့အတူ နေထိုင်ပါ။

I Can Do It - ကိုယ်အကောင်းဆုံး လုပ်နိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုဟာ တနေ့အောင်မြင်မှုရဲ့ အုတ်မြစ်ပါပဲ။ အောင်မြင်မှုဆိုတာ ရည်မှန်းချက်တွေကို ယုံကြည်စွာနဲ့ ကိုယ်တိုင်ထုဆစ် ပုံဖော်ဖန်တီးခြင်းပါ။

ကျွန်တော်တို့အတွေးတွေကို ယုံကြည်မှုနဲ့ စွမ်းအားမြှင့်တင်နိုင်ပါတယ် Yes. We Can Do It တနေ့မှာ တနေရာမှာ လူတိုင်း

အတွက် အောင်မြင်မှုဆိုတာရှိနေပါတယ်။ ယုံကြည်စွာနဲ့ ကြိုးစား ရယူကြည့်ပါ။

| မိမိကိုယ်တိုင် ယုံကြည်ရန် | မလုပ်ရန် | လုပ်ရန် |
|---|---|---|
| ▶ ငါသည် ကြောက်ရွံ့မှုမရှိ သတ္တိရှိသူဖြစ်၏ | ကြောက်စိတ်မရှိပါစေနဲ့ | သတ္တိမွေးလိုက်ပါ |
| ▶ ငါသည် တနေ့မှာအောင်မြင်နိုင်သူ ဖြစ်၏ | မဖြစ်နိုင်ဘူးမတွေးပါနဲ့ | ယုံကြည်မျှော်လင့်ပါ |
| ▶ ငါသည် အရှုံးမပေးစိတ်ဓါတ်ကြံ့ခိုင်သူဖြစ်၏ | အရှုံးပေးဖို့မတွေးပါနဲ့ | အရှုံးမပေးကြိုးစားပါ |
| ▶ ငါသည် တခြားသူကြောင့် မတုန်လှုပ်သူဖြစ်၏ | သူများအကြောင်းမတွေးနဲ့ | ကိုယ်ဘာလုပ်မလဲတွေးပါ |
| ▶ ငါသည် အရာရာ အကောင်းမြင်နိုင်သူဖြစ်၏ | အဆိုးအပစ်တွေမမြင်ပါနဲ့ | အကောင်းဘက်မှမြင်ပါ |
| ▶ ငါသည် ဒီအရာတွေကို လုပ်နိုင်စွမ်းသူဖြစ်၏ | အတွေးနဲ့မဆုံးဖြတ်ပါနဲ့ | လက်တွေ့လုပ်ကြည့်ပါ |
| ▶ ငါသည် ငါ့စိတ်ဝိညာဉ်ရဲ့ အကြီးအကဲဖြစ်၏ | သိမ်ငယ်စိတ်မမွေးပါနဲ့ | ခေါင်းဆောင်စိတ်ထားပါ |

တဦးတည်းဆိုပေမဲ့ အချိန်တိုင်းမှာ ယုံကြည်မှုနဲ့အတူ ကြိုးစားနေထိုင်နိုင်ပါတယ်။ ဘဝမှာ သင်အောင်မြင်မှုမရသေးဘူးဆိုရင် ယုံကြည်မှုအဆင့်ကို မြင့်တင်ကြိုးစားလိုက်ပါ။

Believe ယုံကြည်မှုနှင့် Over Confident ကိုယ်တိုင် အထင်ကြီးလွန်းခြင်းဟာ မတူညီနိုင်ပါ။ Believe ယုံကြည်မှုဆိုတာ (သူများလုပ်ရင် ကိုယ်လည်းလုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ဖြစ်ပြီး) Over Confident ဆိုတာ (ငါပဲလုပ်နိုင်တယ် သူများတွေမလုပ်နိုင်

ပါဘူး။ မိမိကိုယ်ပဲအထင်ကြီးလွန်းခြင်းသာဖြစ်ပါတယ်)။

လူဆိုတာ မိမိရှိတဲ့အတိုင်းသာ ပေးနိုင်မှာဖြစ်ပါတယ်။ (မိမိကိုယ်တိုင် ယုံကြည်မှုရှိလျှင် တခြားသူကိုလည်း ယုံကြည်မှုရှိအောင်အားပေးနိုင်ပါတယ်)။ ယုံကြည်မှုမြင့်မားနေသော လူမှုဝန်းကျင်၊ အဖွဲ့အစည်း၊ နိုင်ငံဖြစ်မှာသာလျှင် အရာရာကို ဖန်တီးနိုင်စွမ်းသော မဟာအင်အားပင်ဖြစ်ပါတယ်။

**<u>ယုံကြည်မှု နှင့် အောင်မြင်ရေးမဟာဗျူဟာ</u>**

ဥပမာ - ရေကူးနိုင်မယ်လို ယုံကြည်သူဟာ၊ ရေကူးခြင်းကို စတင်လေ့ကျင့်၏။ ရေကူးနိုင်သောအခါ ရေမှာပိုပြီးကူးခတ်လာနိုင်၏။ လုပ်နိုင်မယ်ဆိုတဲ့ ယုံကြည်စိတ်ကြောင့်စတင်လုပ်ကြည့်ဖို့ လိုအပ်ပါတယ်။ မိမိလုပ်နိုင်လာတဲ့အခါယုံကြည်မှုပိုမိုတိုးလာပြီး အရာရာကိုဖန်တီးနိုင်ဖို့ အင်အားဖြစ်လာမှာဖြစ်ပါတယ်။

**I am Believe - I Can Do It**

**(ငါယုံကြည်မှုသည် - ငါလုပ်နိုင်မှုကိုဖြစ်စေ၏)**

**I Can Do It - I am Believe**

**(ငါလုပ်နိုင်မှုသည် - ငါ၏ယုံကြည်မှုကိုဖြစ်စေ၏)**

## အောင်မြင်ရေးမဟာဗျူဟာ (ယုံကြည်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ မိမိကိုယ်တိုင် နေ့စဉ်ယုံကြည်မှုတိုးပွားအောင် ရွတ်ဆိုဆုတောင်းမှု ကြိုးစားမှုရှိပါစေ။ | ၁။ ယုံကြည်မှုလွန်ကဲပြီး စဉ်းစားဆင်ခြင်မှု ကင်းမဲ့တဲ့ မိုက်ရူးရဲလုပ်တာမျိုးကို ရှောင်ကျဉ်ပါ။ |
| ၂။ ယုံကြည်မှုကို လေ့ကျင့်ယူပါ၊ ဖြည်းဖြည်းချင်း တိုးတက်အောင် အလေ့အကျင့်ယူ ကြိုးစားသွားပါ။ | ၂။ ယုံကြည်မှုပျက်ပြီး မဖြစ်နိုင်တော့ဘူး စိတ်ထဲမထွေးပါနဲ့ ဆက်ပြီး ယုံကြည်ကြိုးစားနေပါ။ |
| ၃။ ယုံကြည်မှုတိုးအောင် ခွန်အားပေးနိုင်သော သူများနှင့် ပေါင်းသင်းဆက်ဆံပါ။ | ၃။ သူများယုံလို့ လိုက်ပြီးယုံတဲ့ (အယုံလွယ်ခြင်း) မဖြစ်ဖို့ စဉ်းစားပြီးမှ လက်ခံယုံကြည်ပါ။ |

C

# Character

## "ကိုယ့်ကျင့်တရား ကောင်းမွန်သူနှင့် မကောင်းမွန်သူ၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ ကိုယ်ကျင့်တရားကောင်းမွန်ဖို့အတွက် ပေးလာတဲ့အခွင့်အရေးကို ကောင်းမွန်စွာ ထိန်းသိမ်းပြီး ကြိုးစားနေထိုင်သွားတယ်။

မအောင်မြင်သူဆိုတာ ပေးလာတဲ့အခွင့်အရေးတွေကို ရယူဖို့ ကိုယ်ကျင့်တရားပျက် ရသမျှအခွင့်အရေးယူပြီး နေထိုင်သွားတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " C "

## Character - ကိုယ်ကျင့်တရား

"ဘယ်သူ ပျက်ပျက် ကိုယ်မပျက်"

Character is Power ကိုယ်ကျင့်တရားသည် ပါဝါစွမ်းအားဟု ဆိုကြပါတယ်။ ရိုးသားကြိုးစား ခေါင်းဆောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို တွေးတောစဉ်းစားကြည့်လျှင် ကိုယ်ကျင့်တရားကောင်းခြင်းဟာ အဓိက အောင်မြင်တိုးတက်ရေး စွမ်းအားဖြစ်တယ်ဆိုတာ မြင်နိုင်မှာဖြစ်ပါတယ်။ အောင်မြင်ခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေကို Character Power ကိုယ်ကျင့်တရားစွမ်းအား မြင့်မားကြတာတွေ့ရပါတယ် (အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဂန္ဒီ) တို့ကဲ့သို့ အများအတွက်ပေးဆပ်သူတွေ၊ အများအကျိုးအတွက် ထည့်သွင်းစဉ်းစားသူတွေ၊ ကိုယ်ကျင့်တရားကောင်းခြင်းကြောင့် ပိုမို

အောင်မြင်နိုင်ခဲ့တယ်ဆိုတာ လက်ခံရမှာဖြစ်ပါတယ်။ Character ကိုယ်ကျင့်တရားကောင်းခြင်းနှင့် အများအတွက် ကောင်းခြင်းကြောင့်သာ ကမ္ဘာ့အထိအောင်မြင်နိုင်ပြီး၊ လူအများအပေါ်မှာ လွှမ်းမိုးနိုင်တဲ့ စွမ်းအားတွေကိုလည်း ရရှိစေခဲ့ပါတယ်။

ကိုယ်ကျင့်တရားကောင်းတဲ့ လူတော်လူကောင်းဆိုရာမှာလည်း (သူကောင်းလို့ ကိုယ်တော်တာ) သူတော်ကောင်းမဟုတ်ပါ။ (သူတော်ဖို့ ကိုယ်ကောင်းမှ) သူတော်ကောင်း ဖြစ်တယ်ဆိုတာ ပါချုပ်ဆရာတော် ဘုရားကြီးရဲ့ တရားဓမ္မနာယူရင်း လေ့လာမှတ်သားဖူးပါတယ်။ ကိုယ်အတွက်ကြိုးစားသူဟာ (လူတော်)၊ အများအတွက် ကြိုးစားသူဟာ (လူကောင်း) လူတော်လူကောင်းဆိုတာ ကိုယ်အတွက်၊ သူ့အတွက် မျှတကြိုးစားနိုင်သူဖြစ်ပါတယ်။ Character ကိုယ်ကျင့်တရားကောင်းပြီး ကိုယ့်အတွက်လည်း အကောင်းဆုံးကြိုးစား၊ အများအတွက်လည်း ကောင်းဖို့ကြိုးစားနေခြင်းသာ ဘဝမှာ အဓိပ္ပါယ်အရှိဆုံးကြိုးစားနေထိုင်သွားခြင်းပါပဲ။

ဘဝမှာ လူတော်လူကောင်းနဲ့ လူဆိုးလူမိုက်ဆိုပြီး အမျိုးအစား (၂-ခု) ခွဲခြားနိုင်ပါတယ်။ ၁ နဲ့ ၂ လူတန်းစားမှာ ကြိုးစားနေသူများဟာ (အထက်တန်းစား) ဖြစ်ကြပြီး၊ ၃ နဲ့ ၄ လူတန်းစားမှာ ကြိုးစားနေသူများဟာ (အောက်တန်းစား) ဖြစ်ကြတယ်လို့ (လူကိုမပြောပဲ လုပ်ရပ်ကိုသာ ပြောဆိုရေးသားလိုက်ပါရစေ)။ ဒီစာရေး၍

မနာစေချင်ပါ။ ဤသို့ နာအောင်မရေးလျှင် (ဘဝနာမည်ဖြစ်ပါတယ်)။
စေတနာစကားခါးသော်ငြားလည်း အားလုံးကောင်းစေဖို့ ရေးသား ခြင်းသာဖြစ်ပါတယ်။ ဆေးဆိုတာ (ခါး)ပေမဲ့ ကျန်းမာရေးကောင်း တယ်ဆိုရင် ၊ စာဖတ်သူတို့ ကောင်းဖို့ (စာရိုင်းလျှင်) ကောင်းဖို့ပြော ခြင်းသာဖြစ်ပါတယ်။

| | |
|---|---|
| **လူတော်များ (ပညာရှင်များ)**<br>အကျိုးရှိတာ / အကျိုးမရှိတာ (ပြော၏)<br>ကိုယ့်အတွက်/အများအတွက် (ကောင်း၏) | **လူကောင်းများ (ခေါင်းဆောင်များ)**<br>အကျိုးရှိတာ / အကျိုးမရှိတာ (ပြော၏)<br>ကိုယ့်အတွက် / အများအတွက် (လုပ်၏) |
| **ဆိုးသူများ (လူပျင်းများ)**<br>ကိုယ့်အတွက်/အများအတွက် (မကောင်း၏)<br>အကျိုးရှိတာ / အကျိုးမရှိတာ (ပြော၏) | **မိုက်သူများ (လူမိုက်များ)**<br>ကိုယ့်အတွက်/အများအတွက် (မကောင်း၏)<br>အကျိုးရှိတာ / အကျိုးမရှိတာ (လုပ်၏) |

## ကိုယ်ကျင့်တရားဆိုတာ ပြောင်းလဲလုပ်ယူလို့ရသလား...?

ကိုယ်ကျင့်တရားကို ပြောင်းလဲယူလို့ (ရနိုင်တယ်)လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဆိုးသွမ်းခဲ့ဘူးတဲ့ (ဦးနု)ဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံး သော ဝန်ကြီးချုပ်ဖြစ်လာခဲ့ပုံ၊ ငယ်ငယ်က ဆိုးသွမ်းခဲ့ကြပေမယ့် ကြီး လာတဲ့အခါ လူလိမ္မာဖြစ်သွားတဲ့ သူများစွာကို ပတ်ဝန်းကျင်မှာ လေ့ လာတွေ့ရှိနိုင်ပါတယ်။

## ကိုယ့်ကျင့်တရား ပြောင်းလဲစေဖို့ Repeat နဲ့ Replace အချက် (၂-ချက်)

ကိုယ်ကျင့်တရားဆိုတာ (နေ့စဉ် သွားတိုက်ခြင်း ဆိုတဲ့ အလေ့အကျင့်နဲ့) တူပါတယ်။ နေ့စဉ်သွားတိုက်တာဟာ အလေ့အကျင့် လုပ်ယူပြီး ကြိုးစားလို့ရသလို၊ ကိုယ်ကျင့်တရား ပြောင်းလဲရေးမှာ လည်း (လေ့ကျင့်လုပ်ယူ၍) ရနိုင်ပါတယ်။

### (၁) Repeat (ထပ်ခါထပ်ခါ လုပ်နေသော ကောင်းတဲ့ကိုယ် ကျင့်တရားများ လေ့ကျင့်ခြင်း)

နေ့စဉ်ဘဝမှာ ထပ်ခါထပ်ခါ လုပ်နေကြဖြစ်တဲ့ ကိုယ့်ရဲ့ အကျင့်တွေထဲမှာ(ကောင်းတာရှိမယ်)မကောင်းတာလည်းရှိနိုင်တယ်။ ကောင်းတဲ့အကျင့်များဆိုရင် (တိုးပွား)အောင် ထိန်းသိမ်းရမှာဖြစ်ပြီး၊ မကောင်းတဲ့ အကျင့်များရှိလာလျှင် (အစားထိုး) ပြောင်းလဲပြီး လေ့ ကျင့်သွားရမှာဖြစ်ပါတယ်။

### (၂) Replace (မကောင်းတဲ့ ကိုယ့်ကျင့်တရားများ အစား ထိုး ပြောင်းလဲလေ့ကျင့်ယူခြင်း)

နေ့စဉ်လုပ်နေကြတဲ့ အကျင့်များထဲမှ မကောင်းတဲ့ အကျင့် များရှိလျှင် နည်းနည်းစီ (အစားထိုး ပြောင်းလဲ) လေ့ကျင့်ယူသွားဖို့ လိုမှာဖြစ်ပါတယ်။ ကောင်းတဲ့ အရာများကို (+) တိုးအောင်လုပ်ပြီး၊

မကောင်းတဲ့ အကျင့်များကို (-) လျော့အောင် အစားထိုးပြောင်းလဲ ယူပြီး ကိုယ်ကျင့်တရား ကောင်းလာဖို့ ကြိုးစားနိုင်ပါလိမ့်မယ်။

ကိုယ်ကျင့်တရားကောင်းဖို့နဲ့ပတ်သတ်ပြီး အတွေ့အကြုံ လေးတစ်ခု မျှဝေပေးချင်မိပါတယ်။ ဆရာနေအုပ်စိန်ပေါလ် နှင့်အတူ တခါက ညစာစားပွဲမှာ စကားပြောဖြစ်တော့ ဆရာနဲ့ ရင်းနှီးတဲ့ ဒေါ်အောင်ဆန်းစုကြည် အကြောင်း မေးကြည့်မိပါတယ်။ ဆရာ အနေနဲ့ ဒေါ်စု ဘာကြောင့် မကြိုက်တဲ့ အရာတွေအပေါ်မှာ အပြုံး မပျက်လက်ခံနိုင်ကြောင်း လေးစားလွန်း၍ ပြောပြတယ်။ ဒေါ်စု ငယ်ငယ်က (ခရမ်းချဉ်သီး) မကြိုက်ဘူးဆိုပဲ- မကြိုက်တဲ့ ခရမ်းချဉ်သီး ကို ဒေါ်စုရဲ့ မိဘကောင်းလို့ပြောရမည့် အမေကြည်မှ အမြဲလိုလို ကျွေးလေ့ရှိတယ်ပြောပါတယ်။ ဒါကြောင့် ဒေါ်စုဟာ မိဘကောင်း- ဖြစ်တဲ့ အမေကြည်ရဲ့ (မကြိုက်တာကို လက်ခံကြိုးစားတဲ့ အလေ့ အကျင့်) ကို ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးခဲ့လို့၊ ယနေ့ မှာ အမေစုဟာ အရာရာအပေါ်မှာ ကြိုက်သည်ဖြစ်စေ၊ မကြိုက် သည်ဖြစ်စေ အပြုံးမပျက် ခေါင်းမော့ ဦးဆောင်နေတာ အားလုံးမှ လေးစားစရာပင်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဆိုတာ အလေ့အကျင့်၊ အမူအကျင့် ဟန်ချက်ညီ နေသားကျအောင် လေ့ကျင့်သင်ယူခြင်း သာဖြစ်ပါလိမ့်မယ်။

## ကိုယ်ကျင့်တရားကောင်းသော ခေါင်းဆောင်များနဲ့ယှဉ်လျှက် မိမိကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းအောင်ကြိုးစားနည်း

| ကိုယ်ကျင့်တရားကောင်းသည့် ခေါင်းဆောင်တစ်ဦး၏ အမူအကျင့်များ။ | မိမိ၏ ကိုယ်ကျင့်တရားတိုးပွားရန် ထို ခေါင်းဆောင်အတိုင်း စံနမူနာယူကျင့်ရန်။ |
|---|---|
| (၁) ထိုခေါင်းဆောင်သည် ရိုးသားသည်။ | (၁) ခေါင်းဆောင်ကဲ့သို့ မိမိရိုးသားရမည်။ |
| (၂) ထိုခေါင်းဆောင်သည် အများအတွက် ကြိုးစားသည်။ | (၂) ထိုခေါင်းဆောင်ကဲ့သို့ မိမိသည် အများအတွက် ကြိုးစားရမည်။ |
| (၃) ထိုခေါင်းဆောင်သည် သူတော်ကောင်းတရားနဲ့ အညီ ကြိုးစားနေထိုင်သွားသည်။ | (၃) ထိုခေါင်းဆောင်အတိုင်း မိမိသည် သူတော်ကောင်းတရားနဲ့ နေထိုင်သွားမည်။ |

ကိုယ်ကျင့်တရားကောင်းဖို့ဆိုရာမှာ စံနမူအတုယူ ဦးဆောင်ခြင်းအတိုင်း Leader are Learner – Learner from Leader (ခေါင်းဆောင်ဆိုတာ လေ့လာသူ၊ ခေါင်းဆောင်များထံမှ လေ့လာသင်ယူ) ဆိုတဲ့ ခေါင်းဆောင်မှု ခံယူချက်အတိုင်း မိမိအောင်မြင်ချင်နဲ့ နယ်ပယ်မှာ အောင်မြင်နေတဲ့ ခေါင်းဆောင်တစ်ဦးအကြောင်းကို (စု + တု + ပြု) အတုယူကြိုးစားသွားပြီး ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားသူတော်ကောင်းတရားများအတိုင်း ကြိုးစားနေထိုင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

ကိုယ်ကျင့်တရားကောင်းခြင်းဆိုတာ ကျင့်ကြံခြင်းထက်(ထိန်းခြင်းဟာ ပိုပြီးအဓိကဖြစ်၏)။ တစ်ရက်တာ ကိုယ်ကျင့်ကောင်းလို့ မရနိုင်၊ တစ်ဘဝစာ ကိုယ်ကျင့်တရားကောင်းဖို့ ထိန်းသိမ်းသွားဖို့ဟာ အဓိကဖြစ်ပါတယ်။ Broken Window Theory (ကွဲနေတဲ့ ပြူတင်းပေါက် သီအိုရီကဲ့သို့) အများခွဲထားလို့ ကွဲနေတဲ့ ပြူတင်းပဲ၊ ကိုယ်ထပ်ခွဲတော့လည်း ဘာထူးမလဲဆိုတဲ့ (အများမှားလို့ လိုက်မှားနေရင်တော့ ကိုယ်ကျင့်တရားကောင်းခြင်း ဖြစ်မလာနိုင်ပါ)။ မာယာတွေများတဲ့ လောကထဲမှာ (ကိုယ်ကိုယ်တိုင်ထိန်းနိုင်မှသာ ကိုယ်ကျင့်တရား ကောင်းခြင်းကိုဖြစ်စေနိုင်ပါတယ်။

**ကိုယ်ကျင့်တရားနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - နေ့စဉ်ဘုရားကန်တော့သလို ကောင်းတဲ့ကိုယ်ကျင့်တရားဆိုတာ အလေ့အကျင့်ယူ ကြိုးစားပြုလုပ်နိုင်ပါတယ်။ နေ့စဉ် ဘုရားကန်တော့ရင်း ကောင်းတဲ့စိတ်၊ ကောင်းတဲ့အကျင့်ကို တိုးပွားအောင် အားထုတ်ကြိုးစားသလို၊ ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားတို့သည် နေ့စဉ်မပျက် အလေ့အကျင့်ယူ၍ ကြိုးစားသွားနိုင်မှာဖြစ်ပါတယ်။

ငယ်စဉ်က လူကြောက်ပေမယ့်၊ ကြီးလာတဲ့အခါ လူသူမကြောက် အလုပ်လုပ်ရဲသူတွေလည်းရှိပါတယ်။ ငယ်စဉ်က လူအေးဆိုပေမယ့်၊ အရွယ်ရောက်လာတဲ့အခါ သတ္တိရှိရှိလုပ်ရဲသူတွေလည်း များစွာရှိပါတယ်။ အမူအကျင့် ကိုယ်ကျင့်တရားတို့သည် ကောင်းတဲ့ဘက်သို့ နေ့စဉ်မပျက် အလေ့အကျင့်ယူ ပြောင်းလဲသွားလျှင် ကောင်းတဲ့အကျင့်တရားများ တိုးပွားလာမှာဖြစ်ပါတယ်။ ကောင်းတဲ့ ကိုယ်ကျင့်တရား ဆိုတာ နေရင်းထိုင်ရင်း လုပ်ယူ၍ မရနိုင်ပါ။ ကောင်းတဲ့ အကျင့်ကို လုပ်ယူရခြင်းသာဖြစ်ပါတယ်။ လူတွေနဲ့ တွေ့တဲ့အခါ ကောင်းတဲ့အချက်ကို ပြောရင်း၊ ပတ်ဝန်းကျင်မှ မြင်မြင်သမျှ အရာတို့မှာ ကောင်းတဲ့အချက်တွေကို မြင်ရင်းဖြင့်၊ မိမိကိုယ်တိုင်နှင့် အများအတွက်လည်း ကောင်းကျိုးတရားကို နှစ်သက်ပြီး (တွေး + ပြော + လုပ်) အလေ့အကျင့် လုပ်ယူ၍ ကိုယ်ကျင့်တရားတိုးပွားအောင် လေ့ကျင့်ယူနိုင်ပါလိမ့်မယ်။

ကိုယ်ဖြစ်ကိုယ်ခံ - လောကခံမို့ မိမိကိုယ်တိုင် ကောင်းအောင်ထိန်း၍ လောကသမိုင်းကောင်းဖို့ ကြိုးစားပါ။

## အောင်မြင်ရေးမဟာဗျူဟာ (ကိုယ်ကျင့်တရားဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ကိုယ်ကျင့်တရားကောင်းသူများကို အားကျအတုယူ ကြိုးစားနေထိုင်သွားပါ။ | ၁။ လောကမှာ အများပျက်၍ ကိုယ်ပျက်တာ မထူးပါဘူး မလုပ်ပါနဲ့။ မိမိကိုယ်တိုင် ထိန်းပါ။ |
| ၂။ ကိုယ်ကျင့်တရားကောင်းဖို့အတွက် ကောင်းတဲ့ အလေ့အကျင့်များ တိုးပြီးပြုလုပ်ပါ။ | ၂။ ကိုယ်ကျင့်ပျက်စေတဲ့ မကောင်းတဲ့ အလေ့အကျင့်များကို ရှောင်ပါ၊ မစွဲလမ်းမိပါစေနဲ့။ |
| ၃။ မိမိကိုယ်တိုင်လည်း ကိုယ်ကျင့်ကောင်းမယ်၊ တပါးသူများသို့လည်း ကောင်းဖို့အားပေးပါ။ | ၃။ ကိုယ်ကျင့်တရား ပျက်စီးစေတဲ့ အပြော၊ အလုပ်များကို ကိုယ်၊ သူတပါး မလုပ်စေပါနဲ့။ |

# D

## Decision

### "ဆုံးဖြတ်ချက် မှန်သူနှင့် မှားသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ စိတ်အလိုကို မလိုက်၊ မှန်ကန်သော အလုပ်ရလဒ် ဖြစ်ဖို့အတွက် အကောင်းဆုံး စဉ်းစားတွေးခေါ် ဆုံးဖြတ်တယ်။

မအောင်မြင်သူဆိုတာ စိတ်အလိုကိုလိုက်ပြီးတော့ ဖြစ်ချင်တာဖြစ်ဆိုပြီး မှားမှားယွင်းယွင်း ဆုံးဖြတ်ချက်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " D "

## Decision - ဆုံးဖြတ်မှု

"မကောင်းလည်းခံ ကောင်းလည်းစံ"

**ဘဝမှာအရာရာဆိုတာ ရွေးချယ်ဆုံးဖြတ်ခြင်းလား...?**

ကိုယ်တိုင် ဖြစ်ချင်တဲ့ ပုံစံကို ရွေးချယ်ခွင့်ရှိတယ်မလား။

ကိုယ်တိုင် ဝါသနာပါရာကိုသာ ဖန်တီးခွင့်မရှိလို့လား။

ကိုယ်တိုင် သိသင့်တဲ့အရာတွေကို လေ့လာခွင့်မရလို့လား။

ကိုယ်တိုင် အောင်မြင်မှုအတွက် ကြိုးစားခွင့်မရှိလို့လား။

ကိုယ်တိုင် အခွင့်အလမ်းသစ်တွေ ရှာဖွေခွင့်မရှိလို့လား။

**ဘဝဆိုတာအရာရာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ပေးထားပါတယ်။**

Life is Choice ဘဝဆိုတာ ရွေးချယ်ခွင့်ဆိုရင် အရာရာမှာ ဘယ်လိုရွေးချယ်ဆုံးဖြတ်မလဲဆိုတဲ့ (Decision) ဆုံးဖြတ်

ချက်မှန်ကန်ခြင်းသည်သာ အရာရာအောင်မြင်တိုးတက်နိုင်ခြင်းဖြစ်ပါတယ်။ ဘဝဆိုတာ ကိုယ်ဘာတွေလုပ်ခဲ့မလဲဆိုတဲ့ (Career အသက်မွေးဝမ်းတစ်ခုကို) အကောင်းဆုံးဖြစ်အောင် ရွေးချယ်ကြိုးစားနိုင်ဖို့ အရေးအကြီးဆုံးပင်ဖြစ်ပါတယ်။ အကောင်းဆုံးဘဝတစ်ခုဖြစ်ဖို့ (ချစ်တဲ့အလုပ်နဲ့ ဘဝတစ်ခုကို အကောင်းဆုံးဖန်တီးဖို့ပါပဲ)

## Career အသက်မွေးဝမ်း အောင်မြင်ရေး ဆုံးဖြတ်ချက် (၃-ခု)

### (၁) Love - ချစ်တဲ့ အလုပ်ကို လုပ်ပါ။

(ချစ်တဲ့အလုပ်ဆိုတာ ကိုယ်ဝါသနာပါရာ၊ အဖြစ်ချင်ဆုံးနဲ့ အပျော်ရွှင်ဆုံးသော ဖန်တီးနေရခြင်းပါ၊ ချစ်တဲ့အလုပ်ကို လုပ်နေသမျှ အလုပ်တိုင်းဟာ အပျော်ရွှင်ဆုံးဖြစ်နေပါလိမ့်မယ်)

### (၂) Skill - ထိုအလုပ်ကို ကျွမ်းကျင်ပါ။

(ထူးချွန်ကျွမ်းကျင်တဲ့ အသက်မွေးဝမ်းကို ကြိုးစားပါ။ နယ်ပယ်တစ်ခုမှာ ထူးချွန်ကျွမ်းကျင်လာသည်နှင့်အမျှ ဘဝတိုးတက်မှုဟာ ထပ်တူတိုးတက်လာပြီး အရာရာကို အများထက်ပိုမို ဖန်တီးကြိုးစားနိုင်မှာဖြစ်ပါတယ်)

## (၃) Pay - ဝင်ငွေကောင်းဖို့ ကြိုးစားပါ။

(မိမိဖြစ်ချင်တဲ့ အရာတွေနဲ့ မိမိဖြစ်စေချင်တဲ့ မိသားစုဘဝအတွက် ဝင်ငွေဟာလည်း အရေးကြီးတာမို့ ပျော်ရွှင်အောင်မြင်တဲ့ လူတန်းစေ့ နေထိုင်နိုင်မှုမှာလည်း ကိုယ်ဝါသနာပါတဲ့ နယ်ပယ်မှာ ဝင်ငွေအမြင့်ဆုံးအထိရောက်အောင်လည်း ကြိုးစားနေဖို့လိုအပ်မှာဖြစ်ပါတယ်။

ဘဝအသက်မွေးဝမ်းမှာ ထိုအောင်မြင်ရေး (၃-ချက်)နဲ့ အညီ ကြိုးစားနိုင်လျှင် မှန်မှန်ကန်ကန် ရွေးချယ်ဆုံးဖြတ် ကြိုးစားနိုင်ပြီဆိုလျှင် အောင်မြင်ပျော်ရွှင် တိုးတက်နေသော ဘဝကိုပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

## ဘဝဆိုတာ ကိုယ်တိုင် ရွေးချယ် ဖန်တီးမှုလား...?

ဖြစ်ချင်တဲ့ ဘဝပုံစံ ဖြစ်ခွင့်ရှိကြသလို ဖြစ်ခွင့်မရှိတာတွေလည်း ရှိနေလိမ့်မယ်။ (ဘာပဲဖြစ်ဖြစ် ကိုယ်ရဲ့ကိုယ်ပိုင်ဘဝပဲ အကောင်းဆုံးတည်ဆောက်နေဖို့ပဲလိုပါတယ်)

ရည်ရွယ်ချက်တွေ အောင်မြင်တာရှိသလို မအောင်မြင်တာလဲရှိနေလိမ့်မယ်။ (ဘာပဲဖြစ်ဖြစ် တနေ့အောင်မြင်မှာပဲ Never Give Up အရှုံးမပေးပဲ ဆက်ကြိုးစားနေဖို့ပဲ လိုပါတယ်)

ဝါသနာပါတဲ့ အလုပ်တွေလုပ်ခွင့်ရှိသလို လုပ်ခွင့်မရှိသေးတာလဲ ရှိနေလိမ့်မယ်။ (ဘာပဲဖြစ်ဖြစ် အလုပ်နဲ့ဘဝ ထပ်တူကျနေဖို့ ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ်ခွင့်ရှိပါတယ်)

ပတ်ဝန်းကျင်က အားပေးမှုတွေရနိုင်တယ် အားပေးမှုမရှိတဲ့ အချိန်လည်းကြုံရမယ်။(ဘာပဲဖြစ်ဖြစ် ကိုယ်ရဲ့စိတ်ခွန်အားဆိုတာ ကိုယ်တိုင်ပေးနေတာအမြဲရှိနေလိမ့်မယ်)

ဘဝမှာ မှန်တဲ့အရာတွေလုပ်ခွင့်ရကြသလို အမှားတွေကိုလည်း လုပ်ခဲ့မိနိုင်ပါတယ်။ (ဘာပဲဖြစ်ဖြစ် အမှားတွေကိုပြင် အမှန်တွေကို ဆင်ခြင်ပြီး မနက်ဖြန် အမှန်တွေလုပ်ခွင့်ရှိပါတယ်)

ဘဝမှာ To Do လုပ်သင့်တာရှိတယ် Stop To Do မလုပ်သင့် ရပ်သင့်တာလဲရှိနိုင်တယ်။ (ဘာပဲဖြစ်ဖြစ် ကိုယ့်ကောင်းဖို့အတွက် ရပ်သင့်တာရပ် လုပ်သင့်တာလုပ်ပြီး ဆက်လုပ်နေဖို့ပဲလိုပါတယ်)

ကိုယ်သိတဲ့အရာတွေ ရှိနိုင်တယ် ကိုယ်မသိတဲ့ အရာတွေလဲ များစွာရှိနိုင်သေးတယ်။ (ဘာပဲဖြစ်ဖြစ် အစဉ်မပြတ်လေ့လာနေဖို့ သိလာအောင် ကြိုးစားဖို့ပဲလိုပါတယ်)

Do the Job you Love - ကိုယ်ချစ်တဲ့ အလုပ်တွေကိုပဲ ဆက်လုပ်ပြီး Love the Job you Do ကိုယ်လုပ်နေတဲ့ အရာတွေတိုင်းကို စိတ်ကျေနပ်နေရင် ဘဝရဲ့ အောင်မြင်မှုလို့ ခံယူစေချင်ပါတယ်။ (ကိုယ်ချစ်တဲ့အလုပ်တွေကိုပဲ လုပ်ရင် တနေ့အောင်မြင်မှာပါ) ကိုယ်ချစ်တဲ့အလုပ်တွေကို လုပ်နေရရင် ဒါဟာ အလုပ်မဟုတ်ပါဘူး။ ဖန်တီးနေမှုသာ ဖြစ်ပါတယ်။

အရာရာ ကိုယ်တိုင်တည်ဆောက်ခွင့်ပေးထားလို့ (ကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ ပဲ့ကိုင်ရှင်တွေဖြစ်ကြလို့ ကိုယ်ပိုင်ဘဝတခုကို ကိုယ်လိုချင်တာ ဖြစ်လာနိုင်ဖို့ ကိုယ်တိုင်ထုဆစ် တည်ဆောက်နိုင်ပါစေ)

ဘဝမှာ One Side Decision တဖက်သက် ဆုံးဖြတ်ချက်မချမိပါစေနဲ့။

တချို့က ထိုအရာမလုပ်ရသေးဘူး (One Side Decision) နဲ့ မဖြစ်နိုင်ပါဘူးစဉ်းစားတယ်။

တချို့က ထိုအခွင့်အလမ်းဆီမသွားရသေးဘူး (One Side Decision)နဲ့ မဖြစ်နိုင်ပါဘူးစဉ်းစားတယ်။

တချို့က ထိုဘဝကိုမရွေးချယ်ရသေးဘူး (One Side Decision)နဲ့ မဖြစ်နိုင်ပါဘူးစဉ်းစားတယ်။

သေချာတာတော့ (One Side Decision) တဖက်သက် ဆုံးဖြတ်ချက်တွေကြောင့် အရာရာမှာ အောင်မြင်တိုးတက်မှုတွေနဲ့ လွဲချော်နေခြင်းသာဖြစ်ပါတယ်။

(စစ်မတိုက်ရသေးဘူး ရှုံးမှာပါဆိုရင်တော့ မတိုက်ရသေးဘဲ အရှုံးဆုံးဖြတ်ချက်သာဖြစ်ပါတယ်)။ ဆုံးဖြတ်မှုနဲ့ လုပ်ရပ်ပေါင်းစပ်မှ ဖြစ်နိုင်လား၊ မဖြစ်နိုင်လားဆိုတာ အဖြေပေါ်လာမှာဖြစ်ပါတယ်။

**ဆုံးဖြတ်ချက်ချတဲ့အခါမှာ အမြဲတမ်းလက်ကိုင်ထားသင့်တဲ့ အချက် (၃-ခု)**

(၁) ဖြစ်တဲ့အခြေအနေအပေါ် လေ့လာဆန်းစစ်မှု

(၂) ဖြစ်လာမဲ့အခြေအနေအပေါ် တွေးခေါ်မျှော်မြင်မှု

(၃) အကောင်းဆုံးသော ဆုံးဖြတ်ချက်ချပြီး ပြုလုပ်မှု

ဆိုတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီး (ဆုံးဖြတ်ချက်တွေကို မှန်ကန်စွာချနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်)

**သာမန်လူတွေဟာ. . .** ဖြစ်နေတဲ့ အခြေအနေကိုမသိ၊ ဘာတွေဖြစ်လာမှန်းလည်း မတွေးခေါ်သူတွေဟာ Slow Decision Wrong Decision (ဆုံးဖြတ်ချက်နှေးခြင်း မှားယွင်းစွာဆုံးဖြတ်ခြင်း) ဆိုတဲ့ အမြဲတမ်းဆုံးဖြတ်ချက်အမှားတွေကိုပဲ ဖြစ်စေနိုင်ပါတယ်။

**စိတ်မြန်လက်မြန်သူတွေဟာ** ဖြစ်နေတဲ့ အခြေအနေကိုမသိ၊ ဘာတွေဖြစ်လာမှန်းလည်း မတွေးခေါ်ပဲ Fast Decision – Wrong Decision (ဆုံးဖြတ်ချက်မြန်ခြင်း - မှားယွင်းစွာဆုံးဖြတ်ခြင်း) ဆိုတဲ့ ရံဖန်ရံခါမှာ အမှားသောဆုံးဖြတ်ချက်တွေကို ဖြစ်လာစေနိုင်ပါတယ်။

အရာရာ စဉ်းစားတွေးခေါ်တက်လာသူတွေဟာ ဖြစ်နေတဲ့ အခြေအနေကိုသိအောင်လုပ်ပြီး၊ ဘာတွေဖြစ်လာနိုင်မလဲဆိုတဲ့ အကောင်းဆုံးသော ဖြစ်နိုင်ချေကို သုံးသပ်ပြီး Slow Decision – Right Decision (ဆုံးဖြတ်ချက်နှေးခြင်း - မှန်ကန်စွာဆုံးဖြတ်ခြင်း) ဆိုတဲ့ မှန်ကန်သော ဆုံးဖြတ်ချက်၊ ရလဒ်ကောင်းတွေကို ဖန်တီးဆုံးဖြတ်စေနိုင်ပါတယ်။

အတွေ့အကြုံ၊ ပညာရှိသူတိုင်းကတော့ ဖြစ်နေတဲ့ အခြေအနေကိုလည်းသိပြီး၊ ဘယ်အခြေအနေဖြစ်လာမယ်ဆိုတာ ကြိုတင်ဟောကိန်းထုတ်နိုင်ပြီး Fast Decision – Right Decision (ဆုံးဖြတ်ချက်မြန်ခြင်း မှန်ကန်စွာဆုံးဖြတ်ခြင်း) ဆိုတဲ့ အမြဲတမ်း မှန်ကန်တိကျသော၊ ရလဒ်ကောင်းသော ဆုံးဖြတ်ချက်တွေကို မှန်ကန်စွာချနိုင်မှာဖြစ်ပါတယ်။

ဒီလိုဆုံးဖြတ်တဲ့အခါမှာလဲ အဆင့် (၄) ဆင့် ပုံစံနဲ့ ဆုံးဖြတ်ချက်တွေ မှန်ဖို့ မြန်ဖို့ အတွက် ဆုံးဖြတ်နည်းတွေကို အခြေခံစဉ်းစားသင့်ပါတယ်။ တချို့ဆုံးဖြတ်ချက်တွေဟာ မြန်မြန်ဆန်ဆန်နဲ့ အမှား

မှားအယွင်းယွင်း ဆုံးဖြတ်ချက်တွေဖြစ်နေသလို၊ တချို့ဆုံးဖြတ်ချက်တွေကိုလဲ မြန်မြန်ဆန်ဆန် နဲ့ မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချနိုင်ဖို့ လိုအပ်ပါတယ်။

လုပ်သင့်တာကို မလုပ်ပဲ၊ မလုပ်သင့်တာကို လုပ်မိတဲ့အခါ၊ ရသင့်တဲ့ ရလဒ်ကို မဖန်တီးပဲ၊ မရသင့်တဲ့ ရလဒ်တွေကို ဖန်တီးအကျိုးပြုစေတာမို့၊ ဘယ်အရာတွေကို ပြုလုပ်မယ်၊ ဘယ်အရာတွေကို မလုပ်ဘူး ဆိုတဲ့ မိမိရဲ့ ကိုယ်ပိုင်ခံယူချက်တွေကိုလဲ ဆုံးဖြတ်ထားရှိရမှာဖြစ်ပါတယ်။

**ဆုံးဖြတ်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ**

(ဥပမာ - ဟိုးတစ်ဖက်ကမ်းသို့ မကူးရသေးဘဲ မရောက်နိုင်ပါဘူးလေ။ အစကတည်းက မရောက်ဖူးဆိုတဲ့ တဖက်သက်မဖြစ်နိုင်ဘူး ဆုံးဖြတ်ချက်နဲ့ အောင်မြင်မှုမှန်သမျှဟာ ရွှေပြည်တော် မျှော်တိုင်းဝေးဖြစ်နေခြင်းပါပဲ။ အောင်မြင်မှု တကယ်မဖြစ်နိုင်လား ဖြစ်နိုင်လား လုပ်ကြည့်တော့မှသိပါတယ်။ တချို့သင်္ချာပုစ္ဆာတွေဟာ အဖြေသိလို့ တွက်တာမှမဟုတ်ပဲ၊ တွက်ရင်းနဲ့ အဖြေထွက်လာခြင်းသာဖြစ်ပါတယ်။ လုပ်ရင်းနဲ့ အဖြေပေါ်လာပါလိမ့်မယ်ဆိုတဲ့ ဆုံးဖြတ်ခံယူမှုနဲ့ လုပ်စရာရှိတာကို ရဲရဲဝင့်ဝင့်ကြိုးစားလိုက်ဖို့ပါပဲ။

အခွင့်အရေးဆိုတာ ဆုတောင်းနေရုံနဲ့ ကိုယ့်ဆီမရောက်လာနိုင်ဘူး။ အခွင့်အရေး အခွင့်အလမ်းရှိနိုင်တဲ့ နေရာတွေ၊ လူတွေထံကို သွားတဲ့သူမှပဲ ရနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာအဟောင်းတွေကို ဖတ်နေသမျှ၊ စာမျက်နှာအသစ်တွေကို ဖတ်လို့မရနိုင်သလို အရင်လိုပဲ စဉ်းစားဆုံးဖြတ်ကြိုးစားနေသမျှ အရင်ရလဒ်ပဲရစေနိုင်မယ်။

အပြောင်းအလဲကို စဉ်းစားဆုံးဖြတ်ကြိုးစားလိုက်မှ ပြောင်းလဲတိုးတက် အောင်မြင်မှုကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**ကမ္ဘာကြီးတိုးတက်ပြောင်းလဲနေချိန်မှာ အရင်အတိုင်းမပြောင်းလဲပဲနေမလား**

ဆန်းသစ်တီထွင် အောင်မြင်မှုဖန်တီးမလားဆိုတာ ဘဝရဲ့ရွေးချယ်ဆုံးဖြတ်မှုပါပဲ။

**Choice -** ရွေးချယ်ဆုံးဖြတ်ချက် မှန်ကန်ပါစေ။

**Chance -** အခွင့်အရေးထံသို့ သွားယူနိုင်ပါစေ။

**Change -** အပြောင်းအလဲကို လက်ခံကြိုးစားနိုင်ပါစေ။

မပြောင်းလဲတာ ပြောင်းလဲနေခြင်းပဲ။ ကိုယ်မပြောင်းလဲ၊ အရာရာဟာပြောင်းလဲနေလိမ့်မယ်။ ကိုယ်လိုချင်တဲ့ ဘဝပုံစံကို

စိတ်ကြိုက်ပြောင်းလဲခွင့်ပေးထားတယ်။

ကိုယ်ပြောင်းလဲဖို့အတွက် ဘယ်အရာကိုမှ စောင့်နေစရာမလိုပါဘူး၊ ပြောင်းလဲချင်စိတ်နဲ့ ကြိုးစားလိုက်ရင်၊ ပြောင်းလဲတဲ့ဘဝဆို မနက်ဖြန်အနာဂတ်တိုင်းမှာရှိနေပါတယ်။ If you want to change, You have to change! ပြောင်းလဲမှုကိုလိုချင်ရင်၊ မတူညီစွာ ပြောင်းလဲကြိုးစားနေရမယ်။

### အောင်မြင်ရေးမဟာဗျူဟာ (ဆုံးဖြတ်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ စဉ်းစားပါ၊ ဆုံးဖြတ်ပါ၊ ပြန်လည်ဆန်းစစ်ပါ၊ ပြီးမှ လက်တွေ့ကြိုးစားလုပ်ဆောင်ပါ။ | ၁။ မလုပ်ကြည့်ရသေးပဲ မဖြစ်နိုင်ဘူးဆိုတဲ့ One Side Decision ဆုံးဖြတ်ချက်မျိုး မချပါနဲ့။ |
| ၂။ စဉ်းစားဆုံးဖြတ်တဲ့ အချိန်တွေများနေရင်၊ လုပ်ရန်အချိန်တွေမှာ နည်းနေပါလိမ့်မယ်။ ဆုံးဖြတ်ချက်မှန်ပြီဆိုရင် လုပ်စရာရှိတာလုပ်လိုက်ပါ။ | ၂။ မိမိကိုယ်တိုင် (%) ယုံကြည်မှုမရှိရင်တော့ အောင်မြင်နိုင်မှာမဟုတ်ပါ။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါစေ၊ ယုံကြည်ဖို့ကလည်းအရေးကြီးပါတယ်။ |
| ၃။ အခြေအနေကို သိရှိလေ့လာပြီးမှ ဆုံးဖြတ်ရင် ပိုမိုမှန်ကန်ပါတယ်။ အတွေ့အကြုံရှိသူများနဲ့ တိုင်ပင်ပြီး ဆုံးဖြတ်ချက်ချနိုင်ရင် အကောင်းဆုံးပါ။ | ၃။ မိမိဆုံးဖြတ်ချက်ကို တွေ့တွေ့သမျှသူနဲ့ တိုင်ပင်ပြီဆိုရင်တော့ (မဖြစ်နိုင်တဲ့ အဖြေက) ပိုများပြီး အလုပ်မဖြစ်ရုံသာရှိပါလိမ့်မယ်။ |

## Entreprener

### "စွန့်ဦးတီထွင် ကြိုးစားသူနှင့် မကြိုးစားသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ အများအတွက် စွန့်ဦးတီထွင် သတ္တိရှိရှိကြိုးစားအောင်မြင်တယ်။

မအောင်မြင်သူဆိုတာ မိမိကိုယ်ကိုယ်မိမိ ကြောက်ရွံ့ပြီးတော့ မကြိုးစားတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " E "

## Entrepreneurship - စွန့်ဦးတီထွင်မှု

"ထောင်မြင် ရာစွန့်"

Entrepreneurship ဆိုတာ (စွန့် + ဦး + တီထွင်) ဆိုတဲ့ အချက် (၃-ခု) ကို ပေါင်းစပ်ထားပြီး စွန့်စားတီထွင် ခေါင်းဆောင်နေသူဟု အဓိပ္ပါယ်မည်ပါတယ်။ ယနေ့ခေတ် အောင်မြင်သူဖြစ်ဖို့မှာ နယ်ပယ်တစ်ခုခုမှာ စွန့်စားတီထွင် ဦးဆောင်နေဖို့လိုအပ်မှာဖြစ်ပြီး ခေတ်နဲ့အညီ ဆန်းသစ်တီထွင်မှု၊ စွန့်စားသတ္တိရှိစွာဆောင်ရွက်မှုနှင့်၊ အောင်မြင်တိုးတက်အောင် ဦးဆောင်နိုင်လျှင် (စွန့်ဦးတီထွင် ဦးဆောင်အောင်မြင်သူများ) ဖြစ်လာမှာ ကေန်မလွဲပင်ဖြစ်ပါတယ်။

**ကမ္ဘာကျော် စွန့်ဦးတီထွင်မှု ဆောင်ပုဒ်ဖြစ်တဲ့...**

Entrepreneur is living a few years of your life like most people won't.

So you can spend the rest of your life like most people can't.

စွန့်ဦးတီထွင်သူဆိုတာ နှစ်ကာလ ခဏတာမှာ လူအများ မလုပ်ချင်တဲ့ အရာတွေနဲ့ စွန့်စားနေထိုင်ရပေမယ့်. . .

နောင်ကျန်ရှိတဲ့ နှစ်များစွာမှာတော့ လူအများမလုပ်နိုင်တဲ့ အရာတွေကို ပိုင်ဆိုင်အောင်မြင်နိုင်ပါတယ်။

အများနဲ့သူမတူအောင် ကြိုးစားအောင်မြင်ခဲ့သူ (၅-ဦး) ရဲ့ ခံယူချက်များနဲ့ စွန့်ဦးတီထွင် စွမ်းရည်များကို လေ့လာကြည့်ရအောင်။ (သူတို့ ဘာကြောင့် အောင်မြင်ခဲ့လဲ။ ကိုယ်အောင်မြင်ဖို့လည်း ဒီလိုခံယူချက်တွေ ရှိနေမယ်ဆိုရင် သေချာပေါက် အောင်မြင်နိုင်မှာဖြစ်ပါတယ်)

**(Jack Ma) ရဲ့ စွန့်ဦးတီထွင်မှု ခံယူချက် (BELIEVE - ယုံကြည်ပါ)**

မိမိပတ်ဝန်းကျင်က ယုံကြည်သည်ဖြစ်စေ၊ မိမိသူငယ်ချင်း ယုံကြည်သည်ဖြစ်စေ အရေးကြီးတာက မိမိ ယုံကြည်ရမယ်။ မိမိရဲ့

Team ကိုယုံကြည်ရမယ်။ မိမိရဲ့ အနာဂတ်ကို သင်ယုံကြည်နေဖို့က ပိုပြီးတော့ အရေးကြီးမှာ ဖြစ်ပါတယ်။ အနာဂတ်မှာ တစုံတရာဖြစ်လာမှာပါ။ ယုံကြည်ပြီး အရှုံးမပေးသူတွေဟာ နောက်ဆုံးရဲ့ ပန်းတိုင်တွေကို ရောက်နိုင်သူတွေဖြစ်မှာပါ။ Never Give-up ဘယ်တော့မှ အရှုံးမပေးပဲ ရည်မှန်းချက်တွေအတွက် ယုံကြည်နေပါစေ။

**Elon Musk ၏ စွန့်ဦးတီထွင်မှု ခံယူချက် (Take a Risk - စွန့်စားမှုပြုလုပ်ပါ)**

ဖြစ်နိုင်ချေနည်းတယ်ဆိုရင်တောင် စွန့်စားမှုပြုလုပ်ပါ။ ကြိုးစားလုပ်နေရင်းနဲ့ ဖြစ်နိုင်ချေများစွာ တွေ့ရှိလာပါလိမ့်မယ်။ အရာရာတိုင်းမှာ အောင်မြင်မှုအားလုံးသည် စွန့်စားမှုနယ်ပယ်ဇုန်ထဲမှာပဲ ရှိပါတယ်။ စွန့်စားမှုတွေအားလုံးမှာ ဒီထက်မြင့်မားတဲ့ အောင်မြင်မှုတွေ ရှိပါတယ်။ (Elon Musk)

**Bill Gates ၏ စွန့်ဦးတီထွင်မှု ခံယူချက် (PICK GOOD PEOPLE ကောင်းတဲ့သူတွေကို အလုပ်ခန့်ပါ၊ တွေ့ဆုံပါ)**

လုပ်ငန်း အောင်မြင်တိုးတက်မှုဆိုတာ သင်ရဲ့ဘဝပတ်ဝန်းကျင်မှာ လူကောင်းတွေနဲ့တွေ့ရှိခြင်း၊ လူကောင်းတွေမှ အကြံဉာဏ်ရရှိခြင်းဖြစ်တဲ့အခါမှာ ကောင်းတဲ့သူတွေ သင်နဲ့အတူ လက်တွဲဆောင်ရွက်ဖို့၊ လူကောင်းတွေနဲ့ ပေါင်းသင်း ဆောင်ရွက်ဖို့ အရေး

ကြီးမှာ ဖြစ်ပါတယ်။ မိမိဖြစ်ချင်တဲ့ ရည်ရွယ်ချက်ကို လူအများနဲ့ ပေါင်းစပ်ကြိုးစားဖန်တီးရတာမို့ လူတော်တွေ၊ လူကောင်းတွေနဲ့ အတူ ကောင်းမွန်တဲ့ ရည်မှန်းချက်တွေကို ဖန်တီးပေးနိုင်ပါလိမ့်မယ်။ (Bill Gates)

## Mark Zuckerberg ၏ စွန့်ဦးတီထွင်မှု ခံယူချက် (KEEP ON GOING - ရှေ့ဆက်သွားနေပါ)

ရှေ့ဆက်သွားနေသမျှ တစ်နေ့တော့ သင်လိုချင်သော ပန်းတိုင်ကိုရောက်ရှိမှာ ဖြစ်ပါတယ်။ ဖြစ်လာတာဟာ ရလဒ်မဟုတ်သလို၊ အဆုံးသတ်လည်းမဟုတ်ပါဘူး၊ နောက်ဆုံးလိုချင်တဲ့ ပန်းတိုင်ရောက်တဲ့အထိတော့ ခရီးဆက်နေလိုက်ပါ။

## Tony Robbins ၏ စွန့်ဦးတီထွင် ခံယူချက် BE TRULY FULFILLED - ဘဝရဲ့ စိတ်ကျေနပ်မှုကိုရှာဖွေပါ။

ဘဝမှာ လူတိုင်းရှာဖွေနေတာ စိတ်ကျေနပ်ခြင်းပါပဲ။ အလုပ်တွေလုပ်နေကြတယ်၊ မိမိထင်ရာ ပြောဆိုပြုမူနေကြခြင်းအားလုံးဟာ (စိတ်ကျေနပ်မှု) အတွက်ပဲဖြစ်ပါတယ်။ Progress = Happiness မိမိလုပ်ဆောင်နေတဲ့ အရာအားလုံးသည် ပျော်ရွှင် တိုးတက်မှုကိုဖန်တီးပေးပါတယ်။ စိတ်ကျေနပ်မှုဆိုတာအလုပ်တစ်ခုကို ပြီးမြောက်

အောင်မြင်ခြင်း၊ အကောင်းဆုံးဆောင်ရွက်ခြင်းသည် မိမိရဲ့ စိတ်ကျေနပ်မှုကိုနေ့စဉ်ရရှိစေမှာ ဖြစ်ပါတယ်။

စွန့်ဦးတီထွင်သူဆိုတာ Think and act differently အများနဲ့မတူညီတဲ့ ရှုဒေါင့်အသီးသီးမှ တွေးခေါ်နိုင်သူ၊ ဖန်တီးတည်ဆောက်နေသူဖြစ်ပါတယ်။ ဘဝဟာ ယခုလွယ်ကူနေလျှင် နောင်မှာခက်လာနိုင်ပါတယ်။ ယခုအခဲအခက်တွေကို ကျော်ဖြတ်ပြီးချိန်မှာတော့ နောင်မှာလွယ်ကူလာတော့မှာပါ။ အောင်မြင်မှုပန်းတိုင်ဆိုတာ ခရီးတစ်ခုနဲ့တူပါတယ်၊ များများပြေးနိုင်သူဟာ ခရီးကို မြန်မြန်ရောက်နိုင်ပါတယ်။ တိုးတက်အောင်မြင်မှုဆိုရာမှာလည်း အခက်အခဲဇုံတွေကြားမှာပဲ ရှိနေတက်ပါတယ်။ ဒါကြောင့် အောင်မြင်တိုးတက်မှုရလဒ်ကိုပိုင်ဆိုင်ဖို့ စွန့်စားပေးဆပ်မှုနဲ့ လဲယူနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

## Entrepreneurship Skills (စွန့်ဦးတီထွင်မှု အရည်အချင်းများ)

နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ UNIDO မှ စွန့်ဦးတီထွင်မှု စီမံချက်မှာ စွန်ဦးတီထွင်စီးပွားရေးအကြံပေးဆောင်ရွက်ခဲ့စဉ်က အတွေ့အကြုံများနှင့် အောင်မြင်နေတဲ့ စွန့်ဦးတီထွင် ဦးဆောင်သူများကို လေ့လာပြီး ဖော်ပြထားတဲ့ စွန့်ဦးတီထွင်မှုစွမ်းရည်များကို အနှစ်ချုပ်ဖော်ပြပေးလိုက်ပါတယ်။

| စဉ် | **Entrepreneurship Skills**<br>စွန့်ဦးတီထွင်မှု စွမ်းရည်များ | ကိုယ်တိုင် ရှိ/မရှိ<br>ဆန်းစစ်သုံးသပ်ရန် |
|---|---|---|
| 1 | Innovative & Initiative - ဆန်းသစ်တီထွင်မှုရှိခြင်း၊ ကိုယ်စွမ်းကိုယ်စဖြင့် ကြိုးစားချင်စိတ်ရှိသူဖြစ်ရပါမယ်။ | |
| 2 | See Opportunities - စွန့်ဦးတီထွင်သူဆိုတာ အခွင့်အရေး အခွင့်အလမ်းများကို သူများထက်မြင်နိုင်သူဖြစ်ရပါမယ်။ | |
| 3 | Resistant & Motivation - အောင်မြင်နေတဲ့ စွန့်ဦးတီထွင်သူတွေဟာ စိတ်ဓါတ်ခိုင်မာပြီး၊ အရာရာကို အများထက်ခံနိုင်စွမ်းရှိသူများဖြစ်ပါတယ်။ | |
| 4 | Information Searching - အောင်မြင်ဖို့ လိုအပ်တဲ့ သတင်းအချက်အလက် ရှာဖွေစုဆောင်းနိုင်သူဖြစ်ဖို့ လိုပါတယ်။ | |
| 5 | Effective Orientation - အချိန်တိုအတွင်းမှာ အကျိုးရလဒ်တွေ ဖြစ်အောင် စီမံခန့်ခွဲဦးဆောင်နိုင်သူဖြစ်ဖို့လိုအပ်ပါတယ်။ | |
| 7 | Systematic Planning - အောင်မြင်ရေး မဟာဗျူဟာ အစီအစဉ်များကို နည်းလမ်းစနစ်တကျ စီစဉ်ဖော်ဆောင်နိုင်စွမ်းရှိသူဖြစ်ရပါမယ်။ | |
| 8 | Problem Solving in Get up စွန့်ဦးတီထွင်ဦးဆောင်သူဟာ ပြဿနာကိုတာဝန်ယူရသူမို့ ပြဿနာဖြေရှင်းနိုင်စွမ်းရှိသူ ဖြစ်ရပါမယ်။ | |
| 9 | Self Confidence & Leadership - အောင်မြင်သူ ဖြစ်ဖို့ဆိုရာမှာ အများထက် မိမိကိုယ်ယုံကြည်သူဖြစ်ဖို့လိုအပ်ပြီး ကိုယ်တိုင်ဦးဆောင်နိုင်သူဖြစ်ဖို့ လိုအပ်ပါတယ်။ | |
| 10 | Use of the Influence Strategy - အောင်မြင်နေ–သူများနှင့် ပူးပေါင်းပြီး လွှမ်းမိုးဩဇာပေါင်းစပ် ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ဖို့လည်း လိုအပ်ပါတယ်။ | |

Skill(စွမ်းရည်)+Creativity(ဖန်တီးနိုင်စွမ်း)=Mastery (ထူးချွန်ကျွမ်းကျင်မှု)ကို ဖြစ်စေတယ်လို့ဆိုပါတယ်။ (စွမ်းရည်ပြည့်ဝပြီး တီထွင်မှုမရှိလျှင် ထူးချွန်မှုမဖြစ်သလို၊ တီထွင်ကြိုးစားမှုသာရှိပြီး စွမ်းရှည်မရှိလျှင်လည်း မအောင်မြင်နိုင်ဖြစ်တာမို့ (စွမ်းရည်နဲ့ ဖန်တီးမှု) ပေါင်းစပ်ပြီး (စွန့်ဦးတီထွင် အောင်မြင်သော) အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်ဖို့ စု၊ တု၊ ပြု ရေးသားအားပေးလိုက်ပါတယ်။

**စွန့်ဦးတီထွင်မှုကို ဖန်တီးနိုင်တဲ့ နည်းလမ်း (၂-ချက်)**

စွန့်ဦးတီထွင်ဖို့ နည်းလမ်း (၁) Business Partner, Mentor, Teacher - စီးပွားရေးလုပ်ငန်းရှင်များ၊ အကြံညာဏ်ပေးနိုင်သူများ၊ ဆရာများထံမှ လေ့လာခြင်း၊ အတွေ့အကြုံယူခြင်းအားဖြင့် စွန့်ဦးတီထွင်သူဖြစ်လာနိုင်သလို. . .

စွန့်ဦးတီထွင်ဖို့ နည်းလမ်း (၂) Impressing to Success Business Leader - အောင်မြင်သော စီးပွားရေးခေါင်းဆောင်များသို့ အားကျခြင်း၊ စံနမူနာယူခြင်း၊ လေ့လာခြင်းအားဖြင့်လည်း စွန့်ဦးတီထွင်မှု အတွေးအခေါ်များစွာရရှိနိုင်မှာဖြစ်ပါတယ်။

## စွန့်ဦးတီထွင်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ

ဥပမာ - ယနေ့ခေတ်မှာ သုံးနေတဲ့ ဖုန်းတွေ၊ ကားတွေ ဆိုတာ စွန့်ဦးတီထွင် ဖန်တီးခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ အောင်မြင်မှုဆိုရာမှာလည်း မရှိတဲ့ အရာတွေကို ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်စွမ်းအားပင်ဖြစ်ပါတယ်။

အောင်မြင်သူဖြစ်ဖို့ဆိုရာမှာ အရာရာတစ်ခုကို စွန့်ဦးတီထွင်ဖန်တီးနိုင်စွမ်းပင်ဖြစ်ပါတယ်။ Jack Ma ဆိုရင် Alibaba လုပ်ငန်းစုကြီးကို စွန့်ဦးတီထွင် ဖန်တီးနိုင်ခဲ့လို့ အောင်မြင်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်တဲ့ စွန့်ဦးတီထွင်သူဖြစ်ဖို့မှာ (--------) အရာတစ်ခုခုကို မဖြစ်မနေ စွန့်ဦးတီထွင်ကြိုးစားနိုင်မှသာလျှင် စွန့်ဦးတီထွင် အောင်မြင်သူဖြစ်နိုင်မှာပါ။

### အောင်မြင်ရေးမဟာဗျူဟာ (စွန့်ဦးတီထင်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
| --- | --- |
| ၁။ မိမိနဲ့ဆိုင်တဲ့ နယ်ပယ်မှာ အောင်မြင်နေတဲ့ စွန့်ဦးတီထွင်ခဲ့သူများကို အားကျအတုယူကြိုးစားပါ။ | ၁။ အောင်မြင်တဲ့ သူတိုင်းကို အားကျဖို့မလိုပါ၊ မိမိနယ်ပယ်မှာ အောင်မြင်သူများကိုသာ အတုယူပါ။ |
| ၂။ အများမလုပ်နိုင်တဲ့ အရာတစ်ခုကို စွန့်စားကြိုးစားကြည့်ပါ။ | ၂။ ဘယ်တော့မှ အရှုံးမပေးပါနဲ့ အဆုံးသတ် တနေ့မှာ အောင်မြင်မှုရှိနေပါတယ်။ |
| ၃။ ယခုအခြေအနေအဟောင်းကို စွန့်လွှတ်ရဖို့ အခြေအနေအသစ်ကို စွန့်စားရဖို့ သတ္တိရှိပါစေ။ | ၃။ မိုက်မိုက်ကန်းကန်း စွန့်စားတာမျိုးမလုပ်ပါနဲ့ သေချာတွက်ချက်ပြီးမှ စွန့်စားကြိုးစားပါ။ |

# F

## Focus

### "အာရုံစူးစိုက်မှု ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ အလုပ်ပြီးမြောက်အောင်မြင်ဖို့အတွက် အများထက် အရာတစ်ခုကို လေးလေးနက်နက် အာရုံစိုက်ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ အာရုံစူးစိုက်မှုမရှိ အရာရာကို ပေါ့ပေါ့ပျက်ပျက် ပေါ့ပေါ့ပါးပါး တွေးခေါ်ကြိုးစားတယ်။

ဇင်ဖြိုးပိုင် (**MESI**)

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " F "

## Focus - အာရုံစူးစိုက်မှု

"သတိမမူ ဂူမမြင်"

FOCUS ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ F – Follow, O – One , C – Course , U – Until , S – Success (မအောင်မြင်သေးခင်မှာ အရာတစ်ခုတည်းနောက်ပဲလိုက်ပါ)။ မအောင်မြင်သေးခင်မှာ တစ်ခုခုမှာ အောင်မြင်ဖို့ အာရုံစိုက်ပြီး ကြိုးစားပါ။

ကမ္ဘာကျော် သူဌေးကြီး Jack Ma ပြောသလို (မြေပြင်မှာ ယုန် ၉-ကောင် တွေ့တဲ့အခါ၊ ၁-ကောင် ကို အာရုံစိုက်ဖမ်းနိုင်ဖို့ပါ)။ ယုန် ၉-ကောင်လုံး လိုက်ဖမ်းနေရင် ဘယ်အကောင်မှ မမိနိုင်ပါဘူး။


ဘဝဆိုတာ အခွင့်အလမ်း၊ ဖန်တီးမှုများနဲ့ လုပ်သမျှရနိုင်တဲ့ ရည်မှန်းချက်များစွာနဲ့ ပြည့်နှက်နေတဲ့ လောကကြီးပါ။ လုပ်ချင်တာတွေများပြီး ဟိုလိုလို၊ ဒီလိုလိုဖြစ်နေရင်လည်း အောင်မြင်မှုတွေ မဖန်တီးနိုင်ပါဘူး။ ဒါကြောင့် လူတိုင်းအရေးကြီးဆုံးကတော့ FOCUS - အရာတစ်ခုအပေါ်မှာ အာရုံစိုက်ဖို့အဓိကဖြစ်ပါတယ်။

အောင်မြင်မှုအကြီးအမားတွေကို မရခင်မှာ အောင်မြင်မှုအသေးလေးတွေကို အာရုံစိုက်ပြီးကြိုးစားပါ။ အရေးကြီးဆုံးအချက်ကတော့ နောက်ဆုံးပန်းတိုင်အထိ တစိုက်မက်မက် ဦးတည်ကြိုးစားနေဖို့ အရေးကြီးပါတယ်။

ကမ္ဘာမှာ နာမည်ကြီးတဲ့ သီအိုရီတစ်ခုရှိပါတယ်။ အလုပ်တိုင်းမှာ နောက်ဆုံးသော (၁၀%) ဆိုတာ- အောင်မြင်ဖို့ (၉၀%) အရေးအကြီးဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ မှန်ပါတယ် လူတိုင်း ဘာကြောင့် မအောင်မြင်ကြသလဲ။ နောက်ဆုံးသော (၁၀ %) အထိ တစိုက်မက်မက် မကြိုးစားလို့ အောင်မြင်ခါနီး အရှုံးပေးလိုက်သလိုဖြစ်သွားပါတယ်။ အောင်မြင်မှုတို့မည်သည် ဘယ်တော့မှ အစပိုင်းလေးမှာ မရှိနေနိုင်ပါဘူး။ နောက်ဆုံးအထိ ကြိုးစားနိုင်သူတွေသာ အောင်မြင်သူတွေပါပဲ။ အောင်မြင်ဖို့ဆိုရင် ခရီးများအဆုံးအထိလျှောက်လှမ်းပြီး FOCUS အာရုံစူးစိုက်ကြိုးစားနေဖို့ဖြစ်ပါတယ်။

## အောင်မြင်မှုရေးရာ "A to Z" မဟာဗျူဟာ

## ဘဝမှာပြီးပြည့်စုံ အောင်မြင်ဖို့အတွက် အခြေခံလိုအပ်ချက် (၅-ချက်)




**ဘဝလိုအပ်ချက် (၁) Physiological Needs (ရုပ်ပိုင်းဆိုင်ရာ လိုအပ်မှုများ)**

အခြေခံလိုအပ်ချက်ဖြစ်တဲ့ (စား၊ ဝတ်၊ နေ၊ ဆေး) စတဲ့ ဘဝရှင်သန်ရပ်တည်မှုလိုအပ်ချက်ကို ပထမအဆင့် ဦးစားပေးအာရုံစိုက်ပြီး ပြည့်စုံအောင်ကြိုးစားဖို့လိုပါတယ်။

**ဘဝလိုအပ်ချက် (၂) Safety Needs (ဘဝလုံခြုံစိတ်ချမှုဆိုင်ရာ လိုအပ်မှုများ)**

နေထိုင်တဲ့ ပတ်ဝန်းကျင်၊ နိုင်ငံလုံခြုံစိတ်ချမှုနှင့်အတူ ဘဝအာမခံချက်ရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ခံစားရရှိနိုင်မှုကိုလည်း ဒုတိယအဆင့် အာရုံစိုက်ကြိုးစားဖို့လိုပါတယ်။

**ဘဝလိုအပ်ချက် (၃) Love & Belonging Needs (ချစ်ခြင်းနှင့် ပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်မှုများ)**

လူမှုဝန်းကျင်လိုအပ်ချက်ဆိုင်ရာ မိသားစုအဆင်ပြေရေး၊ လူတန်းစေ့နေနိုင်ရေး၊ စည်းစိမ်ဉစ္စာရှိရေးနှင့် ဆွေမျိုးအပေါင်းအသင်းရှိသော တိုးတက်ပိုင်ဆိုင်မှုရှိရေးလည်း အာရုံစိုက်ကြိုးစားဖို့လိုအပ်ပါတယ်။

**ဘဝလိုအပ်ချက် (၄) Esteem Need (အထင်ကြီးလေးစားမှုဆိုင်ရာ လိုအပ်မှုများ)**

အားလုံးသော လူမှုဝန်းကျင်မှ အထင်ကြီးလေးစားမှုဆိုင်ရာ အောင်မြင်မှု ဂုဏ်၊ ရာထူးအဆင့်အတန်း ၊ ပညာတက်မြောက်မှု၊ လူရာဝင်မှုနှင့် လေးစားသြဇာရှိဖို့လည်း အာရုံစိုက်ကြိုးစားဖို့လိုပါ-တယ်။

**ဘဝလိုအပ်ချက် (၅) Self-Actualization (လောကအမှန်တရားသိမြင်မှုဆိုင်ရာ လိုအပ်မှုများ)**

လောကအမှန်တရား ပညာတရား ကျင့်ကြံအားထုတ်မှုနှင့် ဘဝရဲ့စစ်မှန်သော တန်ဖိုးတရားများ၊ အဓိပ္ပါယ်ရှိမှုများနှင့် လောကမှာကောင်းကျိုးပြုရှိမှုများ ဖန်တီးနိုင်ဖို့ဟာ နောက်ဆုံးအဓိကအကျဆုံးသော လိုအပ်ချက်ဖြစ်လို့ အဆုံးစွန်မှာ ရည်မှန်းကြိုးစားဖို့လိုပါတယ်။

ယခုအခြေခံ လိုအပ်ချက်အားလုံး ပြည့်စုံသွားတဲ့သူဆိုရင်တော့ စားဝတ်နေရေးပြည့်စုံပြီး၊ လူမှုဝန်းကျင်လိုအပ်ချက်ပြည့်မှီပြီး၊ အများပတ်ဝန်းကျင်မှ အထင်ကြီးလေးစားပြီး၊ ဘဝကိုအသိပညာရှိရှိနဲ့ အဓိပ္ပါယ်ရှိသော ဘဝပုံစံတစ်ခုကို ဖန်တီးနေထိုင်သွားနိုင်ပြီဖြစ်ပါတယ်။

## အောင်မြင်ဖို့ FOCUS ပျောက်နေရင် ဘယ်လိုလုပ်မလဲ…?

ယနေ့ခေတ်မှာ လူငယ်အများစုကို လေ့လာကြည့်ရင် (FOCUS) ပျောက်နေကြတာများပါတယ်။ အလုပ်တစ်ခုမှ တစ်ခုကို ပြောင်းတာများတယ်၊ ရည်မှန်းချက် တစ်ခုမှ တခြားရည်မှန်းချက်ကို ပြောင်းတာများတယ်၊ ဆုံးဖြတ်ချက် တစ်ခုမှ တခြားတစ်ခုကို ဆုံးဖြတ်တာများပါတယ်။ နောက်ဆုံးတော့ ဟိုမှာလည်း နည်းနည်း၊ ဒီမှာလည်း နည်းနည်းနဲ့ အောင်မြင်မှုကို ဝေးနေခြင်းပဲဖြစ်ပါတယ်။

(ဘဲ) ကဲ့သို့ ရေလိုလို၊ ကုန်းလိုလို၊ ပျံသလိုလို ဘယ်မှာမှ ကျွမ်းကျင်ယှဉ်ပြိုင်လို့မရသလို ဘဲလိုမဖြစ်အောင် ကြိုးစားဖို့ဆိုရင် FOCUS ဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။

(ဘဲဆိုတာ ရေမှာနေတယ်၊ ငါးနဲ့ယှဉ်ပြီး ငုတ်လို့မရပါဘူး)
(ဘဲဆိုတာ ကုန်းမှာနေတယ်၊ မြင်းနဲ့ယှဉ်ပြီး ပြေးလို့မရပါဘူး)

(ဘဲဆိုတာ လေမှာပျံတက်တယ်၊ ဌက်နဲ့ယှဉ်ပြီး ပျံလို့ မရပါဘူး)

ဘာကြောင့်လဲဆိုရင် (ဘဲ ဆိုတာ) ရေလိုလို၊ ကုန်းလိုလို၊ ပျံသလိုလို (ဟိုလိုလို ဒီလိုလို) ဘယ်မှာမှ မကျွမ်းကျင် FOCUS မရှိခြင်းကြောင့်သာဖြစ်ပါတယ်။

ယနေ့ခေတ်မှာ လူအများစုဟာလည်း FOCUS ပျောက်နေကြပြီး (ခက်ရှိုင်းရှိုင်း ခိုင်းနှိုင်းရလျှင် ဘဲ လိုလိုပါပဲ) ဘယ်နေရာမှ ထိပ်ဆုံးအထိရောက်ပြီး အောင်မြင်ဆုံးနေရာနဲ့ ဝေးနေကြရပါတယ်။ အကြံပေးချင်တာတော့ အရှေ့မှာ ပြောခဲ့သလို FOCUS ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ F – Follow , O – One , C – Course , U – Until , S – Success (မအောင်မြင်သေးခင်မှာ အရာတစ်ခုတည်းနောက်ပဲလိုက်ပါ)။ မအောင်မြင်သေးခင်မှာ တစ်ခုခုမှာ အောင်မြင်ဖို့ အာရုံစိုက်ပြီး ကြိုးစားပါ။

ဘယ်သူတွေကပဲ ဘယ်အခွင့်အရေးတွေ ရှိတယ်ပြောပြော၊ ဘယ်အရာတွေက ပိုကောင်းပါတယ် ပြောပြော (လောကမှာ လုပ်စရာတွေအများကြီးထဲမှ ကိုယ်အကြိုက်ဆုံးအရာကို လုပ်နေကြလို့) ကိုယ်ရွေးချယ်ထားတဲ့ လမ်းကိုပဲ FOCUS အာရုံစိုက်ပြီး ကြိုးစားလျှောက်လှမ်းနေပါ။

## စွန့်ဦးတီထွင်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ

ဥပမာ - လူတိုင်းဟာ သူ့ခရီးနဲ့သူ သွားနေကြတဲ့ ခရီးသည်တွေနဲ့ တူပါတယ်။ ကိုယ်ရောက်စေချင်တဲ့ ခရီးကိုသာ ဦးတည်သွားနေဖို့ အရေးကြီးပါတယ်။ ဒီအခါမှာ ဟိုလိုလို၊ ဒီလိုလို၊ ဟိုလူ့အကြံကောင်းသလို၊ ဒီလူ့အကြံကောင်းသလို (Focus ပျောက်ပြီး) ဇဝေဇဝါဖြစ်နေသမျှတော့ ခရီးမရောက်သလို၊ အောင်မြင်မှုတွေဟာလည်း လက်တကမ်းအလိုလေးမှာ ဝေးနေမှာဖြစ်ပါတယ်။

လောကမှာ ကိုယ်ဝါသနာပါရာ၊ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်အချစ်ဆုံးသောအလုပ်ကို ရွေးချယ်ဆုံးဖြတ်ပြီးပြီဆိုတာနဲ့ ဘာပဲဖြစ်ဖြစ် ထိုအရာတစ်ခုတည်းအပေါ်မှာ စိတ်နှစ်ကိုယ်နှစ်နဲ့ တစိုက်မက်မက် ကြိုးစားသွားမှသာ အောင်မြင်မှုခရီးကို သေချာရောက်ရှိနိုင်မှာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (အာရုံစူးစိုက်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ကိုယ်အကြိုက်ဆုံးသော အောင်မြင်မှုပန်းတိုင် တစ်ခုကို ရွေးချယ်ပြီး အာရုံစိုက်ကြိုးစားနေပါ။ | ၁။ ဘယ်အရာ ကောင်းမလဲ ဟိုလိုလို၊ ဒီလိုလို မဖြစ်ပါစေနဲ့။ ကိုယ်ရွေးထားတာ အကောင်းဆုံးပါ။ |
| ၂။ သွားလည်းဒီစိတ်၊ စားလည်းဒီစိတ် အာရုံစိုက်မှု အကောင်းဆုံးအထိ စူးစူးစိုက်စိုက်နဲ့ ကြိုးစားပါ။ | ၂။ (ဂိုးတိုင် ရွှေ့ပြီးဘောကန်သလို) ဟိုပြောင်း၊ ဒီပြောင်းမလုပ်ပါနဲ့၊ ထိုနယ်ပယ်မှာပဲကြိုးစားပါ။ |
| ၃။ ကိုယ်ရည်မှန်းချက်ပန်းတိုင်သို့ အမြဲလိုလို သတိပေး နေပါ၊ အမြဲမပျက် အာရုံစိုက်ထားပါ။ | ၃။ တရေးနိုးမှ သတိရသလို ရံဖန်ရံခါမှ အာရုံစိုက်သလို မဖြစ်ပါစေနဲ့။ မမေ့မလျော့ကြိုးစားပါ။ |

အောင်မြင်မှုရေးရာ "A to Z" မဟာဗျူဟာ

# G

## Goals

### “ရည်မှန်းချက်ပန်းတိုင် ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ အများစွာသော ရည်မှန်းချက်တွေမှ မိမိဖြစ်ချင်သော ရည်မှန်းချက်တစ်ခုကို မဖြစ်မနေ ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ ရည်မှန်းချက်အားလုံးကို အကုန်လုပ်ချင်ပြီး တော့ ဟိုနည်းနည်း ဒီနည်းနည်း၊ ဟိုမရောက် ဒီမရောက်ဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " G "

## Goal - ရည်မှန်းချက်ပန်းတိုင်

"တနေ့ တလံ ပုဂံ ဘယ်ရွှေ့"

**ကေန်မုချရည်မှန်းချက်ပန်းတိုင်းသို့ အောင်မြင်ဖို့အတွက် ဘယ်လိုမဟာဗျူဟာရေးဆွဲထားမလဲ...?**

GO for Goal ပန်းတိုင်အတွက် ခရီးဆက်နေပါ။ လူတိုင်းဟာ ရည်မှန်းချက်တွေ ကိုယ်စီထားရှိကြပါတယ်။ သို့သော်လည်း စတင်မလုပ်သေးတာရယ်၊ စလုပ်သော်လည်း အဆုံးအထိမလုပ်ခြင်းကြောင့်သာ ရည်မှန်းချက်တွေ မအောင်မြင်သေးခြင်းဖြစ်နေပါလိမ့်မယ်။ အားလုံးပြီးရင် ပြီးသွားမှာပါဆိုတဲ့ စိတ်နဲ့ အတူ ကိုယ်ရည်မှန်းချက်တွေ အောင်မြင်ဖို့ပဲ Ready 1,2,3,4,5 ယခုပဲ ထပြီးစတင်ကြိုးစားလိုက်ပါ။

နိုင်ငံခြားသင်တန်းမှ လေ့လာခဲ့ဘူးတဲ့ (ကေန်မုချ ရည်မှန်းချက် အောင်မြင်ရေးမဟာဗျူဟာရေးဆွဲနည်း) အကြောင်းမျှဝေရင်း ရည်မှန်းချက်ပန်းတိုင်းသို့ အောင်မြင်ဖို့အတွက် ဘယ်လိုမဟာဗျူဟာရေးဆွဲသွားမလဲဆိုတဲ့ အဆင့် (၁) မှ (၁၀) အထိ ရှင်းလင်းဖော်ပြထားပေးပါတယ်။

**(၁) Goal / Clarify (ရည်မှန်းချက်ပန်းတိုင်၊ တိကျသေချာခြင်း)**

မိမိဖြစ်ချင်တဲ့ရည်မှန်းချက်ပန်းတိုင်ဟာ ရှင်းလင်းတိကျစွာဦးစွာသတ်မှတ်ဖို့လိုအပ်ပါတယ်။

**(အောင်မြင်ဖို့ ရည်မှန်းချက်ပန်းတိုင်ဟာ ဘာလဲ...? တိကျစွာ ချပြီး ရေးလိုက်ပါ)**

-------------------------------------------------------

-------------------------------------------------------

**(၂) Why is important / Focus (ဘာကြောင့်အောင်မြင်ချင်လဲ၊ အာရုံစိုက်ထားခြင်း)**

ပန်းတိုင်ဟာဘာကြောင့်အရေးကြီးသလဲ။ မိမိအတွက်လား လူအများအတွက်လား မိမိ မိသားစုအတွက်လား ခိုင်မာတဲ့အကြောင်းပြချက်နဲ့ ပန်းတိုင်သို့အာရုံစိုက်ကြိုးစားနေပါ။

(ဘာကြောင့် ထိုရည်မှန်းချက်က အရေးကြီးသလဲ၊ ခိုင်မာတဲ့အကြောင်း ပြချက်ချရေးပါ)

-----------------------------------------------------------

-----------------------------------------------------------

-----------------------------------------------------------

(၃) **100% Believe / No Doubt¿** (၁၀၀ % ယုံကြည်ခြင်းနှင့် သံသယမရှိခြင်း)

ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်ဖို့အတွက် ဘယ်လောက်အထိယုံကြည်နေလဲ။ မဖြစ်နိုင်တဲ့ သံသယ အတွေးတွေမရှိအောင် ဖယ်ရှားရမှာဖြစ်ပါတယ်။ ယုံကြည်ချက် (၁၀၀%) အပြည့်ရှိဖို့ လိုအပ်ပါတယ်။

(သင့်ရဲ့ရည်မှန်းချက်ဟာ အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်မှု % ဘယ်လောက်ရှိသလဲ၊ ၁၀၀ % ဖြစ်ဖို့ ဘာတွေလိုအပ်ချက်ရှိမလဲ ယုံကြည်မှုဖြစ်အောင် ချရေးလိုက်ပါ)

----------------------------------------------------------

----------------------------------------------------------

----------------------------------------------------------

**(၄) What is Need/Prepare¿ (ဘာတွေလိုအပ်မလဲ၊ ကြိုတင်ပြင်ဆင်မှု များစဉ်းစားခြင်း)**

ရည်မှန်းချက်ပန်းတိုင်ကိုရောက်ဖို့ ဘာတွေလိုအပ်သလဲ။ ဘယ်အချက်တွေကို ပြင်ဆင်ဆောင်ရွက်ဖို့လိုအပ်ပါသလဲ။

**(လိုအပ်ချက်များ ကြိုတင်ပြင်ဆင်ရမည့်အချက်များကို စဉ်းစားပြီးချရေးကြည့်ပါ)**

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

**(၅) Priority 3 Things / Choice¿ (ဦးစားပေးပြုလုပ်မည့် အရာ ၃-ချက်၊ ရွေးချယ်ဆုံးဖြတ်ခြင်း)**

လုပ်ဆောင်ရမည့် အချက်များစွာမှ အရေးကြီးဆုံးသော ဦးစားပေးရမယ့် အချက်၃-ချက်ကို ဦးစားပေး ရွေးချယ်ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ရွေးချယ်ဆုံးဖြတ်ချက် မှန်ကန်ဖို့အရေးကြီးပါတယ်။ **ဦးစားပေးလုပ်ဆောင်ရမည့် အချက် (၃-ခု) ကို ချရေးလိုက်ပါ။**

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

**(၆) Action Plan / Time-bound (လုပ်ဆောင်မည့် အစီအစဉ်ဆွဲခြင်း၊ ပြီးမြောက်ရန်အချိန်သတ်မှတ်ခြင်း)**

လက်တွေ့လုပ်ဆောင်ရမည့် အချက်များကို (စလုပ်မည့် အချိန်)နှင့် (ပြီးမြောက်ရမည့် အချိန်) များကို သတ်မှတ်စေပါ။ ထိုအချိန်အတွင်း မဖြစ်မနေပြီးရမည်ဟု ကိုယ်တိုင်ကတိပြုကြိုးစားပါ။

**(ရည်မှန်းချက်အောင်မြင်ဖို့ (စလုပ်မည့် အချိန်)နှင့် (ပြီးမြောက်ရမည့် အချိန်) များ ချရေးလိုက်ပါ။**

----------------------------------------------------------------

----------------------------------------------------------------

----------------------------------------------------------------

**(၇) Feedback Lesson-Learned (အကယ်၍ မအောင်မြင်ခဲ့ပါက သင်ခန်းစာထပ်ကြိုးစားခြင်း)**

မိမိရည်မှန်းချက်ပန်းတိုင်ကို အဆင့်ဆင့်ကြိုးစားတဲ့အခါမှာလည်း အရာ(၂-ခု) ဖြစ်လာနိုင်ပါတယ်။ ထိုအခါမှာ ပြဿနာဖြစ်လာအဖြေရှာ ဆက်လက်ကြိုးစားရမှာဖြစ်ပါတယ်။

(၁) အချက်ကတော့ မိမိမျှော်လင့်ထားသလို အောင်မြင်မှုဖြစ်လာနိုင်သလို

(၂) မိမိ မမျှော်လင့်ထားသလို မအောင်မြင်မှုဆိုတာလည်း

ဖြစ်လာနိုင်ပါတယ်။

အဆင်မပြေမှုများ ပြဿနာရှိလာလျှင် - အဖြေရှာပြီး ဆက်လက်ကြိုးစားပါ။ အကယ်၍ မအောင်မြင်ပါကလည်း Never Give-up အရှုံးမပေးပဲ Feedback သင်ခန်းစာယူပါ။

**(အကယ်၍ မအောင်မြင်ခဲ့ရင် ဘယ်လိုအဖြေထပ်ရှာမလဲ သင်ခန်းစာယူမလဲ ချရေးပါ)**

-----------------------------------------------------------

-----------------------------------------------------------

-----------------------------------------------------------

မျှော်မှန်းထားသလို မဖြစ်လာပါက (အဆင့် ၄ မှ ပြန်စပြီး နောက်ဆုံးအောင်မြင်တဲ့အထိ အရှုံးမပေး တခါထပ်ကြိုးစားလိုက်ပါ)

(၈) **Take New Action (အောင်မြင်မှုပန်းတိုင်အထိ အကြိမ်ဖန်များစွာ ဆက်လက်ကြိုးစားခြင်း)**

အဆင့် (၄) မှတဆင့် ဘာတွေလိုအပ်မလဲ၊ ဘာတွေဦးစားပေးရွေးမလဲ အဆင့်ဆင့်ကြိုးစားပြီး အောင်မြင်နိုင်ချေရှိသော အသစ်သစ်သော ကြိုးစားဖန်တီးမှုတွေနဲ့ ဆက်လက်ကြိုးစားနေပါ။ (သေချာပေါက် တနေ့မှ ကေန်မုချအောင်မြင်နိုင်မှာဖြစ်ပါတယ်)

(အောင်မြင်ဖို့ ဘယ်လိုအသစ်သစ်သော ကြိုးစားဖန်တီးမှု

တွေနဲ့ ပြောင်းလဲကြိုးစားမလဲ ချရေးပါ)

------------------------------------------------------

------------------------------------------------------

------------------------------------------------------

(၉) **Success / New Goal (ရည်မှန်းချက်အောင်မြင်မှုနှင့် ပန်းတိုင်သစ်များဆက်လက်ကြိုးစားခြင်း)**

ရည်မှန်းချက်ပန်းတိုင်တစ်ခု အောင်မြင်လာပြီဆိုတာနဲ့ နောက်ရည်မှန်းချက်တစ်ခုထပ်ထားပါ။ အကြီးဆုံးသော ရည်မှန်းချက်ဟာ ဘာဖြစ်မလဲ ဆက်လက်ကြိုးစားဖန်တီးပါ။

**(ပထမအောင်မြင်မှုထက် မြင့်မားတဲ့ ပိုမိုကြီးမားတဲ့ ရည်မှန်းချက်ကဘာလဲ ချရေးပါ)**

------------------------------------------------------

------------------------------------------------------

------------------------------------------------------

ဒီလိုနဲ့ပဲ ရည်မှန်းချက် အသစ်တွေကို (အဆင့် ၁-မှ) ပြန်စပြီး အောင်မြင်မှု အသစ်သစ်တွေကို ဆက်လက်ကြိုးစားဖန်တီးသွားပါ။

**(၁၀) Momentum & Sustainable Success (အောင်မြင်မှုရှိလာပါက အရှိန်အဟုန်မြင့် ထိန်းသိမ်းသွားရန်)**

ခဏတာအောင်မြင်မှုမဖြစ်ဖို့ စဉ်ဆက်မပျက် ရေရှည်ထိန်းသိမ်းသွားဖို့ အရေးကြီးမှာဖြစ်ပါတယ်။ အောင်မြင်မှုအရှိန်အဟုန်နဲ့ အောင်မြင်မှုအသစ်တွေ ဆက်လက်ဖန်တီးပါ၊ အောင်မြင်ကျော်ကြားမှုကို သတိထားပြီး ဆက်လက်ထိန်းသိမ်းသွားပါ။

(အောင်မြင်မှုရလာတဲ့အခါ ဘယ်လိုထိန်းသိမ်းပြီး ရေရှည်အောင်မြင်သွားမလဲ ရေးထားပါ)

-----------------------------------------------------------

-----------------------------------------------------------

-----------------------------------------------------------

ယခုဖော်ပြသွားတဲ့အချက်တွေကို အချိန်ပေးရေးဆွဲထားပြီး နေ့စဉ်မြင်နိုင်တဲ့နေရာမှာကပ်ထားပြီး ကြိုးစားသွားခြင်းဖြင့် ဘဝမှာ ထူးထူးခြားခြားအောင်မြင်မှုများရနိုင်မှာဖြစ်ပါတယ်။

ရည်မှန်းချက်ပန်းတိုင်းသို့အောင်မြင်ဖို့မဟာဗျူဟာရေးဆွဲနည်းကို World No (1) Tony Robbin ၏ လမ်းညွှန်ချက်များကို ပြန်လည်မျှဝေပေးထားပြီး (ကျွန်တော်ကိုယ်တိုင် အောင်မြင်တိုးတက်မှုတွေကို ယခုအဆင့်များအတိုင်း ကြိုးစားဆောင်ရွက်ခဲ့နိုင်ပါတယ်)

အောင်မြင်တိုးတက်လိုသူများ ယခုလမ်းညွှန်ချက် (၁၀-ချက်) ကို ယုံယုံကြည်ကြည်နဲ့ကြိုးစားသွားကြည့်ပါ၊ သိသိသာသာ တိုးတက် အောင်မြင်မှုများတွေ့နိုင်ရပါလိမ့်မယ်။

ကေန်မုချအောင်မြင်ရေး မဟာဗျူဟာနည်းလမ်းကို ရရှိခဲ့ပြီဆိုရင် (ဒီ ၁၀-ချက်) ဟာ သင့်ရဲ့ ရည်မှန်းချက်ကို ရောက်ရှိစေဖို့ (လမ်းပြမြေပုံ) ဖြစ်ပါတယ်။ လမ်းပြမြေပုံရရှိပြီဆိုလျှင် သင့်ဘဝရဲ့ အမျှော်လင့်ဆုံးသော ရည်မှန်းချက်ပန်းတိုင်ကြီးသို့ အရောက်သွားပြီး ရယူလိုက်ပါတော့။

ဘဝရဲ့မနက်ဖြန်တိုင်းမှာ တန်ဖိုးတရားများစွာရှိနေမှာပါ။ ယုံကြည်ပါ၊ စီစဉ်ရေးဆွဲပါ၊ ကြိုးစားရယူနိုင်ပါစေ။

## ရည်မှန်းချက်ပန်းတိုင်နှင့် အောင်မြင်ရေးမဟာဗျူဟာ

ဥပမာ - ရည်မှန်းချက်ပန်းတိုင်ဆိုတာ ခရီးသွားရတာနဲ့ တူပါတယ်။ ထိုခရီးသို့ ရောက်ဖို့ ကားနဲ့သွားမလား၊ ဒီထက် မြန်ချင်ရင် လေယာဉ်ပျံနဲ့အမြန်သွားမလားဆိုတဲ့ နည်းလမ်းရွေးချယ်မှု မှန်ကန်ဖို့အရေးကြီးပါတယ်။

ကိုယ်ဘယ်လိုပုံစံနဲ့ အမြန်ဆုံးသွားမလဲဆိုတဲ့ နည်းလမ်းရှာဖွေပြီး- မြန်မြန်သွားမှ ခရီးရောက်မယ်။ များများသွားမှ ခရီးပေါက်လိမ့်မယ်။ တချို့လူတိုင်းက လက်ထဲမှာရှိတဲ့ အရာတစ်ခုခု

ဆုံးရှုံးရင် ရှုံးတယ်လို့ခံစားကြတယ်။ အမှန်တော့ ကိုယ့်ရဲ့ကြီးမားတဲ့ ပန်းတိုင်ကြီးကို မရောက်သေးတာဟာ (ပိုပြီးရှုံးနေတာပါပဲ) ယခုရရှိနေတဲ့ နည်းပါးတဲ့ အရာတွေကို ဆုံးရှုံးလို့ မနှောမျှောပါနဲ့ ဟိုးအနာဂတ်မှာ သင့်ရဲ့ကြီးမားတဲ့ ပန်းတိုင်ကြီး မဆုံးရှုံးဖို့ ယခုပဲကြိုးစားလိုက်ပါ။

**အောင်မြင်ရေးမဟာဗျူဟာ (ရည်မှန်းချက်ပန်းတိုင်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ဧကန်မုချအောင်မြင်ရေး (၁၀–ချက်) နဲ့ ရည်မှန်းချက်ပန်းတိုင်သို့ ကြိုးစားနေပါ။ | ၁။ ကြိုက်ခြင်း၊ မကြိုက်ခြင်း (ခံစားမှု) အတွက် မကြိုးစားပါနဲ့၊ ရည်မှန်းချက်အတွက် ကြိုးစားပါ။ |
| ၂။ ရည်မှန်းချက်အောင်မြင်နိုင်ဖို့ နည်းလမ်းမျိုးစုံ အသုံးပြုကြိုးစားပါ၊ လက်တွေ့ကြိုးစားဖို့အဓိက။ | ၂။ ရည်မှန်းချက် မအောင်မြင်လည်း စိတ်ဓါတ်ကျ အရှုံးမပေးပါနဲ့၊ အောင်မြင်တဲ့အထိ ဆက်ကြိုးစားပါ။ |
| ၃။ ရည်မှန်းချက် အသေးလေးမှစတင်ကြိုးစားပါ၊ ထိုနောက် ရည်မှန်းချက်ကြီးများ ထပ်ကြိုးစားပါ။ | ၃။ ရည်မှန်းချက်များပြီး ဘာလုပ်ရမှန်းမသိ မဖြစ်မိပါစေနဲ့၊ Goal တစ်ခုကို အာရုံစိုက်ပါ။ |

## Harmony

### "ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှု ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ လောကပတ်ဝန်းကျင်မှာ ပတ်ဝန်းကျင် နှင့် အလိုက်သင့်အောင် မိမိကိုယ်ကို မိမိပြောင်းလဲနေထိုင်တယ်။

မအောင်မြင်သူဆိုတာ မိမိဖြစ်ချင်တဲ့အတိုင်း ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမရှိ ဘယ်သူနဲ့မှ အဆင်မပြေ နေထိုင်သူများဖြစ်သည်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " H "

## Harmony - မျှတစွာ ကြိုးစားခြင်း

"ရေလိုက် ငါးလိုက်"

တန်ရင်ဆေး လွန်ရင်ဘေးဆိုသလို၊ ဘယ်အရာမှ အလွန်အကျွံဖြစ်လွန်းလျှင် မအောင်မြင်နိုင်ပါဘူး။ လောကသဘာဝတရားအရ အရာရာဟာ မျှတခြင်းနိယာမပါပဲ။ (ရေ၊ မြေ၊ လေ၊ မီး) သဘာဝရဲ့တရားတွေဟာလည်း မျှတစွာရှိနေပါမှ လောကလူသားတို့ အသက်ရှင်နေထိုင်ရသလို (အရာရာမှာ လျော်ညီမျှတခြင်းသည်) အရေးကြီးဆုံးသော အောင်မြင်ထိန်းကျောင်းရေး သဘောပင်ဖြစ်ပါတယ်။

အောင်မြင်ခြင်းမှာလည်း ပေးဆပ်ရခြင်းရှိသလို၊ ကျရှုံးခြင်း

တွေမှာလည်း အောင်မြင်မှုသင်ခန်းစာဆိုတဲ့ မျှတစွာရှိနေခြင်းသဘော ကိုလည်း နားလည်လက်ခံကြိုးစားနေရမှာဖြစ်ပါတယ်။

Success (အောင်မြင်မှု) ဆိုတဲ့ ကောင်းခြင်းကိုရဖို့ ကိုယ် လိုချင်တာတွေရနိုင်ဖို့ ကြိုးစားနေမှုဟာ ပင်ပန်းလွန်းလှပါတယ်။

Fail (ကျဆုံးမှု) ဆိုတဲ့ ဆုံးရှုံးမှုတွေဟာလည်း ကိုယ့်မထင် တာတွေဖြစ်လာလို့ နာကျင်မှုတွေနဲ့ ခက်ခဲလွန်းလှပါတယ်။

လောကမှာ (Success - အောင်မြင်မှု) + (Fail - ကျဆုံးမှု) ဆိုတာ ရှိနေမှာမို့ နှစ်ဖက်မျှတခြင်း ဥပဒေသအတိုင်း လက်ခံနေထိုင် သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

လောကထဲမှာနေသူတိုင်း လောကတရားအတိုင်း လက်ခံ နေထိုင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ လောကသဘာဝတရားဆိုတာ အဆိုးနဲ့အကောင်းဒွန်တွဲထားခြင်းပါပဲ။ (နေ့ဆိုတဲ့အလင်းပေးထား သလို၊ ညဆိုတဲ့အမှောင်လည်းပေးထားတယ်) ဆောင်းဆိုတဲ့ အေးမြ ခြင်းပေးထားသလို၊ နွေဆိုတဲ့ပူလောင်ခြင်းလည်း ပေးထားမှာဖြစ်ပါ တယ်။ ဒါကြောင့် လောကရဲ့သဘာဝတရားကို မည်သူမျှလွန်ဆန် ၍မရနိုင်တာမို့ အဆိုးအကောင်း၊ ဆင်းရဲချမ်းသာ၊ ချစ်ခြင်းမုန်းခြင်း နှစ်ဖက်မျှတနေထိုင်နိုင်ခြင်းသည်သာ အကောင်းဆုံးသောနည်းလမ်း ပင်ဖြစ်ပါတယ်။

| မိမိအကြိုက်ပဲ ကြိုးစားနေ၍ရနိုင်မလား | အများအကြိုက်ပဲကြိုစားနေ၍ဖြစ်နိုင်မလား |
|---|---|
| မိမိကောင်းဖို့ (အတ္တဟိတ) ကြိုးစားလွန်းရင်အတ္တသမားဖြစ်လာပြီးတကိုယ်ကောင်းဆန်သွားတက်ပါတယ်။ | အများကောင်းဖို့ (ပရဟိတ) ပြုလွန်းလျှင်လည်း မိသားစုနဲ့ ဘဝရဲ့ တာဝန်တွေမှာ အားနည်းချက်ဖြစ်တက်၏။ |
| ကိုယ့်အကြိုက်တွေချည်းပဲ လုပ်လွန်းလျှင် အများမကြိုက်ဖြစ်လာတက်ပြီး (လူမှုဝန်းကျင် ပစ်ပယ်ခြင်းကို ခံရနိုင်ပါတယ်) | အများအကြိုက်တွေချည်းပဲ လုပ်လွန်းလျှင် ကိုယ်မကြိုက်ဖြစ်လာတက်ပြီး (မိသားစု ပစ်ပယ်ခြင်းကိုခံရနိုင်ပါတယ်) |

ဘဝမှာ လူတိုင်းကြုံရနိုင်တဲ့ အဆိုးနဲ့အကောင်းရဲ့ကြားမှာ အောင်မြင်ကြိုးစားကြတဲ့အခါ အဆိုးပဲအမြဲမရှိသလို၊ အကောင်းလည်းအမြဲမရှိနိုင်ပါဘူး- (GOOD - ကောင်းခြင်း) နှင့် (BAD - ဆိုးခြင်း) ဆိုတဲ့ လောကဓံရဲ့ကြားမှာ ဘဝကို မျှတစွာနေထိုင်သွားဖို့ လိုအပ်ပါတယ်။

အောင်မြင်ဖို့ Wealthy (ချမ်းသာခြင်း) ဆိုတဲ့ ကောင်းခြင်းတွေ၊ အဆင်ပြေမှုတွေ၊ စိတ်ချမ်းသာမှုတွေ ရှိနေတက်သလို၊

ကျရှုံးခြင်းဆိုတဲ့ Poor (ဆင်းရဲခြင်း) ဆိုတဲ့ မကောင်းခြင်းမှာလည်း အဆင်မပြေမှု၊ စိတ်ဆင်းရဲမှုတွေလည်း ကြုံရတက်ပါတယ်။

လောကမှာ (Wealthy - ချမ်းသားခြင်း) + (Poor - ဆင်းရဲခြင်း) ဆိုတာ ရှိနေမှာမို့ (Harmony နိယာမအတိုင်း) နှစ်ဖက်မျှတစွာနေထိုင်နိုင်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

အောင်မြင်မှုကို ကူညီပေးတဲ့ Friend (မိတ်ဆွေ) ဆိုတဲ့ မိမိကိုယ် ချစ်ခင်နှစ်သက်သော ၊ မိမိအတွက် အားပေးကူညီနေသော ပတ်ဝန်းကျင်ဆိုတာ ရှိနေသလို၊

ကျရှုံးစေဖို့ သတိထားရတဲ့ Enemy (ရန်သူ) ဆိုတဲ့ မိမိကိုယ် မကြိုက်သော၊ မုန်းသော၊ မိမိအတွက် အနှောက်အယှက်ပေးသော ပတ်ဝန်းကျင်ဆိုတာလည်း ဒွန်တွဲရှိနေမှာဖြစ်ပါတယ်။

လောကမှာ (Friend - မိတ်ဆွေ) + (Enemy - ရန်သူ) ဆိုတာ ရှိနေမှာမို့ (Harmony နိယာမအတိုင်း) နှစ်ဖက်မျှတစွာ လက်ခံနေထိုင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

ကမ္ဘာကျော် Bruce Lee ရဲ့ ခံယူချက်အတိုင်း (ရေကဲ့သို့ လိုသလို အသွင်ပြောင်းနိုင်စွမ်းကို လေ့ကျင့်ကြိုးစားရမှာဖြစ်ပါတယ်)

ရေဆိုတာ (ရေခဲသေတ္တာထဲ ရောက်သွားသောအခါ ရေခဲ အဖြစ်ပြောင်းလဲနိုင်စွမ်းရှိတယ်)

ရေဆိုတာ (ရေနွေးအိုးပေါ် ရောက်တဲ့အခါမှာလည်း ရေနွေး အဖြစ်ပြောင်းလဲနိုင်စွမ်းရှိတယ်)

ရေဆိုတာ (ရောက်တဲ့နေရာမှာ Harmony အလိုက်သင့်

ပြောင်းလဲနိုင်စွမ်းသော သတ္တိရှိလို့) လူသားတို့အတွက် ရေအသက် တစ်မနက်ဆိုသလို အရေးကြီးဆုံးအရာဖြစ်နေခြင်းပါပဲ။

ရေဆိုတာ လိုသလိုအသွင်ကူးပြောင်းနိုင်သလို၊ လောကရဲ့ အနိမ့်အမြင့်တိုင်းမှာ အခြေအနေနဲ့ အချိန်အခါအပေါ် လိုက်ပြီး လို အပ်သလို စိတ်ထားပြီး ကိုယ်လိုချင်တဲ့ အခြေအနေကို လိုသလိုညှိယူ နိုင်စွမ်းရှိဖို့သော Harmony ရဲ့ သဘောပင်ဖြစ်ပါတယ်။

အောင်မြင်ဖို့အတွက် Harmony ရဲ့ သဘော၊ ရေကဲ့သို့ ကျင့်ကြံပြီး ရောက်တဲ့နေရာ၊ ဖြစ်နေတဲ့ အခြေအနေမှာ လိုအပ်သလို အလိုက်သင့်ပြောင်းလဲယူနိုင်စွမ်းဖြင့် အောင်မြင်တိုးတက်သော အခြေ အနေတိုင်းကို ဖန်တီးကြိုးစားနိုင်မှာဖြစ်ပါတယ်။

**မျှတစွာ ကြိုးစားခြင်းနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - ရွက်လှေတစ်စီးနဲ့ ပင်လယ်ကိုဖြတ်သန်းတဲ့ အခါ၊ လှေကို အရှေ့ကိုရောက်ဖို့ တိုက်လာတဲ့ လေရှိသလို၊ လှေကို မှောက်စေဖို့ တိုက်ခိုက်လာတဲ့ မုန်တိုင်းလည်း ရှိနေနိုင်ပါတယ်။ အရေးအကြီးဆုံးကတော့ တိုက်ခိုက်လာတဲ့ လေအပေါ်မှာ (ရွက်) ဆိုတာကို အလိုက်သင့်ပြောင်းလဲပြီး လှေကို အရှေ့သို့ရောက် အောင် ဦးတည်နေဖို့ပင်ဖြစ်ပါတယ်။

အောင်မြင်တိုးတက်ဖို့ ခရီးဆက်တဲ့အခါ အားပေးတဲ့ အခြေအနေရှိနိုင်မယ်၊ အားမပေးတဲ့ အခက်အခဲဖြစ်တဲ့ အချိန်

လည်း ကြုံရမှာဖြစ်ပါတယ်။ အရေးကြီးဆုံးက မိမိဘယ်လို အလိုက်သင့်ပြောင်းလဲ ကြိုးစားနိုင်မလဲဆိုတာ Harmony နိယာမအတိုင်း လိုက်လျောညီထွေစွာ ကြိုးစားအောင်မြင်သွားဖို့ပဲဖြစ်ပါတယ်။

မလျော့မတင်း (စောင်းကြိုးပမာ) တရားကျင့်ကြံတဲ့အခါမှာသာ မြတ်စွာဘုရားရှင်ဟာ တရားထူးရရှိနိုင်တယ်ဆိုတဲ့ (Harmony ကျင့်စဉ်အတိုင်း) လူမှုပတ်ဝန်းကျင်မှာ အောင်မြင်တိုးတက်ရေးအတွက် Harmony ဆိုတာ လောကအောင်မြင်ရေး လက်ကိုင်ထားစရာပင်ဖြစ်ပါတယ်။

**အောင်မြင်ရေးမဟာဗျူဟာ (မျှတစွာ ကြိုးစားခြင်းဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ အရာတိုင်းမှာ မလျော့မတင်း စောင်းကြိုးပမာ (လိုက်လျောမျှတစွာ ကြိုးစားဦးဆောင်သွားပါ။ | ၁။ မာလွန်းခြင်း၊ ပျော့လွန်းခြင်း (တဖက်စွန်း) မလုပ်ဖို့ပါ၊ ကျရှုံးရတတ်ပါတယ်။ |
| ၂။ သဘာဝတရားဟာ အမှန်တရားမို့ လောကပတ်ဝန်းကျင်မှ လေ့လာသင်ယူကြိုးစားနေပါ။ | ၂။ မျှတမှု အမှန်တရားနဲ့ လွန်ဆန်နေပြီဆိုရင် ဘယ်အရာမဆို မှားနေပြီမို့ သတိပြန်ထားပါ။ |
| ၃။ အလုပ်တိုင်းမှာ သူ့ဘက်၊ ကိုယ့်ဘက် အမြဲတမ်း မျှမျှတတ စဉ်းစားကြိုးစားတဲ့အခါ အောင်မြင်မှာပါ။ | ၃။ ကြိုက်တဲ့အရာတိုင်း မကောင်းပါ၊ ကောင်းတဲ့ အရာတိုင်း မကြိုက်ကြပါ (မျှတစွာပဲနေထိုင်ပါ)။ |

# I

## Internet

### “နည်းပညာကို အသုံးချသူနှင့် မချသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ တိုးတက်လာတဲ့ နည်းပညာကို မိမိဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကောင်းတဲ့ဘက်မှာ အသုံးပြုတယ်။

မအောင်မြင်သူဆိုတာ တိုးတက်လာတဲ့ နည်းပညာကို အပျော်အပါးအတွက် အချိန်ဖြုန်းတဲ့နေရာမှာ သုံးတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " I "

## Internet - အင်တာနက်နည်းပညာ

"လိုလျှင် ကြံဆ နည်းလမ်းရ"

ခေတ်မှီတိုးတက်အောင်မြင်မှုဆိုရာမှာ (ခေတ်နဲ့အညီ ကြိုးစားအောင်မြင်နိုင်စွမ်း) ဖြစ်ပါတယ်။ ခေတ်က မြင့်လာရင် ကိုယ်ကလည်း မြင့်ဖို့လိုအပ်တယ်။ ခေတ်က ပြောင်းလဲလာရင် ကိုယ်ကလည်း ပြောင်းလဲဖို့ လိုအပ်တယ်။ (သို့မှသာ ခေတ်မှီတိုးတက်ခြင်းကို ဖန်တီးနိုင်မှာဖြစ်ပါတယ်)။ ဒါကြောင့် ယနေ့နေထိုင်ရာ မျက်မှောက်ခေတ်အကြောင်းကို လေ့လာပြီး အောင်မြင်တိုးတက်မှုကို ဖန်တီးနေရမှာဖြစ်ပါတယ်။

နောင်တခေတ် ဦးဆောင်အောင်မြင်သူများအဖို့ (ကြိုမြင်လျှင် - ကြိုပြင်ထားရမယ်)။ နောင်ခေတ်အခါမှာ ဘာတွေတိုးတက်

ပြောင်းလဲလာမလဲဆိုရင် (သိပ္ပံပညာရှင်ကြီး စတီဗင်ဟောကင်း၏ နောင်ခေတ် တွက်ချက်မှုအရ၊ နောင်ခေတ်တွေမှာ လူသားတွေအစား စက်ရုပ်တွေကို အစားထိုးစီမံလာဖွယ်ရှိပါတယ်။ နည်းပညာနဲ့ AI နှင့်အတူ စက်မှုပညာပေါင်းစပ်ပြီး၊ လူသားတို့၏ အလုပ်ကိစ္စများစွာမှာ စက်ရုပ်တွေရဲ့ အရေးပါမှုမှာ ပိုများလာမှာဖြစ်ပါတယ်။ ဒီအခါမှာ သတိထားရမှာတော့ စက်ရုပ်တွေမှ စက်ရုပ်တွေကို တီထွင်လာပြီး၊ လူသားတွေကို လွှမ်းမိုးမသွားဖို့တော့ ထိန်းချုပ်ရမှာဖြစ်ပါတယ်။

ယနေ့ခေတ်မှာ အားလုံးမြင်သာအောင် ကြည့်မယ်ဆိုရင် ဘာတွေတိုးတက်ပြောင်းလဲလာခဲ့ပြီလဲ. . .

**(၁၈-ရာစု) ခေတ်မှာ. . .**

Industry Revolution 1.0 စက်မှုတော်လှန်ရေးဆိုတဲ့ စက်ပစ္စည်းများ ထွန်းကားလာတဲ့ခေတ်ကို ဖန်တီးလာခဲ့ပါတယ်။

**(၁၉-ရာစု) ခေတ်မှာ. . .**

Industry Revolution 2.0 စက်တွေမှ စက်တွေကို များစွာ ထုတ်လုပ်တဲ့ စက်မှုထိန်းချုပ်တဲ့ခေတ်သို့ ရောက်ရှိလာခဲ့ပါတယ်။

**(၂၀-ရာစု) ခေတ်မှာ**

Industry Revolution 3.0 စက်ယန္တရားတွေကို ထိန်းချုပ်ဖို့

စက်ရုပ်တွေ တီထွင်လာတဲ့ခေတ်သို့ ရောက်လာခဲ့ပါတယ်။

(၂၁-ရာစု) ခေတ်မှာ...

Industry Revolution 4.0 စက်ယန္တရားအားလုံးကို ဦးဆောင်ထိန်းချုပ်နေတဲ့ စက်ရုပ်တွေကို AI ဉာဏ်ရည်အတု နည်းပညာထည့်ပေးလိုက်တဲ့ ခေတ်သို့ပြောင်းလဲခဲ့ပါတယ်။

(၂၂-ရာစု) ခေတ်မှာ

Industry Revolution 5.0 ---- ဘာတွေ ဆက်ပြီး ဖန်တီးလာဦးမလဲ- သေချာတာတော့ အနာဂတ် လူငယ်တွေကို အားကိုးယုံကြည်ထားရမှာဖြစ်ပါတယ်။

ယနေ့ကျွန်တော်တို့ ရှင်သန်နေထိုင်သွားရမည့် (၂၁-ရာစု) ဆိုသော (၂၀၀၁) မှ (၂၁၀၀) အထိ ရာစုခေတ် တစ်ခုမှာ နည်းပညာထွန်းကားလာမှုဟာ အံ့မခန်းပင်ဖြစ်ပါတယ်။ ကမ္ဘာမှာ အချမ်းသာဆုံး သူဌေးတွေဖြစ်တဲ့ Bill Gates တို့ Steve Jobs တို့ Jack Ma တို့ဟာ (နည်းပညာလုပ်ငန်းများနဲ့) အောင်မြင်သွားခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ၂၁-ရာစုခေတ် အောင်မြင်ရေး လျှို့ဝှက်ချက်ဆိုတာ (Internet အင်တာနက်) ဆိုတာ ဖြစ်နေပါတယ်။

အောင်မြင်ဖို့ ကြိုးစားနေတဲ့ လူတိုင်းလူတိုင်း အင်တာနက်နဲ့ ဆက်သွယ်ချိတ်ဆက်ပြီး ယခုထက် ပိုမိုတိုးတက်မှုများစွာကို ဖန်တီးပုံဖော်ကြည့်ရမှာဖြစ်ပါတယ်။

ခေတ်မှီဖွံ့ဖြိုးတိုးတက်မှုတို့ရဲ့ လျို့ဝှက်ချက်ကို လေ့လာကြည့်မယ်ဆိုရင်. . .

(၁) International - နိုင်ငံတကာအဆင့်မှ

(၂) National - နိုင်ငံအတွင်းသို့ တိုးတက်မှုပုံစံများ စီးမျောလာပြီး

(၃) Regional - ဒေသအတွင်းသို့ ဆက်လက်စီးမျောပြီး တိုးတက်သွားကြတာတွေ့နိုင်ပါတယ်။

ဖွံ့ဖြိုးတိုးတက်အောင်မြင်ခြင်းဆိုတာ (ရေစီးချောင်း ပုံစံနဲ့ စီးမျောလျှက်ရှိပါတယ်)။ အောင်မြင်ဖို့ ကြိုးစားနေသူ အားလုံးအတွက် စီးမျောလာမယ့် အနာဂတ်အခွင့်အလမ်းဆိုတာ မိမိတို့ထက် တိုးတက်အောင်မြင်မှုရှိနေသော အခြေအနေများကို လေ့လာထားသင့်ပြီး၊ ထိုအခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်လျှင် မကြာခင်အောင်မြင်ခြင်းဆိုတာ လက်တကမ်းမှာပင် ဖြစ်နေပါလိမ့်မယ်။

ယနေ့နည်းပညာခေတ်မှာ (IQ + EQ + TQ) ဆိုတဲ့ Technology Quotient (TQ) နည်းပညာစွမ်းရည် လိုအပ်လာခဲ့ပြီဖြစ်ပါတယ်။ ခရီးမြန်မြန်ရောက်ဖို့ ကိုယ်တိုင်ပြေးနေတာထက်၊ မြင်းပေါ်စီးပြီးသွားလျှင် ပိုမိုမြန်ဆန်သလို၊ မိမိကြိုးစားမှုနဲ့ နည်း

ပညာပေါင်းစပ်လိုက်ရင် ပိုမိုမြန်ဆန်တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ (အောင်မြင်သူတို့ဆိုတာ အလုပ်ကို များများနဲ့ မြန်မြန်ဖြစ်အောင် ကြိုးစားရတာမို့ အလျှင်မြန်ဆုံးသော နည်းပညာစွမ်းအား ပေါင်းထည့် ကြိုးစားခြင်းသာ အကောင်းဆုံးနည်းလမ်းပင်ဖြစ်ပါတယ်)။

တိုးတက်လာတဲ့ နည်းပညာခေတ်မှာ (ICT MEN) ဖြစ်ဖို့ လိုအပ်လာပြီ။

## (၁) **Internet** (အင်တာနက် နည်းပညာ)

အင်တာနက်ပေါ်မှ Google, You Tube, Facebook စတဲ့ App များကို ကျွမ်းကျင်စွာ အသုံးချလျှက် မိမိတိုးတက်အောင်မြင်ရေး အတွက် လိုအပ်သော အချက်အလက် Data များကို အလွယ်တကူ လေ့လာရှာဖွေနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ (ဘာပဲလိုလို Google, You Tube, Facebook မှာ ရှိတယ်ဆို)

## (၂) **Computer** (ကွန်ပျူတာ စွမ်းရည်)

ဒုတိယလူသားဦးနှောက် ဆိုရလောက်တဲ့ အချက်အလက်များစွာ ကွန်ပျူတာနဲ့ မှတ်သားဖို့၊ သတင်းအချက်များကို လျှင်မြန်လွယ်ကူစွာ ပေါင်းစပ်ဖန်တီးနိုင်ဖို့မှာ Computer နဲ့ ချိတ်ဆက်ကြိုးစားနိုင်ဖို့ လိုအပ် လာပြီဖြစ်ပါတယ်။

## T - Technology (နည်းပညာ)

တိုးတက်လာတဲ့ ခေတ်မှာ လူတွေမတက်နိုင်တဲ့ အရာတွေကို နည်းပညာမှ လျှင်မြန်စွာ ဆောင်ရွက်ပေးနိုင်နေပါပြီ။ အောင်မြင်နေသူများ၊ ရာထူးအမြင့်ပိုင်းများရောက်လျှင် နည်းပညာ ပေါင်းစပ်ဦးဆောင်မှုဟာ အဓိကဖြစ်လာလို့ IT ခေတ်မှာ နည်းပညာသည် လိုအပ်ချက်ဖြစ်လာခဲ့ပါပြီ။

## M - Mobile (မိုဘိုင်းဖုန်း ဆက်သွယ်ချိတ်ဆက်မှု)

ယနေ့ခေတ်ကို E-Commerce ခေတ်မှ M-Commerce မိုဘိုင်း ချိတ်ဆက်ရောင်းဝယ်မှုခေတ်လို့ ဆိုလာကြပါတယ်။ အရာရာကို Mobile ဖုန်းတစ်လုံးရှိရုံဖြင့် ဆက်သွယ်ချိတ်ဆက် မှာယူနိုင်တဲ့ ပတ်ဝန်းကျင်ခေတ်ကို ရောက်ရှိနေပြီဖြစ်လို့ နည်းပညာနဲ့ ဆက်သွယ်ချိတ်ဆက်မှု စွမ်းရည်များဟာ ယနေ့ခေတ်မှာ မသိမဖြစ်လိုအပ်လာပြီဖြစ်ပါတယ်။

## (၃) English (အင်္ဂလိပ်စာ ထူးချွန်မှု)

ကမ္ဘာဆိုတာ (ရွာ) ဖြစ်လာပြီလို့ဆိုတဲ့ ခေတ်မှာ တခြားနိုင်ငံတွေနဲ့ ခေတ်မှီယှဉ်ပြိုင်ဖို့ဆိုရာမှာ (ကမ္ဘာသုံး စကားဖြစ်တဲ့ English အင်္ဂလိပ်စာသည်လည်း) လိုအပ်ချက်ဖြစ်လာပြီဖြစ်ပါတယ်။ ဘာ

ကြောင့်လဲ Google မှာ You Tube တွေမှာ ဘာပဲလိုလို အချက်အလက်အားလုံးဟာ (English အင်္ဂလိပ်ဘာသာ)နဲ့ ရှိနေပြီဖြစ်ပါတယ်။ အင်္ဂလိပ်ကျွမ်းကျင်သူတွေဟာ သူများထက် နှာတဖျားသာလွန်ပြီး ပိုမိုစောလျှင်စွာ ရှေ့ရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

## N - Network (ဆက်သွယ်ချိတ်ဆက်မှု)

Internet ခေတ်ရဲ့ လျှို့ဝှက်ချက်ဆိုတာ Data အချက်အလက်များနှင့် Technology နည်းပညာကို ချိတ်ဆက်ထားခြင်းသာဖြစ်ပါတယ်။ နည်းပညာတိုးတက်လာတဲ့ခေတ်မှာ (စီးပွားရေး + Tech နည်းပညာ) ပေါင်းစပ်ချိတ်ဆက်ပြီး ကမ္ဘာကျော် စီးပွားရေးခေါင်းဆောင်များဖြစ်လာမှုကို သုံးသပ်ရင်၊ အတွေးအခေါ်နဲ့ နည်းပညာကို Network ချိတ်ဆက်ပြီး အောင်မြင်မှုကိုဖန်တီးသွားဖို့ပဲဖြစ်ပါတယ်။

အနှစ်ချုပ်အားဖြင့် ဆိုရလျှင် နည်းပညာခေတ်မှာ ICT MEN ဆိုတဲ့အတိုင်း အင်တာနက်၊ ကွန်ပျူတာ၊ နည်းပညာ၊ မိုဘိုင်း၊ အင်္ဂလိပ်စာ၊ ဆက်သွယ်ချိတ်ဆက်နိုင်မှုစတဲ့ အချက်အလက်တွေကို အားလုံးပေါင်းစပ်လိုက်ရင် အောင်မြင်တိုးတက်မှုတခုခုကို ဖန်တီးနိုင်မှာ အသေချာဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ဆုံး နိုင်ငံကြီးများ၏ ပြောင်းလဲတိုးတက်မှုလျှို့ဝှက်ချက်ဟာ ဘာလဲ. . . ? ခရီးရှည်သွားဖို့ နာရီတစ်သောင်းမိုင်

ထောင်ချီ ပြေးသွားမလား၊ ကားတီထွင်ပြီးမှ တစ်နာရီလောက် ကားနဲ့ စီးသွားမလား အောင်မြင်ဖို့ လူတွေအားနဲ့ ဖန်တီးတီထွင် တိုးတက် မလား စက်တွေနည်းပညာတွေ တီထွင်မှုအားနဲ့ တိုးတက်မလားဆို တာပါပဲ။ မဖွံ့ဖြိုးတဲ့ ကျွန်တော်တို့နိုင်ငံတွေမှာ လူအားနဲ့ အလုပ်ပြီး မြောက်အောင်မြင်ဖို့ ကြိုးစားနေချိန်မှာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီး တွေမှာ (I.C.E.M) နည်းပညာအားနဲ့ လျှင်မြန်စွာတိုးတက်သွားခဲ့ပြီ ဖြစ်ပါတယ်။

**အင်တာနက် နည်းပညာနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - မိုဘိုင်းဖုန်း တစ်လုံးဟာ ပိုမိုတန်ဖိုးကြီးခြင်း အကြောင်းမှ Internet + Computer + Radio + Camera + TV အလုံးစုံသော အရာများကို ပေါင်းစပ်ဖန်တီးလိုက်ခြင်းသာ ဖြစ်ပါတယ်။ All in ONE ဆိုတဲ့ နည်းပညာခေတ်မှာ အားလုံးပါ ဝင်အောင် ချိတ်ဆက်ဖန်တီးခြင်းဖြင့် အောင်မြင်မှုတန်ဖိုးကို ပို တက်စေမှာဖြစ်ပါတယ်။ အရာရာကို ပေါင်းထည့်နိုင်လေလေ၊ အောင်မြင်မှု တန်ဖိုးတက်လေလေပါပဲ။

ယနေ့နည်းပညာခေတ်မှာ ကမ္ဘာမှာ တိုးတက်အောင်မြင် သူတို့၏ နည်းပညာမှ စီးပွားရေးအခွင့်အလမ်းများ ဘယ်လိုရှာ ဖွေခဲ့သလဲဆိုတာ လေ့လာပြီး၊ နည်းပညာခေတ်မှာ (သုံးစွဲသူ၊ ငွေကြေးပေးနေရသူထက်) စာရင်- နည်းပညာမှာ အရာတခုခု

(ဖန်တီးသူ၊ ငွေကြေးရှာနိုင်သူ) ဖြစ်စေဖို့ ကြိုးစားနေပါ။ နည်းပညာပေါ်မှာ အခွင့်အလမ်းရှိနေရုံနဲ့ မရနိုင်ပါဘူး၊ ထိုအခွင့်အရေးတွေကို လက်တွေ့ဖန်တီးသူတွေဟာ တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

**အောင်မြင်ရေးမဟာဗျူဟာ (အင်တာနက်နည်းပညာဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| – ခေတ်မှီနည်းပညာအကြောင်း (မသိမဖြစ်) လေ့လာပါ၊ ဘဝမှာ ပေါင်းစပ်အသုံးချပါ။ | – နည်းပညာမှာ ဆိုးကျိုး၊ ကောင်းကျိုး ရှိတာမို့ မိမိအတွက် အများအတွက် ဆိုးကျိုးမဖြစ်ပါစေနဲ့။ |
| – ဘာပဲလိုလို အင်တာနက်မှ Google, Youtube တို့မှာ လေ့လာရှာဖွေကြည့်ပါ။ | – နည်းပညာခေတ်မှာ သုံးစွဲသူ (ငွေကြေးပေးရသူ) မဖြစ်ပါစေနဲ့ ဖန်တီးသူ (ငွေရှာနိုင်သူ) ဖြစ်ပါစေ။ |
| – အလုပ်အကိုင်အားလုံးမှာ (နည်းပညာ +) ပေါင်းထည့်ပါ၊ ပိုမိုလျင်မြန်တိုးတက်စေပါ။ | – မိရိုးဖလာ ရှေးရိုးစွဲပြီး နည်းပညာ မသုံးပဲ မနေပါနဲ့၊ ခေတ်နောက်ကျန်နေခဲ့နိုင်ပါတယ်။ |

# J

## Joy

## "ပျော်ရွှင်အောင်မြင်မှု ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ ပျော်ရွှင်မှ အောင်မြင်ရမယ် ဆိုတဲ့စိတ်နှင့် အလုပ်ကို လုပ်ပြီး ဘဝကိုနေထိုင်ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ အောင်မြင်မှ ပျော်ရွှင်ရမယ် ဆိုတဲ့စိတ်နဲ့ အရာရာအပေါ်မှာ စိတ်မပါလက်မပါ မပျော် မရွှင်နဲ့ အလုပ်ကြိုးစားတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " J "

## Joy - ပျော်ရွှင်မှု

---

"ပျော်ပျော်နေ သေခဲ"

---

အောင်မြင်တဲ့အခါ ပျော်ရွှင်လာပါလိမ့်မယ်။ ပျော်ရွှင်စွာကြိုးစားတဲ့အခါမှာလည်း အောင်မြင်လာပါလိမ့်မယ်။ ကမ္ဘာမှာ လူတိုင်းလက်ခံကျင့်သုံးတဲ့ (Do the Job you Love – Love the Job you Do) ကိုယ်ချစ်တဲ့အလုပ်ကိုလုပ်ပါ၊ ကိုယ်လုပ်တဲ့အလုပ်ကိုချစ်ပါ (ဒီလိုသာ ကိုယ်ချစ်တဲ့ အလုပ်ကို လုပ်နေရရင် ဘဝဆိုတာ ပျော်ရွှင်အောင်မြင်ဆုံးဖြစ်နေပါလိမ့်မယ်။ ပျော်ရွှင်မှုကို ဖန်တီးဖို့အတွက် များစွာသော အရာတွေသိပ်ပြီး မလိုလှပါ။ (ပျော်ရွှင်လိုစိတ် + ပတ်ဝန်းကျင်အရာ + ဖန်တီးပြုလုပ်မှု) ဒီအချက် (၃-ခု) ကို ပေါင်းစပ်ပြီး

ဖန်တီးနိုင်ပါလိမ့်မယ်။ ပတ်ဝန်းကျင်မှ မိမိကြိုက်နှစ်သက်ရာ လူ၊ အရာဝတ္ထုကို ပျော်ရွှင်ခံစားစိတ်လေးဖြစ်လိုက်ရင် နေ့တိုင်းနေ့တိုင်း ပျော်ရွှင်အောင်မြင်နေခြင်းပါပဲ။

ပျော်ရွှင်မှုနဲ့ ကျေနပ်မှုကို မတူကွဲပြားအောင် ကြိုးစားဖန်တီးပါ။ ဒီစာအုပ်ကို ဖတ်နေချိန်မှာ သင်ပျော်ရွှင် ရယ်မောနေမည်

| **Happy** ပျော်ရွှင်မှုဆိုတာ | **Satisfy** ကျေနပ်မှုဆိုတာ |
|---|---|
| - ပျော်ရွှင်မှုဆိုတာ ကိုယ်ပေးလိုက်ရတဲ့ အရာပါ။ | - ကျေနပ်မှုဆိုတာ ကိုယ်ရလိုက်တဲ့ ခံစားမှုပါ။ |
| - ပျော်ရွှင်မှုဆိုတာ သာမန်သူတိုင်း ရှာကြတယ်။ | - ကျေနပ်မှုဆိုတာ အောင်မြင်သူတို့ ရကြတယ်။ |
| - ပျော်ရွှင်မှုဆိုတာ အချိန်ကို ဖြုန်းလိုက်ခြင်းပါ။ | - ကျေနပ်မှုဆိုတာ အချိန်ကို အသုံးပြုလိုက်ခြင်းပါ။ |
| - ပျော်ရွှင်မှုဆိုတာ ပေါ်များစွာ ရှိနေတယ်။ | - ကျေနပ်မှုဆိုတာ ရှားပါးပြီး ပိုတန်ဖိုးရှိစေတယ်။ |
| - ပျော်ရွှင်မှုဆိုတာ ခဏတာ ခံစားခြင်း။ | - ကျေနပ်မှုဆိုတာ အမြဲတမ်း ပီတိဖြစ်နေခြင်း။ |

မဟုတ်၊ သို့သော်လည်း ဘဝအတွက် ကျေနပ်စရာ အောင်မြင်နည်းတွေကို ရရှိ၍ သင်ကျေနပ်နေမိမှာ အမှန်ပါ။

ဘဝမှာ ပျော်ရွှင်နေဖို့ထက်၊ ကျေနပ်နေခြင်းဟာ ပိုပြီး အဓိပ္ပါယ်ရှိပါတယ်။ အချိန်တိုင်းမှာ ပျော်ရွှင်ဖို့မလိုပါဘူး၊ ကျေနပ်စရာ

အဖြစ်အပျက်တွေ၊ ကျေနပ်စရာ ကြိုးစားခဲ့မှုတွေဟာ (ပိုပြီးပီတိ) ဖြစ်နေပါလိမ့်မယ်။ အောင်မြင်သူတို့ဟာ ပျော်ရွှင်မှုကို မမက်မောပါဘူး။ (ကျေနပ်စရာ) အောင်မြင်တိုးတက်မှုတွေကို ပျော်သည်ဖြစ်ဖြစ်၊ မပျော်သည်ဖြစ်ဖြစ် ဖန်တီးနေကြပါတယ်။

ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရတဲ့အခါ မဖြစ်ချင်တာတွေ ဖြစ်လာတဲ့အခါ (ဒီစိတ်ထား၍ မိမိလုပ်စရာရှိတာကို ကြိုးစားနေပါ)။ စိတ်တိုင်းမကျမှုအများစုဟာ တခြားနဲ့ဆိုင်တဲ့ လူများ၊ အလုပ်များ၊ အဖြစ်အပျက်များဖြင့် ဖြစ်တည်လာခြင်းပင်ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကျေနပ်မှုတွေ ဖြစ်နိုင်ဖို့အတွက်ဆိုရင် မိမိအပေါ်မှာသာ မှီခိုပြီး ပျော်ရွှင်စိတ်ကျေနပ်မှုတွေကို ဖန်တီးသွားဖို့ အားပေးပါတယ်။ (သင်ကိုယ်တိုင် လက်မခံသမျှ ဘယ်အရာမှ ကိုယ့်အပေါ်မှာ ခံစားမှုဆိုတာ မဖြစ်စေနိုင်ပါဘူး) အခြေအနေတိုင်းကို ကျေနပ်စရာဘက်မှ တွေးမြင်ပြီး ဘဝမှာ ခွန်အားရှိစွာ ကြိုးစားနေလိုက်ပါ။

လူအများဟာ စိတ်ဆင်းရဲမှုဖြစ်စေတာဟာ၊ ယခင်က ဖြစ်ပျက်ခဲ့ပြီးသော အကြောင်းများကို ပြန်လည်တွေးခေါ်နေခြင်း၊ နောင်ဖြစ်လာမည့် အရာများကို စိုးရိမ်ပူပင်နေခြင်းကြောင့်သာဖြစ်ပါတယ်။ ဘဝမှာ ပျော်ရွှင်စိတ်ကျေနပ်ဖို့အတွက် ယခုအချိန်မှာ အကောင်းဆုံးဖြစ်အောင် နေထိုင်ဖို့သာ အဓိကဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အလုပ်တခုခုအပေါ်မှာ စူးစိုက်စွာ အလုပ်လုပ်နေလျှင် ဘယ်လို

(သောက) ဘယ်လို (စိုးရိမ်မှု) မှ မဖြစ်လာစေပါဘူး။ အလုပ်အပေါ်မှာ စူးစိုက်ကြိုးစားနေခြင်းသာ ပျော်ရွှင်ကျေနပ်မှုပင်ဖြစ်နေပါလိမ့်မယ်။

ပျော်ရွှင်အောင်မြင်သူဖြစ်ဖို့မှာ မိမိကိုယ်တိုင် စိတ်ရဲ့အခြေအနေကို ထိန်းနိုင်ဖို့၊ မိမိရဲ့ ပတ်ဝန်းကျင်မှာတွေ့ကြုံရတဲ့ လူတွေရဲ့ စိတ်ရဲ့ အခြေအနေကို တိုင်းတာဖို့အတွက် (Mood Meter - စိတ်ခံစားမှု တိုင်းတာမှု) ၄-ချက် အကြောင်း နားလည်ထားရမှာဖြစ်ပါတယ်။ Mood ပေါ်မူတည်ပြီး Mind စိတ်ဆိုတာ ပြောင်းလဲနေပါတယ်။ စိတ်ကြည်လင်နေလျှင် ဘဝဆိုတာ အရာရာကျေနပ်နေစရာပဲဖြစ်ပါတယ်။

| | |
|---|---|
| **အနီရောင် (Mood) ဆိုတာ**<br>(High Energy – Low Pleasant)<br>စိတ်ပါလက်ပါ – နှစ်လိုဖွယ်မကောင်း<br>ဥပမာ – ဒေါသထွက်နေသူ မပျော်ရွှင်နိုင်ပါ။ | **အဝါရောင် (Mood) ဆိုတာ**<br>(High Energy – High Pleasant)<br>စိတ်ပါလက်ပါ – နှစ်လိုဖွယ်ကောင်း<br>ဥပမာ – ပျော်ရွှင်ကျေနပ်နေသူ ပီတိဖြစ်စရာပါ။ |
| **အပြာရောင် (Mood) ဆိုတာ**<br>(Low Energy – Low Pleasant)<br>စိတ်မပါ လက်မပါ – နှစ်လိုဖွယ်မကောင်း<br>ဥပမာ – စိတ်ပျက်လက်ပျက်ဖြစ်နေသူ မပျော်ရွှင်ပါ။ | **အစိမ်းရောင် (Mood) ဆိုတာ**<br>(Low Energy – High Pleasant)<br>စိတ်မပါ လက်မပါ – နှစ်လိုဖွယ်ကောင်း<br>ဥပမာ – ဟန်ဆောင်ပြုံးနေသူ ရင်ထဲမှမပျော်ပါ။ |

Mood Meter (၄-မျိုး) အကြောင်းကို နားလည်ပြီဆိုရင်- မိမိရဲ့ Mood အခြေအနေကို အမြဲတမ်းပြောင်းလဲဖို့ ကြိုးစားဖန်တီးပါ။ ပုံမှန်အားဖြင့် လူအများစုဟာ စိတ်မပါဖြစ်နေရင်တောင်မှပဲ Mood အဆင့် (၁) မှ Mood အဆင့် (၄) သို့ ပြောင်းလဲယူပြီး အကောင်းဆုံး Mood ဖြစ်အောင် ကြိုးစားနေဖို့ပါ။

အဆင့် (၁) အနီရောင် (Mood) စိတ်ဆိုးနေပြီဆိုရင်- သတိထားပါ၊ စိတ်ကိုလျှော့ချလိုက်ပါ။

အဆင့် (၂) အပြာရောင် (Mood) စိတ်ဓါတ်ကျနေပြီဆိုရင် စိတ်ခွန်အားပေးပါ၊ အရှုံးမပေးဖို့ကြိုးစားပါ။

အဆင့် (၃) အစိမ်းရောင် (Mood) စိတ်မပါဖြစ်နေပြီဆိုရင်- ဟန်ဆောင်ပြီးနေပါ၊ လုပ်စရာရှိတာလုပ်ပါ။

အဆင့် (၄) အဝါရောင် (Mood) စိတ်ပါလက်ပါဖြစ်နေပြီဆိုရင် ဒီလိုစိတ်နဲ့ အကောင်းဆုံးဖန်တီးနေလိုက်ပါ။

Don't Depression – Do Something (စိတ်ဓါတ်ကျနေမယ့်အစား၊ တစုံတရာကြိုးစားနေတာ ပိုကောင်းပါတယ်) လူဆိုတာ စိတ်ကို အောင်မြင်နိုင်သူတွေပါ။ ကိုယ်စိတ်ကို ကိုယ်နိုင်အောင် ဦးဆောင်ပြီး အကောင်းဆုံး Mood နဲ့ ပျော်ရွှင်အောင်မြင်မှုတွေကို ဖန်တီးကြိုးစားနေရမှာဖြစ်ပါတယ်။ ပျော်ရွှင်မှ အောင်မြင်နိုင်မယ်၊ အောင်မြင်ဖို့ ပျော်ရွှင်စွာ ကြိုးစားနေရမယ် ဆိုတဲ့ ခံယူချက်နဲ့

အကောင်းဆုံး အလုပ်ကြိုးစားနေခြင်းသည်သာ ဘဝမှာ ပျော်ရွှင်ကျေနပ်ခြင်းဖြစ်ပါတယ်။

ကမ္ဘာမှာ နာမည်ကြီးနိုင်ငံခြားကုမ္ပဏီကြီးတွေမှာ လက်ကိုင်ထားကျင့်သုံးတဲ့ Emotional Intelligence (EI) စာအုပ်မှ လေ့လာကြည့်ရင် Emotion Management စိတ်ခံစားမှုကို စီမံခန့်ခွဲသွားပြီး ပျော်ရွှင်အောင်မြင်မှုကို ဖန်တီးသွားဖို့လည်း လိုအပ်ပါတယ်။

**Self Awareness (မိမိကိုယ်တိုင် နားလည်ပါ)**
**Self Control (မိမိကိုယ်တိုင် ထိန်းချုပ်ပါ)**
**Other Awareness (တခြားသူကို နားလည်ပါ)**
**Other Control (တခြားသူကို ထိန်းချုပ်ပါ)**

ကမ္ဘာမှာကျင့်သုံးတဲ့ EI နည်းလမ်းများကို ကျင့်သုံးသွားမယ်ဆိုရင်၊ မိမိကိုယ်တိုင်လည်း စိတ်ခံစားမှုတွေ ကောင်းလာနိုင်မယ်၊ တခြားသူများလည်း စိတ်ခံစားချက်များ တိုးတက်လာပြီး အားလုံးပျော်ရွှင်အောင်မြင်နေတဲ့ လူမှုဝန်းကျင်ကြီးကို ဖန်တီးလာနိုင်မှာဖြစ်ပါတယ်။

## ပျော်ရွှင်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ

ဥပမာ - ရေခွက်တခုထဲမှာ (ရေတဝက်) ကို ကြည့်တဲ့အခါ (ရေတဝက်လေးပဲ) ကျန်တော့တယ်၊ (ရေတဝက်ကြီးများတောင်) ကျန်ပါသေးလားဆိုတဲ့ အမြင်တွေမတူကြသလိုပဲ။ မနေ့ရဲ့ အဖြစ်အပျက်တွေထဲမှ (အောင်မြင်ပျော်ရွှင်မှု)ကို ပြန်တွေးမလား၊ (ကျရှုံးမှုဝမ်းနည်းခြင်း) ကို ပြန်တွေးမလား ရွေးချယ်လက်ခံတဲ့ အပေါ်မူတည်ပြီး ခံစားယူနိုင်ပါတယ်။ ဘဝရဲ့ ဝမ်းနည်းအဆင်မပြေမှုအပိုင်းကို ပြန်ကြည့်ရင်၊ မျှော်လင့်နေရင်တော့ ဘဝမှာ ပျော်ရွှင်မှုအားမဖြစ်စေပဲ၊ ဘဝရဲ့ (အောင်မြင်ပျော်ရွှင်မှု) အပိုင်းတွေကို ပြန်တွေးခြင်း၊ မျှော်လင့်နေခြင်းဖြင့် ဘဝရဲ့ နေ့ရက်တွေကို ပျော်ရွှင်မှုခွန်အားပေးနေထိုင်နိုင်ပါလိမ့်မယ်။

**ကမ္ဘာမှာ ပျော်ရွှင်ကျေနပ်ခြင်းဆိုတာ ဘယ်မှာရှိနေမလဲ (သုသေသနပြုချက်)**

ပျော်ရွှင်ကျေနပ်မှုဆိုတာ အလုပ်တစ်ခုကို အကောင်းဆုံးကြိုးစားပြီးချိန်တိုင်းမှာ တည်ရှိနေ၏။

ဒီသုသေသနပြုချက်အရ ဘဝမှာ ပျော်ရွှင်ကျေနပ်နေဖို့ဆိုရင် နေ့စဉ်အလုပ်တစ်ခုပြီးမြောက်အောင် ကြိုးစားအားထုတ်နေခြင်းသာ နေ့စဉ်ဘဝမှာ ပျော်ရွှင်အောင်မြင်နေခြင်းသာဖြစ်ပါတယ်။ Happy is satisfy what you have ပျော်ရွှင်မှု

ဖြစ်ဖို့ဆိုတာ ကိုယ့်မှာရှိနေတဲ့ အရာတွေနဲ့အတူ စိတ်ကျေနပ်ခြင်းသာဖြစ်ပါတယ်။

လူတိုင်းဟာ ကိုယ့်မှာ အရာတိုင်းရှိနေပါလိမ့်မယ် (ယခုသာ မရှိသေးတာပါ) နောင်တချိန်မှာ အောင်မြင်ခြင်းလား၊ ချမ်းသာခြင်းလား၊ ပြောင်းလဲခြင်းလား၊ အဆင်ပြေခြင်းလား၊ (အရာရာဟာ နောင်မှာအသေချာပင် ဖြစ်တည်လာမှာဖြစ်ပါတယ်)

**အောင်မြင်ရေးမဟာဗျူဟာ (ပျော်ရွှင်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ပျော်ရွှင်မှုဆိုတာ အရာဝတ္ထုမဟုတ်ပါ၊ ဖန်တီးခြင်းဖြစ်ပါတယ်၊ ကျေနပ်စရာ ဖန်တီးနေပါ။ | ၁။ နေ့စဉ်အပျော်လိုက်တာမျိုးမဟုတ်ပဲ၊ ကျေနပ်ပီတိဖြစ်စရာဖြစ်ဖို့ ဖန်တီးပါ။ |
| ၂။ အလုပ်တစ်ခု ပြီးမြောက်အောင် ကြိုးစားနေပြီး၊ နေ့စဉ်ပျော်ရွှင်အောင်မြင်ခြင်းကို ဖန်တီးနေပါ။ | ၂။ အမြဲတမ်းပျော်ရွှင်ဖို့ မမျှော်လင့်ပါနဲ့၊ ဘယ်တော့မှ မရနိုင်ပါ၊ နားလည်လက်ခံထားပါ။ |
| ၃။ ပျော်ရွှင်မှုဆိုတာ ပတ်ဝန်းကျင်နဲ့ မျှဝေနေခြင်းမို့ ပတ်ဝန်းကျင်နဲ့အတူတူ ပျော်ရွှင်အောင်မြင်နေပါ။ | ၃။ မိမိ မပျော်ရွှင်တိုင်း တပါးသူတို့ စိတ်မညစ်ပါစေနဲ့၊ ဘာမှမပြောတာကောင်း၏။ |

## Knowledge

### "အသိပညာ ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ ငါမသိသေးဘူးဆိုတဲ့ စိတ်နဲ့ အသိပညာကို စဉ်ဆက်မပြတ် လေ့လာသင်နေသူဖြစ်ပါတယ်။

မအောင်မြင်သူဆိုတာ ငါသိနေပြီဆိုတဲ့ စိတ်နဲ့ ပညာကို ဆက်လက် မလေ့လာမသင်ယူတော့သူများဖြစ်ပါတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " K "

## **Knowledge** - အသိပညာ

"ပညာရွှေအိုး လူမခိုး"

အသိပညာဆိုလို့ (ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးခဲ့တဲ့) ပညာဟူသည် အတိုင်းအဆမသိ ကျယ်ပြန့်နက်နဲတယ်၊ ကမ္ဘာမှာ ရှိသမျှ စာအုပ်များပေါင်းလျှင် ပညာကို ဖွဲ့ဆိုနိုင်ခြင်းမရှိပေ။ ပညာ ဟူသည် လောကပြင်ကျယ်တည်းဟူသော ကျောင်းကြီးတွင်သာ လေ့ လာတွေ့ရှိနိုင်သည်။ ဗိုလ်ချုပ်ရဲ့ အတွေးအခေါ်အရဆိုရင် ပညာဆို တာ လောကပတ်ဝန်းကျင်၊ အဖြစ်အပျက်၊ အတွေ့အကြုံများမှ လေ့ လာသင်ယူ ပညာယူစေဖို့ ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ ဒါနဲ့ဆက်လျဉ်း ပြီး အမေရိကန် စီးပွားရေး ပညာရှင်ကြီးဖြစ်တဲ့ Jim Rohn ရဲ့ ပုံမှန် ပညာရေးဟာ သင့်ဘဝရဲ့ ရှင်သန်ရပ်တည်မှုကို ထောက်ပံ့ပေးပြီး၊

သင်ကိုယ်တိုင် ရှာဖွေတဲ့ ပညာရေးကတော့ သင့်ရဲ့ ကံကောင်းမှုကို ဖန်တီးပေးပါတယ်။ လောကပတ်ဝန်းကျင်မှ မိမိဘဝအတွက် အသုံးဝင်စေမယ့် ဖော်ပြထားတဲ့ ပညာရပ် (၇-မျိုး) ကို လေ့လာပြီး အသိပညာဖြင့် ဘဝကို တိုးတက်အောင်မြင်စွာ လမ်းပြဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။

**ဘဝမှာ မဖြစ်မနေ သိသင့်တဲ့ ပညာရပ် (၇-မျိုး) သင့်ဘဝအတွက် လေ့လာသင်ယူခဲ့ပြီးပြီလား...?**

**(၁) စီးပွားရေးပညာ** - လူတိုင်းမှာ မိသားစု စား၊ ဝတ်၊ နေရေး ဆိုတာ အဆင်ပြေဖို့ စီးပွားရေး ပညာကို လေ့လာသင်ယူထားပြီး ကြီးပွားတိုးတက်အောင်ကြိုးစားရတာမို့ စီးပွားရေးပညာလိုအပ်ပါတယ်။

**(၂) ဦးဆောင်မှုပညာ** - လူတိုင်းဟာ လူမှုဝန်းကျင်မှာ လုပ်ကိုင်စားသောက်နေထိုင်ရတာမို့ လူအများကို ဦးဆောင်တက်ပြီး အများထက်ပိုမိုတိုးတက်စေဖို့ ဦးဆောင်မှုပညာသည်လည်း လိုအပ်ပါတယ်။

**(၃) လူမှုဆက်ဆံရေးပညာ** - လူတိုင်းဟာ လူအများနဲ့ စကားပြောဆို ဆက်ဆံနေရတာမို့ Communication ပြောဆိုဆက်ဆံ

ရေးပညာသည်လည်း လူတိုင်းတက်ထားသင့်တဲ့ ပညာပင်ဖြစ်ပါတယ်။

(၄) **ဘာသာရေးပညာ** - လူတိုင်းဟာ ဘဝတစ်ခုရရှိလာတဲ့ အခါ ဘာသာတရားရဲ့ စစ်မှန်သော အနှစ်သာတွေကို သိရှိနားလည် ပြီး အဓိပ္ပါယ်ရှိဖို့အဓိကမို့ ဘာသာရေးဆိုင်ရာ ပညာသည်လည်းလို အပ်ပါတယ်။

(၅) **အတွေးအခေါ် ပညာ** - ဘဝမှာ အတွေးအခေါ် ကောင်းသူ တွေဟာ အများထက် ပိုမိုအောင်မြင်ကြတာမို့ (စိတ်) အတွေးအ ခေါ် ဆိုင်ရာ ပညာရပ်သည်လည်း ဘဝအတွက် လိုအပ်သော ပညာ ဖြစ်ပါတယ်။

(၆) **အသက်မွေးဝမ်းပညာ** - ဘဝမှာ မိမိဝါသနာပါရာ အသက် မွေးဝမ်းမှာ ထူးချွန်ကျွမ်းကျင်ဖို့ လိုအပ်တဲ့ စွမ်းရည်၊ အရည်အချင်း၊ အသိပညာဆိုင်ရာ မိမိအလုပ်အကိုင်နဲ့ဆိုင်သော အသက်မွေးဝမ်း ပညာကတော့ ဘဝအတွက် မဖြစ်မနေကျွမ်းကျင်တက်မြောက်ထား သင့်တဲ့ ပညာရပ်ပင်ဖြစ်ပါတယ်။

(၇) **ခေတ်ပေါ် နည်းပညာ** - မိမိနေထိုင်ရာ ရာစုခေတ်တစ်ခု

မှာ ပေါ်ထွန်းလာတဲ့ ပညာရပ်အသစ်များကို Update လေ့လာထားမှ သာလျှင် ခေတ်နဲ့လျော်ညီတိုးတက်မှာမို့ ခေတ်ပေါ်နည်းပညာလည်း လေ့လာဖို့ လိုအပ်မှာဖြစ်ပါတယ်။

ယနေ့ခေတ် ပတ်ဝန်းကျင်မှာ ပညာရပ်ပေါင်းများစွာမှ လေ့လာသင်ယူဖို့ ဖိတ်ခေါ်နေမှာဖြစ်သလို၊ မိတ်ဆွေသူငယ်များမှလည်း ဘယ်သင်တန်းတွေတက်ကြစို့ဆိုပြီး အဖော်ဆွယ်နေမှာဖြစ်ပါတယ်။ ဘဝမှာ ဝါသနာတွေမတူ၊ အသက်မွေးဝမ်းတွေမတူ၊ ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေမတူလို့၊ ဘယ်ပညာကို လေ့လာသင်ယူပြီး ဘဝကို အသိပညာဦးဆောင်သွားမလဲဆိုတာ မိမိကိုယ်တိုင် ရွေးချယ်ရမှာ ဖြစ်ပါတယ်။

အသိပညာလေ့လာသင်ယူမှုနဲ့ ပတ်သတ်ပြီး Knowledge Gap နဲ့ Knowledge Match ဆိုပြီး (၂-မျိုး) ရှိပါတယ်။

Knowledge Gap ဆိုတာ ကိုယ်လေ့လာထားတဲ့အသိပညာနဲ့ ပေးလာတဲ့အခွင့်အလမ်း၊ လုပ်ချင်တဲ့အလုပ်အကိုင်ဟာ ကွာဟချက်ဖြစ်နေရင် အခွင့်အရေးကို မဖန်တီးနိုင်ပဲ မတိုးတက်မှုကိုဖြစ်စေတယ်။

Knowledge Match ဆိုတာ လေ့လာထားတဲ့ အသိပညာနဲ့ ဖြစ်လာနိုင်ချေရှိတဲ့ အခွင့်အလမ်း၊ ကိုယ်ရွေးချင်တဲ့လမ်း ညီသွားတဲ့အခါ ထိုအခွင့်အရေးကို ဖန်တီးနိုင်ပြီး တိုးတက်မှုကို ဖန်

တီးနိုင်ပါတယ်။

ဒီစာအုပ်ဖတ်ရှုလေ့လာနေတဲ့ အနာဂတ်လူငယ်တွေ၊ အောင်မြင်ချင်တဲ့ ဘဝပိုင်ရှင်အားလုံး အနာဂတ်ကို (ကြိုမြင်ပါ၊ ကြိုပြင်ပါ) ဆိုတဲ့ အကြံပေးချက်နဲ့အတူ အနာဂတ်မှာ ဘာတွေဖြစ်လာနိုင်မလဲ ကြိုမြင်ကြည့်ပါ၊ ထိုအခါ ယခုအခြေအနေမှာ ကိုယ်ဘာတွေပြင်ထားရမလဲ လေ့လာသင်ယူနေပါတယ်။ ကိုယ်ပြင်ထားတဲ့အရာနဲ့ အနာဂတ်အခွင့်အလမ်းတို့ တိုက်ဆိုင်သွားတဲ့အခါ အောင်မြင်မှုအသေချာပင်ဖြစ်လာပါတယ်။

အောင်မြင်ဖို့အတွက် ကမ္ဘာမှာဖော်ပြထားတဲ့ Success Theory သီအိုရီတွေရှိနေပါတယ်။ အောင်မြင်တဲ့ သူတိုင်းဟာ ယခု သီအိုရီတွေကို လက်တွေ့နဲ့ပေါင်းစပ်ပြီး အသုံးပြုကြပါလိမ့်မယ်။ Theory (သီအိုရီ) + Practice (လက်တွေ့ကြိုးစားခြင်း) = Success (အောင်မြင်ခြင်း) လို့ဆိုပါတယ်။ လက်တွေ့ကြိုးစားပြီး သီအိုရီ နည်းလမ်းမသိပြန်လျှင်လည်း အောင်မြင်ဖို့ဝေးသလို၊ သီအိုရီသိပြီး လက်တွေ့မကြိုးစားပြန်လည်း အောင်မြင်မှုသို့ မရောက်နိုင်ပါဘူး။

Theory + Practice = Success (သီအိုရီ + လက်တွေ့ကြိုးစားမှု = အောင်မြင်မှု)

သီအိုရီဆိုတာ အကြောင်းအရာ၊ အလုပ်တစ်ခုကို အတိုချုံးပြီး ဖော်ပြထားခြင်းတမျိုးပါပဲ။ ခရီးသွားတဲ့အခါ လမ်းသိတဲ့သူဟာ

ခရီးကိုမြန်မြန်ရောက်နိုင်သလို၊ အလုပ်လုပ်တဲ့အခါမှာလည်း သီအိုရီကို ကိုးကားခြင်းဖြင့် အချိန်တိုထိရောက်နိုင်ပါလိမ့်မယ်။ လူတစ်ယောက်အောင်မြင်ခြင်းမှာ သူ့ရဲ့ဦးနှောက်ထဲမှာ ဘယ်လောက် စူးစမ်းလေ့လာထားသလဲဆိုတဲ့ အချက်တွေနဲ့ သူရဲ့အောင်မြင်ဖို့အတွက် ဘယ်လောက်ဖော်ဆောင်နေခြင်းနဲ့ တိုင်းတာပါလိမ့်မယ်။ လိုအပ်နေတဲ့ အရာတွေကို ဖြေရှင်းကျော်လွှားနေတာ အသိပညာရဲ့ ဦးဆောင်နေမှုသာဖြစ်ပါတယ်။

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း ပြောဖူးတဲ့ စစ်မှန်တဲ့ အသိပညာကို လေ့လာသင်ယူတဲ့အခါ အကြောင်းအရာအချက်အလက်တွေအပေါ်မှာ လေ့လာသင်ယူခြင်းမဟုတ်ပဲ ဆက်စပ်မှု အတွေးအခေါ်တွေကို ရရှိနိုင်ဖို့သာ ပညာကိုလေ့လာသင်ယူခြင်းဖြစ်တယ်လို့ဆိုပါတယ်။ လေ့လာလိုက်တဲ့ ပညာနဲ့မပြီးသေးဘဲ ဆက်စပ်တွေးခေါ်ပါ၊ ချိတ်ဆက်စဉ်းစားပါ၊ မျှော်မြင်ယူဆကြည့်ပါ၊ သို့မှသာလျှင် အတွေးအခေါ်မြင့်မား အသိပညာတိုးပွားပြီး အောင်မြင်မှုပန်းတိုင်သို့ ဘယ်လိုဖန်တီးနိုင်မလဲဆိုတာ မျှော်မြင်နိုင်ပါလိမ့်မယ်။

အသိပညာတိုးတက်ရေးအတွက် ကြီးကြယ်မြင့်မြတ်တဲ့ ဘဝကို ပိုင်ဆိုင်နိုင်ဖို့အတွက် BIG ဆိုတဲ့ နည်းလမ်းကောင်းအတိုင်း ကျွန်တော်စာရေးသူကိုယ်တိုင် ခံယူကြိုးစားနေသလို၊ အားလုံးကိုလည်း ယခု BIG နည်းလမ်းအတိုင်း လက်ကိုင်ကျင့်သုံး အောင်မြင်

စေချင်ပါတယ်။

**B – Book (စာအုပ်ဖတ်ပြီး လိုချင်တဲ့ အဖြေရှာပါ)**

စာဖတ်ခြင်းကြောင့် အသိပညာ၊ အတွေ့အကြုံ၊ ဆင်ခြင်ဉာဏ်တွေ ရင့်ကျက်လာပြီး ဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်ချက်တွေမှန်ကန်လာခြင်းကိုဖြစ်စေပါတယ်။ (စာအုပ်တစ်အုပ်ထဲမှာ သင်လိုချင်တဲ့ အဖြေတစ်ခု ရှိကိုရှိနေပါတယ်)

**I – Individual (သင်သိချင်တဲ့ အကြောင်းကို တစ်ဦးတည်းထံသို့ မေးမြန်းပါ)**

သင်သိလိုတဲ့ အကြောင်းအရာတခုကို တစ်ဦးတည်းနဲ့ ဆက်သွယ်မှု၊ မေးမြန်းမှု၊ အကူအညီရယူမှု၊ ပေါင်းသင်းဆက်ဆံမှုဖြင့် လိုအပ်ချက်များပိုမိုပြည့်စုံလာနိုင်ပါတယ်။ (သေချာတာတော့ တစ်ဦးတည်းဟာ သင့်ကို ကူညီပေးနိုင်ပါတယ်)

**G–Goal (သင့်ရဲ့ ရည်မှန်းချက်အတိုင်းသာ သင့်ဘဝဖြစ်နေခြင်းပါ)**

ဘဝဆိုတာ ရည်မှန်းချက်စတင်မှု မှ ရည်မှန်းချက်ဆုံးသည်အထိ လျှောက်လှမ်းနေရတဲ့ ခရီးပင်ဖြစ်ပါတယ်။ ဘဝမှာ ရည်မှန်းချက်ကြီးမားသူတွေရဲ့ ဘဝဟာ ကြီးမားမယ်၊ ရည်မှန်းချက်သေးသူတွေဟာ

ဘဝသေးသေးလေးမှာနေထိုင်မှာပါ။ မိမိရည်မှန်းချက်ကို အကြီးဆုံး သတ်မှတ်ပြီး ကြိုးစားအောင်မြင်လိုက်ပါ။

| BIG နည်းလမ်းအတိုင်း လက်တွေကြိုးစားခြင်း | လက်တွေ့ချရေးသားရန် |
|---|---|
| B – Book Reading<br>(စာအုပ်များဖတ်ရန်) | |
| I – Individual Networking<br>(မိတ်ဆွေများဖွဲ့ရန်) | |
| G – Goal Setting<br>(ရည်မှန်းချက်များ သတ်မှတ်ရန်) | |

BIG နည်းလမ်းသည် (၃-နှစ်) အတွင်းမှာ သန်းကြွယ်သူဌေး လက်တွေ့ဖြစ်ခဲ့သူမှ ပြန်လည်မျှဝေထားသော လက်တွေ့အောင်မြင်ရေးနည်းလမ်းဖြစ်ပါတယ်။ ဘဝမှာ BIG နည်းလမ်းရပြီဆိုလျှင် သင့်ဘဝရဲ့ ကြီးကျယ်မြင့်မြတ်ခြင်းကို ယခုပဲ ပုံဖော်စတင်လိုက်ရအောင်။

**အသိပညာနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - လမ်းသိပြီး ခရီးသွားနေတဲ့ သူနဲ့စာရင်၊ လမ်းမသိပဲ ခရီးသွားနေတဲ့သူဟာ ဘယ်သူ ပန်းတိုင်အရင်ရောက်မလဲ ဆိုတာ မြင်နိုင်မှာဖြစ်ပါတယ်။ ဘာအလုပ်ပဲ လုပ်စေပါ (ပညာကို

အရင်သင်ပါ) ပြီးမှ အလုပ်လုပ်ပါ။ Doing by Learning – Learning by Doing ကြိုးစားနေရင်း လေ့လာသင်ယူ၊ လေ့လာသင်ယူရင်း လက်တွေ့ကြိုးစားခြင်းဖြင့် အောင်မြင်မှုခရီးသို့ ခရီးဆက်နေပါ။

အသိပညာဆိုတာ ဘဝရဲ့ ပြုမူလုပ်ဆောင်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ ဖန်တီးတီထွင်မှုတွေကို ဦးဆောင်ပေးနေတဲ့ အရာပင်ဖြစ်ပါတယ်။ အသိပညာ ရရှိဖို့ အသိပညာရစေတဲ့ နေရာတွေ၊ သင်တန်းတွေ၊ ဟောပြောမှုတွေ၊ လေ့လာမှုတွေကို မဖြစ်မနေလုပ်ဖို့ လိုအပ်ပါတယ်။ ဒီနေ့ တခုခုလေ့လာခြင်းဟာ မနက်ဖြန်မှာ တစုံတရာကို ဦးဆောင်နိုင်ဖို့ အခွင့်အရေးဖြစ်လာမှာပါ။

**<u>အသိပညာများ လေ့လာရရှိနိုင်မည့်နေရာများ</u>**

တက္ကသိုလ်နှင့် ကောလိပ်များ၊ Institute စာသင်ကျောင်းများ

ဆရာများ၊ ပညာရှင်များနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း

စာကြည့်တိုက်များ၊ စာအုပ်စာပေများ၊ စာနယ်ဇင်းများ

အသိပညာရရှိစေနိုင်မည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံများ

ကျွမ်းကျင်သော အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းများ

အင်တာနက်ပေါ်မှ အသိပညာရရှိစေမည့် နေရာများ

စိတ်နှစ်သက်စရာ လေ့လာနိုင်မည့် အထူးသင်တန်းများ

လောကမှာ ပညာမရှိလို့ ပညာမတက်တာမဟုတ်ပါ (မလေ့လာလို့ ပညာမတက်တာပါ) လေ့လာသင်ယူနေမှုသည်သာ ပညာတက်မြောက်မှုရဲ့ အခြေခံအုပ်မြစ်ဖြစ်ပါတယ်။

Today Learner – Tomorrow Leader (ဒီနေ့ လေ့လာနေသူဟာ - မနက်ဖြန် ဦးဆောင်သူ) ဖြစ်လာမယ်ဆိုတဲ့ အဆိုအမိန့်အတိုင်း လေ့လာသင်ယူပြီး အများအတွက် ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းများဖြစ်နိုင်ကြပါစေ။

**အောင်မြင်ရေးမဟာဗျူဟာ (မှုတစ္စာ ကြိုးစားခြင်းဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ BIG နည်းလမ်းအတိုင်း လက်တွေ့ကြိုးစားပါ၊ စာဖတ်ပါ၊ မိတ်ဆွေများဖွဲ့ပါ၊ အကျိုးထူးပါလိမ့်မယ်။ | ၁။ လက်တွေ့မပါသော စာပေသမား မဖြစ်ပါစေနဲ့၊ လမ်းသိတိုင်း ခရီးမရောက် လျှောက်မှရောက်နိုင်၏။ |
| ၂။ နေ့စဉ်အသစ် (၁–၃) လေ့လာသင်ယူပါ။ နှစ်ကာလတစ်ခုမှာ တိုးတက်လာပါလိမ့်မယ်။ | ၂။ ရုပ်အတွက်ချည်းပဲ တန်ဆာမဆင်ပါနဲ့၊ စိတ်အတွက်ကို စာပေနဲ့ ဆင်မြန်းနေပါ။ |
| ၃။ အသိပညာများကို လက်ဆင့်ကမ်းမျှဝေပါ၊ ကိုယ်သိ သူသိမှ အလုပ်လုပ်ရတာအဆင်ပြေ၏။ | ၃။ ပညာကို သင်ယူပါ၊ ဂုဏ်ကို မသင်ယူပါနဲ့၊ (ပေးတဲ့ဘွဲ့ထက်) ကိုယ်တိုင် ပညာတက်ဖို့ အဓိက။ |

# Leadership

## "ခေါင်းဆောင်သူနှင့် နောက်လိုက်သူတို့၏ကွာခြားချက်"

အောင်မြင်တဲ့ခေါင်းဆောင်ဆိုတာ တာဝန်ယူစိတ် ရှိပြီး အရှေ့မှာနေ၍ ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ အရာရာပေါ်မှာ တာဝန် မယူချင်ဘဲ အများနောက်လိုက်ပြီး ကြိုးစားချင်စိတ်မရှိဘဲ နေထိုင်တာကြောင့် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " L "

## **Leadership** - ဦးဆောင် စီမံခန့်ခွဲမှု

---

"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားခိုရသည်"

---

ခေါင်းဆောင်ဆိုတာ လေ့လာနေသူတွေပါ။ ခေါင်းဆောင်တွေကို လေ့လာကြည့်ရင် ဘယ်တွေက သူတို့ကို သင်ပေးခဲ့သလဲရင် (ခေါင်းဆောင်အများစုဟာ မိမိကိုယ်တိုင် လေ့လာသင်ယူခဲ့ခြင်းက ပိုနေပါလိမ့်မယ်) ခေါင်းဆောင်ဖြစ်ဖို့ မိမိကိုယ်လေ့လာသင်ယူနေဖို့ဟာ အရေးအကြီးဆုံးပင်ဖြစ်ပါတယ်။

**(မီးလုံးတီထွင်ဖို့) အက်ဒီဆင် မှာ (ဆရာမရှိခဲ့ပါဘူး)**

**(Alibaba ဖြစ်လာဖို့) Jack Ma rSm (ဆရာမရှိခဲ့ပါဘူး)**

**(iPhone ဖြစ်လာဖို့) Steve Jobs မှာ (ဆရာမရှိခဲ့ပါဘူး)**

အမြဲတမ်း (ဆရာ) မလိုတဲ့ သာဓကတွေရှိနေတာမို့ အားလုံးဟာ(ကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ ဆရာသခင်) အဖြေရှာနေရမှာပါ။

(ဒီလိုဆိုလို၍ ဆရာများကို မရှိလည်း ရတယ်ဆိုခြင်းမဟုတ်ပါ။ အောင်မြင်မှုခရီးမှာ ၅၀ % လောက်သာ ဆရာများမှ လမ်းညွှန်ပေးနိုင်ပါလိမ့်မယ် ၁၀၀ % အထွင့်အထိပ် ရောက်ဖို့ဆိုရာမှာ မိမိကိုယ်တိုင် အဖြေရှာကြိုးစားနေရမှာဖြစ်ပါတယ်။

လူတိုင်းသိ ထင်ရှားအောင်မြင်ခဲ့တဲ့ (မီးလုံးတီထွင်သူ အက်ဒီဇင်၊ ကားတီထွင်သူ ဟင်နရီဖို့အပါအဝင်) အောင်မြင်ကျော်ကြားသော ခေါင်းဆောင် (၅၀၀-ခန့်) ကို (၁၀-နှစ်တာ) သုသေသနပြုပြီး ရေးသားထားတဲ့ ကမ္ဘာ့ရောင်းအားကောင်းဆုံး နံပါတ် (၁) Think & Growth Rich စာအုပ်မှ ခေါင်းဆောင်များအတွက် (ဆောင်ရန်) နှင့် (ရှောင်ရန်) ၁၀-ချက်ကို ပြန်လည်မျှဝေရေးသားပေးလိုက်ပါတယ်။

## **Leadership Do ခေါင်းဆောင်များအတွက် (ဆောင်ရန်) အရည်အချင်းများ**

### **(၁) ဇွဲသတ္တိ၊ လုံ့လဝရိယရှိခြင်း**

ခေါင်းဆောင်ဆိုတာ ဇွဲသတ္တိရှိပါမှ (မိမိကိုယ်တိုင်ယုံကြည်မှုရှိသလို) မိမိအောင်မြင်လိုသော ရည်မှန်းချက်အတွက် လုံ့လဝရိယ အား

ကောင်းသော ကြိုးစားဦးဆောင်စွမ်းအားကြီးမှုဟာ အဓိကလိုအပ် သောအရည်အချင်းဖြစ်ပါတယ်။

## (၂) မိမိကိုယ်တိုင် ထိန်းချုပ်စီမံဦးဆောင်နိုင်ခြင်း

ကိုယ်တိုင်အောင်နိုင်သူဖြစ်မှ တခြားသူကို လွှမ်းမိုးဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ လေးစားထိုက်တဲ့ ခေါင်းဆောင်ဖြစ်မှ နောက်လိုက်များမှ စံနမူထား လိုက်ပါကြိုးစားကြမှာဖြစ်ပါတယ်။

## (၃) တခြားသူများသို့ စိတ်နိုးကြားအားပေးနိုင်ခြင်း

ခေါင်းဆောင်တစ်ဦးရဲ့ အရည်အချင်းဟာ တခြားသူများနှင့် နောက် လိုက်တွေကို ခွန်အားပေးဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ လူတိုင်းမှာ ရှိနေတဲ့ စိတ်ခွန်အားတွေကို မြင့်တင်ပေးပြီး အားလုံးကြိုးစားပြီး အောင်မြင်မှုသို့ ဖန်တီးနိုင်စွမ်းအားပင်ဖြစ်ပါတယ်။

## (၄) မှန်ကန်သော ဆုံးဖြတ်ချက်နှင့် တိကျပြက်သားခြင်း

ခေါင်းဆောင်များသည် မှန်ကန်သော ကောင်းမွန်အကျိုးရှိသော ဆုံး ဖြတ်ချက်များကို ယုံကြည်စွာ ပြက်သားစွာ ဆုံးဖြတ်နိုင်စွမ်း ရှိခြင်းပင် ဖြစ်ပါတယ်။ အဖွဲ့အစည်းများရဲ့ အောင်မြင်မှုအားလုံးဟာ ခေါင်း ဆောင်၏ ဆုံးဖြတ်ချက်တွင် မူတည်နေပါတယ်။

(၅) တာဝန်ယူခြင်းနှင့် တာဝန်ကျေပွန်ခြင်း

တာဝန်များများယူနိုင်လေလေ ခေါင်းဆောင်ဖြစ်လေလေ သဘော ရှိလို့ တာဝန်ယူခြင်းနှင့် တာဝန်ကျေပွန်ခြင်းဖြင့် အဖွဲ့အစည်းတိုး တက်အောင်မြင်ရေးသို့ အကောင်းဆုံးစွမ်းဆောင်နိုင်စွမ်းသော တာ ဝန်ယူစိတ်ရှိသူများဖြစ်ပါတယ်။

## Leadership Don't ခေါင်းဆောင်များအတွက် (ရှောင်ရန်) အချက်များ

(၁) ကိုယ်ကျိုးကြည့် တကိုယ်ကောင်းဆန်ခြင်း

တစ်ဦးကောင်း နာမည်ယူတက်သော၊ ကိုယ့်ကျိုးကြည့် အကျိုးစီးပွား ရှာသော ခေါင်းဆောင်များအဖို့ ရေရှည်မှာ နောက်လိုက်များမှ အထင် ကြီးမှုမရှိစေလို့ ခေါင်းဆောင်ဖြစ်ဖို့ တကိုယ်ကောင်းမဆန်သင့်ပါ။

(၂) အလုပ်ထက် အပြောကို ဦးစားပေးလွန်းခြင်း

အပြောများပြီး လက်တွေ့နည်းသော ခေါင်းဆောင်များအဖို့ လုပ်ငန်း အောင်မြင်မှုဟာ သက်သေပြနေပြီး၊ ရေရှည်မှာ လုပ်ငန်းထိခိုက်မှုနှင့် နောက်လိုက်များ၏ မလေးစားမှုဖြင့် မအောင်မြင်နိုင်တာမို့ ရှောင် သင့်သောအချက်ဖြစ်ပါတယ်။

**(၃) လက်အောက်ငယ်သားများ ယှဉ်ပြိုင်မည်ကို စိုးရိမ်ခြင်း**

ကိုယ်တိုင်အမြဲတိုးတက်အောင် ကြိုးစားရမည့်အစား၊ နောက်လိုက်များမှီလာမှာကို စိုးရိမ်နေခြင်းဖြင့် မိမိလည်းမတိုးတက်၊ ငယ်သားများလည်း မတိုးတက်ပဲ နှစ်ဦးနှစ်ဖက်ဆုံးရှုံးစေတာမို့ ခေါင်းဆောင်များအဖို့ ငယ်သားများအား ဆရာစားမချန်သင်ပေးပြီး အားလုံးအတူတူပိုမိုတိုးတက်မှုသို့ ဦးဆောင်ဖို့လိုအပ်ပါတယ်။

**(၄) ရာထူးဂုဏ်မောက် အာဏာပြလွန်ခြင်း**

မတည်မြဲသော ရာထူးကို အာဏာပြလျှက်၊ ကိုယ်တိုင် အရည်အချင်းနည်းပါးလာပြီး ညံ့ဖျင်းသော ဦးဆောင်မှုကို ဖန်တီးလာစေလို့ ရာထူးအာဏာထက်၊ ကိုယ်ပိုင်ထူးခြွန်ဦးဆောင်နိုင်သော အရည်အချင်းများရှိဖို့လိုအပ်ပါတယ်။

**(၅) အလုပ်၏လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်း**

လိုအပ်သောအချိန်မှာ လိုအပ်သော ဆုံးဖြတ်မှု၊ လိုအပ်သောအရာများဖြည့်ဆည်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းအတွင်း ထိခိုက်နစ်နာမှုများဖြစ်လာပြီး မအောင်မြင်သော လုပ်ငန်းရလဒ်ကိုဖြစ်လာနိုင်လို့ အချိန်ကိုက် စီမံဦးဆောင်တက်ဖို့ လိုအပ်ပါတယ်။

ခေါင်းဆောင်မှုသဘောတို့ရဲ့ မလုပ်သင့်တာလုပ်နေပြီး၊ လုပ်သင့်တာမလုပ်နိုင်လျှင် (အောင်မြင်သင့်သလောက် မအောင်မြင်ပဲ၊ မကျရှုံးသင့်ပဲ ကျရှုံးနိုင်မှာဖြစ်ပါတယ်) ကမ္ဘာကျော် ခေါင်းဆောင်မှုဂုရုကြီး John C. Maxwell ပြောတဲ့ (အဖွဲ့အစည်းတစ်ခု၏ ကျရှုံးမှု အောင်မြင်မှုတို့သည် ခေါင်းဆောင်မှုအပေါ်မှာ မူတည်နေပါတယ်)။

**Leader are Learner - ခေါင်းဆောင်ဆိုတာ လေ့လာနေသူပါ**

**Learn from Leader - ခေါင်းဆောင်များထံမှ လေ့လာနေပါ**

အောင်မြင်သူဆိုတာ အလုပ်တစ်ခုခုကို ဦးဆောင်ခဲ့သူတွေဖြစ်ပါတယ်။ အောင်မြင်တဲ့ Steve Jobs ဆိုတာ Apple ကို ဦးဆောင်ခဲ့သူပါ၊ အောင်မြင်တဲ့ Jack Ma ဆိုတာ Alibaba ကို ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ အောင်မြင်ဖို့ဆိုရာမှာ အလုပ်တစ်ခုခုကို ဦးဆောင်နိုင်ဖို့ဟာ အရေးအကြီးဆုံးသော စွမ်းရည်ပင်ဖြစ်ပါတယ်။

ခေါင်းဆောင်မှုမှာ နာမည်ကြီးထင်ရှားလှတဲ့ John C. Maxwell ၏ (အောင်မြင်မှု၊ ကျရှုံးမှု အားလုံးဟာ ခေါင်းဆောင်မှုအပေါ်မှာ မူတည်တယ်လို့) ဆိုထားပါတယ်။ ဇာတ်လမ်းကောင်းဖို့ ဇာတ်ကောင်၏ ပီပြင်စွာသရုပ်ဆောင်မှုအရေးကြီးသလို၊ နယ်ပယ်တရပ်မှာ အောင်မြင်ဖို့ဆိုရာမှာ ခါင်းဆောင်သူကောင်းဖြစ်ဖို့ လို-အပ်ပါတယ်။

**L.E.A.D.E.R ဆိုတာ...**

- L = Loyalty (အမှန်တရားအတွက် သစ္စာရှိရမယ်)
- E = Empathy (ကိုယ်နဲ့နှိုင်းပြီး ကိုယ်ချင်းစာရမယ်)
- A = Ability (အလုပ်အတွက် ကျွမ်းကျင်စီမံရမယ်)
- D = Decision (ကောင်းဖို့အတွက် ဆုံးဖြတ်ရဲရမယ်)
- E = Enthusiastic (ဦးဆောင်ဖို့အတွက် စိတ်ဆန္ဒပြင်းပြရမယ်)
- R = Role-Model (အများအတုယူနိုင်ဖို့အတွက် စံပြဖြစ်ရမယ်)

ဇာတ်လမ်းတစ်ခုပြီးမြောက်အောင်မြင်ဖို့မှာ ဇာတ်ကောင်၏ ဦးဆောင်သွားမှုဟာ အဓိကကျသလိုပဲ၊ ရည်မှန်းချက် အောင်မြင်ဖို့ ဆိုရာမှာ (Leadership - ဦးဆောင်မှု) သည်သာ အရေးကြီးဆုံး ဖြစ်ပါတယ်။

အောင်မြင်ဖို့ဆိုတာ ခေါင်းဆောင်နေတဲ့ ခေါင်းဆောင်ရဲ့ အရည်အချင်းဟာ အဓိကဖြစ်တယ်ဆိုတာ (Alibaba ကို ထူထောင်သူ Jack Ma)၊ (Apple ကို ထောင်သူ Steve Jobs)၊ (Microsoft ကို ထူထောင်သူ Bill Gades) နှင့် (Facebook ကို ထူထောင်သူ Mark Zuckerberg) တို့ရဲ့ ဦးဆောင်မှုအရည်အချင်းများကြောင့်သာ ထိုလုပ်ငန်းတွေကို အောင်မြင်မှုရသည်မှာ အသေအချာပင်ဖြစ်ပါတယ်။

အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းများ၏ အရည်အချင်းများကို လေ့လာကြည့်မယ်ဆိုရင်. . .

(၁) Self -Leadership (မိမိကိုယ်တိုင် ဦးဆောင်မှုစွမ်းရည်)

(၂) Team - Leadership (အသင်းအဖွဲ့ ဦးဆောင်မှုစွမ်းရည်)

(၃) Organization - Leadership (အဖွဲ့အစည်း ဦးဆောင်မှုစွမ်းရည်)

စတဲ့ မိမိကိုယ်တိုင် + အသင်းအဖွဲ့ + အဖွဲ့အစည်းဆိုတဲ့ အဓိက (အချက် ၃-ချက်) ကို ပူးပေါင်းဦးဆောင်ပြီး မိမိရည်မှန်းသော အောင်မြင်မှုတွေကို ဖန်တီးပုံဖော်ရမှာဖြစ်ပါတယ်။

**ခေါင်းဆောင်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - အိမ်ထောင်ရှိလို့ မိသားစုတိုးတက်သလား၊ အိမ်ထောင်ဦးစီးကောင်းမှ မိသားစုတိုးတက်သလား ဆိုရင် ထူးချွန်တဲ့ အိမ်ထောင်ဦးစီး ခေါင်းဆောင်သူဖြစ်မှ သာယာပျော်ရွှင်၊ စီးပွားတိုးတက်တဲ့ အောင်မြင်တဲ့ မိသားစုဘဝကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နယ်ပယ်အရပ်ရပ်မှာ အောင်မြင်ဖို့ဆိုရာမှာ ခေါင်းဆောင်ကောင်းသူဖြစ်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းများ ပေါ်လာလျှင် လူမှုရေး၊ စီးပွားရေး အရာရာဟာ တိုးတက်အောင်မြင်လာမှာဖြစ်ပါတယ်။

(Alibaba လုပ်ငန်းကြောင့် Jack Ma ပေါ်လာခြင်းမဟုတ်သလို၊ Jack Ma ကြောင့်သာ Alibaba ပေါ်လာ

ခဲ့ခြင်းဖြစ်ပါတယ်) လောကမှာ ကမ္ဘာအရပ်ရပ်၊ နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအမျိုးမျိုးမှာ (ခေါင်းဆောင်မှုသည်သာ) အရာရာဖန်တီးပုံဖော်နိုင်စွမ်းသော အရေးကြီးဆုံး အောင်မြင်မှု အကွာရာပင်ဖြစ်ပါတယ်။

ခေါင်းဆောင်ဖြစ်ဖို့ဆိုရာမှာလည်း ခေါင်းဆောင်များကို အားကျအတုယူ (စု + တု + ပြု) စံနမူနာယူလျှက် ကြိုးစားဦးဆောင်သွားလျှင် နယ်ပယ်တစ်ခုမှာ အောင်မြင်ကျော်ကြားသော ခေါင်းဆောင်ကောင်းဖြစ်လာမှာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (ခေါင်းဆောင်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ခေါင်းဆောင်ကောင်းများကို စံနမူနာယူလျှက် ခေါင်းဆောင်ကောင်းဖြစ်ဖို့ ကြိုးစားပါ။ | ၁။ လူမသေ၊ နာမည်သေတဲ့ ခေါင်းဆောင်မိုက် မဖြစ်ဖို့သတိထားပါ။ (ရေရှည်မှာ ဆုံးရှုံးနစ်နာ၏) |
| ၂။ မိမိအတွက် တိုးတက်မှုဖန်တီးတာ အောင်မြင်သူ၊ အများအကျိုးပြုနိုင်သော ခေါင်းဆောင်ဖြစ်ပါစေ။ | ၂။ ကိုယ်ကျိုးကြည့်ပြီး ကြီးပွားတိုးတက်သော ခေါင်းဆောင်သူမဖြစ်ဖို့ ရိုးသား၊ ကြိုးစားနေပါ။ |
| ၃။ နယ်ပယ်တစ်ခုခုမှာ ဦးဆောင်နိုင်ပြီး အောင်မြင်သော ခေါင်းဆောင်ဖြစ်ဖို့ ကြိုးစားပါ။ | ၃။ အောင်မြင်သော ခေါင်းဆောင်ဖြစ်ဖို့ ဘယ်သူပျက်ပျက် ကိုယ်မပျက်စေဖို့ ခံယူထားပါ။ |

## Money

## “ငွေကြေး ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ ငွေကြေးကိုရှာဖွေကို ရင်းနှီးမြှုပ်နှံ တိုးပွားပြီး ငွေကြေးရှိအောင် ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ ငွေကြေးရှိတဲ့အခါမှာ မိမိ အသုံးအစွဲတွေကို ရှေ့တန်းတင်တဲ့အတွက် မအောင်မြင်ခြင်း ဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " M "

## Money - ငွေကြေးချမ်းသာမှု

"ငွေရှိမှ လူရာဝင်"

ယနေ့ကမ္ဘာမှာ အောင်မြင်တဲ့သူအများစုဟာ (ချမ်းသာသော ဘီလျံနာကြီး ဘယ်သူ) စသဖြင့် ငွေကြေးချမ်းသာခြင်းဟာလည်း အောင်မြင်မှုကို ဖြစ်စေပါတယ်။ Money Power ငွေကြေးပါဝါသည်လည်း အောင်မြင်မှုတချို့ကို ပေးဝယ်နိုင်စွမ်းလည်း ရှိသလိုဖြစ်နေပါတယ်။ ဘဝအောင်မြင်တိုးတက်ရေးမှာ ငွေကြေးဆိုတာ ဘဝရဲ့အစိတ်အပိုင်းတခုမှာ အဓိကပါဝင်နေပါတယ်။ ငွေရဲ့သဘောတွေကို နားလည်အောင် ဦးစွာလေ့လာကြည့်ပါ၊ ငွေကြေးဟာ ဘဝမှာ ဘာကြောင့်အရေးကြီးတာလဲဆိုရင်. . .

နေ့စဉ်ရှင်သန်ရပ်တည်မှုအတွက် ဝင်ငွေဆိုတာလိုအပ်နေတယ်။
ဘဝရဲ့ စားဝတ်နေရေးအတွက် ငွေကြေးတွေကို သုံးစွဲနေရတယ်။
လိုချင်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ဝယ်နိုင်ဖို့ ငွေကြေးလိုအပ်တယ်
လူမှုဝန်းကျင်မှာ လူတန်းစေ့နေထိုင်နိုင်ဖို့ ငွေကြေးဆိုတာရှိသင့်တယ်
စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ဖို့ ငွေကြေးဆိုတာလိုအပ်တယ်
နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ငွေကြေးရင်းနှီးမြှုပ်နှံမှုဟာလည်း လိုအပ်နေပါတယ်။

ဒါကြောင့်လည်း ငွေကြေးဆိုတာ အောင်မြင်တိုးတက်ရေးမှာ (%) တခုလောက် ပါဝင်နေပြီး၊ ငွေကြေးဖြင့် တချို့သောအောင်မြင်တိုးတက်မှုတွေကိုလည်း ဖန်တီးနိုင်စွမ်းရှိလာခဲ့ပါတယ်။ သို့သော်လည်း အောင်မြင်ဖို့ ကြိုးစားရင်း ငွေကြေးရှိလာခြင်းဟာ ပိုပြီးအဓိပ္ပါယ်ရှိနေပါလိမ့်မယ်။ လူတိုင်းဟာ ဘဝတိုးတက်အောင်မြင်ရေးအတွက် ဝင်ငွေရှာနေကြတာမှန်ပေမဲ့ ငွေနောက်ကို သင်မလိုက်ပဲ ငွေက သင့်နောက်လိုက်လာအောင် ကြိုးစားဖို့ဟာ အဓိကဖြစ်ပါလိမ့်မယ်။ ငွေကြေးရှိဖို့ထက် အောင်မြင်နေတဲ့ တန်ဖိုးရှိသူဖြစ်ဖို့ဟာ-လည်း အရေးအကြီးဆုံးပင်ဖြစ်ပါတယ်။

ဘဝမှာ ဝင်ငွေရှိဖို့အရေးကြီးတယ်၊ သို့သော် ဘယ်လိုဝင်ငွေရှိအောင်လုပ်မလဲ သိဖို့က ပိုအရေးကြီးတယ်၊ ဝင်ငွေရှာဖို့အတွက် အရင်ဆုံးမစဉ်းစားပါနဲ့၊ ဘယ်လိုဝင်ငွေရှာရမလဲ လေ့လာဖို့ကို ဦးစွာ

စဉ်းစားပါ၊ ငွေကြေးစီမံခန့်ခွဲတဲ့အခါ ပုံစံ (၃-မျိုး) ပိုင်းခြားစီမံဖို့ လိုအပ်ပါတယ်။

| ဆင်းရဲသူများ | လူလတ်တန်းများ | ချမ်းသာသူများ |
|---|---|---|
| အဆင့် (၁) Income ဝင်ငွေရှာခြင်း | အဆင့် (၁) Income ဝင်ငွေရှာခြင်း | အဆင့် (၁) Income ဝင်ငွေရှာခြင်း |
| အဆင့် (၂) Expend ငွေသုံးစွဲခြင်း | အဆင့် (၂) Expend ငွေသုံးစွဲခြင်း | အဆင့် (၂) Expend ငွေသုံးစွဲခြင်း |
| | အဆင့် (၃) Investment ရင်းနှီးမြုပ်နှံခြင်း | အဆင့် (၃) Invest-ment ရင်းနှီးမြုပ်နှံခြင်း |
| | | အဆင့် (၄) Passive Income အပိုငွေရှာခြင်း |

ဆင်းရဲသူများ၏ ငွေကြေးစီမံခန့်ခွဲမှုမှာ အဆင့် (၁) မှ (၂) အထိသာ ငွေကြေးသုံးစွဲတာပိုများပါတယ်။

လူလတ်တန်းများ၏ ငွေကြေးစီမံခန့်ခွဲမှုမှာ အဆင့် (၁) မှ (၃) အထိ ငွေကြေးရင်းနှီးမြုပ်နှံတာပိုများပါတယ်။

ချမ်းသာသူများ၏ ငွေကြေးစီမံခန့်ခွဲမှုမှာ အဆင့် (၁) မှ (၄) အထိ တခြားအပိုငွေ လုပ်ငန်းများစွာမှာ ရင်းနှီးမြုပ်နှံပြီး ငွေကြေးတိုးပွားမှုပိုများပါတယ်။

အောင်မြင်တိုးတက်ရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုကို လေ့လာလာကြည့်ရင် (Income - ဝင်ငွေ) ထက်စာရင် (Investment - ရင်းနှီးမြုပ်နှံမှုငွေ) သည် ပိုအရေးတာတွေ့ရပြီး၊ ဘယ်လောက် ဝင်ငွေရှာမလဲဆိုတာထက်၊ ဘယ်လောက်ရင်းနှီးမြုပ်နှံပြီး ဘယ်လောက်ဝင်ငွေရအောင် ကြိုးစားနိုင်မှသာလျှင် ကြွယ်ဝချမ်းသာသော အောင်မြင်သူဘဝသို့ ဖန်တီးနိုင်မှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် စက်ာပူမှာ နာမည်ကြီးတဲ့ သင်တန်းတစ်ခုဖြစ်တဲ့ (Secret of Millionaire Mind - သန်းကြွယ်သူဌေးတို့ရဲ့ လျှို့ဝှက်ချက်)ဆိုတဲ့ သင်တန်းကို သွားတက်စဉ်အခါက လေ့လာခဲ့ရတဲ့ ကြွယ်ဝချမ်းသာရေး နည်းလမ်းများစွာကို ထုတ်နှုတ်ဖော်ပြပေးလိုက်ပါတယ်။ သင်တန်းမှ ရလိုက်တဲ့ အဓိကအချက်ကတော့ ကိုယ့်ရဲ့ Internal World အတွင်းလောက ဟာ External World အပြင်လောကကို ဖန်တီးပေးခြင်းပါပဲ၊ လက်တွေ့လုပ်ရပ်ဆိုတာ အတွင်းလောကနဲ့ အပြင်လောကကြားမှာ ပေါင်းကူးပေးတဲ့ တံတားပါပဲ။

**နည်းလမ်း အဆင့် (၁) Working Income (အလုပ်မှ ရသော ဝင်ငွေရှာဖွေကြိုးစားခြင်း)**

ဝင်ငွေရဖို့အတွက် (အလုပ်တစ်ခုကို) ဖန်တီးကြိုးစားရမှာဖြစ်ပါတယ်၊ ထိုအလုပ်တွေထဲမှာ ဝင်ငွေကောင်းသော အလုပ်များ

ကို ရွေးချယ်ပြီး၊ အလုပ်များများကြိုးစားနိုင်လျှင် = ဝင်ငွေများများ ရရှိနိုင်မှာဖြစ်ပါတယ်။ (အလုပ်များများ = ဝင်ငွေများများ ထပ်တူ-ကြမှာဖြစ်ပါတယ်)

**နည်းလမ်း အဆင့် (၂) Saving (လိုအပ်ချက်ရှိလျှင် သုံးစွဲရန် ငွေစုဆောင်းထားခြင်း)**

ဝင်ငွေရလာတဲ့အခါမှာလည်း (သုံးပြီးမှ မစုပဲ၊ စုပြီးမှ သုံးပါ) ဆိုတဲ့ ငွေကြေးသုံးစွဲမှု နည်းလမ်းအတိုင်း မိသားစုအတွက်၊ ဘဝနောင်ရေးအတွက်၊ အရေးပေါ်အခြေအနေများအတွက် (စုဆောင်းငွေ) ဆိုတာ မဖြစ်နေထားရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

**နည်းလမ်း အဆင့် (၃) Investment (ငွေကြေးတိုးပွားစေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း)**

သုံးစွဲလိုက်သော ငွေ (၁၀-သိန်း) ဆိုတာ၊ ရင်းနှီးမြှုပ်နှံလိုက်ရင် ငွေ (သိန်း - ၁၀၀)နဲ့ ညီမျှနိုင်ပါတယ်။ အချိန်ခဏတာ ရင်းနှီးမြှုပ်နှံပြီးမှ ပြန်လည်ရရှိလာတဲ့ ငွေကြေးများစွာကို ပိုသုံးတာဟာ ပိုပြီးသုံးနိုင်မှာဖြစ်ပါတယ်။ (ငွေဆိုတာ စုလို့လည်းမတိုးပါဘူး၊ ရင်းနှီး-မြှုပ်နှံမှုသာ တိုးလာမှာဖြစ်ပါတယ်)

**နည်းလမ်း အဆင့် (၄) Passive Income (ပုံမှန် ဝင်ငွေ ရရှိအောင် အလုပ်များစွာရင်းနှီးမြုပ်နှံ ဝင်ငွေရှာခြင်း)**

အလုပ်တစ်ခုလုပ်လျှင် ဝင်ငွေတစ်ခုရလျှင် - အလုပ်ဆယ်ခု လုပ်လျှင် ဝင်ငွေဆယ်ခုရနိုင်ပါတယ်။ အလုပ်များများမှ ဝင်ငွေရရှိဖို့ တခြားသော မိတ်ဆွေများ၊ လုပ်ကိုင်ဖက်များ၊ လုပ်ငန်းများမှာ မိမိ ငွေတက်နိုင်ပါက (ငွေ)၊ လုပ်အားတက်နိုင်ပါက (လုပ်အား) စိုက်ထုတ် ပြီး အပိုဝင်ငွေများအောင် ကြိုးစားဖို့လိုအပ်ပါတယ်။

**နည်းလမ်း အဆင့် (၅) Financial Freedom (ငွေကြေး လွတ်မြောက်သော ဘဝသို့ဖန်တီးခြင်း)**

ဘဝမှာ ပိုက်ဆံရှာစရာမလိုလောက်အောင် ဝင်ငွေများနေပြီ ဆိုရင် (Financial Freedom) ငွေကြေးလွတ်မြောက်သောဘဝ၊ ပိုက်ဆံအတွက် ပူပင်စရာမလိုသော ဘဝကို နောက်ဆုံးမှာ ဖန်တီး ကြိုးစားဖို့လိုအပ်မှာဖြစ်ပါတယ်။ ဘဝမှာ ဆင်းရဲမှုများစွာရှိတာမို့ ငွေကြေးလွတ်မြောက်တဲ့ဘဝသို့ ကြိုးစားပြီး အများအတွက် ငွေကြေး ကူညီပေးပြီး အများတိုးတက်အောင် အားပေးနိုင်သော အောင်မြင်သူ အဖြစ်သို့ နောက်ဆုံးမှာ ကြိုးစားသွားရမှာဖြစ်ပါတယ်။

Wealthy life is Happy life ကြွယ်ဝချမ်းသာခြင်းဟာ

ပျော်ရွှင်မှုကိုလည်း ဖန်တီးစေပါတယ်။ လူတိုင်း အခြေအနေတိုင်းမှာ စိတ်မချမ်းသာခြင်း၊ အဆင်မပြေခြင်း (% တချို့ဟာ) ကြွယ်ဝချမ်းသာမှုအပေါ်မှာ များစွာမူတည်နေတာတွေ့ရပါတယ်။ ကြွယ်ဝချမ်းသာမှုဆိုရာမှာ (ငွေကြေးတစ်ခုတည်းမဟုတ်ပဲ)။ လုပ်ငန်းများကြွယ်ဝမှု၊ ငွေကြေးကြွယ်ဝမှု၊ လူမှုဝန်းကျင်ကြွယ်ဝမှု၊ စိတ်ချမ်းသာကြွယ်ဝမှု၊ ကျန်းမာပျော်ရွှင်ကြွယ်ဝမှုဆိုတဲ့ ပေါကြွယ်ဝခြင်းများစွာကို ဆိုလိုပါတယ်။ Money is Happy ငွေကြေးဆိုတာ ပျော်ရွှင်အဆင်ပြေမှုတချို့ကို ဖန်တီးပေးနိုင်စွမ်းရှိတာမို့ ဘဝအောင်မြင်တိုးတက်ရေးမှာ ငွေကြေးချမ်းသာမှုသည်လည်း အရေးကြီးမှာဖြစ်ပါတယ်။

### ငွေကြေးချမ်းသာမှုနှင့် အောင်မြင်ရေးမဟာဗျူဟာ

(ဥပမာ - ကြက်ဥမှ ကြက်မကြီး ဖြစ်လာသလို၊ ကြက်မကြီးမှလည်း ကြက်ဥများစွာ ပြန်ဥလာနိုင်ပါတယ်။ ငွေကြေးဆိုသည်မှာလည်း ကြက်ဥမှ ကြက်မများဖောက်ပြီး၊ ကြက်ဥများစွာတိုးပွားလာအောင် ဖောက်ရသလိုပါပဲ။ ငွေကြေးများစွာရှာဖွေပြီးရင်းနှီးမြုပ်နှံတိုးပွားလျှက် ငွေကြေးများစွာကို ဖန်တီးရှာဖွေသွားခြင်းဖြစ်ပါတယ်။

Network = Net Worth (အဆက်အသွယ်သည်

ကြွယ်ဝချမ်းသာခြင်း) ဖြစ်တယ်ဆိုလျှင်၊ လူမှုအဆက်အသွယ်များများသိပါစေ၊ အလုပ်အကိုင်အခွင့်အလမ်းများများရှိလာပါစေ၊ အလုပ်များများရှိလျှင် ဝင်ငွေများများရှိလာပါလိမ့်မယ်။ (ရေရှည်ဝင်ငွေတိုးပွားဖို့ စဉ်းစားတဲ့အခါမှာလည်း အခုအပင်စိုက်၊ အခုအသီးအပွင့် စားချင်၍မရနိုင်ပါ၊ စိတ်ရှည်စွာ ရင်းနှီးမြှုပ်နှံနိုင်ပါမှ ငွေကြေးဆပွားတိုးပွားပြီး ငွေကြေးကြွယ်ဝချမ်းသာနိုင်မှာဖြစ်ပါတယ်)။

## Money Make You (or) You Make Money

**(ငွေကသင့်ကိုပြုလုပ်စေမှာလား၊ ငွေကိုသင်ကပြုလုပ်စေမှာလား)**

ဒီမေးခွန်းကို မိမိကိုယ်တိုင်အမြဲမေးပြီး၊ ငွေကို ဖန်တီးနိုင်သူဖြစ်အောင်၊ ငွေကို မိမိလိုအပ်သလို ရှာဖွေနိုင်သူဖြစ်အောင် ကြိုးစားပါ။ အကန့်အသတ်ဝင်ငွေရရှိနေတဲ့ ဘဝမှ အလုပ်များများလုပ်ပြီး ဝင်ငွေများများရနိုင်တဲ့ အောင်မြင်ချမ်းသာတဲ့ဘဝကို ကြိုးစားဖန်တီးနေလိုက်ပါ။

## အောင်မြင်ရေးမဟာဗျူဟာ (ငွေကြေးချမ်းသာမှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ (အလုပ်များ = ဝင်ငွေများ) ချမ်းသာဖို့အတွက် ဝင်ငွေများများရရှိဖို့ အလုပ်များများကြိုးစားနေပါ။ | ၁။ ဝင်ငွေနည်းလို့ ငြီးငွေ့နေမဲ့အစား၊ ဝင်ငွေများဖို့ အလုပ်ပိုကြိုးစားတာ ပိုပြီးအဓိပ္ပါယ်ရှိပါတယ်။ |
| ၂။ ငွေကြေးမရှိသေးတာမဟုတ်ပါ၊ ငွေကြေးရှိဖို့ အဆက်အသွယ်လုပ်ပါ၊ အလုပ်များလုပ်စေပါ။ | ၂။ ဝင်လာတဲ့ ငွေကြေးများကိုလည်း အပျော်အပါး အလွဲသုံးစားလုပ်တာမျိုး ရှောင်ပါ။ |
| ၃။ ငွေကြေးများလာသည်နှင့်အမျှ တိုးတက်လျှင် တိုးချဲ့ပြီး ရေရှည်ကြည့်လျက် ရင်းနှီးမြှုပ်နှံပါ။ | ၃။ အခုအပင်စိုက်၊ အခုအသီးအပွင့်စားချင်သလို၊ ရေတိုဝင်ငွေရတာမျိုး အမြဲတမ်းမချမ်းသာနိုင်ပါ။ |

N

## Network

### “ပတ်ဝန်းကျင်အဆက်အသွယ် ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ လူမှုပတ်ဝန်းကျင်မှာ အဆက်အသွယ်များကို များများရယူပြီး အောင်မြင်နေခြင်းဖြစ်တယ်။

မအောင်မြင်သူဆိုတာ လူမှုပတ်ဝန်းကျင်မှာ ဘယ်သူနဲ့မှမသိတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " N "

## Network - လူမှု အဆက်အသွယ်ရှိမှု

"ကိုင်းကျွန်းမှီ ကျွန်း ကိုင်းမှီ"

ကမ္ဘာ့နံပါတ် (၁) Tony Robbin ကတော့ အရာ ရာ ဟာ (Resourceful အရင်းအမြစ်ပြည့်စုံခြင်း) ဖြစ်လျှင် အရာရာဟာ အောင်မြင်နိုင်တယ်လို့ဆိုပါတယ်။ မှန်ပါတယ် ဘဝမှာ မအောင်မြင်သေးတာဟာ အရင်းအမြစ်လိုအပ်တာပါ။ (လူမှုအဆက်အသွယ် အရင်းအမြစ်) (အလုပ်အဆက်အသွယ်အရင်းအမြစ်လား) အားလုံး အဆက်အသွယ်များလာလျှင် သေချာပေါက် အောင်မြင်လာမှာဖြစ်ပါတယ်။

**လူတချို့က ငြီးငြူကြတယ် (ငွေကြေးမရှိလို့ ဆင်းရဲတယ်)။ မဟုတ်ပါ။ (အဆက်အသွယ်မရှိလို့) (အလုပ်တွေမရှိလို့) ဆင်းရဲခြင်း ဖြစ်ပါတယ်။**

အဆက်အသွယ်များလာသည်နှင့်အမျှ အလုပ်များများလုပ်ဖို့ အခွင့်အလမ်းများများရလာမှာဖြစ်ပါတယ်။ အလုပ်များများလုပ်လေလေ၊ ဝင်ငွေများများရလေလေပါပဲ။ အဆက်အသွယ်များလာလေလေ၊ အခွင့်အလမ်းများလာလေလေပါပဲ။

<u>ဘဝမှာ ဘာပဲကြုံကြုံ ဖြေရှင်းနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု</u>

(Resource < Work = Pressure) လုပ်ရန်အရာထက်၊ အရင်းအမြစ်နည်းရင် စိတ်ဖိစီးမှုပါပဲ။ လုပ်စရာတွေရှိတယ်။ ကူညီနိုင်တဲ့ အရင်းအမြစ်နည်းရင်တော့ ဘဝမှာ စိတ်ဖိစီးစရာဖြစ်စေပါတယ်။

(Resource > Work = Pleasure) လုပ်စရာတွေထက်၊ အရင်းအမြစ်များရင် ကျေနပ်စရာပါပဲ။ လုပ်စရာများစွာရှိတယ်။ ကူညီပေးနိုင်တဲ့ အရင်းအမြစ်အဆက်အသွယ်ရှိတော့ ဘဝမှာ စိတ်ပူစရာမလို၊ ကျေနပ်စရာပင်ဖြစ်ပါတယ်။

Network is Net Worth အဆက်အသွယ်ဟာ ချမ်းသာခြင်းကိုဖြစ်စေ၏။ 5 + 50 + 100 Rule of Network ဆိုတာ

အနှစ်ချုပ်လိုက်ရင် မိမိသိတဲ့သူ (၅-ဦး) မှ တဆင့် ရင်းနှီးတဲ့တခြား မိတ်ဆွေ (၅၀-ဦး) တိုးပွားနိုင်တယ်။ ထပ်မံဆက်သွယ်နိုင်တဲ့ သဘောဖြစ်ပါတယ်။ ဒီလိုလူသိများလာလေလေ သင်မိတ်ဆက်စရာ မလိုပဲ လူပိုသိလာလေလေဖြစ်ပါတယ်။

**Popularity make Opportunity (ထင်ပေါ်ကျော်ကြားလေလေ အခွင့်အရေးများလာလေလေပါပဲ)**

ထင်ပေါ်မှုဆိုတာ ပတ်ဝန်းကျင်မှပေးသော စွမ်းအားဖြစ်ပါတယ်။ ပတ်ဝန်းကျင်အတွက် ပေးနေခြင်းဖြင့်သာ ဘဝရဲ့တိုးတက်မှုတွေကို တည်ဆောက်စေပါ။

**ဘဝမှာ အောင်မြင်တိုးတက်စေဖို့ How to Network ဘယ်လိုချိတ်ဆက်မလဲ**

အဓိက ဆက်သွယ်ချိတ်ဆက်နည်း (၂-မျိုး) ရှိပါတယ်။

**Direct Network (တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်နည်း)**

မိမိနှင့် တိုက်ရိုက်ရင်းနှီးသော မိတ်ဆွေများနှင့် ချိတ်ဆက်လျှက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းဖြစ်ပါတယ်။

**Indirect Network (တဆင့်ခံဆက်သွယ်ချိတ်ဆက်နည်း)**

မိမိနှင့် ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေများမှတဆင့် အဆက်အသွယ်

များကို မိတ်ဆက်တိုးချဲ့လျှက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။

## How to Network Management

## (အဆက်အသွယ် ဘယ်လိုချိတ်ဆက်မလဲ) နည်းလမ်း (၅-ချက်)

### (၁) Seminar & Expo (ဟောပြောပွဲများ၊ ပြပွဲများသို့သွားပါ)

အခမ်းအနားများတွင် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများစွာ တစ်စုတစ်စည်းတည်း လာရောက်ကြတာမို့ ထိုပွဲများမှာ အဆက်အသွယ်အသစ်များစွာတိုးပွားစေနိုင်ပါတယ်။

### (၂) Association & Group (အသင်းအဖွဲ့အစည်းများဝင်ပါ)

အသင်းအဖွဲ့အစည်းများဆိုတာ ထိုနယ်ပယ်မှာ အကြီးအကဲများမှာ စုပေါင်းထူထောင်ကြတာမို့ လူကြီးပိုင်းများ၊ Top Level များနှင့် တွေ့ဆုံဖို့ အကောင်းဆုံးချိတ်ဆက်မှုနေရာပင်ဖြစ်ပါတယ်။

### (၃) Training & Class (သင်တန်းများတက်ရောက်ပါ)

သင်တန်းများမှာ မိမိနဲ့ဝါသနာတူတဲ့ လူများစွာ စုစည်းတည်ရှိတာမို့၊ ဘဝအတွက် ခင်မင်ရင်းနှီးရတဲ့ မိတ်ဆွေသူငယ်ချင်း

များစွာကို ရရှိစေနိုင်မှာဖြစ်ပါတယ်။

**(၄) B2B Meeting & Relationship (လုပ်ငန်းများနှင့် ချိန်ဆိုတွေ့ဆုံစေပါ)**

မိမိချိတ်ဆက်လိုတဲ့ လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် သွားရောက်ချိန်းဆိုတွေ့ဆုံစေခြင်းဟာ လုပ်ငန်းအဆက်အသွယ်တိုးတက်ဖို့နည်းလမ်းကောင်းပင်ဖြစ်ပါတယ်။

**(၅) Social Media & Networking (အွန်လိုင်းမှ ဆက်သွယ်ပြောဆိုပါ)**

ယနေ့ခေတ်နည်းပညာခေတ်မှာ Social Media မှတဆင့် လူအများကို သိစေဖို့၊ ဆက်သွယ်ချိတ်ဆက်နိုင်ဖို့ အကောင်းဆုံးသော အခွင့်အရေးပင်ဖြစ်တာမို့ အွန်လိုင်းမှဆက်သွယ်နိုင်လာပါတယ်။

ယနေ့ခေတ်စီးပွားရေးဟာ Trust based Economy ယုံကြည်ရင်းနှီးမှုအခြေပြု စီးပွားရေးဖြစ်လာပါပြီ။ မိမိစီးပွားရေး ဘယ်လောက်ကောင်းလဲဆိုတာထက်၊ ဘယ်လောက်ယုံကြည်ရင်းနှီးမှုရှိသလဲအပေါ်မူတည်ပြီး၊ လုပ်ငန်းတွေမှာ အဆက်အသွယ်တိုးပွားလာပြီး ပိုမိုတိုးတက်အောင်မြင်လာနိုင်မှာဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲလာတဲ့ ယနေ့ခေတ်မှာ Social Network လူမှုဆက်သွယ်မှုအပြင်၊ Technological Network နည်းပညာအဆက်အသွယ်ဟာလည်း လိုအပ်လာပြီဖြစ်ပါတယ်။ အွန်လိုင်းမှာ ဆက်သွယ်ပြီးဖြစ်စေ၊ အပြင်မှာဖြစ်စေ အဆက်အသွယ်များတိုးပွားအောင်ကြိုးစားပြီး မိမိရဲ့အောင်မြင်တိုးတက်မှုကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

<u>အဆက်အသွယ်နှင့် အောင်မြင်ရေးမဟာဗျူဟာ</u>

(ဥပမာ - ရေတွင်းထဲမှာ ရေတိုးဖို့ဟာ ရေတွင်းမှ ရေထုတ်နိုင်စွမ်းအပြင်၊ ရေတွင်းထဲသို့လည်း အပြင်မှရေများ ပေါင်းထည့်လျှင် ရေများစွာတိုးလာနိုင်ပါတယ်)

ထို့အတူ အောင်မြင်တိုးတက်မှုမှာလည်း မိမိရဲ့ကြိုးစားအားထုတ်မှုကို မြှင့်တင်ရသလို၊ အပြင်မှ အဆက်အသွယ်များဖြင့် ပေါင်းစပ်ချိတ်ဆက်မှ ပိုမိုတိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

**Network ၏ အဓိကအနှစ်သာရကတော့...**

Who you know (ကိုယ်က ဘယ်သူတွေကိုသိနေပါတယ်။ အဓိကမဟုတ်ပါ)

Whoknowyou(ဘယ်သူတွေကကိုယ့်ကိုသိပြီးဆက်သွယ်လာလဲ။ အဓိကဖြစ်ပါတယ်)

# Network is better than Self-work

(ကိုယ်တိုင်ကြိုးစားမှုထက် ပတ်ဝန်းကျင်နှင့်ကြိုးစားမှုအောင်မြင်၏)

အောင်မြင်ရေးမဟာဗျူဟာ (အဆက်အသွယ်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ ပုံမှန်အဆက်အသွယ် မပျက်အောင်နေပါ၊ အဆက်အသွယ်ပျက် ဆက်ဆံရေးပျက်တတ်၏။ | ၁။ မိမိရလိုမှုနှင့် မပေါင်းပါနဲ့၊ မိတ်ဆွေစိတ်ထား၍ ပေါင်းသင်းဆက်ဆံစေပါ။ |
| ၂။ (သူ့အလှည့် ကိုယ့်အလှည့်) သာရေး၊ နာရေး ကိစ္စများမှာ အလုပ်ဖျက်ပြီး သွားရောက်စေပါ။ | ၂။ ခဏတာ အကျိုးရလဒ်နဲ့ မဆက်ဆံပါနဲ့၊ တစ်ဘဝစာ မိတ်ဆွေကောင်းဖြစ်ဖို့ ဆက်ဆံစေပါ။ |
| ၃။ မိတ်ဆွေများနှင့် တွေ့လျှင် လက်ဆောင်တစ်ခုခု အမြဲပေးနိုင်ဖို့ကြိုးစားပါ။ မိတ်ဆွေများမှ ကိုယ့်ကို ရင်ထဲမှာအမြဲရှိနေအောင် ဆက်ဆံသွားစေပါ။ | ၃။ အကူအညီ ခဏခဏမတောင်းမိပါစေနဲ့၊ သူ့ရဲ့အကူညီပဲ ယူနေတာထက်၊ မိမိမှလည်း ကူညီပေးနေခြင်းဖြင့် ရေရှည်ဆက်ဆံသွားပါ။ |

# O

## Opportunity

### “အခွင့်အလမ်းဖန်တီးသူနှင့် မဖန်တီးနိုင်သူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ အခွင့်အလမ်းတွေကို ဖန်တီးပြီး အောင်မြင်မှုရအောင်ကြိုးစားဖန်တီးယူတယ်။

မအောင်မြင်သူ ဆိုတာ အခွင့်အရေးပေးလာမှာဆိုပြီး မျှော်တလင့်လင့်ဖြစ်ပြီး စောင့်စားတဲ့အတွက် မအောင်မြင်ခြင်း ဖြစ်ပါတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " O "

## Opportunity - အခွင့်အလမ်း ဖန်တီးမှု

"ရှာဖွေလေ တွေ့ရှိလေ"

ဘဝရှင်သန်နေထိုင်မှုမှာ အခွင့်အလမ်းလား၊ အတားအဆီးလား။ ရှုမြင်သုံးသပ်မှုအပေါ်မှာသာ မူတည်နေပါလိမ့်မယ်။ (အောင်မြင်သူတွေအဖို့ အခက်အခဲအတားတွေကြားမှ အခွင့်အရေးကိုမြင်ပြီး ဖြစ်နိုင်တယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားပါတယ်)။ မအောင်မြင်သူများအဖို့ အခွင့်အရေးတွေရှိပေမယ့် အခက်အခဲအတားအဆီးပဲ မဖြစ်နိုင်တော့ဘူးဆိုတဲ့ စိတ်နဲ့အရှုံးပေးမကြိုးစားတော့ပါဘူး။ ဘဝရဲ့ အောင်မြင်ခြင်း၊ အခွင့်အရေး၊ အခွင့်အလမ်းဆိုတာ ဘယ်တော့မှ လွယ်လွယ်ကူကူ မဖန်တီးပေးထားပါဘူး။ အောင်မြင်သူတွေဟာ

အခက်အခဲတွေကို ကျော်ဖြတ်ပြီးခဲ့လို့ အခွင့်အရေးတွေဆီ ရောက်သွားခြင်းဖြစ်ပါတယ်။ အခဲအခက်တွေကို မကျော်ဖြတ်သမျှ အရာရာဟာ ခက်ခဲပင်ပန်းနေမှာဖြစ်ပါတယ်။ ခဏတာ အခက်အခဲ အတားအဆီးကျော်ဖြတ်လိုက်ရင်၊ နောင်ရေရှည်မှာ အခွင့်အလမ်း များစွာပိုင်ဆိုင်တဲ့ အောင်မြင်တဲ့ဘဝကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**အခွင့်အရေး၊ အခွင့်အလမ်းနဲ့ဆိုင်သော အောင်မြင်ရေးစာစုများ စုစည်းမှု**

To become Opportunity Knock, Build your Door First (အခွင့်အရေးဆိုတဲ့အရာက သင့်တံခါးကိုလာခေါက်နိုင်ဖို့ဆိုရင် သင်မှာအခွင့်အရေးအတွက် အဆင်သင့်ဖြစ်နေတဲ့ဆိုတဲ့ တံခါးကိုအရင်ဆောက်ထားမှဖြစ်လိမ့်မယ်။

Negative Thinker see for Difficult, Positive Thinker see Opportunity in Difficult (အဆိုးမြင်တဲ့သူ အတွက်တော့ ခက်ခဲမှုတွေကိုပဲမြင်စေနိုင်ပြီး၊ အကောင်းမြင်တွေး ခေသူအတွက်တော့ အခက်အခဲတွေထဲက အခွင့်အရေးကိုမြင်နိုင်ပါတယ်)

Success is mean that everything already preparation when the opportunities come out for you:

အောင်မြင်မှုဆိုတာ သင့်အတွက်ပေးလာတဲ့ အခွင့်အရေး

တွေကိုရယူနိုင်ဖို့ အရာအားလုံးကို မိမိဘက်မှ အဆင်သင့်ပြင်ဆင်ထား ခြင်းပင်ဖြစ်ပါတယ်။

အခွင့်အရေးအခွင့်အလမ်းကို ဆန်းစစ်သုံးသပ်မြင်နိုင်ဖို့ဆို ရာမှာ (SWOT – TOWS) ဆိုတဲ့ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ အတားအဆီး ဆိုတဲ့ အရာတွေကို သုံးသပ်ဆန်းစစ်ပြီး ပြုပြင်ကြိုးစားနေရမှာဖြစ်ပါတယ်။

| **Internal** (အတွင်းပိုင်းဆိုင်ရာ) | **External** (အပြင်ပိုင်းဆိုင်ရာ) |
|---|---|
| S - Strength (အားသာချက်) | O - Opportunity (အခွင့်အလမ်း) |
| W - Weakness (အားနည်းချက်များ | T - Threat (အတားအဆီး) |

**(Strength – Opportunity) SO - အားသာချက်သည် အခွင့်အလမ်းကို ဖန်တီးစေ၏။**

သင့်ရဲ့ အားသာချက်၊ စွမ်းဆောင်နိုင်စွမ်းအားလုံးသည် ပေး လာသော အခွင့်အလမ်းများကို အဆင်သင့်ဖြစ်နေတာမို့ အခွင့် အရေးများကို ပိုမိုဖြစ်စေနိုင်ပါတယ်။

**(Weakness – Threat) WT - အားနည်းချက်သည် အတားအဆီးကို ဖန်တီးစေ၏။**

သင့်ရဲ့ အားနည်းချက်၊ မလုပ်နိုင်သော အရာတို့သည် ပေးလာသော အခွင့်အလမ်းများကို အဆင်သင့် မဖြစ်နေလို့ အတားအဆီးအခက်အခဲများကို ပိုမိုဖြစ်စေနိုင်ပါတယ်။

ယခင်ခေတ်အခါမှာတော့ SWOT ဆန်းစစ်သုံးသပ်မှုနဲ့ အားသာချက်ရှိလျှင် အခွင့်အရေး ဖန်တီးနိုင်တယ်ဆိုပေမဲ့၊ ယနေ့ခေတ်အခါမှာ ယှဉ်ပြိုင်မှုအားကြီးလာခြင်း၊ တိုးတက်ပြောင်းလဲမှုမြန်ဆန်လာခြင်းကြောင့် TOWS ဆန်းစစ်သုံးသပ်ချက်နဲ့ အားသာချက်ဖြစ်အောင် ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အခွင့်အရေး၊ အခွင့်အလမ်းများကို ဖန်တီးကြိုးစားနေရမှာဖြစ်ပါတယ်။

**<u>TOWS ဆန်းစစ်သုံးသပ်ချက်ပုံစံဆိုသည်မှာ . . .</u>**

**T – Threat (အတားအဆီး)**

(ပြင်ပမှာ ရှိနေတဲ့ အခက်အခဲ ပြဿနာတွေကဘာလဲ)

**O – Opportunity (အခွင့်အလမ်း)**

(ထိုအခက်အခဲတွေမှ အခွင့်အရေးသို့ ဘယ်လိုဖန်တီးရမလဲ )

**W – Weakness (အားနည်းချက်များ)**

(ထိုအရာတွေအတွက် ကိုယ့်မှာအားနည်းချက် ဘာတွေရှိမလဲ)

**S – Strength (အားသာချက်)**

(ပြင်ပမှာ ရှိနေတဲ့ အခက်အခဲကို အခွင့်အရေးအဖြစ်ပြောင်းလဲပြီး၊

ကိုယ့်ရဲ့အားနည်းချက်ကို ပြင်ဆင်ပြီး၊ အားသာချက်ဖြစ်အောင် ကြိုးစားခြင်းဖြင့် အောင်မြင်မှုကို ဖန်တီးသွားဖို့ပဲဖြစ်ပါတယ်)

ကမ္ဘာမှာ အောင်မြင်ကျော်ကြားခဲ့သူတွေဟာ TOWS အတိုင်း ကြိုးစားအောင်မြင်ခဲ့ကြတာ လေ့လာနိုင်ပါတယ်။ (ဥပမာ - Alibaba ထူထောင်သူ Jack Ma ဆိုလျှင် ကမ္ဘာမှာ စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ဖို့ လိုအပ်နေတဲ့ အခက်အခဲ (Threat) ကို မြင်မိတယ်။ ထိုအခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ Alibaba လုပ်ငန်းကို ထူထောင်ပြီး အခွင့်အလမ်း (Opportunity) များစွာကို ဖန်တီးခဲ့တယ်။ ထိုအခါမှာ လုပ်ငန်းအောင်မြင်တိုးတက်ဖို့ နည်းပညာအားနည်းချက်၊ ငွေကြေးအားနည်းချက် (Weakness) အားနည်းချက်များစွာကို ဖြေရှင်းခဲ့ပြီး- နောက်ဆုံးမှာ နည်းပညာရှင်တွေ ဖိတ်ခေါ်မှု၊ ရှယ်ယာရှင်တွေဖိတ်ခေါ်မှုနဲ့ အားသာချက် (Strength) အဖြစ်ပြောင်းလဲကြိုးစားခဲ့ပြီး ယနေ့မှာ အောင်မြင်မှုအဆင့်ဆင့်ကို ကြိုးပမ်းခဲ့မှုမှာ TOWS ဆန်းစစ်သုံးသပ်မှုအတိုင်း ကြိုးစားအောင်မြင်နိုင်ခဲ့ခြင်းသာဖြစ်ပါတယ်။

ယနေ့လိုအပ်ချက်များစွာရှိနေတဲ့ ခေတ်မှာ အခွင့်အလမ်းပိုများတယ်ဆိုတဲ့ သဘောပါပဲ။ နေရာတိုင်းမှာ အခက်အခဲတွေရှိနေပါတယ်။ ထိုအခက်အခဲတွေကို ဖြေရှင်းဦးဆောင်သူဖြစ်ဖို့ ကြိုးစားနေရင်း အခွင့်အလမ်းအသစ်များစွာကို ဖန်တီးနေရမှာဖြစ်ပါတယ်။

အခွင့်အရေးဆိုတာ (အပေးအယူ သဘောဖြစ်ပြီး) ကိုယ်ဘက်မှ ဘာပေးနိုင်သလဲအပေါ် မူတည်ပြီး အခွင့်အရေး ဘယ်လောက်ရနိုင်သလဲဆိုတာ ဖြစ်လာပါလိမ့်မယ်။ အခွင့်အရေးဆိုတာ ပတ်ဝန်းကျင်အတွက် များများပေးနိုင်လေလေ၊ အခွင့်အရေးဆိုတာလည်း များများပြန်ခံစားရလေလေဖြစ်ပါတယ်။ အခွင့်အရေး (ပေးခြင်းဖြင့်) အခွင့်အရေးရယူခြင်းသာ အကောင်းဆုံးသောနိယာမဖြစ်ပါတယ်။

**ခေါင်းဆောင်ဖြစ်ဖို့ - နေရာပေး၍ - တာဝန်ယူပါ။**

**ပညာရှင်ဖြစ်ဖို့ - မျှဝေပေး၍ - သင်ယူနေပါ။**

**အောင်မြင်သူဖြစ်ဖို့ - ပေးဆပ်၍ - အခွင့်အရေးယူပါ။**

အောင်မြင်မှုမြင့်လာလေလေ၊ တာဝန်ယူမှုများလာလေလေ ရပိုင်ခွင့်နည်းလာလေလေ ဖြစ်ပါတယ်။ အောင်မြင်မှုမြင့်မားလာသည်နှင့်အမျှ အများအတွက် တာဝန်ယူမှုများလာပြီး၊ မိမိအတွက် ရပိုင်ခွင့်နည်းလာခြင်း သဘောတရားကို နားလည်လက်ခံကြိုးစားနိုင်မှသာ အောင်မြင်မှုအခွင့်အလမ်းများစွာ ရလာနိုင်မှာဖြစ်ပါတယ်။ အများအတွက်ပေးနေခြင်းကြောင့်သာ အောင်မြင်မှုနေရာရခြင်းဖြစ်တာမို့ ဘယ်လောက်ပေးနေသလဲဆိုတာ ဘယ်လောက်အခွင့်အရေးကို မျှော်လင့်ကြိုးစားနေပါ။

## အခွင့်အရေးနှင့် အောင်မြင်ရေးမဟာဗျူဟာ

(ဥပမာ - အလုပ်အတွက် အကောင်းဆုံးလုပ်ပေး၍သာ ရာထူးတိုးဖို့ အခွင့်အရေး ရလာတာပါ။ ကိုယ့်ဘက်မှ ဘယ်လောက် စပြီး လုပ်ပေးနိုင်မလဲသည်၊ ဘယ်လောက် အခွင့်အရေးဖြစ်လာ မလဲဆိုတာပါ။ Strength (အားသာချက်) သာ သင့်မှာရှိနိုင် မှာပါ၊ Opportunity (အခွင့်အရေး) ဆိုတာ ပြင်ပမှာ ရှိနိုင်တဲ့ အရာပင်ဖြစ်ပါတယ်။ အခွင့်အရေးများများရဖို့ ပြင်ပသောပတ် ဝန်းကျင်အတွက် အကောင်းဆုံး ပေးဆပ်ကြိုးစားနေပါ။ The more you give – The more you get (များများပေးလေလေ များများရလေလေ) နိယာမသဘောအတိုင်း ပေးခြင်းဖြင့်သာ အရာရာကိုမျှော်လင့်နေပါ။

ကိုယ်တိုင် မေးခွန်းမေးကြည့်ပါ။ အခွင့်အရေးရဖို့ အလုပ် လုပ်မှာလား၊ ကိုယ်မဖြစ်မနေ လုပ်ပေးချင်တဲ့ စိတ်ကြောင့် အလုပ် လုပ်နေမှာလား။ သေချာတဲ့ တိုးတက်အောင်မြင်ခြင်းဆိုတာ အခွင့် အရေးရလို့ အလုပ်လုပ်ခြင်းမဟုတ်ပါ၊ ကိုယ်ကြိုးစားချင်တဲ့စိတ် ဓါတ်ကြောင့် ကြိုးစားနေရင်း၊ အခွင့်အရေးတွေက ကိုယ့်နောက် လိုက်လာခြင်းသာဖြစ်ပါတယ်။ ကိုယ်သာ အကောင်းဆုံးဖြစ်အောင်

ကြိုးစားနေပါ၊ အခွင့်အရေးတွေက ကိုယ့်နောက်လိုက်လာပါလိမ့်မယ်။

**အောင်မြင်ရေးမဟာဗျူဟာ (အခွင့်အရေးဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ အများအတွက် ပေးဖို့က (ပထမ) ကိုယ့်အတွက် အခွင့်အရေးရဖို့ (ဒုတိယ) စိတ်နဲ့ကြိုးစားပါ။ | ၁။ အခွင့်အရေးရတိုင်းလည်း မယူပါနဲ့၊ အခွင့်အရေးသမားမြင်သွားရင် နောက်မရနိုင်ပါ။ |
| ၂။ အခွင့်အရေးဆိုတာ (ပြင်ပပတ်ဝန်းကျင်) မှာ ရှိနေမှာမို့ ပြင်ပနဲ့မျှားများ ဆက်သွယ်ပါ။ | ၂။ အခွင့်အရေးပေးလာမဲ့အချိန် ထိုင်မစောင့်ပါနဲ့၊ ဖန်တီးရယူကြိုးစားနေတာ အကောင်းဆုံးပါပဲ။ |
| ၃။ အခွင့်အရေးပေးလိုက်မှာ ကိုယ်ဘက်မှ အဆင်သင့်ဖြစ်ဖို့ အမြဲပြင်ဆင်ကြိုးစားနေပါ။ | ၃။ အခွင့်အရေးပေးလာချိန် (No) မငြင်းပါနဲ့၊ Yes လက်ခံထားပါ၊ အချိန်ရှိလို့ ပြီးမှကြည့်လုပ်ပေါ့။ |

P

## People

### "လူမှုဝန်းကျင်အပေါ် ချစ်ခင်မြတ်နိုးခြင်း ရှိသူနှင့် မရှိသူတို့၏ကွာခြားချက်"

အောင်မြင်သူဆိုတာ လူမှုပတ်ဝန်းကျင်ကို တန်ဖိုးထားပြီး လူတွေအတွက် အကောင်းဆုံးကြိုးစားနေထိုင်သွားသူဖြစ်တယ်။

မအောင်မြင်သူဆိုတာ လူမှုပတ်ဝန်းကျင်အတွက် ဘာမှပေးဆပ်မှုမရှိဘဲနဲ့ အောင်မြင်တိုးတက်မှုမရှိပဲ သေဆုံးသွားတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " P "

## People - လူမှုပတ်ဝန်းကျင်

"ကြီးသူကို ရိုသေ၊ ရွယ်သူကို လေးစား၊ ငယ်သူကို သနား"

**အောင်မြင်မှုဆိုတာ သင့်မှာရှိသလား - လူမှုပတ်ဝန်းကျင်မှ ပေးထားခြင်းလား-?**

ယနေ့ခေတ် အောင်မြင်တိုးတက်နေသူများကိုကြည့်ရင် လူအများသိသူတွေဖြစ်ပါတယ်၊ Popular make Opportunity လူမှုအဆက်အသွယ် များလာလေလေ သင့်ထံသို့ အခွင့်အရေးတွေ များများရောက် လာလေလေ ဖြစ်ပါတယ်။ မိမိရဲ့ကောင်းသတင်း၊ ထင်ပေါ်ကျော်ကြားမှုကို လူအများသိလာတဲ့အခါ လူအများရဲ့ယုံကြည်မှုတွေတိုးပွားလာပြီး၊ ကိုယ့်ထံသို့အခွင့်ရေးကောင်းများစွာ ရောက်

လာနိုင်မှာ ဖြစ်ပါတယ်။

အောင်မြင်မှုဆိုတာ လူမှုပတ်ဝန်းကျင်မှ ပေးထားသော အရာဖြစ်ပါတယ်၊ ထူးချွန်ကျွမ်းကျင်မှုကတော့ သင်ပိုင်ဆိုင်ခြင်းဖြစ်ပါလိမ့်မယ်။ ပတ်ဝန်းကျင်မှ အောင်မြင်ခြင်းပေးနေတာမို့၊ ပတ်ဝန်းကျင်အတွက် အလုပ်လုပ်ပေးခြင်းဖြင့် အောင်မြင်မှုတွေကို ဖန်တီးပိုင်ဆိုင်ရမှာဖြစ်ပါတယ်။

သင် ပစ္စည်းတခုဝယ်မယ်ဆိုပါစို့။ သင်နဲ့ သိထားတဲ့ အဆက်အသွယ်တွေတည်းကပဲ ဝယ်ဖို့ဆုံးဖြတ်သလို၊ လူမှုဝန်းကျင်ရဲ့ သဘောဟာလည်း သူတို့သိထားတဲ့ လူမှုဝန်းကျင်နဲ့သာ ဆက်သွယ်ချိတ်ဆက်ပြီး အလုပ်တွေ ဆောင်ရွက်နေကြမှာဖြစ်ပါတယ်။ အောင်မြင်သူတွေကို လေ့လာကြည့်ရင် လူမှုဆက်သွယ်ကောင်းပြီး အများကသူတို့ကို သိကြပါတယ်။ ဒါကြောင့် လူမှုဘဝအောင်မြင်ရေးရဲ့ အဓိက လျို့ဝှက်ချက်တခုကတော့ (Communication - လူမှုဆက်ဆံရေး)ဖြစ်ပါတယ်။ လူမှုဆက်ဆံရေးတိုးတက်လာမှုဟာ ဘဝတိုးတက်မှုသို့ များစွာအထောက်အပံ့ဖြစ်စေပါလိမ့်မယ်။

လူမှုပတ်ဝန်းကျင်မှာ လွှမ်းမိုးသြဇာရှိဖို့နဲ့ လူအများအထင်ကြီးလေးစားဖို့ ပညာ၊ ငွေကြေး၊ ရာထူး ဆိုတဲ့ (၃-ချက်) လိုအပ်ချက်

**(၁) ပညာဂုဏ်ရှိခြင်း**

ထူးချွန်တဲ့ ပညာရှင်တွေ၊ အသိပညာ၊ အတက်ပညာရှင်တွေကို လူမှုပတ်ဝန်းကျင်မှ ပိုပြီးလေးစားကြတာမို့၊ မိမိမှာ လူအများသဘောကျ နှစ်သက်စေတဲ့ ပညာဂုဏ်ရှိခြင်းဟာလည်း လူမှုဝန်းကျင်မှာအောင်မြင်ခြင်း တိုးလာနိုင်ပါတယ်။

**(၂) ငွေကြေးစည်းစိမ်ရှိခြင်း**

စီးပွားရေးအောင်မြင်ပြီး ငွေကြေးကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတွေကို လူမှုပတ်ဝန်းကျင်မှ ပိုပြီး အထင်ကြီးကြတာမို့၊ မိမိမှာ လူအများသဘောကျ နှစ်သက်စေတဲ့ ငွေကြေးစည်းစိမ်ရှိခြင်းဟာလည်း လူမှုဝန်းကျင်မှာအောင်မြင်ခြင်း တိုးလာနိုင်ပါတယ်။

**(၃) ရာထူးအာဏာရှိခြင်း**

ရာထူးအာဏာကြီးသော အကြီးအကဲတွေကို လူမှုပတ်ဝန်းကျင်မှ လိုက်နာဆောင်ရွက်ကြတာမို့၊ မိမိမှာ လူအများသဘောကျ နှစ်သက်စေတဲ့ ရာထူးအာဏာရှိခြင်းဟာလည်း လူမှုဝန်းကျင်မှာအောင်မြင်ခြင်း တိုးလာနိုင်ပါတယ်။

လူတိုင်းဟာ တစ်ဦးတည်း ရပ်တည်လို့မရတာမို့၊ လူမှုအသိုင်းအဝိုင်းကို တည်ဆောက်ရတယ်၊ လူတွေနဲ့ ပေါင်းသင်း

ဆက်ဆံရတယ်၊ လူမှုပတ်ဝန်းကျင်နဲ့ ညီထွေအောင်နေထိုင်ကြရမှာ ဖြစ်ပါတယ်။ ဒီအခါမှာလဲ ပတ်ဝန်းကျင်ကောင်းတခုကို တည်ဆောက် ဖန်တီးပြီး အောင်မြင်တိုးတက်မှုကို ဖန်တီးကြရမှာ ဖြစ်ပါတယ်။

| သင်အောင်မြင်ဖို့ပေါင်းသင်းရမည့် လူ(၄)မျိုး | သင်ကျရှုံးစေသည့်သတိထားရမယ့် လူ(၄)မျိုး |
|---|---|
| (၁) ဘဝမှာ သင့်ကို ဖန်တီးပံ့ပိုးပေး သူများ | (၁) ဘဝမှာ သင့်ကို ကျရှုံးစေတဲ့ အပေါင်းသင်းမှားသူများ |
| (၂) ဘဝမှာ သင့်ကို တွန်းတင်ပေးနေတဲ့ သူများ | (၂) ဘဝမှာ သင့်ကို မတိုးတက်အောင် ဆွဲချနေသူများ |
| (၃) ဘဝမှာ သင့်ကို ခွန်အားပေးနေ သူများ | (၃) ဘဝမှာ သင့်ကို မနာလို အပြစ်တင်နေသူများ |
| (၄) ဘဝမှာသင့်ကိုအောင်မြင်မှုကို ဖန်တီးစေသူများ | (၄) ဘဝမှာ သင့်ရဲ့ တိုးတက်မှုကို ဖျက်စီးနေသူများ |

ပတ်ဝန်းကျင်ဆိုရာမှာလဲ ကိုယ့်ကိုချစ်မြတ်နိုင်သော လူမှုပတ်ဝန်းကျင်နဲ့ ကိုယ်ကိုယ်မနာလို မုန်းတီးမှုရှိနိုင်တဲ့ ပတ်ဝန်းကျင် ဆိုတဲ့ ပတ်ဝန်းကျင် (၂-မျိုး) ရှိနိုင်မှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကြောင့်လဲ သင့်ဘဝ တိုးတက်မှုသို့ ဆွဲချနေတာရှိသလို၊ ပတ်ဝန်းကျင်ကြောင့်လဲ သင့်ဘဝတိုးတက်မှုသို့ ဆွဲခေါ်နေတာမျိုးလဲ ရှိနေပါတယ်။ မည်သို့ပင်ဖြစ်စေ လူမှုပတ်ဝန်းကျင်ကြောင့် ကိုယ့်က ကျရှုံးတာမျိုး

မဖြစ်စေပဲ၊ ကိုယ့်ကြောင့် လူမှုပတ်ဝန်းကျင်တိုးတက်ဖို့ဟာ အဓိက ပဲဖြစ်ပါတယ်။ လူမှုပတ်ဝန်းကျင်ရဲ့ အားပေးမှု၊ ယုံကြည်မှုရလာ သည်နှင့်အမျှ သင့်ရဲ့တိုးတက်မှုဟာလည်း များစွာတိုးပွားလာနိုင်မှာ ဖြစ်ပါတယ်။

လူမှုဝန်းကျင်ကို လေ့လာထားမိသလောက် လူ (၈-မျိုး) ဟာ သင့်ဘဝမှာ တွေ့ဆုံနေရမှာဖြစ်ပါတယ်။ သူတို့နဲ့ အဆင်ပြေစွာ နေထိုင်နိုင်ခြင်းသာ သင့်အတွက် တိုးတက်အောင်မြင်မှုတွေကို ဖန်တီး ပေးစေပါလိမ့်မယ်။

အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ဆိုသလိုပဲ နေထိုင်ရာ ပတ်ဝန်းကျင်မှာ ဘယ်သူတွေနဲ့ ပေါင်း သင်းမလဲ၊ ဘယ်သူတွေနဲ့ သတိထားပေါင်းသင်းမလဲဆိုတာ လူမှုပတ် ဝန်းကျင်မှာ ပေါင်းသင်းဆက်ဆံမှုကို ကောင်းအောင်ကြိုးစားပြီး အောင်မြင်မှုဖန်တီးသွားရမှာဖြစ်ပါတယ်။

နေထိုင်တဲ့ လူမှုပတ်ဝန်းကျင်မှာ လက်ခံထားတဲ့ အသိပညာ မတူညီမှု၊ တွေ့ကြုံထားတဲ့ အတွေ့အကြုံအမြင်တွေ မတူညီစွာရှိနေ ကြမှာမို့ နားလည်နိုင်ပေးသော စွမ်းရည် (Understanding Skill) သာ အဓိက လိုအပ်ပါတယ်။

သင့်ကို မကူညီခဲ့တဲ့ သူတွေကြောင့်လည်း သင်ဟာ ကိုယ် တိုင်ကြိုးစားခဲ့ရလိမ့်မယ်။

သင့်ကို တိုက်ခိုက်နေတဲ့ သူတွေကြောင့်လည်း သင်ဟာ ပိုကောင်းအောင် နေခဲ့လိမ့်မယ်။

သင့်ကို တိုးတက်အောင် တွန်းပို့ခဲ့သူတွေကြောင့်လည်း သင်ဟာ အောင်မြင်ခဲ့လိမ့်မယ်။

အမှန်တကယ်တော့ လူတိုင်းဟာ သင့်အပေါ် ကျေးဇူးရှိသူတွေပါပဲ။ သူတို့အတွက် ကျေးဇူးတင်ရင်း မိမိ သွားလိုတဲ့ ရည်ရွယ်ချက်တွေဆီ သွားနေဖို့သာ အဓိကဖြစ်စေပါလိမ့်မယ်။

လူမှုပတ်ဝန်းကျင်က သင့်ကို ဘာတွေပြောနေသလဲ၊ ပတ်ဝန်းကျင်က ဘာတွေလုပ်နေသလဲ သွားကြည့်နေတာထက်စာရင် သင်ဘာတွေ လုပ်ချင်သလဲ၊ သင်ဘာတွေလုပ်ရန် ကျန်သေးသလဲဆိုတဲ့ ဖန်တီးမှုသာအဓိကဖြစ်ပါတယ်။

လူမှုပတ်ဝန်းကျင်မှာ အဓိကအကျဆုံးအချက်ကတော့ ယုံကြည်မှုရှိစွာနေထိုင်ဖို့ပါ၊ သင့်အပေါ် ယုံကြည်လာသည်နှင့်အမျှ သင့်ရဲ့ ပြောဆိုမှု၊ သင့်ရဲ့လုပ်ဆောင်မှု၊ သင့်ရဲ့လုပ်ငန်းအပေါ်မှာလည်း ယုံကြည်မှုတိုးပွားလာပြီး တိုးတက်အောင်မြင်မှုတွေကို ဖန်တီးပေးသွားခြင်းပါပဲ။

## လူမှုဝန်းကျင်မှ သင့်အပေါ် ယုံကြည်မှုရှိအောင် နေထိုင်နည်းများ

ရိုးသားဖြောင့်မတ်ခြင်းဖြင့် လူတိုင်းက သင့်ကို ယုံကြည်မှု

ပေးပါလိမ့်မယ်

အရှိအရှိအတိုင်း ရိုးသားပွင့်လင်းခြင်းဟာ သင့်အပေါ် ယုံကြည်မှုတိုးစေတယ်။

မိမိရဲ့ ကတိစကားထိန်းထားခြင်းဟာ လူတွေရဲ့ ယုံကြည်မှုကို ဖြစ်စေပါတယ်

အများအပေါ် တန်းတူညီမျှမှုပေးခြင်းဟာလည်း လူတွေရဲ့ ယုံကြည်မှုကို ရစေတယ်။

ပွင့်လင်းမြင်သာမှုရှိစေခြင်းဟာလည်း လူတိုင်းက သင့်အပေါ် ယုံကြည်နိုင်ပါတယ်။

လူမှုပတ်ဝန်းကျင်မှ ယုံကြည်အားပေးမှုများလာလေလေ ဘဝမှာ တိုးတက်အောင်မြင်လေလေဖြစ်ပါတယ်။ ဘဝဆိုတာ အများ အတွက် ပေးဆပ်ရင်း၊ အောင်မြင်မှုကို ဖန်တီးနေရသည်ဟာ (အောင် မြင်သူတွေကို လေ့လာကြည့်ရင် တွေ့မြင်နိုင်မှာဖြစ်ပါတယ်)။ ပတ် ဝန်းကျင်မပါသော အောင်မြင်တိုးတက်မှုဟူသည် မရှိနိုင်ပါ။ ဒါကြောင့် လူမှုဝန်းကျင်မှာ အောင်မြင်ဖို့အတွက် လူမှုဝန်းကျင်မှာ ယုံကြည် အောင် ရိုးသားပါ၊ လေးစားခံရဖို့ ကြိုးစားပါ ဆိုတဲ့ လူမှုဝန်းကျင် နေထိုင်နည်း ဉပဒေသ(၂)ရပ်ဖြင့် လူမှုဝန်းကျင်မှာအောင်မြင်ဖို့ အကြံပြုအပ်ပါတယ်။

လောကမှာ မတူညီတဲ့ လူအများနဲ့ နေထိုင်ကြရတဲ့ ပတ်ဝန်းကျင်မှာ (သင့်ချစ်တဲ့သူ၊ သင်မချစ်တဲ့သူလည်းရှိနိုင်တယ်)၊ သင့်ကိုချစ်တဲ့သူရှိသလို၊ သင့်ကိုမချစ်တဲ့သူလည်းရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် လောကမှာ မတူညီစွာ သဘောထား ကွဲလွဲနေမှာမို့ (သင်ချစ်တဲ့အလုပ်၊ သင်ချစ်သောသူတွေ) အတွက်သာ ပေးဆပ်ကြိုးစားရင်း မြင့်သူ၊ နိမ့်သူ၊ ချစ်ခင်သူအားလုံးအတွက် ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး အချက် (၄-ချက်) ကို လက်ကိုင်ထားရမှာဖြစ်ပါတယ်။

မိမိထက်သာလွန်တဲ့ သူတွေအပေါ်မှာ (မုဒိတာ) ဝမ်းသာပီတိ ဂုဏ်ယူအားကျရမှာဖြစ်ပါတယ်။

မိမိနဲ့တန်းတူဖြစ်တဲ့ သူတွေအပေါ်မှာ (မေတ္တာ) ချစ်ခင်နှစ်သက်မှုနှင့် ဆက်ဆံရမှာဖြစ်ပါတယ်။

မိမိနဲ့နိမ့်ကျတဲ့ သူတွေအပေါ်မှာ (ဂရုဏာ) သနားကြင်နာကူညီစောင့်ရှောက်ရမှာဖြစ်ပါတယ်။

မိမိနဲ့ညှိမရတဲ့ သူတွေအပေါ်မှာ (ဥပေက္ခာ) မျက်ကွယ်ပြုပြီး ကောင်းမှုအပေါ် အာရုံပြုရမှာဖြစ်ပါတယ်။

လောကကြီးဆိုတာ (မတူညီတဲ့ အရာတွေနဲ့ ပေါင်းစပ်ထားတာဖြစ်လို့၊ ကိုယ်အလိုမကျဖြစ်တဲ့အခါ လောကတရားကို နားလည်နေဖို့လိုပါတယ်) ရာသီဥတုမှာလည်း (ကိုယ်ကြိုက်တဲ့ ရာသီ၊ မကြိုက်တဲ့ ရာသီ ရှိနိုင်သလို)၊ လူမှုဝန်းကျင်မှာလည်း ကိုယ်ကြိုက်တဲ့ ဝန်းကျင်၊

ကိုယ်မကြိုက်တဲ့ ဝန်းကျင်တွေဆို ရှိနိုင်ပါတယ်။ ဘယ်အရာတွေကိုမှ တူညီအောင် ညှိနှိုင်းပြီး ချစ်တက်လာအောင် ညှိနှိုင်းတာထက် ချစ်ခင်တန်ဖိုးထားတဲ့ အရာတွေ၊ လူတွေအတွက်သာ တက်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ဖို့သာ အဓိကဖြစ်ပါတယ်။

## လူမှုဝန်းကျင်နှင့် အောင်မြင်ရေးမဟာဗျူဟာ

(ဥပမာ - ရေသောက်မြစ်မရှိသော အပင်ဟာ မရှင်သန်နိုင်သလို၊ ပတ်ဝန်းကျင်၏ အားပေးမှုမရှိသူဟာလည်း မအောင်မြင်နိုင်ပါဘူး။ အောင်မြင်ခြင်းဆိုတာ ပတ်ဝန်းကျင်မှ ယုံကြည်ပေးအပ်ထားခြင်းဖြစ်ပါတယ်။ ပြည်သူချစ်သော အနုပညာရှင်၊ ပြည်သူမဲပေးသော နိုင်ငံခေါင်းဆောင်များ၏ အောင်မြင်မှုသည် ပတ်ဝန်းကျင်ပြည်သူလူထုပင်ဖြစ်ပါတယ်။ အများကို အားပေးခြင်းဖြင့် အများ၏ အားပေးမှုကိုရယူပါ။ လောကမှာ အများအတွက် ပေးဆပ်နိုင်ခြင်းသည်သာ အောင်မြင်ခြင်းဖြစ်၏။

ပတ်ဝန်းကျင်မှာ တခြားသူတွေကို ကျေးဇူးတင်ခြင်းဖြင့် လူတွေရဲ့ချစ်ခင်မှုကိုရယူပါ။

ပတ်ဝန်းကျင်မှာ တပါးသူတွေကို ဝန်ဆောင်မှုပေးခြင်းဖြင့် အောင်မြင်မှုရယူပါ။

ပတ်ဝန်းကျင်မှာ အမှားတွေကို တောင်းပန်ခြင်းဖြင့် ရေရှည်ဆက်ဆံသွားပါ။

ကမ္ဘာကျော်ခေါင်းဆောင်တွေ အသုံးပြုတဲ့ Servant Leadership (အစေခံသော ခေါင်းဆောင်မှုဟူသည်) ပတ်ဝန်းကျင်ကို Service ဝန်ဆောင်ပေးပြီး အကောင်းဆုံးကြိုးစား အောင်မြင်နေဖို့ပင်ဖြစ်ပါတယ်။

အောင်မြင်သူတွေဆိုတာ ပတ်ဝန်းကျင်ကို ဝန်ဆောင်မှုပေးရင်း ဘဝကိုတည်ဆောက်နေသူတွေပါ။ အောင်မြင်ဖို့အတွက် နေ့စဉ်ပတ်ဝန်းကျင်ကို အကောင်းဆုံးဝန်ဆောင်ပေးနေပါ။

ဘဝမှာ ထူးချွန်မှုသာ ကိုယ်ပိုင်ဆိုင်တာပါ၊ အောင်မြင်ခြင်းဆိုတာ ပတ်ဝန်းကျင်မှပေးထားတာမို့ နေ့စဉ် မိမိဝန်းကျင်ကို ကောင်းတာလေးတွေ ကျေးဇူးတင်ပါ၊ မိမိလိုအပ်တာလေးတွေကို တောင်းပန်စေပါ။ ဒီကျင့်ဝတ်လေးဟာ နေ့စဉ်ဘဝမှာ အရေးကြီးဆုံးပင်ဖြစ်ပါတယ်။ တပါးသူစိတ်ကျေနပ်အောင် ပေးနေခြင်းဖြင့် မိမိအောင်မြင်မှုကို ရယူနိုင်ခြင်းသာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (လူမှုဝန်းကျင်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ပတ်ဝန်းကျင်ကို အားပေးခြင်းဖြင့် ပတ်ဝန်းကျင်ရဲ့ အားတွေကို ရယူပြီး အောင်မြင်မှုခွန်အားများရယူပါ။ | ပတ်ဝန်းကျင်ဆိုတာ ခဏတာအသုံးချ၍ မရပါ။ ရေရှည်ပတ်ဝန်းကျင်မှ အားပေးမှသာ အောင်မြင်၏။ |
| တပါးသူ ကောင်းတာ၊ မကောင်းတာ သူ၏ ကံပါ၊ မိမိကောင်းအောင် ကြိုးစားနေတာ မိမိကံဖြစ်တယ်။ | တခြားသူကို ထိခိုက်စေ၍ မိမိတိုးတက်မည်မဟုတ်။ တခြားသူကို မြင့်တင်ပေးမှ မိမိလည်းတိုးတက်နေ၏။ |
| ပတ်ဝန်းကျင်မှ လေးစားတန်ဖိုးထားသော (ဩဇာ၊ ငွေကြေး၊ ရာထူး) တခုခုရှိဖို့ ကြိုးစားပါ။ | ပတ်ဝန်းကျင် မီးလောင်လျှင် မိမိအိမ် မီးကူးနိုင်လို့ အရာရာ ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး ငြိမ်မနေပါနဲ့။ |

## Quality

### “အရည်အသွေးတိုးတက်အောင် ကြိုးစားသူနှင့် မကြိုးစားသူတို့၏ကွာခြားချက်”

အောင်မြင်သူဆိုတာ ထူးချွန်ကျွမ်းကျင်ဖို့အတွက် Quality အရည်အသွေး တိုးတက်အောင် ကြိုးစားတယ်။

မအောင်မြင်သူဆိုတာ မိမိရှိတဲ့ Quality တိုးတက်အောင် မလေ့ကျင့် မကြိုးစားပဲ နေထိုင်တဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " Q "

## Quality - အရည်အသွေး

"ရိုးရိုး ကျင့် မြင့်မြင့် ကြံ"

**အောင်မြင်လာလို့ထူးချွန်လာသလား - ထူးချွန်လာမှအောင်မြင်လာသလား-?**

ထူးချွန်မှုစွမ်းရည်ဆိုတာ ကျွမ်းကျင်မှုမှ လာပါတယ်။ ကျွမ်းကျင်မှုဆိုတာ လေ့ကျင့်မှုမှလာပါတယ်။ ယနေ့ကမ္ဘာမှာ နယ်ပယ်တစ်ခုမှာ တဖက်ကမ်းထူးချွန်ကျွမ်းကျင်သူတွေဟာ တစ်ခုတည်းသောအရာကိုပဲပြုလုပ်ခဲ့ကြပါတယ်။ ထိုတစ်ခုတည်းသောအရာဟာ (Practice - လေ့ကျင့်မှု) ဖြစ်ပါတယ်။ အားကစားသမားတွေကြည့်မလား၊ အနုပညာသမားတွေကြည့်မလား၊ ဟောပြောတဲ့ ပညာရှင်တွေကြည့်

မလားအားလုံးဟာ ကြိမ်ဖန်များစွာ လေ့ကျင့်ရင်း၊ အတွေ့အကြုံများလာရင်းနဲ့ နယ်ပယ်တစ်ခုမှာ တစိုက်မက်မက်ကြိုးစားခြင်းကြောင့်သာ ထူးချွန်အောင်မြင်ခြင်းပဲဖြစ်ပါတယ်။ (လေကျင့်တဲ့ Quantity အရည်အတွက်များလာလေလေ၊ ထူးချွန်တဲ့ Quality အရည်အချင်းတက်လာလေလေ ဖြစ်ပါတယ်)။ ထူးချွန်ကျွမ်းကျင်မှုဟာ မွေးရာပါမဟုတ်သလို၊ လေ့ကျင့်ယူနိုင်တယ်ဆိုတာ စိတ်မှာယုံကြည်ပြီး မိမိအောင်မြင်ချင်တဲ့ နယ်ပယ်တစ်ခုမှာ လေ့ကျင့်ခြင်းဖြင့် တဖက်ကမ်းထူးချွန်အောင်ကြိုးစားဖို့ပါ-။

**ယနေ့ခေတ်မှာ အဖက်ဖက်မှာ ထူးချွန်အောင်မြင်စေဖို့ (စွမ်းရည် ၉-မျိုး)**

| | | |
|---|---|---|
| **IQ** | **EQ** | **SQ** |
| **PQ** | **CQ** | **AQ** |
| **FQ** | **LQ** | **TQ** |

**(EQ) - Emotional Quotient (နှလုံးရည်ဆိုင်ရာ စွမ်းရည်)**

ကောင်းမွန်တဲ့ စိတ်နေစိတ်ထား၊ လူမှုဝန်းကျင်အပေါ် တန်ဖိုးထားလေးစားပြီး၊ အများအတွက် စိတ်ကောင်းစေတနာအပေါ် မှ အခြေခံပြီး ဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(IQ) - Intelectual Quotient** (ဉာဏ်ရည်ဆိုင်ရာ စွမ်းရည်)

အတွေးအခေါ်ကောင်းမွန်ခြင်းဆိုတဲ့ စာပေဖတ်ရှုမှု၊ စူးစမ်းလေ့လာမှုတွေအပေါ်မှာ အခြေခံပြီး၊ အတက်ပညာအပေါ်မှာ ထူးချွန်ကျွမ်းကျင်ခြင်းမှ ဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(SQ) - Spiritual Quotient** (ဘာသာတရားဆိုင်ရာ စွမ်းရည်)

အဆိုး၊ အကောင်း၊ အမှား၊ အမှန်ဆိုတဲ့ ကိုးကွယ်ယုံကြည်မှုအပေါ် မူတည်ပြီး ဘာသာတရားအဆုံးအမအတိုင်း ကျင့်ကြံကြိုးစားခြင်းမှဖြစ်တည်လာသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(PQ) - Physical Quotient** (ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်)

ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ဆိုရာမှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာမှုနှင့် ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းတက်ကြွမှုအပေါ်မှာ အခြေခံပြီးဖြစ်လာတဲ့ စွမ်းရည်ပင် ဖြစ်ပါတယ်။

**(CQ) - Cultural Quotient** (လူမှုယဉ်ကျေးမှုဆိုင်ရာ စွမ်းရည်)

ယဉ်ကျေးမှုဆိုင်ရာ စွမ်းရည်ဆိုရာမှာ မတူညီတဲ့ လူမျိုးအသီးသီးနှင့် လိုက်လျောညီထွေ ပြောဆို၊ ဆက်ဆံ၊ နေထိုင်တက်မှုအပေါ် အခြေခံ

ပြီးဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(FQ) - Financial Quotient** (ငွေကြေးစီးပွားရေးဆိုင်ရာ စွမ်းရည်)

စီးပွားရေးဆိုင်ရာ အရှုံး-အမြတ် (ကိန်းဂဏန်း) တွက်ချက်၊ ဆုံးဖြတ်မှုနှင့် ဝင်ငွေ၊ လုပ်ငန်းတိုးတက်မှုဆိုင်ရာ ဆောင်ရွက်နိုင်စွမ်းသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(TQ) - Technological Quotient** (နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်)

တိုးတက်လာတဲ့ ခေတ်တစ်ခုရဲ့ နည်းပညာအသုံးပြုပြီး၊ ဆန်းသစ်တီထွင်မှုဖြင့် လျှင်မြန်တိုးတက်အောင် ဆက်သွယ်ချိတ်ဆက်နိုင်စွမ်းမှ ဖြစ်လာသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(LQ) - Leadership Quotient** (ခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်)

မိမိနှင့် အများအတွက် အကျိုးတရားဖြစ်ပေါ်စေရန် တာဝန်ယူဆောင်ရွက်ပြီး လက်တွေ့အကောင်အထည်ဖော် ဦးဆောင်စီမံမှုမှ ဖြစ်ပေါ်လာသော စွမ်းရည် ပင်ဖြစ်ပါတယ်။

**(AQ) - Adversity Quotient** (အခက်အခဲများ ကျော်ဖြတ်နိုင်သော စွမ်းရည်)

အောင်မြင်သူဖြစ်ဖို့မှာ AQ ဆိုတဲ့ အခက်အခဲများကို ခံနိုင်ရည်

ရှိသော၊ ကျော်ဖြတ်နိုင်စွမ်းသော စွမ်းရည်များရှိဖို့လိုအပ်ပါတယ်။ အခက်အခဲမှ အခွင့်အရေးသို့၊ ကျရှုံးမှု မှ အောင်မြင်မှုသို့ ဖွဲ့ရှိရှိနဲ့ ကြိုးစားအောင်မြင်နိုင်သော စွမ်းရည်ရှိဖို့သည် အရေးကြီးဆုံးပင် ဖြစ်ပါတယ်။

| **Quantity**(အရည်အတွက်လေ့ကျင့်မှု) | **Quality**(အရည်အသွေးတိုးတက်မှု) |
|---|---|
| စာရေးတဲ့အရေအတွက် များလာတဲ့အခါ | လက်ရေးလှတဲ့ အရေအသွေးတိုးလာတယ်။ |
| အလုပ်လုပ်တဲ့ အရည်အတွက်များလာတဲ့ခါ | အလုပ်ကျွမ်းကျင်တဲ့အရေအချင်းတိုးလာတယ်။ |
| အတန်းတက်တဲ့အရေအတွက်များလာတဲ့အခါ | ပညာတတ်တဲ့ အရေအသွေးတိုးလာတယ်။ |
| ဦးဆောင်တဲ့အရေအတွက် များလာတဲ့အခါ | ဩဇာရှိမှု အရည်အချင်း တိုးလာတယ်။ |
| တရားကျင့်တဲ့ အရေအတွက် များလာတဲ့အခါ | တရားရတဲ့ အရည်အသွေးတိုးလာတယ်။ |

**လေကျင့်တဲ့ Quantity အရည်အတွက်များလာလေလေ၊**

**ထူးချွန်တဲ့ Quality အရည်အချင်းတက်လာလေလေ ဖြစ်ပါတယ်။**

အောင်မြင်ဖို့ဆိုရာမှာ (လေ့ကျင့်တဲ့ အရည်အတွက်ဟာ) အဓိကကျပါတယ်။ အရေအတွက် ဘယ်လောက် လေ့ကျင့်ယူသွား မလဲဆိုတာ အောင်မြင်မှုအရည်အချင်းတွေကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။ ကမ္ဘာကျော် အောင်မြင်တိုးတက်ခဲ့သူတွေအားလုံးဟာ ထိုနယ်ပယ်တစ်ခုအပေါ်မှာ အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

**ထူးချွန်မှုစွမ်းရည်နှင့် အောင်မြင်ရေးမဟာဗျူဟာ**

(ဥပမာ - ဘောလုံးကန်တဲ့နေရာမှာ ထူးချွန်တဲ့စွမ်းရည်ရှိလို့၊ ကျော်ကြားနေတဲ့ ကမ္ဘာကျော် ဘောလုံးသမား ဖြစ်လာခြင်းပင်ဖြစ်ပါတယ်။ အောင်မြင်မှုနယ်ပယ်တစ်ခုရောက်ရှိဖို့ဆိုရာမှာ အထားနဲ့မတူတဲ့ ထူးချွန်တဲ့ စွမ်းရည်တစ်ရပ်ရှိနေဖို့ လိုအပ်မှာဖြစ်ပါတယ် ။ (ထူးချွန်ဖို့မှာလည်း လေ့ကျင့်နေမှုဟာ အဓိကဖြစ်ပါတယ်)။

ထူးချွန်သူအားလုံးတို့သည် မွေးရာပါ စွမ်းရည်များ မဟုတ်ပါ။ အချိန်ကာလများစွာ လေ့ကျင့်နေခြင်း၏ ရလဒ်ပင်ဖြစ်ပါတယ်။ ဘဝမှာ အောင်မြင်ဖို့ လေ့ကျင့်သင်ယူနေမှုဟာ သိပ်ကို အဓိကကျလှပါတယ်။ စဉ်ဆက်မပျက်သော လေ့ကျင့်နေမှုသည်ဟာ ထူးချွန်အောင်မြင်သူတို့၏ လျို့ဝှက်ချက်စွမ်းရည်ပင်ဖြစ်ပါ-တယ်။

အရေအတွက် လေ့ကျင့်မှုမှာလည်း (စဉ်ဆက်မပျက်) လေ့ကျင့်ယူမှုဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ယခုနှစ် GYM ကစားပြီး နောက် ၁၀-နှစ်မှ ပြန်ကစား၍ မဖြစ်နိုင်ပါဘူး။စဉ်ဆက်မပျက်သော လေ့ကျင့်မှုသည်သာ အရည်အချင်းတိုးတက်ရေး

မှာ အဓိကဖြစ်ပါတယ်။ ဒါကြောင့် အရည်အချင်းတိုးတက်ဖို့ဆို ရာမှာ စဉ်ဆက်မပျက်သော လေ့ကျင့်နေမှုသည်သာ အရေးအကြီးဆုံးပင်ဖြစ်ပါတယ်။

**အောင်မြင်ရေးမဟာဗျူဟာ (ထူးချွန်မှုစွမ်းရည်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ များများလေ့ကျင့်လေလေ၊ များများ ထူးချွန်လေလေအတိုင်း အစဉ်အမြဲလေ့ကျင့်နေပါ။ | ၁။ ခဏတာ လေ့ကျင့်သင်ယူမှုမျိုး မဖြစ်ပါစေနဲ့ ထိုနည်းသည် ထူးချွန်မှုစွမ်းရည် မတက်စေနိုင်ပါ။ |
| ၂။ မိမိနယ်ပယ်မှာ လိုအပ်တဲ့ စွမ်းရည်များကို ပိုမိုထူးချွန်ဖို့ ဦးစားပေးလေ့ကျင့်သင်ယူနေပါ။ | ၂။ ထူးချွန်ဖို့ လေ့ကျင့်တဲ့အခါ (မပျင်းရိပါနဲ့) အစပိုင်းမှာ မလုပ်ချင်ပါ၊ သို့သော် လုပ်လိုက်ပါ။ |
| ၃။ အောင်မြင်သူတွေ လေ့ကျင့်ခဲ့တဲ့ နည်းအတိုင်း စည်းကမ်းနဲ့ လေ့ကျင့်သွားပါ ထူးချွန်လာမှာပါ။ | ၃။ ထူးချွန်မှုဆိုတာ မွေးရာပါမဟုတ်ပါ၊ လေ့ကျင့်နေခြင်းပါ။ အမြဲလေ့ကျင့်နေပါ။ |

## Result

### "ရလဒ်ကောင်းအောင် ကြိုးစားသူနှင့် မကြိုးစားသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ အလုပ်ကြိုးစားတဲ့အခါမှာ ရလဒ်ကောင်းကောင်းဖြစ်ဖို့ ကြိုးစားအားထုတ်တယ်။

မအောင်မြင်သူဆိုတာ ကြိုးစားအားထုတ်ရုံသက်သက် ကြိုးစားပြီး ရလဒ်ကို အခြေမပြုတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# “ R ”

## Result - ရလဒ်ကောင်းများဖန်တီးမှု

“ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်”

**အလုပ်ကြိုးစားဖို့အဓိကလား. . . ?အလုပ်ရလဒ်ဖြစ်ဖို့အဓိကလား. . . ?**

ရလဒ်မပါသော ကြိုးစားမှုဟာ အချည်းအနှီးဖြစ်သလို၊ ကြိုးစားမှုမရှိသော ရလဒ်ဟာလည်း အဓိပ္ပါယ်မရှိပါဘူး။ လူတိုင်းလူတိုင်းဟာ ကိုယ်ကြိုးစားမှုနဲ့ လျော်ညီတဲ့ ရလဒ်တွေကိုပဲ ပိုင်ဆိုင်ထားကြပါတယ်။ အလုပ်ကြိုးစားတာထက်၊ ရလဒ်ဖြစ်အောင် ကြိုးစားပါမှ ရလဒ်များပြီး အောင်မြင်မှုဖြစ်နိုင်မှာဖြစ်ပါတယ်။

ကမ္ဘာမှာလက်ကိုင်ကျင့်သုံးတဲ့ ကောင်းမွန်သောစီမံခန့်ခွဲနည်းဆိုသည်မှာ (အချိန်တိုအတွင်း ရလဒ်များအောင် စီမံနိုင်ခြင်း

ပင်ဖြစ်ပါတယ်)။ အချိန်တိုတို ကုန်ကျစရိတ်သက်သာစွာနဲ့ ရလဒ်များများဖြစ်အောင် ကြိုးစားဖို့ပင်ဖြစ်ပါတယ်။

ကမ္ဘာမှာ နာမည်ကြီး သီအိုရီတစ်ခုဖြစ်တဲ့ E + R = O သဘောအရ၊ E (Event) အခြေအနေနှင့် R (Respond) တုန့်ပြန်မှုပေါင်းမှ O (Outcome) ဆိုတာဖြစ်ပါတယ်။ ဒါကြောင့်အခြေနေတိုင်းမှာ ရလဒ်ဖြစ်ဖို့ဆိုရင် အရေးကြီးတာ ကတော့ Respond တုံ့ပြန်ဆောင်ရွက်မှု အရေးကြီးပါတယ်။ ဘယ်လိုအကောင်းဆုံး တုန့်ပြန်ဆောင်ရွက်မလဲဆိုတာ ဆုံးဖြတ်ပြီး (အကောင်းဆုံး ရလဒ်တွေကို ဖန်တီးရမှာဖြစ်ပါတယ်)။ ဒါကြောင့်မိမိတုန့်ပြန်မှုမှာ အကောင်းဆုံး တုံ့ပြန်ပြီးတော့ အကောင်းဆုံးဖြစ်မဲ့အရာကို ရွေးချယ်တုန့်ပြန်ပြီးတော့ အကောင်းဆုံးသော Result ရလဒ်ကောင်းများကို ဖန်တီးရယူရမှာ ဖြစ်ပါတယ်။

လူသားအားလုံးသည် မိမိကောင်းမယ်ထင်တဲ့အရာကို အကောင်းဆုံးကြိုးစားနေကြတာပါ။ အောင်မြင်မှုဆိုတာ ရလဒ်သေးသေးလေးတွေနဲ့ ရလဒ်များစွာကို ပေါင်းစုထားခြင်းဖြစ်ပါတယ်။ ရလဒ်သေးသေးတွေ ရလဒ်ကြီးကြီးမားမားတွေ အားလုံးပေါင်းစုံသော ရလဒ်ပေါင်းများစွာ ဖြစ်လာပြီဆိုရင် အောင်မြင်မှုလို့သတ်မှတ်ကြပါတယ်။ ဒါကြောင့် အောင်မြင်မှုကို ဖန်တီးတဲ့အခါ ရလဒ်များဖြင့် သက်သေပြပါ။ ဘယ်လိုရလဒ်တွေဖန်တီးမလဲ ဘယ်လိုရလဒ်ကောင်းများ

ထွက်ပေါ်အောင်လုပ်မလဲဆိုတာ ကြိုးစားနေရမှာဖြစ်ပါတယ်။

**အောင်မြင်သူဆိုတာ ဘယ်လိုသူတွေလဲ...?**

- Risk to Rewards စွန့်စားမှုတွေမှ ရလဒ်အဖြစ် ပြောင်းလဲနိုင်သူ
- Obstetrical to Opportunity အခက်ခဲတွေမှ အခွင့်အလမ်းအဖြစ် ပြောင်းလဲပေးသူ
- Vision to Value ရည်မှန်းချက်တွေမှ တန်ဖိုးတရားတွေအဖြစ် ပြောင်းလဲပေးသူ

အောင်မြင်သူဆိုတာ အရာတစ်ခုကို ရလဒ်တန်ဖိုးအဖြစ် ပြောင်းလဲပေးနိုင်သူတွေပင်ဖြစ်ပါတယ်။ အောင်မြင်သူရဲ့ တာဝန်အတိုင်း စွန့်စားမှုတွေမှ ရလဒ်တွေကိုဖန်တီးပါ။ အခက်ခဲတွေကြားမှ အခွင့်အလမ်းတွေကို ဖန်တီးကြိုးစားနေပါ။ အောင်မြင်သူဆိုတာ အောင်မြင်ဖို့ကြိုးစားနေသူပါ။

အောင်မြင်တဲ့ရလဒ်ကို ဖန်တီးဖို့ကြိုးစားတဲ့အခါ Result Base Management (RBM) ရလဒ်အခြေပြု နည်းစနစ်အတိုင်း ကြိုးစားအောင်မြင်သွားရမှာဖြစ်ပါတယ်။ RBM နည်းစနစ်ဆိုသည်မှာ မိမိလိုချင်တဲ့ရလဒ်ကို အချိန်ကာလတခုမှာ သတ်မှတ်ထားပြီး၊ နေ့တိုင်းနေ့တိုင်းမှာ ကြီးကြပ်စီမံဆောင်ရွက်သွားခြင်းပင်ဖြစ်ပါတယ်။ ဥပမာ (၁၀ ရက်စာ) အလုပ် (၁၀-ခု) ပြီးရမယ်ဆိုရင် တစ်

ရက်စာမှာ အလုပ် (၁-ခု) ပြီးဖို့အတွက် နေ့စဉ် စီမံခန့်ခွဲသွားခြင်း ဖြင့် Result Base Management ရလဒ်ကို အခြေပြု စီမံခန့်ခွဲ နည်းလို့ဆိုပါတယ်။ အောင်မြင်ဖို့ အလုပ်တွေလုပ်တဲ့အခါမှာ နာရီ တစ်လုံးကဲ့သို့ စက္ကန့်မှသည် မိနစ် မိနစ်မှသည် နာရီဆိုပြီးတော့ ရလဒ်အသေးလေးတွေပေါင်းပြီးတော့ လိုချင်တဲ့ကြီးမားတဲ့ ရလဒ် အောင်မြင်မှုကို သေချာပေါက်ဖန်တီးနိုင်မာဖြစ်ပါတယ်။

ရလဒ်နှင့် ပတ်သတ်ပြီး အဓိကစဉ်းစားထားရမှာ အချိန်တို တွင်း အကျိုးရလဒ်ဖြစ်အောင် စီမံခန့်ခွဲခြင်းဆိုတဲ့ efficient & Effective (2E) အီးနှစ်လုံးကို လက်ကိုင်ထားပြီးတော့ အလုပ်တိုင်း မှာ ရလဒ်ကောင်းဖြစ်ဖို့ အချိန်တိုတွင်း အကျိုးရလဒ်ကောင်းများဖြစ်ဖို့ ကြိုးစားနေရမှာ ဖြစ်ပါတယ် အကျုိးရလဒ်ကောင်းများဖြစ်ဖို့ ဆိုတာ ကွဲကူး ရေပါအောက်က ပါလာမှာ ဖြစ်ပါတယ်။

ကမ္ဘာကျော် အောင်မြင်ရေးဟောပြောသူဖြစ်တဲ့ Jim Rohn ပြောဖူးတဲ့ (2R) သိပ်ကို သဘောကျမိတယ်။ လူ (၂-မျိုး) ပဲ ရှိပါ တယ်တဲ့. . .

ပထမ လူတမျိုးက (Reason = အကြောင်းပြချက်ပေးနေ သူ) နဲ့ ဒုတိယ လူတမျိုးက (Result = ရလဒ်ဖြစ်အောင် ကြိုးစား နေသူပါ)

လောကမှာ Reason အကြောင်းပြချက် ပေးနေရင်တော့

မကုန်ဆုံးနိုင်တာမို့ Result လိုချင်တဲ့ ရလဒ်ဖြစ်အောင် လုပ်ခြင်းသာ ပိုပြီးကောင်းမွန်တဲ့ နည်းလမ်းဖြစ်တယ်လို့ မြင်မိပါတယ်။

## Responsibility & Respect

တာဝန်ကျေပွန်မှုနဲ့ တခြားသူလေးစားရာ၏

ကိုယ့်တာဝန်ကိုယ်ကျေပွန်တာဟာ သူတပါးကူညီရာ၏

ကိုယ့်တာဝန်ကိုယ်မလုပ်တာဟာ သူတပါးနှောက်ယှက်ရာ၏

(ဥပမာ - လမ်းမပေါ်ကားပျက်ရင် တခြားကားများပိတ်စေ၏)

(မိမိတာဝန်ကျေပွန်ခြင်းသည်သာ အားလုံးတိုးတက်စေ၏)

ကိုယ့်တာဝန်ကိုယ်ယူ - အများအပေါ်လေးစား ကြိုးစားနေသူတိုင်းဟာ Result ရလဒ်ရှိတဲ့ လူသားပါပဲ။

**ရလဒ်နှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - တစ်ရက်မှာ အလုပ် ၁-ခုပဲ ပြီးတာထက်၊ တစ်ရက်မှာ အလုပ် ၁၀-ခု ရလဒ်ပြီးသူဟာ ပိုအောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်သူဆိုတာ အလုပ်များများနဲ့ မြန်မြန်ပြီးအောင် ကြိုးစားနေရမှာဖြစ်ပါတယ်။ အောင်မြင်သူတို့ဟာ ရည်မှန်းချက်ကြီးမားကြတယ်၊ လုပ်ချင်တာတွေ များစွာရှိတာမို့ (အတွေးပေါ်လာတာနဲ့ ချက်ချင်းလုပ်ပါ) လုပ်စရာရှိတာ အမြန်

ဆုံးလုပ်ပါ။

အလုပ်လုပ်တာများပေမယ့် ရလဒ်ပြီးမြောက်မှုမရှိလျှင် ပင်ပန်းပြီးအကျိုးမရှိသလို၊ ကြိုးစားမှုထက် ရလဒ်ဖြစ်ဖို့ကို ဦးစားပေးရမှာဖြစ်ပါတယ်။ ကြိုးစားဖို့ အရေးကြီးသလို၊ ရလဒ်ဖြစ်ဖို့ဟာ အရေးအကြီးဆုံးပင်ဖြစ်ပါတယ်။ အချိန်နည်းနည်းနဲ့ ရလဒ်များများဖြစ်ခြင်းဆိုတဲ့ ရလဒ်အခြေပြု ကြိုးစားနည်းနဲ့အတူ အောင်မြင်တိုးတက်ဖို့ ကြိုးစားနေရမှာဖြစ်ပါတယ်။

**အောင်မြင်ရေးမဟာဗျူဟာ (ရလဒ်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| Work for Value Result<br>အချိန်တွေအတွက် မကြိုးစားပဲ၊ ရလဒ်ဖြစ်ဖို့ ကြိုးစားပါ။ | Result ရလဒ်မဖြစ်လို့ Reason အကြောင်းပြချက်များများပေးလေ မိမိကိုယ်တိုင်ကျရှုံးလေလေပါပဲ။ |
| ရလဒ်ဖြစ်ဖို့သာ အဓိကပါ၊ ပင်ပန်းတာတွေ၊ ခက်ခဲတာတွေ အဓိကမဟုတ်ပါ။ | စေတနာမပါ ရလဒ်မထွက်ပါ၊ အလုပ်တိုင်းမှာ စိတ်စေတနာထည့်၍ ကြိုးစားအားထုတ်ပါ။ |
| အကောင်းဆုံးဖြစ်ရမယ်ဆိုတဲ့ ခံယူစိတ်နဲ့ ရလဒ်အမြင့်ဆုံး မျှော်မှန်းပြီး ကြိုးစားနေပါ။ | ရလဒ်ဖြစ်ပြီးရင်လည်း ကျေနပ်ပြီးမနေပါနဲ့ နောက်ဒီထက်ပိုကောင်းဖို့ ထပ်ပြီးကြိုးစားနေပါ။ |

**SMART**

## “နည်းစနစ်ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ အလုပ်ကြိုးစားလုပ်ကိုင်တဲ့ အခါမှာ နည်းစနစ်တကျ စည်းနဲ့ ကမ်းနဲ့ ကြိုးစားအားထုတ်လို့ဖြစ်တယ်။

မအောင်မြင်သူဆိုတာ အလုပ်လုပ်တဲ့အခါမှာ နည်းစနစ်မကျ စည်းကမ်းမရှိတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# "S"

## **SMART** - နည်းစနစ်တကျ ကြိုးစားမှု

---

"စည်းကမ်းသည် လူ၏တန်ဖိုး"

---

Don't Work Hard - Work Smart ကြိုးစားမှုထက် နည်းစနစ်ကျဖို့အဓိက <<< SMART Work Hard >>> နည်းစနစ်ဖြင့် ကြိုးစားလိုက်ရင်တော့ သေချာပေါက်တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ လူတိုင်းကြိုးစားနေကြပေမဲ့ တိုးတက်အောင်မြင်မှု မတူညီခြင်းဟာ (နည်းစနစ်) ကြောင့်ပင်ဖြစ်ပါတယ်။ အလုပ်လုပ်ဖို့ လူတိုင်းကြိုးစားကြပေမယ့် (နည်းစနစ်နဲ့ အလုပ်များများပြီးဖို့) ပို အရေးကြီးမှာဖြစ်ပါတယ်။

**SMART Method နည်းစနစ် ကြိုးစားအောင်မြင်နည်း (၅-ချက်)**

| | |
|---|---|
| **S – Specific**<br>တိကျသည့် ပန်းတိုင်ရှိခြင်း | **(Where – Goal)**<br>ဘယ်နေရာကို သွားချင်သလဲ |
| **M – Measurable**<br>တိုင်းတာနိုင်တဲ့ ရလဒ်ဖြစ်ခြင်း | **(What -–Result)**<br>ဘယ်ရလဒ်တွေဖြစ်ရမလဲ |
| **A – Achievable**<br>အောင်မြင်နိုင်တဲ့ နည်းလမ်းရှိခြင်း | **(Which – Way)**<br>ဘယ်နည်းလမ်းနဲ့ သွားမလဲ |
| **R – Realistic**<br>လက်တွေ့ဆောင်ရွက်မှုရှိခြင်း | **(How – Process)**<br>ဘယ်လို လက်တွေ့လုပ်မလဲ |
| **T - Time-bound**<br>ပြီးမြောက်မည့် အချိန်သတ်မှတ်ခြင်း | **(When – Target)**<br>ဘယ်အချိန်ပြီးမြောက်မလဲ |

တူညီတဲ့ လူမှုပတ်ဝန်းကျင်မှာ မတူညီစွာအောင်မြင်စေမှုတွေ ဖန်တီးပေးတာဟာ၊ မတူညီစွာ စီမံမှုဖြစ်တဲ့ System နည်းစနစ်ကြောင့်ပါပဲ။ စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် ဘဝမှာ တိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

စနစ်လို့ပြောရင် မလုပ်ခင်ပြင်ဆင်ခြင်းနှင့် လုပ်ဆောင်ရာမှာ စည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းပါပဲ။ အလုပ်မှာ စည်းကမ်း၊ စနစ်ရှိသူတွေဟာ ပိုမိုတိုးတက်ကြမှာဖြစ်သလို၊ လုပ်ငန်းပြီးမြောက်မှု

ကိုလဲ ပိုမိုရလဒ်ဖန်တီးစေပါတယ်။

တချို့ကလည်း အလုပ်ကို ကြိုးစားကြပြီး စနစ်မရှိတဲ့အခါ အလုပ်မှာ ပင်ပန်းလှပါတယ်၊ စနစ်တခုကို တည်ဆောက်ပြီးမှ လုပ်ငန်းကြိုးစားခြင်းဖြင့် ပိုမိုတိုးတက်မှာဖြစ်တာမို့ SMART နည်းလမ်းကို အသုံးပြုပြီး လုပ်ငန်းများ နည်းစနစ်တိုးမြင့်ဆောင်ရွက်ပြီး ရလဒ်တိုးတက်စေဖို့ အားပေးချင်ပါတယ်။

လုပ်ငန်းစနစ်ရှိဖို့လိုသလို လုပ်ငန်းတွေကိုလည်း Standard Operation Procedure (SOP) လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းတွေကို ကိုယ်တိုင်ရေးဆွဲထားသင့်ပါတယ်။ SOP ဆိုတာ ပိုမိုမြန်ဆန်စေဖို့၊ နည်းစနစ်ရှိစေဖို့၊ အောင်မြင်တိုးတက်စေဖို့ ရေးဆွဲထားတဲ့ လုပ်ငန်းစီမံနည်းတမျိုးပါပဲ (ပွဲမဝင်ခင် ပြင်ဆင်ဆိုသလို) ဘယ်လိုအခြေအနေမျိုးဆိုရင် ဘယ်လိုတုန့်ပြန်မလဲဆိုတဲ့ အကောင်းဆုံးရလဒ်တွေကိုဖြစ်စေဖို့ SOP နည်းစနစ်ရှိခြင်းသည် အောင်မြင်သူတို့၏ လျို့ဝှက်စည်းကမ်းဥပဒေသပင်ဖြစ်ပါတယ်။ ဖြစ်နေတဲ့ အခြေအနေထက် ဖြစ်လာတဲ့ရလဒ်ကို ဘယ်လိုအကောင်းဆုံး တုန့်ပြန်ကြိုးစားမလဲဆိုတာ ကြိုတင်ရေးဆွဲထားနိုင်မှာဖြစ်ပါတယ်။

## အောင်မြင်တိုးတက်ရန်အတွက် နည်းစနစ်တကျစည်းကမ်းဖြင့် ကြိုးစားခြင်း

| | |
|---|---|
| **အလုပ်တွေပြီးမြောက်ဖို့ ကြိုးစားတဲ့အခါဝယ်** | **အရေးကြီးတဲ့ဆုံးဖြတ်မှုတွေပြုလုပ်တဲ့အခါဝယ်** |
| To Do List လုပ်ရန်ချရေးထားပါ | အချိန်ယူစဉ်းစားဆုံးဖြတ်ချက်ချပါ |
| အလွယ်ကူဆုံး နည်းလမ်းရှာပါ | ဖြစ်လာနိုင်တဲ့ ရလဒ်ကိုသုံးသပ်ပါ |
| ဦးစားပေး အလုပ်များရွေးချယ်ပါ | အတွေ့အကြုံရှိသူများနဲ့ ဆွေးနွေးတိုင်ပင်ပါ |
| ကြိုတင်ပြင်ဆင် ဆောင်ရွက်ပါ | ဖြစ်နိုင်ချေ နည်းလမ်းများ စဉ်းစားပါ |
| အချိန်ရာထားချက်ထားပြီး ဆောင်ရွက်ပါ | ရေရှည်မျှော်မှန်းပြီး ဆုံးဖြတ်ချက်ချပါ |
| **လုပ်ငန်းအတွင်း ပြောဆိုဆက်ဆံတဲ့အခါဝယ်** | **တစုံတဦးမှ တိုက်ခိုက်ပြောဆိုလာတဲ့အခါဝယ်** |
| တဖတ်သူစကား ဦးစားပေးနားထောင်ပါ | နားလည်ခွင့်လွှတ်ဖို့ကြိုးစားပါ |
| ကိုယ့်အကြိုက်ထက် သူ့အကြိုက်ပြောပါ | ကိုယ်ရဲ့အမှန်တရားကို ယုံကြည်ပါ |
| ယုံကြည်ရင်းနှီးမှု ပွင့်လင်းစွာပြောဆိုပါ | ရှောင်သင့်တာရှောင်-ရှင့်သင့်တာရှင်းပါ |
| အပြန်အလှန် မေးခွန်းမေးခွန်းမေးပါ | ကိုယ်တိုင်ရည်ရွယ်ချက်မပြောက်ပါစေနဲ့ |
| အချိန်အခါ ပြောသင့်တဲ့အချိန်ပြောမှပြောပါ | ကိုယ်လုပ်စရာရှိတာ ဆက်လုပ်နေလိုက်ပါ |
| **ဘဝမှာ အခက်အခဲတွေ ကြုံတွေ့လာတဲ့အခါ** | **ဘဝမှာ ပြဿနာအခက်အခဲကြုံတွေ့လာတဲ့အခါ** |
| စိတ်ခွန်အားပေးစာစုများဖတ်ပါ | စိတ်ထိန်းနိုင်ဖို့ ကြိုးစားပါ |
| ဖြေရှင်းနိုင်တဲ့ နည်းလမ်းရှာပါ | ချက်ချင်းတုန့်ပြန်မှုမပြုပါနဲ့ |
| အရှုံးမပေးဖို့ ခံယူချက်ထားပါ | စိတ်ထဲမထားဖို့ ခွင့်လွှတ်စိတ်မွေးပါ |
| မဖြစ်မနေစိတ်နဲ့ ကျော်ဖြတ်ပါ | ဖြေရှင်းနိုင်တဲ့ အဖြေကိုရှာဖွေပါ |
| လုပ်နိုင်တယ်ဆိုတဲ့ ခံယူချက်ထားပါ | နှစ်ဦးနှစ်ဖက်အကျိုးရှိဖို့ဆုံးဖြတ်ပါ |

**ဘဝဆိုတာ ကိုယ်ဘယ်လိုဖြစ်ချင်သလဲအပေါ် မူတည်ပြီး (နည်းစနစ်ချပြီး ကြိုးစားအောင်မြင်သွားနိုင်ပါတယ်)။** လူကောင်းဖြစ်ချင်ရင် နေ့စဉ် ဘာသာတရားလုပ်၊ သမာအာဇီဝအလုပ်နဲ့ကြိုးစား၊ အများတွေကိုကူညီ စသဖြင့် နည်းစနစ်တကျကြိုးစားသွားရင် အောင်မြင်မှာသေချာပင်ဖြစ်ပါတယ်။ အောင်မြင်ဖို့အတွက် အရေးကြီးတယ်ဆိုရင်တော့ လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်းလုပ်ပြီး မဖြစ်မနေအောင်မြင်ဖို့ကြိုးစားနေပါ။

ဒါကြောင့် လုပ်ငန်းများတိုးတက်အောင်မြင်နိုင်ဖို့အတွက် Don't Work Hard - Work Smart ကြိုးစားတာထက် စနစ်ရှိဖို့ကလည်း အဓိကဖြစ်ပါတယ်။ SMART Work Hard နည်းစနစ်ဖြင့် ပေါင်းစပ်ကြိုးစားလိုက်ရင်တော့ လုပ်ငန်းများ သေချာပေါက်တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

<u>နည်းစနစ် စည်းကမ်းနှင့် အောင်မြင်ရေးမဟာဗျူဟာ</u>

ဥပမာ - နေ့စဉ် ကောင်းတဲ့အရာ ၁၀-ချက်ကို နေ့စဉ်လုပ်မယ်ဆိုတဲ့ (စည်းကမ်းထားပြီး) ဘဝကို ကြိုးစားသွားလျှင် မအောင်မြင်နိုင်ဘူးလား။ လူတိုင်းလူတိုင်း အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အောင်မြင်ရေးမှာ သီအိုရီ မတူညီနိုင်ပါ၊ အခြေအနေ

မတူညီနိုင်ပါ - သို့သော် နည်းစနစ်၊ စည်းကမ်းနဲ့ ကြိုးစားလိုက်ရင် လူတိုင်းအောင်မြင်နိုင်မှာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (နည်းစနစ်စည်းကမ်းဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ကြိုးစားမှုထက် နည်းစနစ်နဲ့ အလုပ်လုပ်တက်မှုကို ပိုပြီးအဓိကထား ဆောင်ရွက်ပါ။ | စည်းကမ်းမရှိ၊ နည်းစနစ်မကျ ပေါ့ပျက်ပျက် အလုပ်လုပ်ခြင်းဟာ အောင်မြင်ခြင်းကိုမဖြစ်စေပါ။ |
| ခေတ်ကာနည်းစနစ်များ ရေးဆွဲစီစဉ်ပြီး ဘဝမှာ လုပ်ရန်အရာများကို ပိုမိုတိုးတက်သွားစေပါ။ | နည်းစနစ်နဲ့ ကြိုးစားခြင်းကို အလုပ်ရှုပ်တယ် မထင်ပါနဲ့၊ အလုပ်ရှုပ်လာတဲ့အခါ သိလာမှာပါ။ |
| မိမိကိုယ်တိုင် နည်းစနစ်စည်းကမ်းရှိဖို့ လိုပြီး၊ ပတ်ဝန်းကျင်သို့လည်း စနစ်ရှိဖို့အားပေးပါ။ | ခေတ်ကာ နည်းစနစ်ရှိဖို့ မကြိုးစားပါနဲ့၊ အမြဲနည်းစနစ်ရှိဖို့ ထိန်းသိမ်းသွားပါ။ |

# Teamwork

## “ပူးပေါင်းကြိုးစားမှု ရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ အလုပ်လုပ်ပြီးဖို့အတွက် အများနဲ့ပူးပေါင်းပြီး အသင်းအဖွဲ့နဲ့ ကြိုးစားအား ထုတ်ခြင်း ဖြစ်တယ်။

မအောင်မြင်သူဆိုတာ အလုပ်လုပ်တဲ့အခါမှာ တစ်ကိုယ်ကောင်းဆန်ပြီး ပူးပေါင်းဆောင်ရွက်မှု မရှိတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " T "

## Teamwork - အသင်းအဖွဲ့နဲ့ ကြိုးစားမှု

"စုပေါင်းညီညာ အောင်ကြောင်းဖြာ"

အောင်မြင်တိုးတက်မှုတို့ရဲ့ သဘောမှာ (အလုပ်တစ်ခုကို ပြီးမြောက်အောင်မြင်ခြင်းပင်ဖြစ်ပါတယ်)။ အသီးအပွင့်ဆိုတာ သစ်ပင်အပေါ်မှာ အခြေခံပြီး ဖြစ်တည်လာသလို၊ အောင်မြင်မှုဆိုရာမှာလည်း အလုပ်တစ်ခု အောင်မြင်ခြင်းကြောင့် အောင်မြင်တယ်ဟု သတ်မှတ်ခြင်းသာဖြစ်ပါတယ်။ ဘယ်အောင်မြင်မှုမှ ခေါင်းဆောင်တစ်ယောက်တည်းနဲ့ အားနဲ့ရွေ့၍ မဖြစ်နိုင်ပါဘူး၊ အားလုံးစုပေါင်းစီမံဦးဆောင်သွားမှသာ အဖွဲ့အစည်း၏ ရည်မှန်းချက်အားလုံးဟာ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါလိမ့်မယ်။

(၁ + ၁ = ၃) ဆိုတဲ့ ပူးပေါင်းမှုစွမ်းအားကို ယနေ့ကမ္ဘာမှာ

အောင်မြင်တိုးတက်နေသော အဖွဲ့အစည်းများနှင့် အောင်မြင်နေသူတိုင်း လက်ကိုင်ထားလျှက် ပူးပေါင်းကြိုးစားလျှက်ရှိနေပါတယ်။ မိမိရည်မှန်းချက်ပန်းတိုင်ကို အများနဲ့ပူးပေါင်းကြိုးစားပြီး ပိုမိုတိုးတက်သော အောင်မြင်မှုကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

**(၁) မိမိရဲ့ ကြိုးစားမှုနဲ့**

**(၂) အများရဲ့ ကြိုးစားမှုနဲ့ ပေါင်းစပ်လိုက်လျှင်**

**(၃) ပိုမိုတိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာ ကေန်မလွဲပင်ဖြစ်ပါတယ်။**

အောင်မြင်သူ (၁-ဦး) ၏ အလုပ်ပြီးမြောက်အောင်မြင်မှု ၂၀ % ရလဒ်ထက်စာရင် အဖွဲ့ဝင်ပေါင်း (၁၀၀-ဦး) ၏ အလုပ်ပြီးမြောက်အောင်မြင်မှု ၈၀ % ဟာ ပိုများပါလိမ့်မယ်။

အောင်မြင်မှုတို့၏ သဘောတရားမှာ အလုပ်များစွာပြီးမြောက်အောင်မြင်ခြင်းဖြစ်တာမို့ မိမိ (၁-ဦး) ကြိုးစားမှုထက်၊ အဖွဲ့ဝင်ပေါင်း (၁၀၀-ဦး) အတွက် ဘယ်လိုအားပေးဆောင်ရွက်မလဲဆိုတာ အောင်မြင်ခြင်းတို့၏ လျို့ဝှက်ချက်ပင်ဖြစ်ပါတယ်။

အောင်မြင်ခြင်းဆိုတာ အချိန်တိုအတွင်း အကျိုးရလဒ်များစွာဖြစ်အောင် ဖန်တီးခြင်းဖြစ်တာမို့ (Teamwork အသင်းအဖွဲ့နဲ့ ပူးပေါင်းကြိုးစားခြင်းဖြင့်) အချိန်တိုအတွင်း အကျိုးရလဒ်ဖြစ်အောင် စွမ်းဆောင်သွားရမှာဖြစ်ပါတယ်။

ကမ္ဘာမှာ အောင်မြင်သူတိုင်းလက်ကိုင်ထားကျင့်သုံးတဲ့ Leverage Power ဆိုတာ ရှိပါတယ်။ (အားလုံးပဲ ငယ်ငယ်တုန်းက သင်ခဲ့ဖူးတဲ့ ကုတ်ရဲ့တွန်းအားပင်ဖြစ်ပါတယ်)။ သဘောမှာ မိမိမရွှေ့နိုင်တဲ့ ကြီးလေးတဲ့ အရာတွေကို ကုတ်ရဲ့တွန်းအားနဲ့ ရွှေ့နိုင်တယ်ဆိုတဲ့ သဘောပင်ဖြစ်ပါတယ်။ မိမိတစ်ဦးတည်း ကြိုးပမ်း၍ မပြီးနိုင်သော အောင်မြင်မှုရည်မှန်းချက်ရလဒ်များစွာကို ကုတ်ရဲ့တွန်းအားနဲ့ရွှေ့နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကုတ်တွန်းအားဆိုတာ (Team အသင်းအဖွဲ့၏ စွမ်းအား) ကို ဆိုလိုပါတယ်။ ၂၀ % သော မိမိတစ်ဦးတည်း အလုပ်ပြီးမြောက်အောင်မြင်မှုထက် ၈၀ % သော အသင်းအဖွဲ့၏ အလုပ်ပြီးမြောက်အောင်မြင်မှုဟာ ပိုများနေပါလိမ့်မယ်။ (ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ ဝန်ထမ်းပေါင်း ၅၀၀၀ ရှိတဲ့ အဖွဲ့အစည်းတစ်ခုလုံး၏ အလုပ်ပြီးမြောက်မှုဟာ ခေါင်းဆောင်သူပိုင်ရှင်တစ်ဦး၏ လုပ်အားထက်အဆပေါင်းများစွာ ပြီးမြောက်အောင်မြင်တယ်ဆိုတဲ့ သဘောပင်ဖြစ်ပါတယ်)။ အောင်မြင်ခြင်းတို့၏ လျှို့ဝှက်ချက်ဟာ Team ရဲ့ အားပင်ဖြစ်သလို၊ ရလဒ်များစွာ ပြီးမြောက်အောင်မြင်ဖို့ဟာလည်း Team ရဲ့ စွမ်းဆောင်မှုအားပင်ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်များစွာ တိုးတက်အောင်မြင်ဖို့ဆိုရာမှာ Teamwork အသင်းအဖွဲ့ဖြင့် ပူးပေါင်းကြိုးစားနိုင်ခြင်းပင်ဖြစ်ပါတယ်။

အများနဲ့ပူးပေါင်းပြီး အောင်မြင်တိုးတက်ဖို့ ကြိုးစားတဲ့ အခါ. . .

| | |
|---|---|
| I Lose You Lose (သူရှုံးကိုယ်ရှုံး) မလုပ်ဖို့ပါ။ (နှစ်ဦးနှစ်ဖက် အကျိုးမရှိ ဆုံးရှုံးတာမျိုး မဖြစ်ပါစေနဲ့) | I Lose You Win (ကိုယ်ရှုံး သူနိုင်) မကောင်းပါ။ (ကိုယ်ရှုံးခဲ့တာမို့ အမြတ်မပြေ အမုန်းပွားစေတက်ပါတယ်) |
| I Win You Lose (ကိုယ်နိုင် သူရှုံး) သူမခံနိုင်ပါ။ (သူ့ဘက်မှ ရှုံးခဲ့၍ ပြန်လည်တိုက်ခိုက်မှုနဲ့ ရေရှည်မှာ အရှုံးဖြစ်လာတက်ပါတယ်) | I Win You Win (သူနိုင် ကိုယ်နိုင်) အကောင်းဆုံး။ (နှစ်ဦးနှစ်ဖက် အောင်မြင်မှုဖြစ်တာ အကောင်းဆုံး) |

**T-E-A-M ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ...**

T-Together (အတူတကွ)

E-Everyone (အားလုံးပါဝင်)

A-Achieve (အောင်မြင်မှု)

M-More (ပိုမိုတိုးတက်နိုင်)

TEAM ဆိုသည်မှာ အားလုံးအတူတကွပါဝင်လိုက်လျှင် အောင်မြင်မှုများစွာကို ပိုမိုရရှိနိုင်ပါတယ်။ အနှစ်ချုပ်အားဖြင့်ဆိုသော် အောင်မြင်တိုးတက်မှုအားလုံးသည် အသင်းအဖွဲ့နဲ့ ပူးပေါင်းကြိုးစား

နိုင်စွမ်းရှိဖို့လည်း လိုအပ်ပါတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ အဆိုအမိန့်ဖြစ်တဲ့ (If you want go fast - go alone) တစ်ယောက်တည်းလုပ်လျှင် မြန်ချင်မြန်လိမ့်မယ်။ (If you want to go far - go together) ရေရှည်သွားဖို့အတွက်တော့ အသင်းအဖွဲ့နဲ့လုပ်ဖို့-အဓိကဖြစ်ပါတယ်။

ပူးပေါင်းအောင်မြင်ရေးမှာ သေချာတာတော့ ယုန်နှင့်လိပ် ဥပမာလိုပဲ၊ ယုန်မနိုင်တဲ့ ရေလမ်းခရီးကို လိပ်နှင့်ပေါင်းစပ်ခြင်းဖြင့် ဖော်ဆောင်နိုင်ပြီး၊ လိပ်မနိုင်တဲ့ ကုန်လမ်းခရီးကို ယုန်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အောင်မြင်မှာ အသေအချာဖြစ်ပင်ဖြစ်ပါတယ်။

အသင်းအဖွဲ့နဲ့အတူ Win-Win နှစ်ဦးနှစ်ဖက် အောင်မြင်တိုးတက်ရေး ဥပဒေသအရ. . .

(၁) Feeling Together (အားလုံးမှ ခံစားမှုဝေပြီး အတူတူကြိုးစားဖို့လိုပါတယ်)

(၂) Thinking Together (ပြဿနာဖြစ်လာတဲ့အခါ အတူတူအဖြေရှာဖို့လိုပါတယ်)

(၃) Working Together (အားလုံးမှ သူလုပ်ကိုယ်လုပ် အတူတူကြိုးစားဖို့လိုပါတယ်)

(၄) Win-win Together (အားလုံးမှ အတူတကွ အောင်

မြင်မှုရဖို့ ကြိုးစားဖို့လိုပါတယ်)

အောင်မြင်တိုးတက်ခြင်း သဘောတရားဟာ မတူညီတဲ့ အရာများစွာကို ပေါင်းစပ်ဖွဲ့စည်းထားပြီး တည်ဆောက်နိုင်ခြင်းဖြစ်ပါတယ်။ မိုင်ထောင်ချီ ပျံသန်းနေတဲ့ (ဆောင်းခို ငှက်တွေဟာ အုပ်စုလိုက် ပျံသန်းကြသလို) (ရေဆန်ပြန်တက်နေတဲ့ ငါးတွေဟာ အုပ်စုလိုက် ရွေ့ဆက်ကြသလိုပဲ) လူတိုင်းအသင်းအဖွဲ့ဖြင့် ပေါင်းစပ် လုပ်ကိုင်ခြင်းဖြင့် ပိုမိုတိုးတက်အောင်မြင်မှုတွေ ကေန်မလွဲဖြစ်လာနိုင်မှာပါ။

**အသင်းအဖွဲ့နဲ့ ကြိုးစားမှုနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - ခရီးတစ်ခုကို အမြန်သွားဖို့ဆိုရာမှာ လမ်းလျှောက်သွားတာနဲ့စာရင် (ကားနဲ့သွားလျှင်) ပိုမို မြန်ဆန်စွာ ခရီးပေါက်နိုင်ပါတယ်။ အောင်မြင်မှုခရီးမှာလည်း မိမိတစ်ဦးတည်း ကြိုးစားတာထက်စာရင် (အများနဲ့ပူးပေါင်းကြိုးစားလျှင်) ပိုမိုမြန်ဆန်တိုးတက်စေနိုင်ပါတယ်။

(၁) မိမိရဲ့ ကြိုးစားမှုနဲ့

(၂) အများရဲ့ ကြိုးစားမှုနဲ့ ပေါင်းစပ်လိုက်လျှင်

(၃) ပိုမိုတိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာ ကေန်မလွဲပင် ဖြစ်ပါတယ်။

လောကမှာ အလုံးစုံသော ကိစ္စတို့သည် မိမိတစ်ဦးတည်းနဲ့ မစွမ်းဆောင်နိုင်ပေမယ့် လောကပတ်ဝန်းကျင်မှာ ကိုယ်မလုပ်နိုင်တဲ့ အရာကို တဦးဦးမှ စွမ်းဆောင်ပေးနိုင်ပါတယ်။

I cant do, But, Yo can do (ကိုယ်မလုပ်နိုင်ပေမယ့် သင်လုပ်နိုင်ပါလိမ့်မယ်)

You can't do, But, I can do (သင်မလုပ်နိုင်တာလည်း -

ကိုယ်လုပ်နိုင်ပါလိမ့်မယ်)

အားလုံးပူးပေါင်းကြိုးစားလိုက်မယ်ဆိုရင် အောင်မြင်မှု

**အောင်မြင်ရေးမဟာဗျူဟာ (အသင်းအဖွဲ့နဲ့ ကြိုးစားမှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ အောင်မြင်မှု ခရီး မြန်ချင်တဲ့အခါ အသင်းအဖွဲ့နှင့် ပူးပေါင်းကြိုးစားခြင်းသာ အကောင်းဆုံးပါပဲ။ | ၁။ ရေရှည် အောင်မြင်မှုသွားရမှာမို့ တကိုယ်ကောင်း အောင်မြင်မှုမျိုး မလုပ်မိပါစေနဲ့။ |
| ၂။ သူလည်းအောင်မြင်၊ ကိုယ်လည်းတိုးတက် Win Win မဟာဗျူဟာအတိုင်း အမြဲကြိုးစားပါ။ | ၂။ ကိုယ်အောင်မြင်ဖို့ သူကိုနင်းပြီး သွားတာမျိုး မလုပ်မိပါစေနဲ့ ရေရှည် ဒုက္ခရောက်စေနိုင်ပါတယ်။ |
| ၃။ အသင်းအဖွဲ့နဲ့ အောင်မြင်မှုခရီးသွားဖို့ စိတ်ရှည်ပါ၊ ညှိနှိုင်းပါ၊ ပေးဆပ်ပြီးဆောင်နေပါ။ | ၃။ အများနဲ့ကြိုးစားအောင်မြင်ဖို့ စိတ်မရှည်လျှင် အမှားများစွာဖြစ်တတ်၏၊ အမုန်းများစွာ ပွားတတ်၏။ |

**Unleash Power**

## "ကိုယ်တွင်းမှ စိတ်စွမ်းအား အသုံးပြုသူနှင့် အသုံးမပြုသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ မိမိခန္ဓာကိုယ်မှာရှိတဲ့ စိတ်စွမ်းအားတွေကို အတိုင်းအဆမရှိ ကြိုးစားအားထုတ်ခြင်းကြောင့် ဖြစ်တယ်။

မအောင်မြင်သူဆိုတာ မိမိမှာရှိတဲ့ စိတ်စွမ်းအားတွေကို ယုံကြည်မှုမရှိ အားထုတ်မှုမရှိတဲ့အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " U "

## Unleash Power - အတိုင်းအဆမရှိသော စွမ်းအား

"စိတ်သာရှင်စော ဘုရားဟော"

လူဆိုတာ အတိုင်းအဆမသိသော စွမ်းအားများရှိနေသူဖြစ်ပါတယ် (ကမ္ဘာမှာ လေယာဉ်ပျံတွေကို တီထွင်တာလည်း လူသားတွေပါပဲ၊ ကမ္ဘာကြီးမှာ ဩဇာလွှမ်းမိုးသော ခေါင်းဆောင်များဟာလည်း လူသားတွေပါပဲ)။ ဒါကြောင့် လူသားမှန်ရန် စွမ်းပကားကြီးမားသူတွေပင်ဖြစ်ပါတယ်။

**Mind Power is Most Power**

**(စိတ်စွမ်းအားသည်သာ အကြီးဆုံးသောပါဝါဖြစ်တယ်)**

လောကစကြာဝဠာမှာ ရှိလာသမျှ ရုပ်ဝတ္ထုအားလုံးတို့သည် လူသားတို့၏ (စိတ်၊ အတွေး၊ ဖန်တီးမှု) ဖြင့် ဖြစ်ပေါ်လာသည်မှာ အမှန်ပါ။ ဒါကြောင့် စိတ်တို့သည် အရာအားလုံးအား ဖန်တီးနေခြင်းသာ ဖြစ်၏။

စိတ်ဆန္ဒကြီးလျှင် ကြံသမျှပြီးတယ်ဆိုတဲ့ အတိုင်းပဲ စိတ်ဆန္ဒဟာ မီးတောက်မီးလျှံကဲ့သို့ ပြင်းပြစွာ ရှိသူတွေဟာ အရာရာကို ပြီးမြောက်အောင်မြင်နိုင်စွမ်းသော စွမ်းရည်သတ္တိတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

စင်္ကာပူမှာ လေ့လာခဲ့ဖူးတဲ့ Tony Robbin ရဲ့ Unleash the Power Within (UPW) သင်တန်းမှာ အတိုင်းအဆမသိသော စိတ်စွမ်းအားတို့ ရရှိဖို့အတွက်ဆိုရင် အဓိက လိုအပ်တဲ့ အရာ (၂-ခု) ဖြစ်တဲ့. . .

## ၁။ **Passion စိတ်ဆန္ဒပြင်းပြမှု**

ဘဝဆိုတာ စိတ်ဆန္ဒရဲ့ ဦးဆောင်ဖန်တီးခြင်းပါ၊ သင့်ရဲ့ဆန္ဒအတိုင်းပြုလုပ်ဖန်တီးနေပါတယ်၊ ဆန္ဒရှိတဲ့အခါ အလုပ်တခုကို ဖန်တီးလိုက်တယ်၊ ဆန္ဒမရှိတဲ့အခါ ဘာမှမဖြစ်ချင်တဲ့အခါ ဘယ်အရာကိုမှ မကြိုးစားပါဘူး၊ ဖြစ်ချင်စိတ်ဟာ အရာရာကို စတင်ဦးဆောင်လာစေပါတယ်၊ စိတ်ဆန္ဒအကြီးအသေးအပေါ် မူတည်ပြီး

ဘဝတွေဟာ ပြောင်းလဲသွားပါတယ်။ ဘဝရဲ့ အနာဂတ်ဖြစ်တည်မှုတွေဟာ သင့်ရဲ့စိတ်ဆန္ဒအပေါ် မူတည်ပြီး များစွာပြောင်းလဲနိုင်စွမ်းရှိပါတယ်။

If you PASSION, you will Effort! (စိတ်ဆန္ဒရှိရင်တော့ သင်ဟာကြိုးစားနေလိမ့်မယ်)

If you NOT Passion, you will STOP! (စိတ်ဆန္ဒမရှိရင်တော့ သင်ဟာရပ်တန့်နေလိမ့်မယ်)

Passion make Power (စိတ်ဆန္ဒဟာ စွမ်းအားကို ဖန်တီးပေးနိုင်ပါတယ်)

Passion need Nothing (စိတ်ဆန္ဒပြင်းပြဖို့ ဘာမှမလိုအပ်ပါဘူး)

You have Nothing, But, You have Passion သင့်မှာဘာမှမရှိရင်တောင် စိတ်ဓါတ်ခွန်အား အပြည့်ရှိနေတယ်။ စိတ်စွမ်းအားဆိုတာ အကန့်အသတ်မရှိသလို ဖြစ်ချင်စိတ် ဦးဆောင်လာတဲ့အခါ ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို ရှာနိုင်စွမ်းရှိပါတယ်။ ဘဝတခုကို လိုချင်တဲ့ ခရီးကို ရောက်စေဖို့ဟာ ဖြစ်ချင်တဲ့ စိတ်အပေါ်များစွာ မူတည်ပြောင်းလဲသွားစေပါလိမ့်မယ်။ ကိုယ်ဘာတွေဖြစ်ချင်သလဲ တိတိကျကျသိဖို့နဲ့ မဖြစ်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ဖြစ်ချင်တဲ့

ဆန္ဒဟာ ဘဝရဲ့အလင်းပြ အရာပင်ဖြစ်ပါတယ်။

## ၂။ **Believe ယုံကြည်မှု**

ဘဝဆိုတာ ယုံကြည်ရာ မျှော်လင့်ရာပါပဲ၊ တွေးခေါ်ဆုံးဖြတ် ယုံကြည်ပြုလုပ်မှုတိုင်းဟာ ဘဝရဲ့ရလဒ်တွေကို ဖန်တီးစေပါတယ်၊ မိမိရဲ့ ယုံကြည်မှုတွေအတိုင်းကို လူတိုင်းပြုလုပ်ဖန်တီးကြတယ်၊ မိမိ မယုံကြည်တဲ့အရာ မယုံကြည်တဲ့ အတွေးတွေကို မပြုလုပ်စေပါဘူး၊ ဒါကြောင့် ယုံကြည်မှုဟာ သင့်ရဲ့ဘဝကို ဖန်တီးပေးနေပါတယ်၊ သင့်ရဲ့ယုံကြည်မှုအပေါ်မူတည်ပြီး ဘဝရဲ့ဖန်တီးပြုလုပ်မှုတွေဟာ ပြောင်း လဲနိုင်စွမ်းရှိပါတယ်။

Positive Belief Consequence Positive

(ကောင်းတဲ့ ယုံကြည်မှုဟာ ကောင်းတဲ့အကျိုးဆက်ကို ဖြစ်လာစေမယ်)

Negative Belief Consequence Negative

(လွဲမှားတဲ့ ယုံကြည်မှုဟာ မကောင်းတဲ့အကျိုးဆက်ကို ဖြစ်လာစေမယ်)

ယုံကြည်မှုဟာ တွေဝေစိတ်၊ ကြောက်စိတ်၊ သံသယစိတ်၊ စိတ်ဓါတ်ကျမှုတွေကို မရှိစေတော့ပဲ မိမိသွားလိုတဲ့ ရည်ရွယ်ချက်ကို ရှင်းလင်းစွာမြင်နိုင်စွမ်း ပေးပါလိမ့်မယ်။ ယုံကြည်မှုရဲ့ တွန်အားနဲ့

အတူ ဘဝရဲ့ ဖန်တီးပြောင်းလဲမှုတွေကို ဖန်တီးလာစေပြီး (I Can Do It) ဆိုတဲ့ လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုဟာ ပြုလုပ်မှုကိုဖြစ်စေပြီး (I Can't Do It) ဆိုတဲ့ မယုံကြည်မှုဟာ မကြိုးစားမှုကို ပိုင်းခြားထားစေပါတယ်။ ယုံကြည်မှုဟာ အရာရာစတင်ဖို့ မဟာအင်အားပဲဖြစ်ပါတယ်။

**အောင်မြင်သူတွေကို (သုသေသန) ပြုကြည့်ရင် စိတ်စွမ်းအားကြီးမားမှုဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ...**

Jack Ma ရဲ့ (စိတ်စွမ်းအား၏ ဦးဆောင်မှုနောက်သို့) သန်းချီတဲ့ ငွေတွေလိုက်လာခဲ့ပြီ။

Tony Robbin ရဲ့ (စိတ်စွမ်းအား၏ ဦးဆောင်မှုနောက်သို့) သန်းချီတဲ့ လူတွေလိုက်ခဲ့ပြီ။

အောင်မြင်သူဖြစ်ဖို့ ဘယ်အရာနောက်မှာ မလိုက်ပါနဲ့ မိမိရဲ့ ရည်မှန်းချက်သို့ စိတ်စွမ်းအားနောက်သို့ လိုက်ကြိုးစားကြည့်ပါ။ သေချာတယ် တနေ့တချိန်မှာ ထိုရည်မှန်းချက်ဆိုတာ မလွဲကေန် အောင်မြင်လာမှာဖြစ်ပါတယ်။

လောကမှာ ဘယ်ပါဝါဟာ အကြီးဆုံးလဲ. . . Money Power (or) Mind Power လား. . . ။

Mind Power is Most Power (စိတ်စွမ်းအားသည်သာ

အကြီးဆုံးသောပါဝါဖြစ်တယ်)

လူတိုင်းဟာ ဘဝအောင်မြင်ဖို့လျို့ဝှက်ချက် အဖြေများစွာကို (အလုပ်လုပ်ရင်း ရှာဖွေနေကြတယ်) + (ပတ်ဝန်းကျင်မှာ ရှာဖွေနေကြတယ်) + (ငွေကြေးတွေနောက်လိုက် ရှာဖွေနေကြတယ်) တကယ်တော့ ကျွန်တော်တို့ အားလုံးရှာဖွေနေတဲ့ အရာအားလုံးဟာ (ကျွန်တော်တို့ ကိုယ်တိုင်ထဲမှာရှိနေခဲ့တာ လူတွေသတိမထားမိခဲ့ဘူး)။

Computer ဖွင့်ဖို့ လျို့ဝှက်ချက် Password ဆိုတာ၊ ထိုကွန်ပျူတာထဲမှာ ရှိနေပါတယ်။

လူသားတစ်ဦး အောင်မြင်ဖို့ လျို့ဝှက်ချက် Secret ဆိုတာ၊ ထိုသူစိတ်ထဲမှာပဲ ရှိနေပါလိမ့်မယ်။

အတိုင်းအဆမသိသော စွမ်းအားတွေကို မိမိကိုယ်တွင်းမှ ရရှိနိုင်ဖို့အတွက် ကမ္ဘာ့ နံပါတ် (၁) Motivation ဂုရုကြီး Tony Robbin ပြောကြား သည့် အချက် (၅)ချက်ကို စုစည်းပေးလိုက်ပါတယ်။

**(၁) မိမိရဲ့စိတ်ကို အမြဲတမ်း နိုးကြားတက်ကြွအောင်ထားပါ။**

စိတ်ကို အမြဲနိုးကြားတက်ကြွစေတဲ့ စာအုပ်များ၊ လူများ၊ ပတ်ဝန်း

ကျင်များမှာ နေထိုင်ပါ။

**(၂) မိမိအားကျ အတုရယူရမည့် Role ဩိနူ ထားပါ။**

မိမိအားကျရတဲ့ သူတွေရဲ့ ပုံတွေ၊ စကားတွေကို အမြဲမြင်တွေ့နား ထောင်ပြီး ခွန်အားရှိပါ။

**(၃) မိမိရဲ့ခန္ဓာကိုယ်ကို စိတ်ပါဝါအမြင့်ဆုံးရရှိအောင်ထားပါ။**

ခန္ဓာကိုယ်ဆိုတာ အတိုင်းအဆမသိတဲ့ စွမ်းအားရှိ၏၊ ထုတ်ယူအသုံး ပြုဖို့ ကြိုးစားနေပါ။

**(၄) Gratitude ကျေးဇူးတရား ထားပါ။**

ကျေးဇူးရှိသူတွေအတွက်ဆို ဘာမဆိုပေးဆပ်ချင်ကြ၏၊ ထိုကဲ့သို့ ကျေးဇူးစိတ်ထားရှိကြိုးစားပါ။

**(၅) စျာန်ဝင်တဲ့အထိ အလုပ်လုပ်ပါ။**

Mood အပြည့်နဲ့ စိတ်နှစ်ကိုယ်နှစ် စျာဉ်ဝင်တဲ့အထိ အလုပ်ကို နစ် မျောကြိုးစားနေပါ။

နိဂုံးချုပ်လိုက်ရင်တော့ (စိတ်၊ အတွေး၊ ညာဏ်ပညာ)

အားလုံးသည်သာ (အရာရာကို ဖန်တီးပေးနိုင်စွမ်း) ရှိပါတယ်။ လောကမှာ ရှိရှိသမျှ အမှန်တရားအားလုံးကို မြင်နိုင်စွမ်းသော (Self – Actualization) ဖြင့် လူသားအားလုံး ဘဝရဲ့ အထွဋ်အထိပ်ကို ရောက်စေနိုင်စွမ်းရှိပါတယ်။ လောကမှာ ပြီးပြည့်စုံမှု အားလုံးကို ပိုင်ဆိုင်ထားသူတွေဟာ လောကရဲ့ အမှန်တရားအားလုံးကို မြင်သွားနိုင်စွမ်းရှိသူတွေဖြစ်ပါတယ်။ ထိုသူတွေနှင့် သာမန်သူတွေနဲ့ ကွာခြားချက်မှာ (စိတ်၊ အတွေး) ဆိုတဲ့ အရာပင်ဖြစ်ပါတယ်။ ဒါကြောင့် (စိတ်၊ အတွေး) သည်သာလျှင် ဘဝရဲ့ တိုးတက်ပြောင်းလဲမှု အရာအားလုံး ဖန်တီးစေတဲ့ အဓိက ဇဟိုချက်ပင်ဖြစ်ပါလိမ့်မယ်။

**<u>အတိုင်းအဆမသိ စိတ်စွမ်းအားနှင့် အောင်မြင်ရေးမဟာဗျူဟာ</u>**

ဥပမာ - သောတာပန်ဖြစ်တယ်ဆိုတာ အပြင်မှဖြစ်လာခြင်းလား၊ မိမိခန္ဓာကိုယ်မှ တရားရရှိသွားခြင်းလားဆိုတဲ့ တရားရခြင်းဥပမာကို ကြည့်လျှင် (တရားရှာ ကိုယ်မှာတွေ့) ဆိုသလို၊ အတိုင်းအဆမသိသော စွမ်းအားတို့သည် မိမိခန္ဓာ အတွင်းမှာသာ တည်နေမှာဖြစ်ပါတယ်။

အရေးပေါ်ဖြစ်နေတဲ့ အခြေအနေမှာ စွမ်းအားတွေကို ပိုပြီးထုတ်နိုင်သလို၊ (အဖြစ်မနေ အခြေအနေ) ဖန်တီးပြီး စွမ်းအားများ ထုတ်ယူသုံးစွဲပါ။

**If you can't, You Must**

**I you must, You Can**

**မလုပ်နိုင်လျှင် မဖြစ်ဖြစ်အောင်လုပ်ပါ**

**မဖြစ်ဖြစ်အောင်လုပ်လျှင် လုပ်နိုင်ပါတယ်**

တရားရရှိဖို့လည်း ကိုယ့်ရဲ့စိတ်ထဲမှာပဲရှိတယ်၊ ပညာရရှိခြင်းဟာလည်း ကိုယ့်ရဲ့စိတ်ထဲမှာပဲရှိတယ်၊ အရာရာကို အဖြေရရှိနိုင်မှာလည်း ကိုယ့်ရဲ့စိတ်ထဲမှာပဲရှိနေပါတယ်။

Everything in my Mind (အရာအားလုံးဟာ ငါ့စိတ်ထဲတွင်ရှိနေ၏)

I am Master of My Mind (ငါ့ဘဝ၏ အရှင်သခင်ဟာ ငါ၏စိတ်ဖြစ်၏)

Believe, I Can Do It (ငါယုံကြည်တယ်၊ ငါလုပ်နိုင်တယ်)

အတိုင်းအဆမသိသော စွမ်းအားများကို ရရှိနိုင်ဖို့ဆိုရင် (Believe မိမိကိုယ်တိုင် ယုံကြည်မှုရှိဖို့) နဲ့ (I Can Do ငါလုပ်နိုင်ဆိုတဲ့စိတ်နဲ့ အလုပ်လုပ်နေဖို့ဖြစ်ပါတယ်)။ သေချာတာတော့ လူဆိုသည်မှာ မိမိယုံကြည်ထားတာထက် - မိမိပိုလုပ်နိုင်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (အတိုင်းအဆမသိ စိတ်စွမ်းအားဆိုင်ရာ)
## ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
| --- | --- |
| ၁။ အောင်မြင်မှု ခရီး မြန်ချင်တဲ့အခါ အသင်းအဖွဲ့နှင့် ပူးပေါင်းကြိုးစားခြင်းသာ အကောင်းဆုံးပါပဲ။ | ၁။ ရေရှည် အောင်မြင်မှုသွားရမှာမို့ တကိုယ်ကောင်း အောင်မြင်မှုမျိုး မလုပ်မိပါစေနဲ့။ |
| ၂။ သူလည်းအောင်မြင်၊ ကိုယ်လည်းတိုးတက် Win Win မဟာဗျူဟာအတိုင်း အမြဲကြိုးစားပါ။ | ၂။ ကိုယ်အောင်မြင်ဖို့ သူကိုနင်းပြီး သွားတာမျိုး မလုပ်မိပါစေနဲ့ ရေရှည် ဒုက္ခရောက်စေနိုင်ပါတယ်။ |
| ၃။ အသင်းအဖွဲ့နဲ့ အောင်မြင်မှုခရီးသွားဖို့ စိတ်ရှည်ပါ၊ ညှိနှိုင်းပါ၊ ပေးဆပ်ဦးဆောင်နေပါ။ | ၃။ အများနဲ့ကြိုးစားအောင်မြင်ဖို့ စိတ်မရှည်လျှင် အမှားများစွာဖြစ်တတ်၏၊ အမုန်းများစွာ ပွားတတ်၏။ |

# V

## Value

### “မိမိကိုယ်ကို တန်ဖိုးထားသူနှင့် မထားသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ မိမိကိုယ်ကို မိမိတန်ဖိုးထားပြီး အများကလည်း မိမိကို တန်ဖိုးထားအောင် ဘဝကို နေထိုင်သွားတယ်။

မအောင်မြင်သူဆိုတာ မိမိကိုယ်လည်း တန်ဖိုးမထား၊ အများကိုလည်း မလေးစား၊ တန်ဖိုးမထားတဲ့ အတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " V "

## Value - တန်ဖိုးထားမှု

"ပတ္တမြား မှန်လျှင် နွံမနစ်"

ယနေ့ ကမ္ဘာမှာအသုံးများတဲ့ Value add တန်ဖိုးပေါင်းထည့်ခြင်းသဘောအရ တန်ဖိုးဆိုတာ ပေါင်းထည့်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဖုန်းတလုံးရဲ့ တန်ဖိုးပိုမြင့်ဖို့ရင် ကင်မရာ၊ ရေဒီယို၊ အင်တာနက် စသဖြင့် ပေါင်းထည့်လိုက်ခြင်းအားဖြင့် ဖုန်းရဲ့တန်ဖိုးသည် ပိုပြီးတက်လာသကဲ့သို့ တန်ဖိုးတရားတိုးဖို့ဆိုရာမှာ မိမိဘဝအောင်မြင်တိုးတက်စေဖို့ တန်ဖိုးပေါင်းထည့်နေဖို့ လိုအပ်ပါတယ်။ တန်ဖိုးပိုမြင့်စေဖို့ ဖုန်းထဲကို တန်ဖိုးများတက်အောင် ပေါင်းထည့်သလိုပဲ မိမိဘဝမှာလည်း တိုးတက်အောင် အောင်မြင်ဖို့အတွက် အသိပညာ

များ၊ မိမိအတွေ့အကြုံများ၊ လူမှုဝန်းကျင်ဆက်သွယ်မှုများကူညီမှုများ ပေါင်းထည့်လိုက်တဲ့အချိန်မှာ ဘဝရဲ့တန်ဖိုးတွေသည်ပိုပြီး တိုးတက်လာမှာဖြစ်ပါတယ်။ တန်ဖိုးမြှင့်တင်ဖို့ဆိုရာမှာ တန်ဖိုးတရား (၂) ခု ပေါင်းထည့်ဖို့လိုအပ်မှာဖြစ်ပါတယ်။

## (၁) **Direct Value** ( **တိုက်ရိုက် သောတန်ဖိုးတရားများ**)

တိုက်ရိုက်တန်ဖိုးတရားဆိုတာ ဥပမာအားဖြင့် ဖုန်းထုတ်လုပ်တဲ့အခါ ဖုန်း Quality ကောင်းဖို့သည် တိုက်ရိုက်တန်ဖိုးပင်ဖြစ်ပါသည်။ ဘဝမှာလည်း တိုးတက်အောင်မြင်ဖို့ဆိုရာမှာ မိမိကိုယ်တိုင်နဲ့ဆိုင်သော တန်ဖိုးတရားများရှိရမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင် ထူးချွန်မှု၊ လူကောင်းဖြစ်မှု၊ တန်ဖိုးရှိမှု စတဲ့ ကိုယ်နဲ့ဆိုင်သော တန်ဖိုးတရားများ မိမိကိုယ်တိုင်မှာရှိရမှာဖြစ်ပါတယ်။

## (၂) **Indirect Value** (**သွယ်ဝိုက်တန်ဖိုးတရားများ**)

သွယ်ဝိုက်တန်ဖိုးဆိုရာမှာ ဥပမာ ဖုန်းရဲ့ အရည်အသွေးကောင်းမွန်ခြင်းအပြင်မှာ Camera ကောင်းကောင်း ပါဝင်ထားမှုဟာလည်း သွယ်ဝိုက်တန်ဖိုးပေါင်းထည့်ခြင်းဖြစ်သလို၊ ဘဝမှာလည်း အောင်မြင်မှုတန်ဖိုးကို လူမှုအဆက်အသွယ်များ၊ ကောင်းမွန်သော အလုပ်အကိုင်များ စသဖြင့်ပေါင်းထည့်ဖို့ လုပ်ရမှာဖြစ်ပါတယ်။ တိုက်

ရိုက်တန်ဖိုးကောင်းပြီး Indirect တန်ဖိုးလို့ခေါ်တဲ့သွယ်ဝိုက်သော တန်ဖိုး ပေါင်းထည့်နေမှုလည်း အောင်မြင်မှုမှာ တန်ဖိုးတက်မှာဖြစ်ပါတယ်။

| **Value Person** တန်ဖိုးရှိသူ | **Successful Person** အောင်မြင်သူ |
|---|---|
| တန်ဖိုးရှိသူဟာ အများအကျိုးအတွက် ကြိုးစားနေသူဖြစ်ပါတယ်။ | အောင်မြင်သူဟာ မိမိကိုယ်တိုင် တိုးတက်ဖို့ကြိုးစားနေသူဖြစ်တယ်။ |
| တန်ဖိုးရှိသူဟာ အများရဲ့ဂုဏ် မြင့်တင်ဖို့ ကြိုးစားရတယ်။ | အောင်မြင်သူဟာ မိမိရဲ့ ဂုဏ်ကို မြင့်တင်ကြိုးစားရတယ်။ |
| တန်ဖိုးရှိသူတွေဟာ ရာစုတစ်သက် နာမည်ကောင်းနဲ့ရှည်တည်နိုင်၏။ | အောင်မြင်သူဟာ မိမိတစ်သက်စာ နာမည်ကောင်းနဲ့ ရပ်တည်နိုင်၏။ |

## တန်ဖိုးတရား သီအိုရီများ စုစည်းမှု

Value = Time + Result အချိန်သည် လူ၏တန်ဖိုးလို့ဆိုလျှင် အချိန်မှာ ရလဒ်များပေါင်းထည့်မှသာလျှင် တန်ဖိုးရှိခြင်းဖြစ်နိုင်ပါတယ်။ ဒါကြောင့်ရတဲ့အချိန်တိုင်းမှာ တန်ဖိုးပေါင်းထည့်ပါ ဘဝရဲ့အချိန်တိုင်းမှာလည်း မိမိကိုယ်ကို မိမိတန်ဖိုးများ ပေါင်းထည့်ဖို့ဆိုရင် ရလဒ်များများ ဖြစ်ဖို့ လုပ်ရမှာဖြစ်ပါတယ်။ နေ့စဉ်နှင့်

အမှု ရလဒ်များ များများဖြစ်လာလျှင် ဘဝရဲ့တန်ဖိုးများများမြင့်တက်လာမှာ ဖြစ်ပါတယ်။ ဘဝမှာ ဘယ်လိုတန်ဖိုးတရားတွေ ပေါင်းထည့်သင့်လဲဆိုရင် ပညာတွေတတ်မြောက်လာခြင်းဆိုသော၊ အဆက်သွယ်များလာခြင်းဆိုသော တန်ဖိုးများ၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ခြင်းဟူသော တန်ဖိုးတရားများ ပေါင်းထည့်လိုက်ချိန်မှာ အောင်မြင်မှုတန်ဖိုးများတက်လာမှာဖြစ်ပါတယ်။

ကမ္ဘာကျော် အမေရိကန် စီးပွားရေးပညာရှင်ကြီး Jim Rohn အဆိုအမိန့်အရ Don’t work for time, work for value အချိန်အတွက်မကြိုးစားပါနဲ့။ Valueတန်ဖိုးတရားအတွက်ကြိုးစားပါ။ တနေ့တနေ့ အလုပ်လုပ်တဲ့အခါမှာ အချိန်အတွက်ကြိုးစားတာထက် မိမိလိုအပ်တဲ့ ရလဒ်တန်ဖိုးဖြစ်ဖို့ကို ကြိုးစားပါ။ ဒါကြောင့် အချိန်ကာလတွေထက်၊ ကြိုးစားအားထုတ်မှုတွေထက်၊ အရေးကြီးတာတော့ Value ရလဒ်တန်ဖိုးပင်ဖြစ်သည်။ ဒါကြောင့် ရလဒ်တန်ဖိုးများများဖြစ်ဖို့ အတွက် Result ရလဒ်တန်ဖိုးများများပေါင်းထည့်ပါ။ အလုပ်လုပ်တဲ့အခါမှာ ပင်ပန်းခြင်း၊ ခက်ခဲခြင်းတို့ကို အာရုံမစိုက်ဘဲ မိမိလိုချင်သောရလဒ်တန်ဖိုးကို အာရုံစိုက်၍ ကြိုးစားပါ။ တန်ဖိုးမြင့်မားလာလေလေ၊ တိုးတက်အောင်မြင်လေလေဖြစ်ပါတယ်။

## တန်ဖိုးထားမှုနှင့် အောင်မြင်ရေးမဟာဗျူဟာ

ဥပမာ - လမ်းလျှောက်ရတဲ့ခေတ်မှ စက်ဘီးစီးသွားတဲ့ ခေတ်သို့၊ ယနေ့ခေတ် ကားနဲ့လျှင်မြန်စွာ သွားလာလို့ရတဲ့ ခေတ်သို့ တန်ဖိုးများအဆင့်ဆင့်တိုးလာအောင် ကြိုးစားခဲ့ကြသလို၊ ဘဝတိုးတက်အောင်မြင်ဖို့မှ အဆင့်ဆင့်တန်ဖိုးတိုးတက်အောင် ကြိုးစားနေရမှာဖြစ်ပါတယ်။ ယခုရှိနေတဲ့ အခြေအနေထက် ပိုကောင်းအောင်ကြိုးစားပြီး တန်ဖိုးများမြင့်တင်နေရမှာ-ဖြစ်ပါတယ်။

The Top Never End ဆိုတဲ့အတိုင်း (ထိပ်ဆုံးဆိုတာဘယ်တော့မှ အဆုံးမရှိသလို) တန်ဖိုးဆိုတာ အတိုင်းအဆမသိ တိုးမြင့်သွားရမှာဖြစ်ပါတယ်။ တန်ဖိုးဆိုတာ လူတိုင်းမရနိုင်တဲ့ အရာတွေ၊ လူတိုင်း မလုပ်နိုင်တဲ့ အလုပ်တွေ၊ လူတိုင်း မပိုင်ဆိုင်နိုင်တဲ့ တန်ဖိုးတွေကို ပိုင်ဆိုင်သွားဖို့ဖြစ်ပါတယ်။

တန်ဖိုးဆရားဆိုတာ အများတွေမလုပ်နိုင်တဲ့ အရာတွေကို ဖန်တီးကြိုးစားခြင်းဟာ တန်ဖိုးပါပဲ။ အများတွေမရနိုင်တဲ့ အရာတွေကို ပိုင်ဆိုင်ခြင်းဟာ တန်ဖိုးပါပဲ။

တန်ဖိုးရှိဖို့ဆိုရာမှာ မိမိကိုယ်တိုင်လည်း တန်ဖိုးထား

ပြီး၊ တန်ဖိုးများသူဖြစ်ဖို့လိုတယ်၊ ပတ်ဝန်းကျင်အတွက်လည်း ရှားပါးပြီး တန်ဖိုးပေးနိုင်သူဖြစ်ဖို့လိုပါတယ်။

အောင်မြင်ရေးမဟာဗျူဟာ (တန်ဖိုးထားမှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| မိမိကိုယ်တိုင်တန်ဖိုးမြင့်ပါမှ တခြားသူမှ ကိုယ့်ကို တန်ဖိုးထားမှာဖြစ်လို့ တန်ဖိုးရှိသူဖြစ်ပါစေ။ | သူလို ကိုယ်လို ပေါ်နေရင် တန်ဖိုးမထားကြပါဘူး၊ အများနဲ့မတူတဲ့ တန်ဖိုးရှိသူဖြစ်ဖို့ ကြိုးစားပါ။ |
| အပြင်ပိုင်း စည်းစိမ်ဉစ္စာ တန်ဖိုးတွေထက်၊ အတွင်းပိုင်း တန်ဖိုးများကို ပိုပြီးဦးစားပေးပါ။ | တန်ဖိုးမထားပဲ မနေပါနဲ့၊ မိမိ ကိုယ်တိုင်မှ တန်ဖိုးမထားလျှင် တခြားသူလည်း တန်ဖိုးမထားပါ။ |
| တန်ဖိုးဆိုတာ ဒီထက်ပိုကောင်းအောင် ပေါင်းထည့် ကြိုးစားနေခြင်းဖြစ်လို့ အဆုံးမဲ့တိုးတက်နေပါ။ | တန်ဖိုးဆိုတာ ပြန်ကျတက်တာမို့ အမြဲတန်ဖိုးရှိဖို့ ထိန်းသိမ်းနေပါ၊ တန်ဖိုးမြင့်တင်နေပါ။ |

# Work

## "အလုပ်ကြိုးစားသူနှင့် မကြိုးစားသူတို့၏ ကွာခြားချက်"

အောင်မြင်သူဆိုတာ အလုပ်ကို အကောင်းဆုံး ကြိုးစားသွားတဲ့အတွက် အောင်မြင်ခြင်းဖြစ်တယ်။

မအောင်မြင်သူဆိုတာ အလုပ်ကို စိတ်မပါလက်မပါ မကြိုးစားခြင်းအတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " W "

## Work - အလုပ်ကြိုးစားမှု

"ကြိုးစားက ဘုရားဖြစ်"

**ကံကောင်းလို့ အလုပ်ကောင်းနေသလား။ အလုပ်ကောင်းကောင်းလုပ်လို့ ကံကောင်းနေသလား...?**

ဘဝမှာ အရာရာဖြစ်တည်လာခြင်းဟာ (အလုပ်ကြိုးစားမှုတို့၏ ရလဒ်ပင်ဖြစ်ပါတယ်)။ ဘဝဟူသည်လည်း အလုပ်အားလုံး၏ အစုအပေါင်းဟုဆိုနိုင်ပါတယ်။ မိမိလုပ်သမျှ မိမိဘဝဟု ခံယူကြိုးစားရင်း အလုပ်နဲ့ဘဝကို အကောင်းဆုံးတည်ဆောက်ဖို့လိုအပ်ပါတယ်။ အလုပ်နဲ့ဘဝကို တည်ဆောက်ကြရာဝယ် ဘယ်အချက်တွေကို

အဓိကထားပြီး တည်ဆောက်သွားမလဲဆိုတာ ရွေးချယ်ပြီး ကြိုးစား သွားရမှာဖြစ်ပါတယ်။

လောကကြီးမှာ သင့်မှာ မာယာတွေနဲ့ဖုံးလွှမ်းနေပါလိမ့် မယ်၊ အလုပ်တိုင်းမှာ Don’t follow your self – Fighting your self မိမိအလိုကျ အလုပ်မလုပ်ဖို့ပါ။ မိမိကိုယ်မိမိ ဘယ် တော့မှ မလိုက်နဲ့။ လောကမှာ အမှားများစွာတွေ့ပါလိမ့်မယ်။ အလုပ် လုပ်တဲ့အခါမှာ သင်မလုပ်ချင်ဘူးဖြစ်လိမ့်မယ်၊ လုပ်ချင်တဲ့စိတ် ဦးဆောင်ပြီးတော့ ကြိုးစားပါ။ သင် မပေးဆပ်ခြင်ဘူး ရှိလိမ့်မယ်။ ပေးဆပ်ချင်တဲ့စိတ်ဖြစ်အောင်လုပ်ပြီး ကြိုးစားပါ။ ဒါဆိုရင်တော့ သင်အောင်မြင်ပါပြီ။ မိမိကိုယ်မိမိ အောင်နိုင်သူဖြစ်ရင် လောက ကြီးမှာ အောင်မြင်ခြင်းအားလုံးကို သင်ရယူပိုင်ဆိုင်လိုက်နိုင်မှာဖြစ် ပါတယ်။

ဘဝမှာ လုပ်ရန်အရာများစွာထဲမှ (ရ-ရက်၊ ရ-ချက် လုပ် ငန်းစဉ်အတိုင်း မဖြစ်မနေလုပ်ရန်) ကြိုးစားနေပါ။ ထူးထူးခြား ခြား ဘဝမှာအောင်မြင်တိုးတက်လာပါလိမ့်မယ်။ အလုပ်ဟာ ဘဝ အတွက်ဆိုရင်၊ ဘဝကို အလုပ်နဲ့တည်ဆောက်ကြိုးစားနေပါ။

| (၇)ရက် / (၇)ချက် အောင်မြင်ရေးမဟာဗျူဟာ | MON | TUE | WED | THA | FRI | SAT | SUN |
|---|---|---|---|---|---|---|---|
| Knowledge (အသိပညာ) | ✓ | | | | | | |
| Work (အလုပ်) | | ✓ | | | | | |
| Social (လူမှုရေးရာ) | | | ✓ | | | | |
| Family (မိသားစု) | | | | ✓ | | | |
| Health (ကျန်းမာရေး) | | | | | ✓ | | |
| Religion (ဘာသာတရား) | | | | | | ✓ | |
| Happy (ပျော်ရွှင်မှု) | | | | | | | ✓ |

# 7 in 1(Life Management)

## Knowledeg (**အသိပညာ**)

လူတိုင်း ဘဝအခြေအနေအတူတူပဲ။ အသိပညာအပေါ်မူတည်ပြီး ဘဝပုံစံ ပြောင်းသွားကြပါတယ်။ ဘဝမှာအသိပညာကြီးခြင်းနဲ့အလုပ်ကြီးကြီးမားမား ဘယ်လောက်လုပ်သလဲ အရေးကြီးပါတယ်။ အလုပ်များများလုပ်တဲ့ ဘဝက အောင်မြင်မှာပဲ၊ ကျန်တဲ့ကံတရားကနောက်မှလာတယ်။ ဒါကြောင့် အလုပ်များများ လုပ်ရမယ်။ ရည်မှန်းချက်ကြီးကြီးထားရမယ်။

## Work (အလုပ်)

ဘဝဆိုတာ အလုပ်နဲ့တည်ဆောက်ထားတာဖြစ်ပါတယ်။ ဥပမာ ဒေါ်အောင်ဆန်းစုကြည် အောင်မြင်တာ အလုပ်တွေအများကြီးလုပ်လို့ အောင်မြင်တာ ဖြစ်ပါတယ်။ လူတိုင်းရဲ့ရင်ထဲမှာရှိနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းဆိုရင်လဲ အလုပ်တွေအများကြီး လုပ်ခဲ့ရပါတယ်။

## Social (လူမှုရေး)

လူတိုင်း social လုပ်ရမယ်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို "ပညာဟူသည်အရမ်းကျယ်ပြန့်နက်နဲတယ်။ ကမ္ဘာပေါ်မှာရှိသမျှစာအုပ်တွေပေါင်းရင်တောင်မှ ပညာဆိုတဲ့ စကားကိုဖွင့်ဆိုနိုင်ခြင်းမရှိပါဘူး။ ပညာဟူသည် လောက ပြင်ကျယ်တည်းဟူသော တက္ကသိုလ်တွင်သာ လေ့လာတွေ့ရှိနိုင်သည်"။ လူတိုင်း တိုးတက်အောင်မြင်ဖို့အတွက် ပတ်ဝန်းကျင်မှာ အဖြေအများကြီးရှိပါတယ်။

## Family (မိသားစု)

အိမ်မှာမိသားစုအဆင်မပြေရင် ချစ်ခြင်းမေတ္တာမရှိတဲ့ လူတစ်ယောက်ဟာ ပျော်ပျော်ရွှင်ရွှင်နဲ့မနေနိုင်ပါဘူး။ မပျော်ဘူးဆိုကတည်းက ဘဝမှာ အတွေးအခေါ်တွေအားလုံးသည် innovative thinking မထွက်တော့ဘူး။ ဒါကြောင့် ဘဝမှာ အောင်မြင်ဖို့ဆိုရင်

ချစ်ခြင်းမေတ္တာနဲ့ပျော်ရွှင်ဖို့လိုအပ်တယ်။ ကိုယ့်မိသားစုကိုလဲ ချစ်တက်မှရမယ်။ မိဘကိုချစ်တဲ့သူတွေ၊ ကိုယ့်တိုင်းဒေသကိုချစ်တဲ့သူတွေ၊ ကိုယ့်နိုင်ငံကိုချစ်တဲ့သူတွေဟာ ပိုအောင်မြင်ပါတယ်။

## Health (ကျန်းမာရေး)

လေ့ကျင့်ခန်းများများလုပ်တဲ့လူတွေဟာ အလုပ်ရဲ့ pressure တွေကို ကြံ့ကြံ့ခံနိုင်ပါတယ်။ သူများအလုပ် ၈နာရီလုပ်ရင် ကိုယ်က ၁၂ နာရီ လုပ်နိုင်ပါတယ်။ လူတိုင်းကျန်းမာရေးလိုက်စားဖို့လိုအပ်တယ်။ ဘဝ energy ထုတ်မှဘဝဆိုတာ တန်ဖိုးရှိမှာဖြစ်ပါတယ်။ ဘဝဆိုတာ နည်းနမါပ အပြည့်ရှိတဲ့ဘဝပုံစံဖြစ်ရမယ်။

## Religion (ဘာသာတရား)

လူတိုင်း ဘုရားရှိခိုးရင် နိဗ္ဗာန် ရောက်အောင်ဆုတောင်းကြပါတယ်။ လူတိုင်းအမြင့်ဆုံးရည်မှန်းချက်က နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ရောက်အောင် ကြိုးစား အားထုတ်တဲ့အခါမှာ ဘာသာတရားရဲ့ အနှစ်ချုပ်တွေအကုန်လုံးကို သိနားလည်ဖို့ ကြိုးစားရပါတယ်။

## Happy (ပျော်ရွှင်မှု)

အောင်မြင်ပြီး မပျော်ရွှင်တာထက်စာရင် ပျော်ရွှင်အောင်မြင်

နေတာ ပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ဘဝမှာ လူတိုင်းရှာဖွေနေကြသည်မှာ ပျော်ရွှင်မှုပင်ဖြစ်ပါတယ်။ ဘဝမှာ အောင်မြင်အောင်ကြိုးစားပြီး ပျော်ရွှင်စွာ နေထိုင်သွားရမှာပင်ဖြစ်ပါတယ်။

Teacher are Training - ဆရာဆိုတာ သင်ပေးနေရမယ်

Student are Studying - ကျောင်းသားဆိုတာ သင်ယူနေရမယ်

Leader are Learning - ခေါင်းဆောင်ဆိုတာ လေ့လာနေရမယ်

ဆရာအလုပ် ဆရာလုပ်၊ တပည့်အလုပ် တပည့်လုပ်၊ ခေါင်းဆောင်အလုပ် ခေါင်းဆောင်လုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်နေပါ။ ကိုယ့်သမိုင်း ကိုယ်ရေးနေပါ။

**We can’t change other Luck**

**တခြားသူတွေရဲ့ ကံတရားဆိုတာ ကိုယ်ပြောင်းလဲပေးလို့မရဘူး)**

**We can change our Luck**

**ကျွန်ုပ်တို့ရဲ့ ကံတရားဆိုတာ ကိုယ်တိုင်ပြောင်းလဲနေရမှာပါ)**

**အလုပ်ကြိုးစားမှုနှင့် အောင်မြင်ရေးမဟာဗျူဟာ**

ဥပမာ - အပြေးပြိုင်ပွဲမှာ ကံကောင်း၍ မနိုင်ပါဘူး။ အကောင်းဆုံး အမြန်ဆုံးပြေးနိုင်သူဟာ နိုင်မှာဖြစ်ပါတယ်။ ကံကောင်းလို့ အလုပ်ရသူဟာ အလုပ်မလုပ်လျှင် ကံကောင်းပါ

တော့မလား။ အလုပ်အကောင်းဆုံး ကြိုးစားသူတွေဟာ ကံကောင်းခြင်းတွေကို ရရှိစေနိုင်ပါတယ်။ You can't change other people life but you can change your life. သူတပါးရဲ့ကံတရားကို သွားပြောင်းလို့မရဘူး။ ဒါပေမယ့် ကိုယ့်ရဲ့ကံတရားကိုတော့ ရအောင်ပြောင်းလဲ ရမယ်။ ဒါကြောင့် ဘဝမှာ ကံတရားနဲ့ပတ်သက်ပြီး ခံယူကြိုးစားရမှာကတော့ Good Lost is Good Luck အကောင်းဆုံး ကြိုးစားခြင်းဟာ ကံကောင်းခြင်းဖြစ်၏။

Hard Lack for Hard Work ကံဆိုးနေလျှင် ပိုကြိုးစားခြင်းဖြင့် ကံကောင်းနိုင်ပါတယ်။

If you think I can't go to the end. သင်မလုပ်နိုင်ဘူးလို့ ထင်တဲ့အခါရှိလိမ့်မယ်။ ဒါပေမယ့် အဆုံးထိလုပ်ကြည့်လိုက်ပါ။ လောကမှာ One Side Decision တဖက်သတ်တွေးခေါ်စဉ်းစားဆုံးဖြတ်မှုတွေနဲ့ လူတွေက မိမိလုပ်နိုင်စွမ်းအားကို ကန့်သတ်ထားတာရှိတယ်။ ဒါကြောင့် မိမိမလုပ်နိုင်ဘူးထင်လျှင်တောင်မှ လုပ်ကြည့်လိုက်ပါ။ လုပ်ကြည့်လိုက်မှ အဖြေမှား

အဖြေမှန်၊ ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားဆိုတာ လက်တွေ့သိမှာ ဖြစ်တယ်။ အရေးကြီးတာ သင်မလုပ်နိုင်ဘူး လို့ထင်တာကို လုပ်ကြည့်လိုက်ပါ။ လောကကြီးမှာ လုပ်ရင်းနဲ့ဖြစ်သွားတဲ့အရာတွေ အများကြီးပဲရှိပါတယ်။ အရေးအကြီးဆုံးက အလုပ်လုပ်နေဖို့ပဲ ဖြစ်ပါတယ်။ ဖြစ်တာမဖြစ်တာ ရလဒ်တွေပါ၊ အရေးကြီးတာ အလုပ်လုပ်နေဖို့ပါ။

**အောင်မြင်ရေးမဟာဗျူဟာ(အလုပ်နဲ့ ဘဝတည်ဆောက်မှုဆိုင်ရာ)ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ လောကမှာ လုပ်ရန်အရာများစွာရှိနေပါတယ်၊ ဘဝအတွက် မဖြစ်မနေအရာများ ရွေးချယ်ပြုလုပ်ပါ။ | ၁။ အလုပ်မလုပ်ပဲ ကံကောင်းပါစေ မဆုတောင်းပါနဲ့။ ဆုတောင်းပြီး အလုပ်လုပ်စေပါ။ |
| ၂။ အလုပ်ကို များများနဲ့ မြန်မြန်လုပ်ပါ၊ လောကမှာ လုပ်ရန်အရာများစွာနဲ့ အကန့်အသတ်ရှိနေပါတယ်။ | ၂။ အလုပ်ကို နှေးနှေး နဲ့ နည်းနည်းလုပ်သမျှ ဘယ်တော့မအောင်မြင်နိုင်ပါ။ မပျင်းရိပါစေနဲ့။ |
| ၃။ အလုပ်ဆိုတာ အရှိန်အဟုန်နဲ့ လုပ်နိုင်ပါမှ ပိုမိုထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ | ၃။ အလုပ်မှာ ပျင်းတာလျှော့ပါ၊ ပျော်တာရှော့ပါ၊ ပျက်စီးမှုမရှိအောင်ထိန်းပါ။ (ပ–များ လျှော့ပါ) |

# X,Y Change

## “အပြောင်းအလဲ ဖန်တီးသူနှင့် မဖန်တီးသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ တစ်နှစ်နဲ့တစ်နှစ် မတူညီအောင် ကြိုးစားပြောင်းလဲမှုကြောင့် အောင်မြင်ခြင်းဖြစ်တယ်။

မအောင်မြင်သူဆိုတာ မနှစ်ကအတိုင်းပဲ အတူတူ ကြိုးစားတဲ့အတွက် ဘာမှပြောင်းလဲခြင်း မရှိဘဲ မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " X "

## X,Y Change - X,Y သီအိုရီအတိုင်းပြောင်းလဲမှု

"တရွာမပြောင်း သူကောင်းမဖြစ်"

ဘဝမှာ ယခုထက် ပြောင်းလဲတိုးတက်အောင်မြင်ဖို့ အမေရိကန်၏ အောင်မြင်ရေးဟောပြောသူ Jim Rohn မှ Same Activity = Same Result (တူညီသော လုပ်ဆောင်မှုဟာ = တူညီသော ရလဒ်) Change Activity = Change Result (ပြောင်းလဲသော လုပ်ဆောင်မှုဟာ = ပြောင်းလဲသော ရလဒ်) လွယ်ကူရိုးရှင်းပြီး ပြောင်းလဲအောင်မြင်ဖို့ လက်ကိုင်ကျင့်သုံးထားရမယ့် အကောင်းဆုံးနည်းလမ်းပင်ဖြစ်ပါတယ်။

လူတိုင်းဟာ အပြောင်းအလဲကို ကြောက်ကြတယ်ဆိုပေမယ့် တကယ်တမ်း လူ့ဘဝဆိုတာ အပြောင်းအလဲများစွာနဲ့ ရှင်သန်ခဲ့တာ

ကို ကြည့်ရင် လူတိုင်းဟာ အပြောင်းအလဲကို ကြိုးစားခဲ့နိုင်ပြီဖြစ်ပါတယ်။

(၁) လမ်းမလျှောက်တက်တဲ့ (ကလေးဘဝမှ) ပြေးတက်တဲ့ လူငယ်လေးဘဝကို ပြောင်းလဲခဲ့ပါလိမ့်မယ်။

(၂) မတွေးမခေါ်တက်တဲ့ (ပညာမသိတဲ့ဘဝမှ) စဉ်းစားတွေးခေါ်တက်တဲ့ ပညာတက်ဘဝကို ပြောင်းလဲခဲ့ကြပါလိမ့်မယ်။

(၃) ဘာမှမလုပ်တဲ့ (အတွေ့အကြုံမရှိတဲ့ဘဝမှ) လုပ်တက်ကိုင်တက် အတွေ့အကြုံရှိသော ဘဝကိုလည်း ပြောင်းလဲခဲ့နိုင်ခဲ့ပြီဖြစ်ပါတယ်။

မသိမသာပြောင်းလဲခဲ့ကြတယ်ဆိုပေမယ့် (ကလေးဘဝမှ) ယနေ့တိုင် အရွယ်ရောက်လာတဲ့ (အတွေ့အကြုံရှိသော လူကြီးဘဝသို့) ပြောင်းလဲလာခဲ့မှုဖြစ်စဉ်မှာ လူသားအားလုံးဟာ အောင်မြင်စွာကြိုးစားပြောင်းလဲနိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြန်လည်စဉ်းစားစေချင်တာတော့ ဘာမသိညာမသိ (ကလေးဘဝကို မပြောင်းလဲခဲ့ရင်) ယနေ့လို အရာရာစဉ်းစားတွေးခေါ် တန်ဖိုးရှိတဲ့ ဘဝဆိုတာကို မရောက်လာစေနိုင်ပါဘူး။ ဘဝမှာ ပြောင်းလဲရှင်သန်ဖို့ ကြိုးစားနေခြင်းသည်သာ လူဘဝရဲ့ အခြေခံ၊ အောင်မြင်မှုတို့ရဲ့ အုပ်မြစ်ဖြစ်ပါတယ်။

(ကိုယ်လိုချင်တဲ့ အပြောင်းအလဲကို စိတ်ကူးယဉ်နေမလား၊

လက်တွေ့ရယူကြိုးစားမလား) တိုးတက်အောင်မြင်ခဲ့သူတွေကို ကြည့်ရင် သူတို့ဖြစ်ချင်တဲ့ ယုံကြည်ချက်တွေကို မဖြစ်ဖြစ်အောင် လက်တွေ့ကြိုးစားခဲ့ကြတာကို မြင်ယောင်ပြီး ကြိုးစားစေချင်ပါတယ်။ (ဥပမာ တင်ပြရရင် အခန်းထဲမှာ သော့ခတ်ပြီး ပိတ်ထားရင်တောင်မှ၊ အပြင်ရောက်ဖို့ဆိုတာ သော့ရှာပြီးဖွင့်မလား၊ တခါးကိုချိုးဖျက်ပြီးတော့ အပြင်ထွက်နိုင်အောင်ကြိုးစားမလားဆိုတာ စဉ်းစားကြည့်စေချင်ပါတယ်)

အပြောင်းအလဲဆိုရာမှာလည်း (ခဏတာ အပြောင်းအလဲနှင့် တဘာဝစာ အသွင်းကူးပြောင်းမှု) Difference Change & Transformation (ပြောင်းလဲခြင်း နှင့် အသွင်ကူးပြောင်းခြင်း) မတူညီမှုအတိုင်းလည်း အသွင်းကူးပြောင်းဖို့ ကြိုးစားရမှာဖြစ်ပါတယ်။


| **Change ပြောင်းလဲခြင်း** | **Transformation ပြောင်းလဲခြင်း** |
|---|---|
| Growth (သစ်ပင်တွေ ကြီးထွားခြင်းသဘော) ရုပ်ပိုင်းဆိုင်ရာ သက်သက်ပြောင်းလဲ၏ | Development (လူသားတွေ တိုးတက်လာခြင်းသဘော) ဖန်တီးမှုတွေ ပြောင်းလဲ လာ၏ |
| Short-term (ခဏတာ ပြောင်းလဲခြင်း) | Long-term (ရေရှည်ပြောင်းလဲဖန်တီးခြင်း) |
| Change is Fast (ပြောင်းလဲမှုဆိုတာ မြန်ခြင်းသဘော) | Transformation is Slow (အသွင်ကူးပြောင်းမှုဟာ ဖြည်းဖြည်းခြင်းသဘော) |

အပြောင်းအလဲဆိုလို့ (ဒေါင်း ယောင်ဆောင်သော ကျီး) ကဲ့သို့ ခဏတာ ပုံစံပြောင်းလဲယူ၍ မရပါ။ (ဘောက်ဖက်မှ လိပ်ပြာ ဘဝသို့) အသွင်ကူးပြောင်းသွားတဲ့ အလုံးစုံသော အရာရာကို ပြောင်းလဲနိုင်မှသာ အသွင်ကူးပြောင်းသော ပြောင်းလဲတိုးတက်မှုဖြစ် ပါတယ်။

အပြောင်းအလဲလို့ ဆိုတဲ့အခါမှာလည်း နေ့ချင်း၊ ညချင်း ပြောင်းလဲကြိုးစားဖို့ မဟုတ်ပါဘူး။ ဒီနေ့ ဒါလုပ်ပြီး မနက်ဖြန် ဟိုဟာ ပြောင်းလုပ်ဖို့လည်းမဟုတ်ပါ။ (၁၀-တန်းအောင် ပြောင်းလဲဖို့ဆိုတာ တောင်မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့် ကြိုးစား ပြောင်းလဲမှ ရနိုင်သလို) ပြောင်းလဲတိုးတက်မှုဆိုတာ အဆင့်ဆင့် ပြောင်းလဲယူမှ ရနိုင်ပါတယ်။ (အခုပဲ တရားကျင့်၊ အခုပဲ သောတာပန် ဖြစ်ဆိုရင် ဘယ်ဖြစ်နိုင်ပါ့မလဲ)။ Change ဆိုတာ အဆင့်ဆင့် ပြောင်းလဲယူရတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တယ်ဆိုတာ ခံယူထားပြီး စိတ် ရှည်လက်ရှည် ပြောင်းလဲနေခြင်းသာ ဖြစ်ပါတယ်။

လူတစ်ယောက် တိုးတက်အောင်မြင်ပြောင်းလဲဖို့ ကမ္ဘာမှာ သုသေနပြုချက်အရ (နာရီ ၁-သောင်း) ကြိုးစားဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ (နှစ်အားဖြင့် တွက်ကြည့်မယ်ဆိုလျှင် ၅-နှစ် မှ ၆-နှစ် အထိကြာ နေ့စဉ် အရှိန်အဟုန်မပြက် ကြိုးစားအားထုတ်ပါမှ ဘဝ ပုံစံတစ်ခု ပြောင်းလဲနိုင်တယ်ဆိုတဲ့ သဘောပင်ဖြစ်ပါတယ်)။ အကယ်

၍ ကြိုးစားမှုမဟာဗျူဟာ၊ အထောက်အပံ့ရှိတယ်ဆိုဦးတော့ အနည်း ဆုံးတော့ (၃-နှစ်) လောက် ကြိုးစားပြောင်းလဲနိုင်မှသာ မိမိလိုချင် သော အပြောင်းအလဲကို ဖန်တီးယူနိုင်မှာဖြစ်ပါတယ်။




အပြောင်းအလဲကို ကြိုးစားဖန်တီးကြတဲ့ အောင်မြင်သူများ အတွက် လက်ကိုင်ထားကျင့်သုံးသွားရမဲ့ (XY Change) ရဲ့ သဘော တရားအတိုင်း ကြိုးစားပြောင်းလဲယူသွားဖို့ အားပေးလိုက်ပါတယ်။

X - ဆိုတဲ့ (အဟောင်း အခြေအနေမှ တဆင့်) တဖြည်း ဖြည်းချင်း ပြင်ဆင်ပြောင်းလဲပြီး. . .

XY - ဆိုတဲ့ (အဟောင်း + အသစ်ဆိုတဲ့ ပူးတွဲပြောင်းလဲ ကြိုးစားခြင်းသို့ စတင်ဖန်တီးရပါတယ်)

Y - ဆိုတဲ့ (အခြေအနေ အသစ်ဆိုတာ ရောက်ပြီဆိုမှ X ကို စွန့်လွှတ်ကြိုးစားသွားခြင်းဖြစ်ပါတယ်)

မိမိတကိုယ်ရေပြောင်းလဲမှုလား၊ အဖွဲ့အစည်းပြောင်းလဲမှုလား၊ စီးပွားရေးတိုးတက်ပြောင်းလဲမှုလား၊ နိုင်ငံတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုလား (XY Change အတိုင်း) X > XY > Y ဆိုတဲ့ အဆင့်အတိုင်း ပြောင်းလဲဦးဆောင်သွားဖို့ အရေးကြီးပါတယ်။ XY Change မဟာဗျူဟာအတိုင်း အဆင့်ဆင့် ပြောင်းလဲယူပြီး နှစ်ကာလတစ်ခု (နာရီ ၁-သောင်း သီအိုရီအတိုင်း) ကြိုးစားအောင်မြင်သွားနိုင်မှာဖြစ်ပါတယ်။

<u>**ပြောင်းလဲတိုးတက်မှုနှင့် အောင်မြင်ရေးမဟာဗျူဟာ**</u>

ဥပမာ - မကြိုက်ရင်ပြောင်းပါ၊ မပြောင်းရင်ကြိုက်ပါဆိုတဲ့အတိုင်း (နိုင်ငံကို မကြိုက်ရင် - နိုင်ငံခြားကိုထွက်ပါ) နိုင်ငံခြားကို မထွက်ရင်တော့ နိုင်ငံကိုကြိုက်ပြီး တိုးတက်အောင် ဖန်တီးရမှာဖြစ်ပါတယ်။ ပြောင်းလဲတိုးတက်အောင်မြင်သို့ (C - ၅ လုံး) လက်ကိုင်သုံးလျှက် ပြောင်းလဲတိုးတက်ဖို့ အားပေးလိုက်ပါတယ်။

Current - ယခုအခြေအနေကို မကြိုက်ပဲ ပြောင်းလဲဖို့ ကြိုးစားရမယ်။

Choice - ပြောင်းလဲမှုသို့ ဦးစားပေး ရွေးချယ်မှုတွေ မှန်ကန်ရမယ်။

Change - အပြောင်းအလဲတွေကို စွန့်လွှတ်၊ စွန့်စားဖို့

သတ္တိရှိရမယ်။

Challenge - စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ ကြိုးစားရမယ်။

Chance - အခွင့်အရေးရှာတွေ့ပြီး အောင်မြင်ဖို့နည်းလမ်းရှာနိုင်ရမယ်။

လူတိုင်းရဲ့ ဘဝ၊ နေထိုင်တဲ့ ပတ်ဝန်းကျင်ဆိုတာ ပြောင်းလဲတိုးတက်နေတဲ့ သဘာဝတရားပဲမလား (ကလေးဘဝမှ ယနေ့တိုင်ပြောင်းလဲနေမှုမှာ အဆန်းမဟုတ်သလို၊ ပြောင်းလဲဖို့ ကြိုးစားတာလည်း လုပ်ရိုးလုပ်စဉ်ပဲဖြစ်ပါတယ်။ အောင်မြင်သူတိုင်း အပြောင်းအလဲကို ကြိုးစားခဲ့တယ်၊ အပြောင်းအလဲ ဖန်တီးခဲ့သူတွေတိုင်းလည်း အောင်မြင်ခဲ့ပါလိမ့်မယ်။

လောကမှာ အောင်မြင်သူတွေဆိုတာ (သူတို့မကြိုက်တာကို လက်ခံ၍ - သူတို့ကြိုက်တဲ့ ဘဝကို ပြောင်းလဲနိုင်ခဲ့ခြင်းပါ) ကိုယ်ကြိုက်တာတွေပဲ လက်ခံထားရင်တော့ ကိုယ်မကြိုက်တဲ့ဘဝမှာ နေရဦးမှာပါ။ မကြိုက်တဲ့ အရာတွေကို ဖြည်းဖြည်းခြင်းပြောင်းလဲခြင်းဖြင့် တိုးတက်ခြင်းဆိုတာ ဒွန်တွဲပါလာခြင်းသာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (ပြောင်းလဲတိုးတက်မှုဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ **Change to Chance** နေ့စဉ်အပြောင်းအလဲကို ကြိုးစားဖန်တီးနေပြီး ပြောင်းလဲတိုးတက်နေပါ။ | ၁။ ခဏတာ ပြောင်းလဲမှုမျိုးမဟုတ်ပဲ၊ အသွင်ကူးပြောင်းသော ပြောင်းလဲမှုသို့ကြိုးစားပါ။ |
| ၂။ လျှင်မြန်စွာ ပြောင်းလဲတိုးတက်နေတဲ့ခေတ်မှာ အပြောင်းအလဲကို အမြန်ဆုံးကြိုးစားဖန်တီးပါ။ | ၂။ အပြောင်းအလဲကို ကြောက်လို့ မကြိုက်လို့ မလုပ်ခြင်းဟာ မတိုးတက်ခြင်းဟု ခံယူထားပါ။ |
| ၃။ ယခုအခြေအနေတိုင်းကို ပြောင်းလဲနေပါမှ နောင်အခြေအနေတိုင်း တိုးတက်နေမှာဖြစ်ပါတယ်။ | ၃။ ကောက်ရိုးမီးတောက် အပြောင်းအလဲမျိုး မလုပ်ပါနဲ့၊ စဉ်ဆက်မပြက် ပြောင်းလဲတိုးတက်နေပါ။ |

**Y**

# Youth

## “အနာဂတ်လူငယ် မျှော်မြင်မှုရှိသူနှင့် မရှိသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ အနာဂတ်ကို မျှော်မြင်ပြီး လူငယ်တွေကို တန်ဖိုးထား လူငယ်တွေနဲ့အတူတူ ကြိုးစား ဆောင်ရွက်ပြီးတော့ အောင်မြင်မှုကို ဖန်တီးတယ်။

မအောင်မြင်သူဆိုတာ အနာဂတ်မျှော်မြင်မှုမရှိ အနာဂတ်အတွက် ကြိုးစားတည်ဆောက်မှုမရှိဘဲနေထိုင်သွားတယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " Y "

## Youth - အနာဂတ်လူငယ်

"ယနေ့ လူငယ် နောင်ဝယ် လူကြီး"

ကမ္ဘာကျော် သူဌေးကြီး Jack Ma ရဲ့ ခံယူချက်ကတော့ ယနေ့လူကြီးတွေ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေကို နောင်မှာ လူငယ်တွေက ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ (မှန်ပါတယ် ယခင်က မတီထွင်ခဲ့တဲ့ ကားတွေ၊ လေယာဉ်တွေ၊ တယ်လီဖုန်းတွေ အားလုံးကို ယနေ့ခေတ် လူငယ်တွေရဲ့ ဆန်းသစ်တီထွင်လာမှုပင်ဖြစ်ပါတယ်။

ယနေ့လူငယ် နောင်ဝယ် လူကြီးဆိုသလို လူငယ်ဆိုတာ အနာဂတ်ရဲ့ ဦးဆောင်သူ လူကြီးတွေပင်ဖြစ်ပါတယ်။ ယနေ့သစ်ပင်စိုက်လျှင် နောင်မှာ အသီးအပွင့်စားရသလို၊ လူငယ်တွေကို အမျှော်အမြင်ရှိရှိ လူတိုင်းဟာ ပြုစုပျိုးထောင်ကြမှာဖြစ်ပါတယ်။ မိသားစု

ဝင်တိုင်းမှာ အလေးထားဆုံး အရာဘာလဲဆိုရင် ထိုမိသားစုမှာ ရှိနေကြတဲ့ လူငယ်တို့ရဲ့ အနာဂတ် ပညာရေး၊ တိုးတက်ရေး အတွက် အများဆုံး အာရုံထားခြင်းသာ ဖြစ်ပါလိမ့်မယ်။ လူတိုင်းဟာ လူငယ်တွေကို ပိုအားထားကြတယ်၊ ဖြစ်စေချင်ကြပါတယ်။

## လူကြီး နှင့် လူငယ် ဘာတွေကွာခြားချက်ရှိလဲ

လူကြီးတွေဆိုတာ ဖြတ်သန်းခဲ့တဲ့အတွေ့အကြုံအားဖြင့်များတယ်။ လူငယ် ဆိုတာ အတွေ့အကြုံနည်းပေမယ့် စူးစမ်းလုပ်ကိုင်လိုစိတ်ပိုများပါတယ်။ လူကြီးတွေဆိုတာ အသက်အားဖြင့် နေထိုင်မှုအခွင့်အလမ်းနည်းလာလို့ မျှော်လင့်မှုနည်းသွားတက်တယ်။ လူငယ်တွေဆိုတာ အသက်အားဖြင့်ငယ်ရွယ်၍ အခွင့်အလမ်းပိုများသလို မျှော်လင့်ချက်လည်းပိုကြီးပါတယ်။ လူကြီးတွေဆိုတာ အလုပ်လုပ်တဲ့အခါမှာ စဉ်းစားဆင်ခြင်မှု ပိုများလာတယ်။ လူငယ်တွေ ကတော့ တွေးခေါ်မှုနည်းပြီး လက်တွေ့စွန့်စားတာကို ပိုပြီးတော့ကြိုက်လာတယ်။

ဒီအခါမှာ လူကြီးနှင့်လူငယ် မတူညီမှုကို ပူးပေါင်းကြိုးစားလိုက်ရင် အတွေ့ အကြုံနဲ့ အသိပညာ၊ စဉ်းစားဆင်ခြင်မှုနဲ့ စွန့်စားမှုတွေအားလုံးပေါင်းစပ်လိုက်ရင် အရာတိုင်းမှာ ပိုပြီးတော့ တိုးတက်အောင်မြင်အောင်မြင်မှာ အသေချာပင်ဖြစ်ပါတယ်။

လူငယ်တွေ အောင်မြင်ဖို့ E နှစ်လုံးလိုအပ်ပါတယ်။

(၁) E = Education အသိပညာလိုအပ်တယ်။ အောင်မြင်မှုအတွက် အောင်မြင်မှုကို ဘယ်လိုသွားမလဲ ဆိုတဲ့ အသိပညာနည်းလမ်းတွေကို လူငယ်တိုင်းက လေ့လာထားရမှာဖြစ်တယ်။

(၂) E = Experience အတွေ့အကြုံ လိုအပ်မှာဖြစ်တယ်။ အောင်မြင်မှုဆိုတာ အတွေ့အကြုံပေါ်မှာ မူတည်တယ်။ အတွေ့အကြုံများများရှိတဲ့သူဟာ အမှားအမှန်ကို ပိုသိလာတယ်။ အတွေ့အကြုံများများရှိလာလေလေ အောင်မြင်မှုဆိုတာ များများဖန်တီးလာနိုင်တယ်။

ဒါကြောင့် လူငယ်တိုင်းမှာ အရေးကြီးတဲ့ Education အသိပညာနဲ့ Experience အတွေ့အကြုံကို ပေါင်းစပ်ရှာဖွေ ကြိုးစားရမှာဖြစ်ပါတယ်။ အသိပညာရှိပြီး အတွေ့အကြုံမရှိလျှင်လည်း ထင်သလောက် မအောင်မြင်သလို၊ အတွေ့အကြုံရှိပြီး အသိပညာမရှိပြန်လည်း မှန်းသလောက် ခရီးမရောက်စေနိုင်ပါဘူး။ ဘဝမှာ အကောင်းဆုံးအောင်မြင်ဖို့ဆိုရင် (အသိပညာ + အတွေ့အကြုံ) ဆိုတာ ခေါင်းနဲ့ ပန်းပမာ ပူးတွဲကြိုးစားသွားရမှာဖြစ်ပါတယ်။

ကမ္ဘာကို တိုးတက်အောင် ပျက်စီးအောင် လုပ်သူတွေဟာ ကမ္ဘာထဲမှာ နေသူတွေပဲဖြစ်လိမ့်မယ်။

နိုင်ငံကို တိုးတက်အောင် ပျက်စီးအောင် လုပ်သူတွေဟာ နိုင်ငံမှာနေတဲ့ နိုင်ငံသားတွေပဲဖြစ်လိမ့်မယ်။

အဖွဲ့အစည်းကို တိုးတက်အောင် ပျက်စီးအောင် လုပ်သူတွေဟာ အဖွဲ့အစည်းမှ အဖွဲ့ဝင်တွေပဲဖြစ်လိမ့်မယ်။

မိမိကိုယ်ကို တိုးတက်အောင် ပျက်စီးအောင် လုပ်သူတွေဟာ မိမိကိုယ်ထဲမှ စိတ်အတွေးတို့ပဲဖြစ်လိမ့်မယ်။

အနာဂတ်လူငယ်တိုင်း မိမိကိုယ်မိမိ တန်ဖိုးထားပြီး ကြိုးစားတည်ဆောက်နေဖို့အရေးကြီးပါတယ်။

အသက် (၂၀) နဲ့ အသက် (၃၀) မှာ ဘဝဟာ အတူတူပဲဆိုရင် (၁၀) နှစ်လုံး အချိန်ဖြုန်းလိုက်တာနဲ့ တူပါတယ်တဲ့။ အချိန်ဆိုတာ တန်ဖိုးရှိတယ်လား (အချိန်ရဲ့ သဘောဟာ တန်းဖိုးထက်သဘာဝအရ ဆုံးရှုံးခြင်းဘက် ပြောင်းလဲလာခြင်းပါပဲ)

ဥပမာလေး - အိမ်တစ်လုံး အသုံးမပြုပဲ ဒီအတိုင်းထားရင် အချိန်နဲ့အမျှ အိုဟောင်းပျက်စီးလာသလိုပဲ ဘဝဟာလည်း အသုံးမချပဲ ဒီအတိုင်းထားရင် အချိန်နဲ့အမျှ အိုမင်းပြောင်းလဲခြင်းသို့ရောက်လာတော့မှာပါ။

ဟောင်ကောင်သူဌေးကြီးပြောသလို - ကိုယ်လုပ်ခဲ့တဲ့

အလုပ်တွေကြောင့် နောင်တမဟုတ်ပဲ၊ ကိုယ်မလုပ်ခဲ့မိတဲ့ အလုပ်တွေက နောင်တရစေလိမ့်မယ်။ ဘဝရဲ့ အချိန်နာရီတိုင်းမှာ တစ်ခုခုနဲ့ ကြိုးစားတိုးတက်နေလိုက်ပါ။

လူတိုင်းသိတဲ့ အရွယ်သုံးပါးဖြစ်တဲ့ ပထမအရွယ်မှာ (ပညာရှာ)၊ ဒုတိယအရွယ်မှာ (ဥစ္စာရှာ)၊ တတိယအရွယ်မှာ (တရားရှာ) ဆိုတဲ့အတိုင်း- အရွယ်သုံးပါးလုံးမှာ (လေ့လာရှာဖွေခြင်း)ကို ပြုလုပ်နေကြရမှာဟာ လူသားတို့၏ တာဝန်ပင်ဖြစ်ပါတယ်။ အရွယ် (၃-ပါး) ကိုလည်း အချိန်အပိုင်း (၃-ခု) ပိုင်းခြားပြီး စီမံနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်-။

| | | | |
|---|---|---|---|
| လူငယ်ဘဝမှာ | လုပ်နိုင်စွမ်းရှိတယ် | အချိန်ရှိတယ် | အလုပ်မရှိဘူး |
| လူလတ်ပိုင်းမှာ | လုပ်နိုင်စွမ်းရှိတယ် | အချိန်မရှိဘူး | အလုပ်တွေများတယ် |
| လူကြီးပိုင်းမှာ | လုပ်နိုင်စွမ်းမရှိတော့ဘူး | အချိန်တွေပိုနေတယ် | အလုပ်တွေရှိနိုင်တယ် |

ဘဝရဲ့ အရွယ် (၃) ပါးမှာ မမျှတစွာရှိနေလို့ ကိုယ်တိုင်မျှတစွာကြိုးစားဖို့လိုပါတယ်။ ဘဝဆိုတာ မမျှတခြင်းတွေကြားမှာ မျှတအောင်နေထိုင်ရတာဖြစ်ပါတယ်။ ဘယ်သူမှ ဘဝကို အရာရာမှာမျှတချင်၍ မရနိုင်ပါ။ မမျှတခြင်းတွေရှိနေမယ် မျှတအောင်သာကြိုးစားနေပါ။

စိတ်ထဲမှာ စွဲမြဲစွာလက်ကိုင်ထားရမှာတော့ အရွယ် (၃-ပါး) လုံးမှာ မိမိ ဘဝအတွက် တာဝန်ကျေပွန်စွာနဲ့ တိုးတက်အောင် ဖန်တီးမယ်ဆိုတဲ့ (သံဓိဋ္ဌာန်) နဲ့ ကြိုးစားနေဖို့ အားပေးချင်ပါတယ်။ (ဘဝဆိုတာ တို တောင်းလွန်းလှပါတယ်၊ အချိန်ဆိုတာလည်း အချိန်တန်ကုန်ဆုံးသွား မှာဖြစ်ပါတယ်။ အကန့်အသတ်ရှိတဲ့ ဘဝနဲ့ အချိန်တွေရဲ့ကြားမှာ ဘဝကို အဓိပ္ပါယ်ရှိစွာနေထိုင်ဖို့သာ လူဘဝရဲ့တန်ဖိုးပင်ဖြစ်ပါတယ်။ ပထမအရွယ် (ပညာရှာ) ဆိုတဲ့ အသိပညာ၊ ဗဟုသုတ၊ လူမှုအလုပ် ပိုင်းဆိုင်ရာ သိသင့်တက်သင့်သော ပညာများကို ရှာဖွေလေ့လာဖို့ လိုအပ်ပြီး. . . .

ဒုတိယအရွယ် (ဥစ္စာရှာ) ဆိုတဲ့ စီးပွားရေး၊ တိုးတက်ရေး၊ အောင်မြင်ရေးဆိုင်ရာ သိသင့်တက်သင့်သော ပညာများကိုလည်း ရှာဖွေလေ့လာပြီးမှ စီးပွားရှာကြပြီး. . .

တတိယအရွယ် (တရားရှာ) ဆိုတဲ့ ဘာသာတရား၊ တရား ဓမ္မရေးရာဆိုင်ရာ သိသင့်တက်သင့်သော တရားပညာများကိုလည်း ရှာဖွေကျင့်ကြံအားထုတ်သွားရမှာဖြစ်တာမို့ . . .

ဘဝရဲ့ အရွယ် (၃-ပါး) စလုံးမှာ Life Long Learning ဘဝတစ်သက်သာ လေ့လာသင်ယူမှုဟာ အောင်မြင်သူတို့အတွက် အကောင်းဆုံးသော လောကနေထိုင်နည်းပါပဲ။

လူကြီး၊ လူလတ်၊ လူငယ် ဆိုတာ (အသက်အရွယ် သတ်

မှတ်ချက်တွေပါ) အရေးကြီးတာ အလုပ်လုပ်နေဖို့ပင်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အသက်ငယ်ပေမယ့် အလုပ်ကြီးလုပ်ခဲ့လို့ အသက်ငယ်ငယ်နဲ့ နိုင်ငံခေါင်းဆောင်ဖြစ်နိုင်ခဲ့တယ်ဆိုတဲ့ စိတ်ဓါတ်၊ လုပ်ရပ်တို့နဲ့ လူငယ်တိုင်း အလုပ်ကို အဓိကထားပြီး ကြိုးစားအောင်မြင်ဖို့ အားပေးလိုက်ပါတယ်။

အဓိက နဲ့ သာမည ခွဲခြားပြီး (အပေါ်ယံ နဲ့ အနှစ်သာရ) ခွဲခြားပြီး ကြိုးစားအောင်မြင်ပါ။

မှုံလာဥပင်လို (လူမြင်ရတဲ့ အပေါ်ယံ အပင်သာကြီးနေပြီး မှုံလာဥ မရှိတာထက်) လူမြင်ရတဲ့ အပေါ်ယံ အပင်သေးပေမယ့် လူမမြင်ရတဲ့ စိတ်ရွှေရတနာတွေဟာ ပိုပြီး တန်ဖိုးရှိစေပါတယ်။

ချစ်ခင်ရတဲ့ လူငယ်တိုင်းသို့ နိုင်ငံခြားမှ လေ့လာဖူးတဲ့ အဆိုအမိန့်လေး တစ်ခုအမြဲခံယူ ကြိုးစားစေချင်တယ်)

Online အပေါ်မှာ လူအများအမြင် အထင်ကြီးပြီး မအောင်မြင်တဲ့ ဘဝထက်စာရင် Life လက်တွေ့ဘဝမှာ လူအများအမြင် အထင်သေး အောင်မြင်နေတာ ပိုကောင်းပါတယ်။

လူမြင်ရတဲ့ Facebook တွေမှာ ပျော်ရွှင်၊ အောင်မြင်၊ အထင်ကြီးနေဖို့ထက် လူမမြင်ရတဲ့ ကိုယ်ပိုင်ဘဝတွေမှာ ပျော်ရွှင်၊ အောင်မြင်၊ အဓိပ္ပါယ်ရှိရှိ နေထိုင်ဖို့သာ အဓိကပါ။

သူများလျှောက်တဲ့လှမ်းတွေလိုက်လျှောက်ပြီး၊ နောက်ဆုံး

ကိုယ့်ရဲ့လမ်းမပျောက်အောင်သာ သတိပညာရှိရှိနဲ့ ကြိုးစားနေဖို့သာ ကိုယ်တိုင်ဘဝပါ။

လူငယ်တွေဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေပါ (လူငယ်တိုင်းကို တန်ဖိုးထား မြေတောင်မြှောက်ပါ၊ လူငယ်တိုင်းကို တန်ဖိုးမြင့်တင်ပေးပါ) အနာဂတ်လူငယ်တွေသည်သာ အနာဂတ်မှာ ယခုထက် တိုးတက်အောင်မြင်နိုင်ဖို့ စွမ်းဆောင်ရှင်တွေဖြစ်တယ်ဆို တာ ခံယူပြီး အားပေးစေချင်ပါတယ်။

**အနာဂတ်လူငယ်နှင့် အောင်မြင်ရေးမဟာဗျူဟာ**

(ဥပမာ - ယခုသစ်ပင်စိုက်လျှင် နောင်မှာအသီး အပွင့်စားရသလို၊ လူငယ်တွေကိုချစ်တဲ့ လူကြီးမိဘဆရာသမား အားလုံးမှ အနာဂတ်လူငယ်များကို မွေးမြူပျိုးထောင်ပါ၊ လူငယ် များမှလည်း မိမိရဲ့ အနာဂတ်တိုးတက်ရေးအတွက် အကောင်းဆုံး ရှင်သန်နေထိုင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

လူကြီး လူငယ် မတူညီမှုတွေကိုလည်း သဘောထား မကွဲလွဲပဲ၊ ညှိနှိုင်းဆွေးနွေး အဖြေ ရှာခြင်းသည်သာ အကောင်းဆုံး သည် အကောင်းဆုံးသော နည်းလမ်းပင်ဖြစ်ပါတယ်။

လူတိုင်း လူတိုင်းဟာ မိမိအကောင်းဆုံးဟု ထင်တဲ့ အရာတွေကို ရွေးချယ်ကြိုးစားနေကြတာဖြစ်လို့ လူကြီးတွေက

လည်း အကောင်းဆုံးပါပဲ၊ လူငယ်တွေကလည်း အကောင်းဆုံးပါပဲ။ ဒီထက် အကောင်းဆုံးကို ရွေးချယ်ပြီး အလုပ်လုပ်ကြဖို့သာ အဓိက ဖြစ်ပါတယ်။ (ဘဝမှာ ရွေးချယ်မှု ၂-ခု ပေးလာရင် ၂-ခု စလုံးကို ရွေးချယ်ပါ) ဆိုတဲ့အတိုင်း အတက်နိုင်ဆုံး ၂-ဦး ၂-ဖက်ရဲ့ ဖြစ်ချင်မှုပါဝင်အောင် ရွေးချယ်ကြိုးစားရမှာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ တကယ်လုပ်မည့်သူကို ဦးစားပေးရမှာဖြစ်ပါတယ်။

ရွေးချယ်တဲ့သူက အလုပ်လုပ်ရမှာ မဟုတ်ပါဘူး၊ အလုပ်လုပ်ရမည့်သူက ရွေးချယ်ရမှာဖြစ်ပါတယ်။

**အောင်မြင်ရေးမဟာဗျူဟာ (အနာဂတ်လူငယ်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ**

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| ၁။ လူကြီးတွေမှ လူငယ်တွေကို အားထားသလို၊ လူငယ်တွေမှလည်း လူကြီးတွေ အားရစရာဖြစ်ပါစေ။ | ၁။ လူကြီး၊ လူငယ် ဒီနှစ်သွယ် အပြန်အလှန် အထင်သေးသမှု ဘာအကျိုးမှမရှိ၊ မလုပ်ပါနဲ့။ |
| ၂။ အနာဂတ်သို့ ကြိုမြင်လျှင် ကြိုတင်ပြင်ဆင်ပါ။ (တခြားနိုင်ငံများသို့ လေ့လာပါ၊ ပြင်ဆင်ထားပါ) | ၂။ ထင်ရာစိုင်း ရှိုင်းတဲ့လူငယ်များ မဖြစ်ဖို့ကြိုးစားပါ။ (ကိုယ်ထင်ရာ အမှန်တရားမဟုတ်ဟု လက်ခံပါ) |
| ၃။ အသိပညာ + အတွေ့အကြုံ ရရှိစေဖို့ လူကြီး၊ လူငယ် လက်တွဲခေါ်ယူလျှက် မျှဝေပေးပါ။ | ၃။ အခုရေတွင်းတူး – အခုရေကြည်သောက်၍မရ၊ အောင်မြင်ဖို့ စိတ်ရှည်သည်းခံ ကြိုးစားနေပါ။ |

## Zero to  Hero

### “သုညဘဝမှ အောင်မြင်အောင်ကြိုးစားသူနှင့် မကြိုးစားသူတို့၏ ကွာခြားချက်”

အောင်မြင်သူဆိုတာ ဘဝကို အလုပ်ကြိုးစားမှုနဲ့ ဖန်တီးတည်ဆောက်ပြီး အကောင်းဆုံးကြိုးစားသွားတဲ့အတွက် အောင်မြင်ခြင်းဖြစ်တယ်။

မအောင်မြင်သူဆိုတာ အလုပ်ကို စိတ်မပါလက်မပါ မကြိုးစားခြင်းအတွက် မအောင်မြင်ခြင်းဖြစ်တယ်။

**ဇင်ဖြိုးပိုင် (MESI)**

**အောင်မြင်မှုရေးရာ A to Z မဟာဗျူဟာ**

# " Z "

## Zero to Hero - သုညမှ သူရဲကောင်းသို့

"ချုံကြားမှ ဘုံဖျားသို့"

မွေးလာကတည်းက (သုည) သမားတွေမို့ ဘဝမှာ ဘယ်အတွက် ဆုံးရှုံးမှာ ကြောက်နေသလဲ၊ (သုည) နှင့် (သူရဲကောင်း) ဒီနှစ်ခုကြား ဘာကွာလဲဆိုရင် (သတ္တိရှိခြင်း) ကွာခြားပါတယ်။ လူတော်လူကောင်း တွေဟာလည်း သူရဲကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ ကိုယ်အတွက်သာ သူတော်ကောင်းတရား စောင့်ထိန်းပြီး ပတ်ဝန်းကျင်မှာ တရားပျက်နေခြင်းကို မျက်ကွယ်ပြုလျှင် ဘယ်သောအခါမှ သူတော်ဖို့ကောင်းတဲ့ သူတော်ကောင်းဟု ဆိုနိုင်ပါ့မလဲ။ ဒါကြောင့် သူတော်ကောင်းတွေဟာ သူရဲကောင်းဖြစ်မှသာ အောင်မြင်တိုးတက်မှုများကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

ဘဝဆိုတာ ပင်လယ်ကိုဖြတ်သန်းရတာနဲ့တူပါတယ်။ လိုချင်တဲ့ ဟိုးတစ်ဖက်ကမ်းသို့ရောက်ဖို့ရာ လှိုင်းဒါဏ်တွေကို သတ္တိရှိရှိ

ကျော်ဖြတ်ရ၏၊ မုန်တိုင်းတွေကိုလည်း ရဲရဲဝင့်ဝင့် ကျော်ဖြတ်ရ၏၊ ပင်လယ်ထဲမနစ်အောင်လည်း ထိန်းထိန်းသိမ်းသိမ်း နေနိုင်ရ၏၊ ဘဝဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်ပါမှ ဘဝဟာအောင်မြင်မှုပေးပါတယ်။ အခက်အခဲရဲ့ ဒါဏ်တွေကို မကူးရဲသူတွေဟာ ပင်လယ်တစ်ဖက်ကမ်းသို့မရောက်ကြပဲ၊ ယခုအခြေအနေမှာတင် ရှိနေကြမှာဖြစ်ပါတယ်။ ဘယ်လို အခက်အခဲနဲ့တွေ့ပါစေ ပင်လယ်ဟိုးတဖက်ကမ်းသို့ ကျော်ဖြတ်သွားသူတွေကတော့ အောင်မြင်တိုးတက်သွားတဲ့သူတွေပဲဖြစ်ပါတယ်။ ဘဝရဲ့ ပင်လယ်ထဲမှာ စက်မရှိလျှင်၊ တက်နဲ့လှော်ခတ်ပါ၊ တက်မရှိတော့လျှင် ရွက်နဲ့လွှင့်ထူပါ၊ ရွက်မရှိတော့ရင် တောင်မှ လက်နဲ့ကူးခက်နေဖို့ပါ။ (မရွေ့သော ဖွဲလုံ့လနဲ့ ကူးခတ်ဖြတ်သန်းနိုင်သူတွေ ဟာ အောင်မြင်မှုဟိုးတဖက်ကမ်းကို ရောက်နိုင်မှ-ဖြစ်ပါတယ်)

## Zero သုညမအောင်မြင်သူ နဲ့ Hero သူရဲကောင်းအောင်မြင်သူတို့ ဘာတွေကွာခြားသလဲ

| **Zero** သုည မအောင်မြင်သူ | **Hero** သူရဲကောင်း အောင်မြင်သူ |
|---|---|
| I am Zero မိမိကိုယ်တိုင် သုညဟုသတ်မှတ်၏ | I am Hero မိမိကိုယ်တိုင် သူရဲကောင်းဟု ခံယူ၏ |
| အခြေအနေတိုင်းကို Fear ကြောက်ရွံ့၏ | အခြေအနေတိုင်းကို Fight ရင်ဆိုင်ရဲ၏ |
| အရာရာမှာ Give-up အရှုံးပေးတတ်၏ | အရာရာမှာ Get-up ရယူကြိုးစား၏ |

(အောင်မြင်သူတစ်ယောက်အနေနဲ့ အရေးကြီးဆုံး ရှိသင့်တဲ့ စွမ်းရည်ကတော့ (Courage) သတ္တိဖြစ်ပါတယ်။ သတ္တိဆိုတာ မကြောက်တာကို ပြောတာမဟုတ်ပါဘူး။ ကြောက်သော်ငြားလည်း လုပ်ရဲတဲ့စိတ်ရှိတာကို သတ္တိရှိတယ်လို့ ခေါ်ပါတယ်။ သတ္တိဆိုတာ အရာရာကို မိုက်မိုက်မဲမဲလုပ်တာလည်း မဟုတ်ပါဘူး၊ လုပ်သင့်တာကို လုပ်ရဲတာသတ္တိ၊ မလုပ်သင့်တာကို မလုပ်တာလည်း သတ္တိရှိခြင်းပါပဲ။

## ဘယ်လိုအခြေအနေမျိုးမှာ ပိုပြီးတော့ သတ္တိရှိရမလဲ...?

အောင်မြင်သူတစ်ယောက်အနေနဲ့ အများတွေက အမှန်ဖြစ်နေတဲ့အခါမှာ အမှန်တရားကို ပြောရဲဖို့အတွက် သတ္တိရှိဖို့လိုအပ်မှာဖြစ်ပါတယ်။

အောင်မြင်သူတစ်ယောက်အနေနဲ့ အခြေအနေတွေက ကျဆုံးတော့မယ့် အခြေအနေမှာ ကျရှုံးမှုတွေကို အချိန်မှီတားဆီးနိုင်ဖို့အတွက် အားလုံးကိုလည်း သတိပေးပြောရဲတဲ့ သတ္တိရှိဖို့လိုအပ်မှာဖြစ်ပါတယ်။

အောင်မြင်တစ်ယောက်အနေနဲ့ လူဆိုး၊ လူကောင်းတွေနဲ့ တွေ့တဲ့အခါမှာ လူဆိုးတွေကိုလည်း ဆုံးမပြောဆိုရဲတဲ့ သတ္တိရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

အောင်မြင်သူတစ်ယောက်အနေနဲ့ အခြေအနေတစ်ခုကို

ဦးဆောင် တဲ့အခါမှာ ဒီသတ္တိကို အလိုက်သင့်သုံးပြီးတော့ ဦးဆောင် သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ (မြွေဆိုတာ အန္တရာယ်ကြုံလာရင် အဆိပ်နဲ့ကာကွယ်သလို၊ အောင်မြင်သူတစ်ဦးဟာလည်း အားလုံး ဆုံးရှုံးနိုင်မှုဖြစ်လာလျှင် သတ္တိနဲ့ကာကွယ်ပြီး အားလုံးတိုးတက်အောင် မြင်ရေးသို့ Hero သူရဲကောင်းသဖွယ် ကြိုးစားဦးဆောင်နိုင်ရမှာ ဖြစ်ပါတယ်။

Zero to Hero ဖြစ်ဖို့ ဘယ်လိုကြိုးစားနိုင်ခဲ့သလဲဆိုတဲ့ အဖြေကို စာရေးသူကိုယ်တိုင် (၃)နှစ်အတွင်း ကြိုးစားရှာဖွေတွေ့ရှိခဲ့ပါတယ်။

ငွေမရှိပဲ အောင်မြင်တိုးတက်တဲ့ မီလျံနာ စီးပွားရေးလုပ်ငန်း မဖြစ်နိုင်ဘူးလား. . . ?။

သုညဘဝကနေ မီလျံနာလုပ်ငန်းရှင်ဖြစ်ဖို့ နည်းလမ်းတွေ မရှိနိုင်ဘူးလား. . . ?။

အတွေ့အကြုံမရှိပဲ အောင်မြင်တဲ့လုပ်ငန်းစုကို မဖန်တီးနိုင်ဘူးလား. . . ?။

ဒီမေးခွန်းတွေရဲ့ အဖြေတွေကို တိတိကျကျ သိချင်တဲ့ အနာဂတ် စီးပွားရေးခေါင်းဆောင်များအတွက် ယခု စာအုပ်မှတစ်ဆင့် Zero to Hero ဖြစ်ဖို့ နည်းလမ်းပေးနိုင်ပါတယ်။

ဘဝမှာ အခက်အခဲတွေ အဆင်မပြေမှုတွေကို Never Complain - Never Explain (ဘယ်တော့မှ စောဒကမတက်ပါနဲ့၊ ရှင်းပြနေဖို့လည်း မကြိုးစားလိုက်ပါနဲ့) ဘဝရဲ့ အဆင်မပြေမှုတွေကို စောဒကတက်ခြင်းအားဖြင့် မဖြေရှင်းနိုင်လို့ပါ။ အခက်အခဲတွေ စဉ်းစားတာထက် ဖြစ်နိုင်တဲ့ အဖြေကို ရှာကြည့်ပါ။ ဖြေရှင်းကြိုးစားကြည့်ပါ။ ဖြစ်ချင်တဲ့ စိတ်ဆန္ဒဟာ ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို ဖန်တီးပေးပါလိမ့်မယ်။

| **Past - ယခင်** | **Now - ယခု** | **Futue - နောင်** |
|---|---|---|
| သုညဘဝဖြစ်ခဲ့ပါစေ | ယုံကြည်စွာကြိုးစားနေပါ | အောင်မြင်သူဖြစ်နိုင်၏ |

အောင်မြင်မှုဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေကို ဆန့်ကျင်ပြီး ဖန်တီးကြိုးစားမှုတစ်ခုပါပဲ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာဟာ ဖြစ်ချင်မှုအပေါ် မူတည်ပြီး ပြောင်းလဲနိုင်စွမ်းရှိနေပါတယ်။ Zero to Hero (သုညဘဝမှ အောင်မြင်တဲ့ဘဝ) အောင်မြင်တဲ့ အနာဂတ်စီးပွားရေး မီလျံနာစီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်ထားပါတယ်။

ယခုစာအုပ်မှာ လေးစားစွာ ဖော်ပြထားတဲ့ Jack Ma ဟာ KFC မှ အလုပ်ရှာရတဲ့ဘဝမှ တရုတ်နိုင်ငံ၏ အကြွယ်ဝအချမ်းသာဆုံးသော ဘီလျံနာသူဌေးကြီးဘဝကို ဖန်တီးနိုင်ခဲ့တာ သာဓကပါပဲ။

ယခင် KFC မှာ အလုပ်လျှောက်ရပေမယ့် ယုံကြည်စွာကြိုးစားခဲ့မှုကြောင့် ဘီလျံနာလုပ်ငန်းရှင်းကြီးဘဝကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ (အောင်မြင်တိုးတက်မှုတို့ရဲ့ လျှို့ဝှက်ချက်ကို လေ့လာကြည့်ရင် တစ်စုံတစ်ရာကို ယုံယုံကြည်ကြည် ကြိုးစားမှုရဲ့ရလဒ်ကြောင့် တစ်နေ့မှာ အောင်မြင်မှုရရှိနိုင်ခြင်းဖြစ်ပါတယ်။

ကမ္ဘာမှာ အောင်မြင်ခဲ့တဲ့ Hero သူရဲကောင်းတွေကို သုတေသနပြုကြည့်ရင် Zero - တကယ့် သုညဘဝမှ စတင်ကြိုးစားခဲ့သူတွေဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံရဲ့ သူဌေးကြီးဖြစ်တဲ့ JacK Ma ကို ကြည့်ရင်လည်း သုညဘဝမှ စတင်ပြီးတော့ Zero to Hero အဖြစ် ပြောင်းလဲခဲ့သူဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံမှာ ထူးချွန်အောင်မြင်နေတဲ့ သန်းကြွယ်သူဌေးကြီးတွေကို ကြည့်ရင်လည်း Zero - သုညဘဝကနေစပြီး Hero လူအများလေးစားအားကျရတဲ့ ဘဝတွေကို ပြောင်းလဲသွားတာဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတာကတော့ Zero သုညဖြစ်နေတာ အရေးမကြီးပါဘူး။ အရေးကြီးတာက Hero - ကိုယ်က အောင်မြင်တိုးတက်သူဖြစ်အောင် ဘယ်လိုကြိုးစားမလဲဆိုတာက အရေးကြီးတာဖြစ်ပါတယ်။ အရေးကြီးတာကတော့ Hero ဖြစ်ဖို့အတွက်ဆိုရင် Zero ဖြစ်နေတဲ့ Power ကို အသုံးချပါ။ ဒါကို Zero Power ဟုခေါ်ပါသည်။ Zero Power ဆိုတာ ကျနေတဲ့ အခြေအနေမှသည် အမြင့်ဆုံး

Hero ဘဝကို ရရှိအောင် စပလိန်တွန်းကန်အားနဲ့ အကောင်းဆုံးစိတ်ဓာတ်ခွန်အားအပြည့်နဲ့ ကြိုးစားပါ။ သို့မှသာလျှင် အောင်မြင်တိုးတက်သော Hero ဘဝကို လူတိုင်းလူတိုင်းအောင်မြင်တိုးတက်ကြမှာဖြစ်ပါတယ်။

အများအားကျရတဲ့ Hero အောင်မြင်သူတစ်ယောက်ဖြစ်လာရင်လည်း Zero သုညဘဝကို ပြန်မကျအောင် ထိန်းသိမ်းရမှာဖြစ်ပါတယ်။ တစ်ချို့အောင်မြင်သောသူတွေဟာ အောင်မြင်တိုးတက်ပြီးမှ ပြန်လည်ကျရှုံးသွားတဲ့သူတွေရှိတယ်။ နာမည်ပျောက်သွားတဲ့သူတွေရှိတယ်။ ပြန်လည်ဆုံးရှုံးသွားတဲ့သူတွေရှိတယ်။ ဒါကဘာကြောင့်လည်းဆိုရင် မိမိရဲ့ ထိန်းသိမ်းနိုင်စွမ်းနဲ့လည်းဆိုင်ပါတယ်။ ဒါကြောင့် Hero ဖြစ်လာပြီး အမြင့်ရောက်လာလေလေ ကိုယ်က ပိုပြီး ထိန်းသိမ်းရလေပဲဖြစ်ပါတယ်။ အရေးကြီးတာကတော့ Zero to Hero သုညဘဝမှ အောင်မြင်သူဖြစ်အောင် ကြိုးစားရသလို၊ Hero to Zero အောင်မြင်သူဘဝမှ သုညဘဝကို ပြန်မရောက်အောင်လည်း မိမိကိုယ်မိမိ ထိန်းသိမ်းပြီးတော့ သတိနဲ့ကြိုးစားသွားရမှာဖြစ်ပါတယ်။ အောင်မြင်သူဖြစ်ဖို့အတွက်ဆိုရင်တော့ Zero to Herod ဖြစ်အောင်ကြိုးစားပါ။ Hero to Zero အောင်မြင်သူဘဝမှ သုညဘဝကိုပြန်မရောက်အောင် မိမိကိုယ်မိမိ ထိန်းသိမ်းကြိုးစားသွားဖို့ အားပေးရေးသားလိုက်ပါတယ်။

<u>သူညမှ သူရဲကောင်း အောင်မြင်ရေးမဟာဗျူဟာ</u>

(ဥပမာ - ကျရှုံးမှုကြောက်၍ စစ်မတိုက်သော သူရဲကောင်းသည် စစ်မတိုက်ခင်က စစ်ရှုံးနေ၏။ ထို့အတူပဲ ဘာမှ မလုပ်ရသေးပဲ ကျရှုံးမှုကြောက်၍ မကြိုးစားသူဟာ အရာရာမှာ အရှုံးသာဖြစ်၏။ အောင်မြင်သူတွေဆိုတာ ဆုံးရှုံးနိုင်တယ်ဆိုတာထက် အောင်မြင်မှုသို့ မဖြစ်မနေရအောင် ကြိုးစားသွားခြင်းဖြစ်ပါတယ်။ အောင်မြင်သူဆိုတာ အရှုံးမရှိလို့ အောင်မြင်ခြင်းမဟုတ်၊ အရှုံးမပေးလို့ အောင်မြင်ခြင်းသာဖြစ်ပါတယ်။

မြင်းပေါ်မှာ မပြုတ်ကျဘူးသော သူရဲကောင်းဟူသည် မရှိသလို ဆုံးရှုံးမှုအခက်အခဲမကျော်ဖြတ်ဘူးသော အောင်မြင်သူသည်မရှိပါ။

တူညီတဲ့ အခြေအနေတိုင်းမှာ ရှင်သန်နေထိုင်ကြပေမယ့် မတူညီတဲ့ ဘဝတွေကို ပိုင်ဆိုင်ထားကြသည်မှာ Zero to Hero အဖြစ်သို့ ပြောင်းလဲယူနိုင်ခြင်းဖြစ်ပါတယ်။ လူဆိုသည်မှာ စွမ်းရည်သတ္တိအပြည့်နဲ့ မွေးဖွားလာသူ၊ ရဲရင့်သော သူရဲကောင်းများပင်ဖြစ်ပါတယ်။ ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်ဆိုသလို လောကမှာ ရဲရင့်သတ္တိရှိသူတွေဟာ အောင်မြင်မှုရနိုင်စွမ်းသော Zero to Hero လူစွမ်းကောင်းများဖြစ်လာနိုင်မှာဖြစ်ပါတယ်။

## အောင်မြင်ရေးမဟာဗျူဟာ (အနာဂတ်လူငယ်ဆိုင်ရာ) ဆောင်ရန်၊ ရှောင်ရန်များ

| **Do** (ဆောင်ရန်) | **Don't** (ရှောင်ရန်) |
|---|---|
| သူတော်ကောင်းဖြစ်ဖို့ ကြိုးစားနေပါ၊ သူ့ရဲ့ကောင်းဖြစ်အောင်လည်း ကြိုးစားနေပါ။ | ရှုးရှုးမိုက်မိုက် ပြောတာ၊ လုပ်တာမျိုးဟာ သူရဲကောင်းမဟုတ် (လူမိုက်သာဖြစ်၏) |
| Zero to Hero သုညမှ အောင်မြင်သူဖြစ်ဖို့ သတ္တိရှိရှိ ကြိုးစားနေပါ။ | အောင်မြင်သူမှ ကျရှုံးခြင်းသို့ Hero to Zero ပြန်မဖြစ်ဖို့လည်း သတိထားပါ။ |
| မွေးလာကတည်းက Zero သုညသမားမို့ ဘာမှကြောက်စရာမလိုတဲ့စိတ်နဲ့ ခံယူကြိုးစားနေပါ။ | အရာရာမှ ဆုံးရှုံးမှာ ကြောက်နေသမျှ အခွင့်အလမ်းတွေမှ ဆုံးရှုံးနေမည်သာဖြစ်တယ်။ |

# Do or Die (နေမလား၊ သေမလား)

ငှက်တို့ရဲ့ဘုရင် လင်းယုန်ငှက်တွေဟာ သက်တမ်း ၇၀ ရှင်သန်နိုင်တယ်။ ဒါပေမဲ့ သက်တမ်း ၄၀ ရောက်လာတဲ့အချိန်မှာ သူတို့ရဲ့အတောင်ပံတွေဟာ လေးလာပါတယ်၊ နှုတ်သီးတွေ၊ ခြေသည်းတွေ ရှည်လာတဲ့အတွက် အစာမရှာနိုင်တော့ပါဘူး။ အဲ့အချိန်မှာ ရွေးချယ်စရာတစ်ခုပဲရှိတယ်။ အသက် ၄၀ မှာသေမလား၊ (ဒါမှမဟုတ်) အတောင်ပံတွေ၊ ခြေသည်း၊လက်သည်းတွေနဲ့ နှုတ်သီးတွေကို အနာခံပြီး ချိုးဖျက်ပြီး အသစ်ဖန်တီးမလားဆိုတာ အပြောင်းအလဲလုပ်ဖို့ ဆုံးဖြတ်ရပါတယ်။ အကယ်၍ အပြောင်းအလဲမလုပ်ရင် အသက် ၄၀ မှာ လင်းယုန်ငှက်တွေဟာ သေရမှာဖြစ်ပါတယ်။ အနာခံမှ အသာစံရမယ်ဆိုတဲ့အတိုင်း လင်းယုန်ငှက်တွေဟာ တောင်ပံတွေကို ချိုးဖျက်ပြီး အသစ်တဖန်သော စတင်မှုနဲ့အတူ သက်တမ်း ၇၀

အထိ နေထိုင်နိုင်သွားပါတော့တယ်။

လင်းယုန်ငှက်ပမာပြုလျှက် လူ့ဘဝမှာ လူတိုင်း အပြောင်းအလဲမလုပ်သမျှ အနစ်နာမခံသမျှ အောင်မြင်ခြင်းကိုဘယ်တော့မှ မရဘူး။ အပြောင်းအလဲကိုမလုပ်ရဲတဲ့သူမှန်သမျှ ဘဝရဲ့အောင်မြင်ခြင်းကို လောကကြီးက မပေးထားပါဘူး။ အများထက်အနစ်နာခံနိုင်တဲ့သူတွေ၊ အများထက်အပြောင်းအလဲ လုပ်နိုင်တဲ့သူတွေပဲ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။

ဒီနေ့မှ မပြောင်းလဲရင်၊ ဒီအချိန်မှမပြောင်းလဲရင်၊ ဒီဘဝမှ မပြောင်းလဲရင် ဘယ်အချိန်မှာပြောင်းလဲမှာလဲ။ ကိုယ်ကိုယ်တိုင်မှ မပြောင်းလဲရင် ဘယ်သူတွေက ကိုယ့်ကိုပြောင်းလဲပေးမှာလဲ။ ကိုယ့်ဘဝရဲ့အပြောင်းအလဲလုပ်ဖို့ မဟာစွမ်းအားရှင်သည် ကိုယ်ကိုယ်တိုင်ပဲဖြစ်ပါတယ်။

“I can change - ငါသည် ပြောင်းလဲနိုင်တယ်”

“I must change - ငါသည် မဖြစ်မနေပြောင်းလဲမယ်”

မဖြစ်မနေပြောင်းလဲလိုက်ရင် ပြောင်းလဲမှုတွေကိုသင်လုပ်နိုင်ပါတယ်။

## Life!... Never Give-up(ဘဝကို ဘယ်တော့မှ အရှုံးမပေးပါနဲ့)

## Zero to Hero(သုညဘဝမှ အောင်မြင်သော ဘဝပိုင်ရှင်ဖြစ်ဖို့)

************************

တချိန်က ညနက် (၂ နာရီ) အထိ Part-time လုပ် ပိုက်ဆံ စုရင်း စက်ရုံမှာ ကျောင်းတက်ခဲ့ပြီး နိုင်ငံခြားပညာရေးကို လေ့လာခဲ့ ရပေမယ့် နိုင်ငံခြားက ခဏတာအပင်ပန်းခံခဲ့ရတဲ့ အဲ့ဒီပညာတွေနဲ့ ယခုအချိန်မှာ MESI ဆိုတဲ့ သင်တန်းကျောင်းကို ထူထောင်နိုင်ခဲ့ပြီ။

တချိန်တုန်းက ဆရာပေါက်စ ကျောင်းတချို့မှာ အလုပ် ရှာတော့ မင်းမှာအရည်အချင်းရှိလို့လားဆိုတဲ့ အထင်သေးခံရပေမယ့် အခုအချိန်မှာ လုပ်ငန်းရှင်တွေ၊ မန်နေဂျာတွေနဲ့အတူ လူပေါင်း သောင်းနဲ့ချီ စာသင်ပေးနိုင်တဲ့ ပညာရှင်ဘဝကို ဖန်တီးနိုင်ခဲ့ပြီ။

တချိန်က အခက်အခဲတချို့နဲ့ ဘဝကို ခါးသီးစွာကျော်ဖြတ်နေချိန် သူများရဲ့အလုပ်တွေမှာ အောက်ကျစွာ အလုပ်လျှောက်ခဲ့ဘူးပေမယ့် ယခုအချိန်မှာတော့ ဝန်ထမ်းတွေကို အလုပ်ပေးနိုင်တဲ့ ကိုယ်ပိုင်စွန့်ဦးတီထွင်လုပ်ငန်းရှင်ဘဝကို ဖန်တီးနိုင်ခဲ့ပြီ။

တချိန်က ကိုယ်ထက်သာတဲ့လူတွေရဲ့ အထင်သေးအမြင်သေးတဲ့ ဘဝကို ဆက်ဆံခံခဲ့ရဘူးပေမယ့် အခုချိန်မှာ တချို့သောလူတွေရဲ့ လေးစားအားကျ အတုယူလောက်တဲ့ အောင်မြင်တဲ့ဘဝကို ဖန်တီးနိုင်ခဲ့ပြီ။

တချိန်က ငွေမရှိလို့ Laptop လေး ရောင်းပြီး ကိုယ်ချစ်တဲ့အလုပ်တွေကို မရဲမဝင့်ကြိုးစားခဲ့ရပေမယ့် အခုချိန်မှာ မြန်မာနိုင်ငံမှာ လုပ်ငန်းခွဲများ ထူထောင်နိုင်ခဲ့တဲ့ မီလျံနာကုမ္ပဏီလုပ်ငန်းစုတခုကို ဦးဆောင်ဖန်တီးနိုင်ခဲ့ပါပြီ။

ဘဝဆိုတာ နာကျင်လေလေ၊ တန်ဖိုးရှိလေလေပါပဲ။ အဆင်မပြေတဲ့ အခက်အခဲ ဒုက္ခတွေကို ကျေးဇူးတင်နေမိတယ်၊ အဲ့ဒီအရာတွေကြောင့်သာ ဒီလိုကြိုးစားရပ်တည်ဖို့ တွန်းအားတွေဖြစ်စေခဲ့တာပါ။

သေချာတာတော့ အရာတိုင်းဟာ အမြဲမရှိနေပါဘူး၊ ကိုယ်လိုချင်တဲ့ ဘဝပုံစံတွေကို ကိုယ်တိုင်က ဖန်တီးပုံဖော်နိုင်ပါလိမ့်မယ်။ ကိုယ်ဘဝအတွက် အဲ့ဒီအရာတွေဟာ အရေးကြီးပြီးမဖြစ်မနေ

လိုအပ်တယ်ဆိုရင် ဆုံးရှုံးမှုနဲ့ကြုံလာရင်တောင်မှ ထပ်ပြီးကြိုးစားရမှာဖြစ်ပါတယ်။ ကြိုးစားရမှာသာ ကိုယ့်ရဲ့တာဝန်ပါ၊ တန်ပြန်တဲ့ရလဒ်ကိုဘဝကြီးက ပြန်ပေးလာပါလိမ့်မယ်။

ကျွန်တော်ကို အောင်မြင်စေတဲ့ အချက်တချို့ကို လူငယ်တွေအတွက် အသုံးချနိုင်ဖို့ မျှဝေပေးထားပါတယ်။

(၁) အလုပ်လုပ်တဲ့အခါ အကောင်းဆုံးကြိုးစားပါ၊ အာရုံစိုက်ပါ၊ ဦးတည်ချက်ရှိပါ၊ ယုံကြည်မှုရှိပါ။

(၂) ဆရာကောင်းတွေ၊ မိတ်ဆွေကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေဆီ မဖြစ်မနေချဉ်းကပ်ပါ။

(၃) အရည်အချင်းရယ်၊ ခေါင်းဆောင်မှုရယ်၊ တီထွင်ဖန်တီးမှုရယ်က အောင်မြင်မှုကိုပိုပြီးမြန်စေပါတယ်။

(၄) အောင်မြင်သူတွေကို အားကျအတုခိုးပါ၊ သူတို့ဆီကလေ့လာဆည်းကပ်ပြီး ကိုယ်ရဲ့စံအဖြစ်ထားပါ။

(၅) စာများများဖတ်ရင်း ဘဝအောင်မြင်မှုအဖြေတွေကိုရှာဖွေပြီး စိတ်ဓါတ်ခွန်အားကိုနိုးကြားအောင်နေပါ။

ကျွန်တော် အောင်မြင်ခဲ့တယ်ဆိုရင်တောင် ကျွန်တော်ရဲ့ဆရာသမားတွေ၊ မိတ်ဆွေတွေ၊ Corporate လုပ်ငန်းတွေ၊ ရုံးဝန်ထမ်းတွေအားလုံးရဲ့ ကျေးဇူးပင်ဖြစ်ပါတယ်။

## စာရေးသူ၏ ဘ၀အတွေ့အကြုံမျှဝေမှုများ

လူတဦးရဲ့ အတွေ့အကြုံကို လေ့လာခြင်းအားဖြင့် မိမိကိုယ်တိုင် ထိုအခြေအနေတခုနဲ့ ကြုံတွေ့လာတဲ့အခါ ဘ၀အတွေ့အကြုံတခုကိုရစေနိုင်ပြီး ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ သင်ခန်းစာတခုကို ရရှိစေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်မှာ ဦးဆောင်ကြမည့် လူငယ်တွေ၊ ဒီစာအုပ်ကို ဖတ်ရှုလေ့လာနေသူတွေ အားလုံးအတွက် ကျွန်တော့်ဘ၀ရဲ့ ဖြတ်သန်းကြိုးစားခဲ့မှု မှတ်တမ်းတချို့နဲ့အတူ အတွေ့အကြုံ ဗဟုသုတရစေနိုင်ဖို့ အားပေးရေးသားထားပါတယ်။

ကိုယ်တိုင်တွေ့ကြုံဖူးမှုမရှိသော အကြောင်းအရာကို သိခြင်းဟာ ဗဟုသုတကိုဖြစ်စေတယ်၊ ကိုယ်တိုင်တွေ့ကြုံဖူးသော အကြောင်းအရာဟာ လူတွေကို ပိုမိုနားလည်သဘောပေါက်စေနိုင်ပါတယ်။ ဒီစာအုပ်ကို ရေးသားတဲ့အခါမှာလည်း စာရေးမှုသက်သက်မဖြစ်စေချင်ပါဘူး။ ကိုယ်တွေ့အတွေ့အကြုံတွေကို ပေါင်းစပ်ပြီး လုပ်ရင်ဖြစ်နိုင်ပါတယ်ဆိုတဲ့ အတွေး၊ ခံယူချက်၊ ကြိုးစားမှုတွေကို အားပေးခြင်းဖြစ်ဖို့လည်း စာရေးသူမှ ရည်ရွယ်ရေးသားခြင်းဖြစ်ပါတယ်။

အောင်မြင်ချင်တဲ့ အနာဂတ်လူငယ်တွေအတွက် လမ်းပြမြေပုံဖြစ်သလို၊ ဘ၀မှာ ကြိုးစားဖို့အတွက် စိတ်ဓါတ်ခွန်အားတွေဖြစ်ပါစေ။ I Can Do It (ဒီအရာတွေကို ကျွန်ုပ်တို့ ပြုလုပ်နိုင်ပါတယ်)

## ၂၀၁၀ ခုနှစ်

### ကျွန်တော့်ဘဝရဲ့ အပြောင်းအလဲဖြစ်စေခဲ့တဲ့ အတွေ့အကြုံများ

နောက်ဆုံးနှစ် ကျောင်းတက်နေစဉ်မှာပဲ အလုပ်လုပ်ဖို့ အခွင့်အရေးပေးလာခဲ့တယ်။ နေထိုင်ရာမြို့ဖြစ်တဲ့ လပွတ္တာမြို့မှာ နာဂဂတ်မုန်တိုင်းဒါဏ်ကြောင့် ပြန်လည်ထူထောင်ရေး စီမံချက်တွေ ဖြစ်တဲ့ (INGO) လုပ်ငန်းတွေ များစွာဝင်ရောက်လာခဲ့တယ်။ NGO မှာ အလုပ်ရချိန်မှာ ကျွန်တော်သိပ်ပျော်ရွှင်မိတယ်၊ ဘဝရဲ့ ရည်မှန်း ချက်တချို့ ဖန်တီးဖို့ ခွန်အားတွေလည်း ရစေခဲ့တယ်။ (အလုပ်ဆိုတာ ကျွန်တော်ဘဝရဲ့ တိုးတက်ပြောင်းလဲခြင်းပါ) ဒီအတွက် အခုအချိန် မှာ ကျေးဇူးအတင်ရဆုံးကတော့ ကျွန်တော်ဘဝကို စတင်ပေးခဲ့တဲ့ Merlin-INGO ဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့ အစည်းဖြစ်တာမို့ ကျွန်တော့်အတွက် လေ့လာသင်ယူစရာများစွာ ရရှိစေခဲ့တယ်။ ထိုအချိန်မှာ အလုပ်မှာ Officer အရာရှိအဆင့် ($-လစာ) ကောင်းရခဲ့တယ်။ အလုပ်မှာ အဆင်ပြေနေချိန် လူတိုင်း တော့ စွန့်စားမှုတွေ ပြုလုပ်မှာမဟုတ်ဘူးပဲ။ (ခံယူချက်တခုကတော့ ယခုလွယ်ကူနေရင် ရေရှည်မှာ ခက်လာနိုင်တယ်။ ယခုခက်ခဲကြိုး စားမှုတွေကို ဖန်တီးလိုက်ရင် ရေရှည်ဘဝမှာ လွယ်ကူသွားမှာပါ)။

ဒီလိုစိတ်နဲ့ပဲ အလုပ်မှာ ဆက်လုပ်မလား၊ နိုင်ငံခြားထွက် မလားဆိုတာ ထိုအချိန်က ကျွန်တော့်အတွက်တော့ ဘဝတခုလုံးရဲ့

အချိုးအကွေ့ဆုံးဖြတ်ချက်ပါပဲ။ အားလုံးနဲ့ ဆန့်ကျင်ပြီး ကျွန်တော် နိုင်ငံခြားကိုထွက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အဆင်ပြေနေတဲ့ အခြေအနေ တခုကနေ ဘာမှန်းမသိ မသေချာတဲ့ အခြေအနေတခုကို သွားဖို့ ဆိုတာ စွန့်စားခြင်းပါပဲ။ စွန့်စားပြောင်းလဲရတာသဘောကျတဲ့ ကျွန်တော်အဖို့ စိန်ခေါ်မှုတိုင်းဟာ ကျေနပ်စရာပါပဲ၊ အဲ့အချိန်မှာ မိသားစုနဲ့စွန့်ပြီး နိုင်ငံခြားကိုထွက်အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အားပေးချင်တာတော့ ပြောင်းလဲတဲ့ ဘဝကို ဖန်တီးဖို့အတွက် စွန့် စားမှုတွေ ပြုလုပ်သင့်တယ်၊ ကောင်းတဲ့ အခြေအနေတခုကို ပိုင် ဆိုင်ဖို့အတွက် ယခုအခြေအနေကိုလည်း စွန့်လွှတ်ရဲရမယ်။ ဘဝဆို တာ များများစွန့်စားလေလေ များများတိုးတက်လေလေပါပဲ။ မပြောင်း လဲပဲ ယခုနေရာမှာပဲ ဆက်နေမလား၊ ပြောင်းလဲမှုယူပြီး ယခုထက် ကောင်းတဲ့ အရာတွေကို ဖန်တီးမလားဆိုတာ ကျွန်တော်တို့ရဲ့ ရွေး ချယ်ခွင့်ပါပဲ။

ကျွန်တော့်အတွေ့အကြုံအရ ဘဝဆိုတာ စွန့်စားနေရခြင်း ပါ၊ ဘဝကို ရင်ဆိုင်စိန်ခေါ်မှုနဲ့ ကြိုးစားလိုက်တဲ့အခါ အောင်ပွဲ တွေကို ဖန်တီးပေးနိုင်မှာပါ။ ဘဝရဲ့ အောင်မြင်ရဲ့ မှတ်တမ်းတွေကို ဖန်တီးဖို့ဆိုရင် ကြောက်စိတ်တွေကို စွန့်စားစိတ်ဖြစ်အောင် ဦးစွာ ပြောင်းလဲရမှာဖြစ်ပါတယ်။

Take Risk or Lost Chance (စွန့်စားမလား၊ အရှုံးပေးမလား) ဆိုတာ ပြိုင်ပွဲတခုကို အနိုင်ရဖို့အတွက် အရှုံးပေးတဲ့စိတ်ကို အနိုင်အရင်ယူနိုင်ရပါမယ်။

Lost Chance အခွင့်အရေးကို အရှုံးပေးမလား။ Take Risk စွန့်စားမလားဆိုတာဟာ ရွေးချယ် မှုပါပဲ။ အပြောင်းအလဲဖြစ်လာဖို့အတွက် ကိုယ်ကလည်း အပြောင်းအလဲတွေကို ဖန်တီးရဲရပါလိမ့်မယ်။

## ၂၀၁၁ ခုနှစ်

### ကျွန်တော့်ဘဝရဲ့ စင်္ကာပူမှာ အလုပ်တဖက် ကျောင်းတက်ခဲ့တဲ့ အတွေ့အကြုံများ

၂၀၁၀ မှာ စင်္ကာပူနိုင်ငံမှာ အလုပ်လုပ်နိုင်ဖို့ များစွာပြင်ဆင်ခဲ့တယ်၊ အင်္ဂလိပ်စာကို ရှုးသွပ်စွာ လေ့ကျင့်ခဲ့တယ်၊ အင်္ဂလိပ်စာကောင်းတယ်လို့ လူတွေကချီးမွမ်းကြတယ်၊ ဒါတွေကလည်း နိုင်ငံခြားကို မြန်မြန်ထွက်ဖို့ အားဖြစ်စေခဲ့တယ်။ စင်္ကာပူမှာရှိတဲ့ အမေ့ဘက်က အမျိုးလိုခင်မင်ကြတဲ့ အကိုတို့မိသားစုက အစစကူညီပေးခဲ့မှုကြောင့်လည်း စင်္ကာပူကို အဆင်ပြေစွာပဲ ထွက်နိုင်ခဲ့တယ်။ တခါတရံ မျှော်မှန်းထားသလို ဖြစ်မလာခဲ့ပါဘူး၊ စင်္ကာပူမှာ အလုပ်လုပ်မယ်ပြီးမှ ကျောင်းဆက်တက်မယ်ပေါ့၊ သို့သော် ကျွန်တော်ရည်မှန်းချက်မအောင်မြင်ခဲ့ပါဘူး (စင်္ကာပူမှာ နိုင်ငံခြားသားတွေ လျှော့ချချိန်

အလုပ်ရဖို့ ခက်ပါတယ်) သို့သော် ကျွန်တော်ဘဝရဲ့ Plan A မအောင်မြင်ရင် Plan B ကို စတင်ခဲ့တယ် (စင်္ကာပူမှာ ကျောင်းတက်ပြီး Part time အလုပ်လုပ်ရင်း) ကျောင်းပြီးချိန်မှာ အလုပ်ထပ်ရှာဖို့ ဆုံးဖြတ်ခဲ့တယ်။ ကိုယ့်ကိုယ်တိုင် ရပ်တည်နိုင်ဖို့ ကြိုးစားတယ်၊ မိဘတွေဆိုတာ ပညာသင်ပေးထားရင် တာဝန်ကျေနေခဲ့ပြီ၊ ကျန်တဲ့ အပိုင်းတွေမှာ ကိုယ်တိုင်ဆက်လက် ရပ်တည်မယ်ဆိုတဲ့ ခံယူချက်နဲ့ (စင်္ကာပူမှာ ကျောင်းတက်နိုင်ဖို့ ကျောင်းစရိတ်ကို ဟိုတယ်တွေမှာ Part time လုပ်ပြီး ငွေရှာတယ် ည ၂ နာရီအထိလည်း အလုပ်လုပ်ခဲ့ဘူးတယ်၊ တခါတလေ ကျောင်းစရိတ်လိုလာရင် Passport ပေါင်ပြီး စရိတ်ရှာတယ်) ဒီလိုနဲ့ပဲ စင်္ကာပူမှာ အလုပ်တဖက် ကျောင်းတက်တဲ့ဘဝဟာ အဆင်ပြေခဲ့ပါတယ်)။ တစ်နှစ် ကျော်ဆိုတဲ့ ကာလဟာ ဒီလိုနဲ့ပဲ စင်္ကာပူမှာကျောင်းပြီးခဲ့ပါတယ်)။ အားပေးချင်တာတော့ ဘဝမှာ တခါတရံ Plan A မအောင်မြင်ရင် Plan B ကို ဆက်ပြီး ကြိုးစားပါ၊ အခက်အခဲကြုံလာရင်တောင်မှ ဘယ်တော့မှ အရှုံးမပေးဖို့ပါ။ အမြဲမဟုတ်ဘူး အရာရာပြီးသွားမှာပါဆိုတဲ့ စိတ်နဲ့ ကျွန်တော်အမြဲကြိုးစားဖြတ်သန်းခဲ့ပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ ဘဝဆိုတာ မမြင်ရတဲ့ မနက်ဖြန်တွေကို လျှောက်လှမ်းနေရခြင်းပါ၊ (လမ်းမှန်) မိမိထင်သလို ဖြစ်လာနိုင်တယ်၊ (လမ်းမှား) မိမိထင်သလိုလည်း မဖြစ်လာနိုင်ဘူး၊ သို့

သော်လည်း အရှုံးမပေးတဲ့ စိတ်နဲ့အတူ ဆက်လက်လျှောက်လှမ်းနေခြင်းသာ ဘဝရဲ့အောင်မြင်မှုမှတ်တိုင်ရောက်နိုင်ခြင်းပါပဲ။

Never Give-up (ဘယ်တော့မှ အရှုံးမပေးပါနဲ့)

ယနေ့ကျရှုံးခဲ့ရင်တောင် မနက်ဖြန်ဆိုတာ အခွင့်အရေးရှိတယ်။ နောက်တလ ဆက်ပြီး ကြိုးစားနိုင်ပါတယ်။ သေချာတာတော့ နောင် ၁၀ နှစ်ဆိုရင် အရာရာဟာ သင်လိုချင်တဲ့အခြေအနေတခု တော့ရှိနေမှာပါ။

## ၂၀၁၂ ခုနှစ်

**စင်္ကာပူမှာ လေ့လာခဲ့တဲ့ စီးပွားရေးပညာရဲ့ အကျိုးကျေးဇူးများ**

လူတိုင်းမှာတော့ တချိန်တခါ အချစ်ဆိုတာ ရှိခဲ့ဘူးမှာပါ၊ စင်္ကာပူမှာ ကျောင်းတက်ရင်းပဲ ချစ်သူထားခဲ့ဘူးပါတယ်၊ ဒီလိုနဲ့ပဲ စင်္ကာပူ ကျောင်းသားဘဝဆိုတာ ကျောင်းစာတဖက်၊ အချိန်ပိုင်း အလုပ်တဖက်နဲ့ ဘဝရဲ့ အခက်အခဲတွေအကြား ချစ်ခြင်းခွန်အားနဲ့ အတူ ဘဝမှာ ပိုမိုကြိုးစားလာခဲ့မိတယ်။ ကျွန်တော် ဝန်ခံပါတယ် ချစ်ခြင်းမှာ အတိုင်းအဆမရှိတဲ့ Power တွေရှိပါတယ်။ ဒီစွမ်းအား တွေကို ကောင်းတဲ့ဘက်မှာ အသုံးချပြီး ဘဝရဲ့ တိုးတက်မှုတွေကို လည်း ပြောင်းလဲဖန်တီးနိုင်စွမ်းရှိပါတယ်။ ထိုအချိန်က ကျွန်တော် မှာ အောင်မြင်ချင်စိတ် သိပ်ပြီးမရှိသလို၊ ဘဝဆိုတာ Comfort

Zone ထဲမှာပဲ နေခဲ့မိတယ် ဘဝမှာရခဲ့လိုက်တဲ့ သင်ခန်းစာကတော့ သာယာပျော်ရွှင်မှုကို ကြိုက်နေရင် အောင်မြင်မှု အခွင့်အရေးဆိုတာ နည်းသွားတယ်ဆိုတာပါပဲ။ ချစ်ခြင်းကြောင့်ဖြစ်တဲ့ ခွန်အားကလည်း ဘဝကို တိုးတက်မှုဖန်တီးပေးသလို၊ ချစ်ခြင်းကြောင့် ဖြစ်တဲ့ ကျရှုံးမှုတွေဟာလည်း ဘဝကို များစွာတွန်းအားဖြစ်စေခဲ့ပါတယ်။ အချစ်နဲ့ အလုပ်ဒွန်တွဲလာတဲ့အခါ (တဖက်ဖက်ကို အစွန်းရောက်သွားတဲ့အခါ မျက်စိကန်းသွားသလိုဖြစ်တက်ပါတယ်)။ အချစ်နဲ့ဘဝကို မျှတစွာ တည်ဆောက်ဖို့တော့ အကြံပြုချင်ပါတယ်။ ချစ်ခြင်းမေတ္တာဆိုတာ မိမိကိုယ်ချစ်တာထက် Love to other တခြားသူအပေါ်မှာ ချစ်ခြင်း မေတ္တာထားခြင်းသာ ဘဝမှာစစ်မှန်တဲ့ ချစ်ခြင်းခံစားမှုကို ပိုင်ဆိုင် စေမှာဖြစ်ပါတယ်။ ဘဝဆိုတာ အပြင်ဘက် လူမှုရေး၊ စီးပွားရေး အဆင်ပြေနေမှ ကိုယ်ရေးကိုယ်တာ မိသားစု၊ ချစ်ခြင်းဆိုတာလည်း ပိုမိုသာယာလှပစေမှာပါ၊ အချစ် နဲ့ ဘဝ ဆိုရာမှာလဲ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေ ဒွန်တွဲနေပါလိမ့်မယ်၊ ဘယ်အရာမှာမဆို ဘဝဆို တာ နေ့နဲ့ည လိုပါပဲ၊ အလင်းနဲ့ အမှောင် ဒွန်တွဲနေတဲ့ သဘာဝမို့ မျှတခံစားနိုင်ရမယ်။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ဘာပဲ ဖြစ်ဖြစ် ဘဝဆိုတာတော့ အကောင်းဆုံးဖြစ်အောင် ဖြတ်သန်းရှင် နေထိုင်ရမှာဖြစ်ပါတယ်။

## အသိပညာ

အလုပ်ကောင်းဖို့အတွက် အလုပ်ကို အကောင်းဖြစ်အောင် ကြိုးစားရပါမယ်။ Good Work is Good Luck လို့ ခံယူစေချင်ပါတယ်၊ အလုပ်အကောင်းဆုံးကြိုးစားခြင်းသာ ကံကောင်းခြင်းဖြစ်နိုင်ပါတယ်။ Hard Luck for Hard Work ကံဆိုးနေတယ်ဆိုရင်တောင်မှ ပိုကြိုးစားလိုက်ရင် ကံကောင်းခြင်းတွေဖြစ်လာနိုင်ပါလိမ့်မယ်။

## ၂၀၁၃ ခုနှစ်

### ကျွန်တော့်ဘဝရဲ့ စင်္ကာပူမှ ပြန်လာချိန် ဘဝအချိုးအကွေ့ အတွေ့အကြုံများ

ထိုအချိန်က အစိုးရသစ်အပြောင်းအလဲတွေနဲ့ ထွန်းသစ်စ မြန်မာနိုင်ငံမှာ အခွင့်အရေးများစွာ ပေါ်ပေါက်ခဲ့ချိန် ၊ ကျွန်တော် မြန်မာနိုင်ငံပြန်လာပြီး လုပ်ငန်းတွေစတင်ပြီး နေရာတခုယူထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ချစ်သူနဲ့ လမ်းခွဲခဲ့ရတဲ့အထိ ကျွန်တော် ဆုံးဖြတ်ချက်ဟာ ယုံကြည်ခိုင်မာတယ် မပြောင်းလဲခဲ့ပါဘူး။ ထိုအချိန်က စင်္ကာပူပြန် လူငယ်ပေါက်စ ကုမ္ပဏီတွေမှာ အလုပ်လျှောက်ဖူးတယ် (ဒါပေမဲ့ အလုပ်မရခဲ့ပါဘူး)၊ ဝါသနာပါတဲ့ စာသင်ဖို့ ကျောင်းတွေ မှာ အလုပ်ရှာဖူးတယ် (ဒါပေမဲ့ ကျောင်းဆရာမဖြစ်ခဲ့ပါဘူး)။ ဒါကြောင့်လည်း ကျွန်တော် ယခုလို ကိုယ်ပိုင်လုပ်ငန်းရှင်တဦးဖြစ်လာခဲ့တယ် (အမှန်တော့ အလုပ်ရှာနေရင် အလုပ်က ရှားနေမှာပါ။ အလုပ်

တွေကို ကိုယ်စိတ်ကြိုက် ဖန်တီးတော့မှာ အလုပ်များများ လုပ်ခွင့်ရှိမှာပါ)။ ထိုအချိန်က ဗိုလ်ချုပ်ကို အားကျခဲ့တယ်၊ ဗိုလ်ချုပ်က ငယ်ငယ်နဲ့ ခေါင်းဆောင်နိုင်တယ်၊ ကြိုးစားဖန်တီးနိုင်တယ်ပေ့ါ။ ဒီလိုနဲ့ပဲ ကိုယ်ပိုင်ကျောင်းလေးတခုစဖို့ ဆုံးဖြတ်ခဲ့တယ်၊ အရင်းအနှီးမရှိတာမို့ အစပိုင်းမှာ ခက်ခဲလှပါတယ် (ရှိတဲ့ Laptop လေးလည်း ရောင်းပြီး စတင်ခဲ့တယ်)။ ပစ္စည်းအသစ်စျေးကွက်ထိုးဖောက်ရသလိုပဲ ဝယ်သူမကြိုက်တာမျိုး အစပိုင်းကာလတွေဟာ အခက်အခဲများစွာနဲ့ ရုန်းကန်ခဲ့ရတဲ့ အချိန်တွေဖြစ်ပါတယ်။ ကျွန်တော်လုပ်ငန်းစခဲ့တုန်းက ဖြစ်နိုင်ချေနည်းနည်းလေးနဲ့ပါ။ ယခုဆိုရင် ဖြစ်နိုင်ချေနည်းလမ်းများစွာနဲ့ အခွင့်အရေးများစွာရရှိနေပါပြီ။ ယနေ့တော့ တနိုင်ငံလုံးဆိုသလို မြို့နယ် (၂၇-မြို့) အထိ သင်တန်းပေါင်း တစ်ရာကျော်၊ လူပေါင်း (၁၀၀၀၀) သောင်းကျော် သင်တန်းတွေပေးထားနိုင်ပါပြီ ။ ရလိုက်တဲ့ သင်ခန်းစာကတော့ ခဏတာ သူများမလုပ်ချင်တာကို ကြိုးစားနိုင်တယ်ဆိုရင် နောင်အချိန်ကာလတွေမှာ သူများတွေမရနိုင်တဲ့ အခွင့်အရေးတွေကို ရနိုင်လာတော့မှာပါ။ မနက်ဖြန် တခုခုကို မဖြစ်မနေလုပ်ရမယ်ဆိုရင် လူတိုင်းဟာ ထိုအလုပ်ကို မပြီးမချင်းလုပ်ကြသလို၊ ဘဝမှာ တခါတလေ မဖြစ်မနေစိတ်ဟာ အရာရာကို ပြောင်းလဲပေးပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ အခြေအနေတခုကို မဖြစ်မနေ

ကျော်ဖြတ်ရမယ်ဆိုတဲ့ အချိန်မှာ မဖြစ်မနေဆိုတဲ့ စိတ်နဲ့ ကြိုးစားလိုက်ရင် အရာရာဟာ ဖန်တီးပြောင်းလဲယူနိုင်စွမ်းရှိနေပါတယ်။

Do Whater It Take ဘာတွေပဲဖြစ်နေဖြစ်နေ မဖြစ်ဖြစ်အောင် ကြိုးစားလိုက်ပါ။ ဖြစ်နိုင်ချေရှိပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ မယုံကြည်စိတ်ဟာ အလုပ်တွေကို ဆုံးရှုံးစေတက်ပါတယ်။

ဖြစ်နိုင်ချေနည်းရင်တောင်မှ အလုပ်တခုခုကို စတင်လိုက်ပါ။ လုပ်ရင်းနဲ့ ဖြစ်နိုင်ချေများစွာ ပေါ်လာပါလိမ့်မယ်။

## ၂၀၁၄ ခုနှစ်

### ကျွန်တော့်ဘဝရဲ့ Entrepreneur Life ကိုယ်ပိုင်လုပ်ငန်းစတင်ခဲ့မှု အတွေ့အကြုံများ

ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို စတင်ပြီး စီးပွားရေးစွန့်ဦးတီထွင်မှုဟာ သိပ်ကို စွန့်စားခန်းပါပဲ၊ စွန့်စားရတယ်၊ ကိုယ်တိုင် ဦးဆောင်ရတယ်၊ ကိုယ်တိုင် တီထွင်ပုံဖော်ရခြင်းပါပဲ။ ဈေးကွက်မှာ ကိုယ့်ကို ဘယ်သူမှ မသိချိန်၊ Trust Record မရှိချိန်ဆိုတော့ များစွာ ကြိုးစားဖန်တီးခဲ့ရတယ်။ မှတ်မိသေးတယ် ပုသိမ်မှာ (Future Myanmar Training) ပထမဆုံးအကြိမ်ဖွင့်ပေးတဲ့ အတန်းလေး (လူ-၁၀ဦး) ပြည့်ဖို့ဟာ တော်တော်ခက်ခဲခဲ့ပါတယ်။ ခုချိန်မှာတော့ တနိုင်ငံလုံးဆိုရင် လူပေါင်း (၁၀၀၀၀-ကျော်) စာသင်နိုင်ခဲ့ပြီ။

အလုပ်သစ်စချိန် ငွေ ၁၀-သိန်း ရဖို့ဆိုတာ တော်တော်ခက်တဲ့ ကိစ္စပါပဲ၊ ယခုချိန်မှာတော့ သိန်း ၁၀၀၀ ရင်းနှီးမြုပ်နှံမှုရဖို့ဆိုတာ အခွင့်အရေးများစွာရှိနေခဲ့ပြီ။ တချိန်ကဆို ဘယ်သူမှ မသိတဲ့ လူငယ်တစ်ယောက်က ယခုဆိုလျှင် မြို့ပေါင်း (၂၇-မြို့အထိ) သင်တန်းတွေပေးထားနိုင်ခဲ့ပြီ၊ အခုချိန်မှာ ကျေးဇူးတင်ချင်တာတော့ ဗိုလ်ချုပ်ပါပဲ။ ဗိုလ်ချုပ်ကြောင့်သာ အသက်ငယ်ပေမယ့် ခုလို ခေါင်းဆောင်နေရာတခုမှာ ဦးဆောင်နေနိုင်ခြင်းပါပဲ။ ဒါကြောင့်လည်း ယနေ့မှာ ကျောင်းသားတွေကို ကိုယ်တိုင်စွန့်ဦးတီထွင်ကြဖို့ အမြဲအားပေးနေမိတယ်။ (ကျွန်တော်လည်း Zero to Hero ဖြစ်နိုင်တယ်ဆိုရင် You Can Do It ပေါ့) ကျွန်တော် ယုံကြည်ထားချက် တခုရှိပါတယ်၊ အခွင့်အရေးဆိုတာ တနေရာမှာရှိနေမှာပါ၊ ထိုအခွင့်အရေးကို ရဖို့အတွက် ကိုယ်က ဖန်တီးရလိမ့်မယ်၊ ဖန်တီးခြင်းကသာ အခွင့်အရေးကို ရစေနိုင်ခြင်းဖြစ်တယ်ဆိုတာပါပဲ။ Opportunity အခွင့်အရေး + ယမနအေငလငအပ ဖန်တီးမှု = Productivity ထုတ်လုပ်အောင်မြင်မှုဆိုတာဖြစ်နိုင်ခြင်းပါပဲ။ ကိုယ်ပိုင်လုပ်ငန်းစလို့အခက်အခဲကြုံလာရင်တောင်မှ (အခက်အခဲကြားမှ အခွင့်အရေးကို) ကြည့်စေချင်ပါတယ်။ တနေ့တော့ အောင်မြင်တဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်ဆိုတဲ့ နေရာတခုကို ရောက်နိုင်မှာပါ။ ကန့်သတ်ချက်ရှိတဲ့ ဘဝထဲမှာ နေနေမှာလား၊ လွတ်လပ်တဲ့ စွန့်ဦးတီထွင်သူဘဝကို ပြောင်းလဲ

မလားဆိုတာ ဘဝရဲ့ရွေးချယ်မှုပါပဲ။

ကျွန်တော့်အတွေ့အကြုံအရ အများတွေ မလုပ်သေးတဲ့အချိန်၊ အများတွေ မလုပ်နိုင်တဲ့ နေရာတွေမှာ အခွင့်အရေးများစွာ ရှိနေပါတယ်။ Do the First ပထမဆုံး လုပ်နိုင်ဖို့လိုအပ်ပါတယ်။ အခွင့်အရေးဆိုတာလည်း ရှိနေရုံနဲ့ မရနိုင်ပါဘူး၊ ဖန်တီးကြိုးစားယူမှသာ ရနိုင်တဲ့သဘောပါပဲ။

အခွင့်အရေးက ဘဝတွေကို မပြောင်းလဲပေးပါဘူး။ အခွင့်အရေးကို ဖန်တီးခြင်းကသာ ပြောင်းလဲစေခြင်းပါ။ အခွင့်အရေးတွေက အရာတွေကို မပြောင်းလဲနိုင်ဘူး။ အခွင့်အရေးနောက်ကွယ်မှ ဘယ်လိုဖန်တီးမလဲဆိုတဲ့ ဖန်တီးမှုကသာ အရာတွေကို ဖန်တီးပြောင်းလဲစေလိမ့်မယ်။

## ၂၀၁၅ ခုနှစ်

### ကျွန်တော့်ဘဝရဲ့ လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများ

အလုပ်ဆိုတဲ့သဘောဟာ လေယာဉ်ပျံသလိုပါပဲ၊ ကောင်းကင်ပေါ်မရောက်ခင်မှာ အရှိန်အဟုန်နဲ့ တက်သွားရပြီး၊ ကောင်းကင်ရောက်ချိန်မှာတော့ ထိန်းသိမ်းပျံသန်းသွားရုံပါပဲ။ လုပ်ငန်းစတင်မှု အခက်အခဲ ၆ လလောက် နောက်ပိုင်းမှာ လုပ်ငန်းတွေမှာ အခွင့်အရေးတွေရလာတက်ပါတယ်၊ အောင်မြင်မှုဆိုတာ အရှိန်အဟုန်

လိုပါတယ်၊ တိုးတက်လာလေလေ ပိုမိုးတိုးတက်ဖို့ အားဖြစ်လေလေပါပဲ။ ထိုအချိန်မှာ အခွင့်အရေးပေးလာချိန် ပြင်ဆင်ထားဖို့နဲ့ ဖန်တီးပေးနိုင်ဖို့ဟာ အရေးကြီးပါတယ်။ တိုးတက်လာတဲ့အခါ တိုးချဲ့ဖို့လိုအပ်ပါတယ်၊ တိုးချဲ့တဲ့အခါ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်လာမှာဖြစ်ပါတယ်။ (+ ပေါင်းခြင်းသဘော) ဆိုတာ တိုးတက်တဲ့သဘောကို ဆောင်ပါတယ်။ ကျွန်တော်အလုပ်တွေ အောင်မြင်ခဲ့ခြင်းဟာ Corporate Strategy ကြောင့်ဖြစ်ပါတယ်။ ထိုအချိန်က MOC, SME, UNIDO, MIDC စတဲ့ ဝန်ကြီးဌာန၊ အသင်းအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ပါ တယ်။ အများနဲ့ပူးပေါင်းဆောက်ရွက်ရာမှာလည်း သူ့ဘက်ကိုယ့်ဘက် ညှိနှိုင်းဆောက်ရွက်တက်ဖို့လိုတယ်။ မျှတစွာဆောက်ရွက်မှုဟာ အရေးကြီးပါတယ်၊ ရေရှည်လက်တွဲနိုင်ဖို့ကလည်း ယုံကြည်မှုတွေ ထိန်းသိမ်းနိုင်ဖို့လည်း သိပ်ပြီး အဓိကကျပါတယ်။ 1 + 1 = 3 ဆိုတဲ့ Synergy ပူးပေါင်းအားရဲ့ သဘောတွေရှိပါတယ်။ ယနေ့ခေတ်စီးပွားရေးပုံစံဟာ ပြိုင်ဆိုင်မှုထက် ပေါင်းစည်းမှု အဓိကဖြစ်လာပါတယ်။ အလုပ်တခုတိုးတက်မှုမှာ မိမိလုပ်ငန်းလည်းတိုးတက်ရမယ်၊ ပူးပေါင်းတဲ့ လုပ်ငန်းလည်း တိုးတက်စေမယ်ဆိုရင် Win-Win Strategy ပူးပေါင်းဆောက်ရွက်သင့်ပါတယ်။ လုပ်ငန်းတွေအောင်မြင်လာတဲ့အချိန်မှာ စနစ်ကို တည်ဆောက်ပြီး ထပ်မံတိုးချဲ့သင့်ပါ

တယ်။ တိုးတက်လာမှု အရှိန်အဟုန်ကို ယူပြီး ဆက်လက်တိုးချဲ့ဖို့ကို စွန့်စားမှုထပ်လုပ်နိုင်ဖို့ အားပေးချင်ပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ ကျွမ်းကျင်တက်မြောက်မှုဟာ ၂၀ % အောင်မြင်မှုကို ဖန်တီးပေးပြီး ၊ ဘယ်လိုဖန်တီးပုံဖော်မလဲဆိုတဲ့ မဟာဗျူဟာက ၈၀ % သော တိုးတက်မှုကို ဖန်တီးပေးနိုင်တယ်ဆိုတဲ့အချက်ပါပဲ။

Skill ဖြစ်ဖို့ တဦးချင်းကျွမ်းကျင်ဖို့လိုတယ်။ Power ဖြစ်ဖို့ အများနဲ့ပူးပေါင်းဖို့လိုတယ်။ အလုပ်ပြီးမြောက်အောင်မြင်ဖို့ ပင်ကိုယ်ကျွမ်းကျင်မှု Skill တွေလိုအပ်သလို အလုပ်တိုးတက်အောင်မြင်ရေးအတွက် အများနဲ့ပူးပေါင်းမှု ဇာသတနမ တွေရှိဖို့လိုအပ်လာပါတယ်။

## ၂၀၁၆ ခုနှစ်

### ကျွန်တော် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ

ဘုရင့်နောင်ဖောင်ဖျက်ဆိုသလိုပါပဲ ဆက်လက်စွန့်စားခဲ့တယ်၊ အစပိုင်း ပုသိမ်မှာ ရုံးဖွင့်ထားပေမယ့်။ ကျွန်တော် ရန်ကုန်မှာ လုပ်ငန်းတွေ ဆက်လက်တိုးချဲ့ဖို့ ကြိုးစားခဲ့ပါတယ်။ တဖက်မှာလည်း မိတ်ဆွေလုပ်ငန်းစုဖြစ်တဲ့ Bagan Trade မှာ အဲ့အချိန်က အချိန်ပိုင်းကူညီပေးခဲ့တယ်၊ အဲ့နောက်ပိုင်းတော့ တိုးတက်လာတဲ့အချိန်နဲ့ MESI Business Institute သင်တန်းကျောင်းကို

စတင်ထူထောင်ခဲ့တယ်။ ဈေးကွက်သစ်ဖြစ်တဲ့ ရန်ကုန်ဈေးကွက်ထဲမှာ စတင်ယှဉ်ပြိုင်ရတဲ့အခါ အဖက်ဖက်က ပြင်ဆင်ရတယ်၊ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် ဆရာများစွာနဲ့ အကူအညီတွေ ရလာခဲ့တာလည်း ပါမှာပါ၊ MESI ဟာ တနှစ်အတွင်းများစွာ တိုးတက်လာခဲ့ပါတယ်။ တကယ်တော့ လုပ်ငန်းတိုးတက်အောင်မြင်မှု ဆိုတာ မိမိဖန်တီးချင်တာထက် (ဖောက်သည်တွေ၊ လူမှုဝန်းကျင်ရဲ့ လိုအပ်ချက်ကို) ဖန်တီးပေးခြင်းပါပဲ။ ဈေးကွက်မှာ လိုအပ်နေတဲ့ ယနေ့မငြေing, Manager Training တွေ ဖွင့်ပေးနိုင်ခဲ့တယ်၊ အဲ့နောက်ပိုင်းတော့ Diploma တွေ တောင်းဆိုလာကြတာမို့ EDBM အတန်းတွေကို UK ကျောင်းတွေဖြစ်တဲ့ City of Oxford, RBS, SMC တို့နဲ့ ပူးပေါင်းပြီး စတင်လာခဲ့ပါတယ်။ ဒီလိုအောင်မြင်လာမှုနဲ့အတူ တဖက်မှာလည်း ယခင်က ဖွင့်ပေးထားတဲ့ နယ်မြို့တွေရဲ့ လိုအပ်ချက်ကြောင့် နယ်တွေအတွက်လည်း MESI တိုးချဲ့ဖွင့်လှစ်ပေးဖို့ ထပ်ပြီး ကြိုးစားခဲ့ပါတယ်။ တိုးတက်လာတဲ့အခါ Opportunity Cost ဆိုတာ ရှိလာတယ်၊ အခွင့်အရေးရဲ့ ကုန်ကျမှုနဲ့ ပြန်ရမှုကို စဉ်းစားပြီး ဆုံးဖြတ်ဆောက်ရွက်ရမှာဖြစ်ပါတယ်။ ဘဝမှာ အလုပ်တွေ တိုးတက်လာသည်နှင့်အမျှ လိုအပ်လာတာကတော့ System စနစ်ကို စီမံအုပ်ချုပ်နိုင်ဖို့နဲ့ Service ဝန်ဆောင်မှုကို ဆက်လက်ထိန်းထားနိုင်ဖို့အရေးကြီးပါတယ်။ ကျွန်တော် ဘဝရဲ့အတွေ့အကြုံရ လုပ်ငန်း

အောင်မြင်ဖို့ဆိုတာ လွယ်ကူနိုင်ပါတယ်၊ သို့သော် ရေရှည်ထိန်းသိမ်းဖို့ဆိုတာ ပိုပြီးအဓိကကြမှာဖြစ်ပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ လုပ်ငန်းအောင်မြင်ဖို့ အခြေခံအချက် (၃-ချက်) ရှိပါတယ်။ Start စတင်ဖို့လိုအပ်တယ်၊ တိုးတက်လာတဲ့အခါ System စနစ်နဲ့ ထိန်းနိုင်ဖို့နဲ့ အောင်မြင်လာတဲ့အခါ Sustain ရေရှည်ထိန်းသိမ်းဖို့ အရေးကြီးပါတယ်။

အားသာချက်ဆိုတာ အခွင့်အရေးကို ဖန်တီးပြီး အားနည်းချက် ဆိုတာ အတားအဆီးကို ဖန်တီးစေတယ်။ အားသာချက်က အခွင့်အရေးတွေ ဖန်တီးပေးသလို အားနည်းချက်က အတားအဆီးတွေ ဖြစ်လာ စေတယ်။ အခွင့်အရေးဖြစ်ဖို့ အားသာချက်လိုအပ်သလို အတားအဆီးမဖြစ်အောင် အားနည်းချက်တွေကိုပြုပြင်ရပါတယ်။

## ၂၀၁၇ ခုနှစ်

### မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း (၂၀-ကျော်) အထိ လုပ်ငန်းဦးဆောင်ခဲ့မှု အတွေ့အကြုံများ

ကျွန်တော် လေးစားအားကျရတဲ့ ဘီလျံနာစီးပွားရေးလုပ်ငန်းရှင်ကြီး Jack Ma ရဲ့ ကြိုးစားမှုပုံရိပ်တွေကို အမြဲအတုယူကြိုးစားတယ်။ ဒီလိုနဲ့ပဲ လုပ်ငန်းတခု တိုးတက်လာတဲ့အခါ တနိုင်ငံလုံးအဆင့် အောင်မြင်ဖို့ ဆက်လက်ကြိုးစားခဲ့မိတယ်။ MESI လုပ်ငန်းစုတိုးချဲ့အောင်မြင်လာတာကြောင့် နယ်မြို့ကြီးတွေက လုပ်ဖော်ကိုင်ဖက်

တွေကို Franchise အကျိုးတူလုပ်ငန်းများဆောင်ရွက်ဖို့ ဖန်တီးခဲ့ပါတယ်။ ရန်ကုန် + မန္တလေး + တောင်ကြီး ကျောင်းခွဲတွေနဲ့အတူ Franchise ကျောင်းခွဲတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ အစုရှယ်ယာရှင်တွေ၊ ဆရာတွေများစွာ ပါဝင်လည်ပတ်နေတဲ့ MESI သင်တန်းကျောင်းကြီးကို အောင်မြင်စွာထူထောင်နိုင်ခဲ့ပါပြီ။ ၂၀၁၈ မှာ MESI လုပ်ငန်းစုဟာ (မီလျံနာ) လုပ်ငန်းစုကြီးဖြစ်လာဖို့ အခွင့်အရေးများစွာဖြစ်လာခဲ့ပါတယ်။ ၂၀၂၀ အထိ လုပ်ငန်းတိုးချဲ့ဖို့ စီမံကိန်းတွေရေးဆွဲထားပြီး နှစ်စဉ်အလိုက် လုပ်ငန်းရာထားချက်တွေကို ပြီးမြောက်အောင်မြင်ဖို့လည်း ဦးဆောင်ကြိုးစားဖန်တီးပေးနေပါတယ်။ တိုးတက်လာတဲ့ မြန်မာနိုင်ငံမှာ အသိပညာဦးဆောင်ပြီး စီးပွားရေးခေါင်းဆောင်တွေ၊ စီမံခန့်ခွဲမှုထူးချွန်သူတွေများစွာ ဖန်တီးပေးနိုင်ဖို့ ခံယူချက်နဲ့ ဆန်းသစ်တီထွင်မှုတွေကို ဖန်တီးပေးဖို့ ရည်ရွယ်ထားပါတယ်။ Zero to Hero အဖြစ် ကျွန်တော်ရဲ့ ကြိုးစားအောင်မြင်ခဲ့မှု အတွေ့အကြုံတွေ၊ အသစ်သစ်တွေ အတွေးအခေါ်တွေကိုလည်း လက်ဆင့်ကမ်းပေးရင်း အနာဂတ်မှာ ဆက်လက်ခေါင်းဆောင်ကြမည့် လူငယ်ခေါင်းဆောင်များစွာအတွက်လည်း နေရာတွေဖန်တီးပေးဖို့ပါ။ ခေါင်းဆောင်ကောင်းဆိုတာ ခေါင်းဆောင်တွေ မွေးထုတ်ပေးနိုင်ဖို့ ပါပဲ။ အနာဂတ်မှာလည်း လုပ်ငန်းတွေအောင်မြင်ဖို့ ဖန်တီးပေးရင်း နေရာတွေပေးရင်း ဆက်လက် လုပ်ငန်းတွေ ဖန်တီးရင်း နေရာတွေ

ပေးရင်းဖြင့် အနာဂတ်ခေါင်းဆောင်တွေနဲ့ အတူ အတူတူလက်တွဲ ကြိုးစားသွားနိုင်ဖို့ပါ။ အနာဂတ်လူငယ် ခေါင်းဆောင်တွေဟာ ကျွန်တော်တို့ထက် ထူးချွန်ကြမှာ အသေအချာပါပဲ။ ဘာကြောင့်လဲဆိုရင် (ကျွန်တော့်တို့ရဲ့ အမှားတွေဆိုရင် သင်ခန်းစာယူရင်း) ကောင်းတဲ့ အရာတွေကို (စံနမူနာယူ အတုယူကြိုးစားရင်း) ဖြင့် ပိုမိုဖန်တီးနိုင်သော အနာဂတ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးဖို့ မှတ်တမ်းပြုစုပေးခြင်းသာဖြစ်ပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ အောင်မြင်ဖို့အတွက် အောင်မြင်တဲ့သူတွေကို စံနမူနာထားပါ၊ သူတို့ရဲ့ ကြိုးစားပုံတွေကို အတုယူကြိုးစားကြည့်ပါ။ တနေ့မှာ ကိုယ်လည်း သူတို့သကဲ့သို့ အောင်မြင်လာပါလိမ့်မယ်။

အောင်မြင်သူတွေဆိုတာ Zero to Hero ကြိုးစားနိုင်သူတွေပါ။ သင်မအောင်မြင်ခင်မှာ Know the Ways (အောင်မြင်နိုင်တဲ့ နည်းလမ်းတွေကို ရှာဖွေပါ)။ သင်အောင်မြင်ဖို့အတွက် Go the Way (အောင်မြင်မှု နည်းတွေအတိုင်း လက်တွေ့ကြိုးစားပါ) သင်အောင်မြင်ပြီးရင်တော့ Show the Way (တခြားသူတွေအတွက် နည်းလမ်းပြနိုင်ခဲ့ပါစေ)

## ၂၀၁၈ ခုနှစ်

### MESI သင်တန်းကျောင်း (မီလျံနာ) လုပ်ငန်းစု ဖြစ်နိုင်ရေး မျှော်မှန်းကြိုးစားမှုများ

လုပ်ငန်းစတင်မှုမှလုပ်ငန်းတိုးတက်မှု လုပ်ငန်းအောင်မြင်မှု လုပ်ငန်းရေရှည်ရပ်တည်နိုင်မှု ဒီလို အဆင့်ဆင့် ကြိုးစားရပ်တည်နိုင်မှသာ အောင်မြင်တိုးတက်သော လုပ်ငန်းစုတခုလို့ ဆိုနိုင်ပါတယ်။ လုပ်ငန်းစတင်ခါစ Laptop လေးရောင်းပြီး စတင်ခဲ့ရပေမယ့် ယခုဆိုလျှင် သိန်းထောင်ချီ ရင်းနှီးမြှုပ်နှံထားတဲ့ MESI သင်တန်းကျောင်း လုပ်ငန်းစုနှင့် မြန်မာနိုင်ငံအနှံ့ Franchise Owner, Professional Trainer, Share Holder, Director, Manager များ ဝန်ထမ်းများစွာဖြင့် အောင်မြင်နေတဲ့ သင်တန်းကျောင်း လုပ်ငန်းစုတခုကို ရပ်တည်ဖန်တီးနိုင်ခဲ့ပါပြီ။ ၂၀၁၈ မှာ MESI လုပ်ငန်းစုကို (မီလျံနာ) လုပ်ငန်းစုဖြစ်မြောက်ရေး ဦးဆောင်ကြိုးစားနေလျှက်ပါ။

လုပ်ငန်းစတင်ချိန် မိမိကိုယ်တိုင် ဦးဆောင်ကြိုးစားရပြီး၊ လုပ်ငန်းအောင်မြင်လာချိန် မိမိရဲ့အသင်းအဖွဲ့ (Team) ကို ခိုင်မာအောင်တည်ဆောက်မှသာ ရေရှည်မှာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။ လောကနိယာမသဘောအရ အောင်မြင်မှုတွေဟာ ပိုမိုအောင်မြင်မှုတွေကို ဖန်တီးပေးတဲ့ အရှိန်အဟုန်သဘောတွေရှိပါတယ်။ တိုးတက်လာတဲ့အခါ တိုးချဲ့ဆောင်ရွက်မှုဟာလည်း လိုအပ်လာမှာဖြစ်ပါတယ်။ ၂၀၁၈ မှာ တိုးတက်လာတဲ့ ပညာရေးလိုအပ်ချက် (နိုင်ငံတကာ

အဆင့်မြင့်ပညာရေး) မဟာဘွဲ့ MBA သင်တန်းတွေ ထပ်ဖွင့်နိုင်ဖို့ ဆက်လက်ကြိုးပမ်းနေလျှက်ပါ။ နိုင်ငံတကာမှာ လူသိများပြီး အောင်မြင်နေတဲ့ (Millionaire Mind - မီလျံနာ စိတ်ဓါတ်) သင်တန်းမျိုးတွေ၊ ကမ္ဘာ့နံပါတ် (၁) Tony Robin ကဲ့သို့ လက်တွေ့အောင်မြင်တိုးတက်ရေး သင်တန်းတွေကိုလည်း (စင်္ကာပူမှာ) သွားရောက်လေ့လာခဲ့ပြီး၊ မြန်မာနိုင်ငံအနှံ့ အကျိုးရှိရှိ ပြန်လည်မျှဝေ သင်တန်းပေးသွားနိုင်ဖို့လည်း ရည်ရွယ်ထားပါတယ်။ ဘာကြောင့် နိုင်ငံမှာ ဒီလို လက်တွေ့ သင်တန်းတွေ လိုအပ်နေလဲဆိုရင် ဥပမာ လမ်းမသိပဲ ကားမောင်းနေတယ်ဆိုရင်၊ မိမိရောက်ချင်တဲ့ နေရာကိုရောက်ဖို့ ဝေးမှာဖြစ်ပါတယ်၊ ဒါကြောင့် နည်းလမ်းသည် ဦးစာလေ့လာသင့်တဲ့ အချက်ဖြစ်တယ်။ Life Winning Management (LWM) သကဲ့သို့ လူ့ဘဝ တိုးတက်အောင်မြင်ရေး လက်တွေ့ကျတဲ့ လမ်းညွှန်မှု တွေဟာ လူတိုင်းဘဝမှာ လိုအပ်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ယခု စာအုပ်ဖြင့် ကျွန်တော် အောင်မြင်ခဲ့တဲ့ အတွေ့အကြုံ၊ နည်းလမ်းတွေကို အားလုံးအတွက် လက်ဆင့်ကမ်းမျှဝေပေးခြင်းပါပဲ၊ ဒီစာအုပ်ဖြင့် အောင်မြင်ရေးနည်းလမ်းပြ အသိပညာလျှုဒါန်းမှုဖြစ်နိုင်ပါစေ။ ကျွန်တော်တို့ နိုင်ငံသားအားလုံး တဦးချင်း တိုးတက်နေမှသာ တနိုင်ငံလုံး တိုးတက်ခြင်းကို ဖြစ်စေမှာပါ။ တဦးနဲ့တဦး တိုးတက်အောင်မြင်ဖို့ ကူညီအားပေးခြင်းဖြင့်သာ အားလုံးတိုးတက်ပြီး ရေရှည်တိုးတက်မှု

များစွာကို ဖန်တီးနိုင်ဖို့ ယုံကြည်နေလျှက်ပါ။

ကျွန်တော့်အတွေ့အကြုံအရ မအောင်မြင်ခင်မှာတော့ မိမိကိုယ်တိုင် တိုးတက်အောင်မြင်ဖို့ ကြိုးစားရသလို၊ အောင်မြင်တိုးတက်လာချိန်မှာတော့ အများအတွက် တိုးတက်အောင်မြင်ဖို့ ကူညီပေးရင်း အောင်မြင်တိုးတက်မှုတွေကို ဆက်လက်ထိန်းသိမ်းရမှာဖြစ်ပါတယ်။

စတင်မှုတွေ အောင်မြင်တိုးတက်ဖို့ အရေးကြီးသလို၊ အောင်မြင်မှုတွေကိုလည်း ရေရှည်ထိန်းဖို့ ပိုအရေးကြီးတယ်။ လုပ်ငန်းစတင်အောင်မြင်ဖို့ မိမိကိုယ်တိုင်ဦးဆောင်ပါ၊ လုပ်ငန်းရေရှည်ခိုင်မာဖို့ အသင်းအဖွဲ့ကို ဦးဆောင်ပါ။ မအောင်မြင်ခင်မှာ မိမိတိုးတက်မှုကို ဖန်တီးစေပါ။ အောင်မြင်လာချိန်မှာတော့ အများတိုးတက်ရေးသို့ ဖန်တီးပေးပါ။

## ၂၀၁၉ ခုနှစ်

### ပရဟိတ၊ အတ္တဟိတ မိမိအကျိုး၊ အများအကျိုး ပူးပေါင်းကြိုးစားခဲ့မှု ပီတိများ

လုပ်ငန်းတိုးတက်လာသည်နှင့်အမျှ တိုးချဲ့ဆောင်ရွက်မှုတွေနှင့် MESI ကျောင်းခွဲ (၁၀)ခု ပြည့်မီ ခဲ့ပြီဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်လာတဲ့ MESI Franchise ကျောင်းခွဲ owner များ၊ MESI ဆရာ ဆရာမ အင်အားစု (၅၀)ခန့်ဖြင့် MESI လုပ်ငန်းစုကြီးကို ဦးဆောင်ရတဲ့အခါမှာ နည်းစနစ်တွေနဲ့ တိုးတက် အောင်မြင်

အောင် ဆောင်ရွက်ခဲ့ရပါတယ်။ နိုင်ငံတကာအဖွဲ့စည်းတွေနဲ့ ချိတ်ဆက်ဖို့ ကျောင်းခွဲတွေ အောင်မြင်ဖို့ များစွာသော တာဝန်တွေနဲ့အတူ လုပ်ငန်းကို ဦးဆောင်ကြိုးပမ်းခဲ့ပါတယ်။ တိုးတက်လာတဲ့ MESI ကျောင်း ဘာသာရပ်မျိုးစုံ သင်ကြားနိုင်အောင် နိုင်ငံတကာ လုပ်ငန်းများနှင့် ချိတ်ဆက်ပြီး MBA Master အတန်းများဖွင့်လှစ်နိုင်ခဲ့တယ်။ ၂၀၁၉မှာ ဘွဲ့နှင်းသဘင် အကြိမ်ပေါင်း (၁၀)ကြိမ်မြောက် ဒီပလိုများ အတန်း သင်တန်းသား (၃၀၀၀) ကျော်ကိုလည်း ဘွဲ့နှင်းသဘင်ပေးအပ်နိုင်ခဲ့ပြီ ဖြစ်တယ်။

၂၀၁၉ မှာ လူမှုရေးကိစ္စရပ်များဖြစ်တဲ့ Professional Association Speaker (PSA) အသင်းအဖွဲ့ဝင်ဖြင့် မြန်မာနိုင်ငံအနှံ့ မြို့ပေါင်းများစွာမှာလည်း ပါဝင်ဟောပြောပေးနိုင်ခဲ့ပါတယ်။ မြို့ကြီး(၆)မြို့မှာ ဟောပြောပွဲ (၁၀)ခုလောက်မှာ ပါဝင်ဟောပြောပြီး တက္ကသိုလ်မှာရှိတဲ့ ကျောင်းသားကျောင်းသူများ တိုင်းဒေသမှာရှိတဲ့-စီးပွားရေး ဝါသနာပါသူများသို့ ဏှဗမှ မိတ်ဆွေ ဆရာ ဆရာများနှင့် ပူးပေါင်းလျှက် များစွာ ပါဝင်ဟောပြောမှုတွေနှင့် အတူ လူမှု ကူ-ညီဆောင်ရွက်မှုများကို ၂၀၁၉ မှ ကြိုးပမ်းဆောင်ရွက် ခဲ့ပါတယ်။ အောင်မြင်မှုပီတိဆိုတာ ဘာမှမယူပဲပေးဆပ်နေခြင်းသာဖြစ်ပါတယ်။

တိုးတက်အောင်မြင်လာသည်နှင့်အမျှ ခံယူထားရမှာ ထူးချွန်မှုသာ မိမိပိုင်ဆိုင်ပြီး အောင်မြင်မှုဆိုတာ အများကပေးထားခြင်း

ဖြစ်လို့ အများနှင့်ဆိုင်သော ကိစ္စရပ်တွေကို ဦးစားပေးရပါတယ်။ အများနှင့် ဆိုင်သော အလုပ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ရပါတယ်။ လူမှုတာဝန်ကျေပွန်ခြင်းသည်သာ အောင်မြင်တိုးတက်သူတို့၏ ဝတ္တရားပင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ၂၀၁၉ နှစ်ထိ အောင်မြင်မှုခရီးမှာတော့ အများတွက် တာဝန်ယူရင်း ဆက်လက်ပြီးတော့ အောင်မြင်မှုကိုလည်း ထိန်းသိမ်းနေရမှာ ဖြစ်ပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ မအောင်မြင်ခင်မှာတော့ မိမိကိုယ်တိုင် တိုးတက်အောင်မြင်ဖို့ ကြိုးစားရသလို၊ အောင်မြင်တိုးတက်လာချိန်မှာတော့ အများအတွက် တိုးတက်အောင်မြင်ဖို့ ကူညီပေးရင်း အောင်မြင်တိုးတက်မှုတွေကို ဆက်လက်ထိန်းသိမ်းရမှာဖြစ်ပါတယ်။

စတင်မှုတွေ အောင်မြင်တိုးတက်ဖို့ အရေးကြီးသလို၊ အောင်မြင်မှုတွေကိုလည်း ရေရှည်ထိန်းဖို့ ပိုအရေးကြီးတယ်။ လုပ်ငန်းစတင်အောင်မြင်ဖို့ မိမိကိုယ်တိုင်ဦးဆောင်ပါ၊ လုပ်ငန်းရေရှည်ခိုင်မာဖို့ အသင်းအဖွဲ့ကို ဦးဆောင်ပါ။ မအောင်မြင်ခင်မှာ မိမိတိုးတက်မှုကို ဖန်တီးစေပါ။ အောင်မြင်လာချိန်မှာတော့ အများတိုးတက်ရေးသို့ ဖန်တီးပေးပါ။

## ၂၀၂၀ ခုနှစ်

## MESI University College တက္ကသိုလ်အဆင့်ပြောင်းလဲပြီး အားလုံးဂုဏ်ယူနိုင်ဖို့ကြိုးစားဦးဆောင်

MESI Institute မှသည် တက္ကသိုလ် အဆင့် University College သို့ ၂၀၂၀မှသည် စတင်ပြောင်းလဲခဲ့ပြီးတော့ MESI (6)လွှာ New Campus ကို အသစ်ဆောက်လုပ်လျှက်၊ များစွာ ပင်ပန်းပါလှသလို၊ ဘာမှမရှိတဲ့ဘဝမှ ကြိုးစားခဲ့ရပြီး ယခုလို MESI တက္ကသိုလ် အဆင့်ထိ မိတ်ဆွေတွေရဲ့ ယုံကြည်မှုများ၊ ဒီလိုအဆင့် ရောက်ဖို့ များစွာကြိုးစားခဲ့ရပါတယ်၊ အခက်ခဲမျိုးစုံကို ကျော်ဖြတ်လျှက် လူအများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အလုပ်တွေ တိုးတက်အောင်မြင်အောင် ကြိုးစားပြီးနေရပါတယ်။ အောင်မြင်မှုမှာလည်း ပီတိရှိသလို၊ ပင်ပန်းခြင်းတွေဟာလည်း ဒွန်တွဲရှိနေမှာမို့ ခံစားဖို့ထက် ခံနိုင်ရည်ရှိဖို့လည်း အားပေးချင်မိပါတယ်။

MESI university အဆင့်ပြောင်းလဲဖို့ နိုင်ငံတကာ တက္ကသိုလ်ဆက်သွယ်ချိတ်ဆက်လျှက် အင်္ဂလန် ရုရှား၊ မလေးရှား စတဲ့နိုင်ငံများမှ မိတ်ဖက် တက္ကသိုလ်များဖြစ်တဲ့ MOU လက်မှတ်ရေးထိုးလျှက် MESI University college မှာ MBA များ သင်ကြားနိုင်ရေး Bachelor များသင် ကြားနိုင်ရေး Diploma အတန်းများသင်ကြားနိုင်ရေး မြန်မာနိုင်ငံအနှံ့ သင်တန်း ကျောင်းခွဲ

များတွင်လည်း ဒီပလိုမာများအပြင် Mini MBA များသင်ကြားနိုင်ရေးနှင့် များစွာသော စီမံချက် အသစ်တွေကိုလည်း ၂၀၂၀ မှာ ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။

တိုးတက်လာသည် နှင့်အမျှ တိုးတက်မှုကို ထိန်းရသလို တဖက်မှာလည်း ယခုထပ်ပိုမိုတိုးတက်ဖို့ ဆန်းသစ်တီထွင်ကြိုးစားရပါတယ်။ ၂၀၂၀မှာ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့နှင့် ဗီယမ်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံသို့ စီးပွားရေးလေ့လာရေးခရီးများဖြစ် နိုင်ငံတကာအတွေ့ကြုံတွေကို လေ့လာသင်ယူလျှက် မြန်မာနိုင်ငံ အနှံ့မှ ထိုအတွေ့ကြုံတွေကိုစပ်ပြီး MESI university အဆင့်မြင့် ကြိုးပမ်းရေး၊ အစိုးရနှင့် လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ အနှံ့အဆင့်မြင့်ပညာရေးဖြစ်ဖို့ကိုလည်းအားလုံးသော MESI ကျောင်းခွဲ (၁၅-ခု) ပူးပေါင်းမှုအင်အားဖြင့် ကြိုးစားပမ်းဦးဆောင်ရင်း အားလုံးပျော်ရွှင်ဂုဏ်ယူမိကို ကြိုးပမ်းနေရမှာပဲဖြစ်ပါတယ်။

၂၀၁၀ မှသည် ၂၀၂၀ အထိ ကျွန်တော့်ဘဝရဲ့ အောင်မြင်မှု (၁၀) နှစ်တာခရီးမှာ ၂၀၁၀ (zero) laptop တစ်လုံးရောင်းပြီး ကြိုးစားခဲ့တဲ့ဘဝမှ ၂၀၂၀ မြန်မာနိုင်ငံအနှံ့ ကျောင်းခွဲ (၁၅)ခုဖြင့် MESI University College အဆင့်ဖြင့် ဆရာ၊ ဆရာမ (၅၀) ကျော်နှင့်အတူ၊ ကျောင်းသားပေါင်း ထောင်ချီဖြင့် သင်ကြားပေးနိုင်တဲ့ MESI ကျောင်းဦးဆောင်သူသို့များစွာကြိုးစားဖန်တီးခဲ့ရပါတယ်။

Zero to Hero သုညဘဝမှ ရဲစွမ်းသတ္တိအောင်မြင်သူဖြစ်ဖို့အတွက် ကြိုးစားမှုတွေ ၊ ပေးဆပ်ခဲ့မှုတွေ စွန့်စားခဲ့မှုတွေက အဓိကကျပါတယ်။ သို့သော်လည်း အောင်မြင်မှုခရီးရောက်တဲ့အခါမှာ ပင်ပန်းခြင်းဆိုတာ မကျန်ခဲ့ပါ။ အောင်မြင်မှုကတော့ အားလုံးအတွက် ပီတိဖြစ်နေမှာဖြစ်ပါတယ်။ နောင်လာနောင်သားများလည်း ယခုကဲ့သို့ ခံယူချက်ဖြင့် ကြိုးစားဦးဆောင်ဖို့ အားပေးပါတယ်။

Zero to Hero **ဖြစ်အောင် ကျွန်တော်ပြောင်းလဲနိုင်ခဲ့တယ်ဆိုရင်**

I Can Do It (**ကျွန်တော် လုပ်နိုင်တယ်ဆိုရင်**)

You Can Do It (**သင်လည်း လုပ်နိုင်တယ်ဆိုတဲ့ အားပေးမှုပါ**)

I Can Change (**ကျွန်တော် ပြောင်းလဲနိုင်တယ်ဆိုရင်**)

You Can Change (**သင်လည်း ပြောင်းလဲနိုင်ဖို့ အားပေးမှုပါ**)

We Can Change (**ကျွန်ုပ်တို့ ပြောင်းလဲနိုင်ပါတယ်**)

We Can Do It (**ကျွန်ုပ်တို့ လုပ်နိုင်ပါလိမ့်မယ်**)

ယခင်ကျွန်တော် - ပတ်ဝန်းကျင်အထင်ကြီးဖို့နဲ့ မရှိတာကို အရှိလုပ်ပြီး ကိုယ်တိုင်လက်တွေ့ မကြိုးစားခဲ့တာတော့အမှန်ပဲ။

ယခုကျွန်တော် - ပတ်ဝန်းကျင်က အထင်ကြီးဖို့ထက် ကိုယ်တိုင်က အောင်မြင်တိုးတက်ဖို့ ကြိုးစားရမယ်ဆိုတာသိလာတယ်။

ယခင်ကျွန်တော် - အဆင်မပြေမှုတွေနဲ့ ကြုံလာရင် သူများ လွှဲချတဲ့ ပတ်ဝန်းကျင်နဲ့ ဘေးလူတွေကိုပဲ အပြစ်မြင်ဖူးတယ်။

ယခုကျွန်တော် - အဆင်မပြေမှုနဲ့ကြုံလာရင် ကိုယ့်ကိုကိုယ် အပြစ်မြင်တယ်၊ ဘာပြောင်းလဲသင့်သလဲတွေးမိလာတယ်။

ယခင်ကျွန်တော် - လူတွေအထင်ကြီးဖို့ ကြွားဝါလိုတဲ့စိတ်နဲ့ အောင်မြင်ခြင်း နာမည်ကြီးခြင်းကို အရမ်းလိုချင်ခဲ့တာပေါ့။

ယခုကျွန်တော် - အောင်မြင်ဖို့ထက် ကိုယ်လုပ်တဲ့ လုပ်ရပ် တိုင်းကို စိတ်ကျေနပ်ပြီး နိမ့်ချပြီးနေရတဲ့ ဘဝကိုကြိုက်လာတယ်။

ယခင်ကျွန်တော် - အောင်မြင်ချမ်းသာခြင်းဟာ ကံတရားပဲ ကိုယ်တိုင်မကြိုးစားပဲ အရာရာကံကိုပဲ အပြစ်ပုံချခဲ့ဘူးတယ်။

ယခုကျွန်တော် - ကံဆိုတာအလုပ် အလုပ်တွေအဆင်ပြေ အောင် ကြိုးစားလိုက်ရင် ကံကောင်းခြင်းပဲလို့ လက်ခံလာတယ်။

ယခင်ကျွန်တော် - ကိုယ့်ပျော်ဖို့အတွက် အချစ်ရေးကို ဦး စားပေးပြီး ဘဝကြီးကို မျက်လုံးမှိတ်ပြီး မိုက်ရူးရဲဆန်ခဲ့ဖူးတာပေါ့။

ယခုကျွန်တော် - အများအတွက် အလုပ်အကျွေးပြုရင်း အချစ်ရေးထက် ဘဝကိုအလုပ်ထဲမှာ စိတ်နှစ်ကိုယ်နှစ်ဖြစ်စေခဲ့ပြီ။

ယခင်ကျွန်တော် - သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ ဝင်ငွေအနည်းဆုံးဖြစ်လို့ သိမ်ငယ်တဲ့အတွေးတွေနဲ့လူပေ့ါ။

ယခုကျွန်တော် - သူငယ်ချင်းတွေအားကျလောက်တဲ့ ဝင်ငွေနဲ့ လူတွေအတွက် ပြန်လည်ကူညီရမယ်ဆိုတဲ့ အတွေးတွေနဲ့ပါ။

ယခင်ကျွန်တော် - အားတဲ့အချိန်မှာ အချိန်ဖြုန်း၊ ပျော်ရွှင်မှုကို မက်တက်ပြီး ဘဝရဲ့ရည်ရွယ်ချက်ကောင်းကောင်း မရှိခဲ့ပါဘူး။

ယခုကျွန်တော် - အားတဲ့အချိန်မှာ အသိပညာရဖို့နဲ့ အလုပ်အတွက် ပြင်ဆင်ရမယ်ဆိုတဲ့စိတ်နဲ့ အလုပ်တွေပဲစဉ်းစားနေမိပြီ။

ယခင်ကျွန်တော် - ကိုယ်ရဲ့အရည်အချင်းအားနည်းမှုကို မမြင်ပဲ ကိုယ့်ရဲ့ထမင်းရှင် ကုမ္ပဏီတွေကို အပြစ်မြင်ခဲ့ဘူးတယ်။

ယခုကျွန်တော် - ကိုယ့်ရဲ့အရည်အချင်းတွေတိုးတက်နေမှ ညီမျှတဲ့အကျိုးရလဒ်ကို ဖြစ်စေတဲ့ မျှတတဲ့ပေးဆပ်မှုကိုမြင်ခဲ့ပြီ။

ယခင်ကျွန်တော် - သူများနိုင်ငံကိုပဲ အထင်ကြီးလေးစားခဲ့ပြီး နိုင်ငံခြားထွက်မှ အောင်မြင်တိုးတက်မယ်လို့ ထင်ခဲ့မိတာပေ့ါ။

ယခုကျွန်တော် - နိုင်ငံခြားမထွက်ပဲ ကိုယ့်နိုင်ငံမှာနေရင်း အောင်မြင်အောင် ဖန်တီးရင်း နိုင်ငံကိုအကျိုးပြုဖို့ကို သိလာတယ်။

ယခင်ကျွန်တော် - ဘဝတစ်ခု အဆင်ပြေစွာရပ်တည်ဖို့ အလုပ်တခုဖို့အတွက်ကို သူများတွေဆီ အောက်ကျခဲ့ဖူးတာပေါ့။

ယခုကျွန်တော် - တချို့လုပ်ငန်းတချို့မှာ ရင်းနှီးမြှုပ်နှံမည့် သူတွေက ကမ်းလှမ်းလာရင်း စွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်စေခဲ့ပြီ။

ယခင်ကျွန်တော် - ကိုယ်အတွက်ပြောင်းလဲမှုဖြစ်ဖို့ အများ ကပြောင်းလဲပေးမှ ရမယ်ဆိုတဲ့ သူများကိုအားကိုးခဲ့ဘူးတာပေါ့။

ယခုကျွန်တော် - ကိုယ်ပြောင်းလဲဖို့အတွက် ကိုယ်တိုင်ပြောင်း လဲမှရမယ်ဆိုတဲ့ ခံယူချက်နဲ့ ကိုယ်တိုင်ပြောင်းလဲယူနေပြီ။

ဒီစာကို ရေးသားခြင်းမှာ ကြွားဝါခြင်းလုံးဝမပါပဲ၊ လူတိုင်း လည်း ပြောင်းလဲနိုင်တယ်ဆိုတာ လက်ခံနိုင်ဖို့နဲ့ လက်ရှိအခွင့် အရေးများစွာ ပေါ်လာတဲ့ နိုင်ငံစီးပွားရေး၊ တိုးတက်ရေးအခွင့်အ- လမ်းတွေမှာ ကျွန်တော်တို့ လူမျိုးတွေကို အောင်မြင်စေချင်ပါတယ်၊ ပြောင်းလဲပြီးကြီးစားကြည့်စေချင်တယ်။ ပြောင်းလဲယူနိုင်တဲ့ သူတိုင်း ဖြစ်နိုင်ပါလိမ့်မယ်။

ကျွန်တော်ဘဝကို ပြောင်းလဲပေးခဲ့တဲ့ အဆင်ပြေမှု၊ အဆင် မပြေမှု၊ ကူညီခဲ့သူ၊ မကူညီခဲ့သူ အရာအားလုံးကို ကျေးဇူးတင်နေ မိပါတယ်။

# Job Career Opportunity

## (အလုပ်အကိုင် အခွင့်အလမ်းများ)

************************

## (**Dagon University** - ဒဂုံတက္ကသိုလ်တွင် ဟောပြောချက်များ)

**ကျောင်းပြီးလျှင် အလုပ်ရရှိဖို့ ဘာတွေပြင်ဆင်ထားသင့်လဲ...?**

အနာဂတ် လူငယ်အများစုအနေနဲ့ ကျောင်းပြီးတာနဲ့ အလုပ်အကိုင်ရရှိနိုင်ဖို့ဟာ လူငယ်တိုင်းရဲ့ အိမ်မက်ဖြစ်ပါတယ်။ အနာဂတ်ရဲ့ အခွင့်အလမ်းဆိုတာ ယခုပြင်ဆင်ထားမှုအပေါ် များစွာမူတည်နေလို့ အောက်ပါ အချက်တွေကို ပြင်ဆင်ထားဖို့ အသက်မွေးဝမ်းဆိုင်ရင် အကြံပေးလိုက်ပါတယ်။

- Career အသက်မွေးဝမ်း အစီအစဉ်ရေးဆွဲထားခြင်း
- Network မိတ်ဆွေအဆက်အသွယ်များထားရှိခြင်း
- Company ကုမ္ပဏီများအကြောင်းကြိုတင်လေ့လာခြင်း
- Prepare လိုအပ်ချက်များ ပြင်ဆင်ထားခြင်းနှင့်

- Job လုပ်ငန်းခွင်ဝင်ခြင်း. . . ဆိုတဲ့ အဆင့်ဆင့် ဆောင်ရွက်ကြိုးစားမှုဖြင့် အနာဂတ်မှာ အသက်မွေးဝမ်း အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

**ရည်မှန်းချက်တွေကို အောင်မြင်နိုင်ဖို့ ဘယ်လိုစီမံဦးဆောင်နိုင်မလဲ. . .?**

လူတိုင်းမှာ ရည်မှန်းချက်တွေ ကိုယ်စီရှိကြပါတယ်။ သို့သော် ထိုရည်မှန်းချက်တွေကို ဘယ်လိုအောင်မြင်ဖို့ ကြိုးစားမလဲဆိုတဲ့ (နည်းလမ်း) ရွေးချယ်ကြိုးစားမှုဟာ အရေးကြီးဆုံးပဲဖြစ်ပါတယ်။ လိုချင်တဲ့ ရည်မှန်းချက် အောင်မြင်ဖို့ (W/H) မေးခွန်းတွေနဲ့အတူ အောင်မြင်မှုအဖြေများစွာကို ဖန်တီးသွားနိုင်မှာဖြစ်ပါတယ်။

- Where (ဘယ်လောက်ထိ ရည်မှန်းချက်ထားလဲ)
- How (ထိုရည်မှန်းချက်တွေကို ဘယ်လိုဖန်တီးနိုင်မလဲ)
- What (ဘယ်အရာတွေကို ရွေးချယ်ကြိုးစားမလဲ)
- Why (ဘယ်အရာတွေက အတားအဆီးဖြစ်ပြီး ဘယ်လိုကျော်ဖြတ်မလဲ)
- Which (ဘယ်နည်းလမ်းတွေဟာ အနီးဆုံးအောင်မြင်နိုင်မလဲ)
- Who (ဘယ်သူတွေနဲ့ ဆက်သွယ်ချိတ်ဆက်ပေါင်းစပ်လုပ်မလဲ)
- When (ဘယ်အချိန်မှာ စတင်ပြီး ဘယ်အချိန်မှာ အောင်မြင်မလဲ)

လောကမှာ ဘယ်အရာမှ ဖုံးကွယ်ထားလို့ မရနိုင်ပါဘူး။ (မေးခွန်းတွေတိုင်းမှာ အဖြေတွေရှိနေပါတယ်) မေးခွန်းမေးရင်း

ရှာဖွေကြိုးစားခြင်းသာ တနေ့အောင်မြင်နိုင်ခြင်းပါပဲ. . .။

ဘဝအောင်မြင်တိုးတက်မှု တန်ဖိုးတရားတွေကို ဖန်တီးတည်ဆောက်ရာဝယ် အများရဲ့ အောင်မြင်မှုကို အားကျနေရုံနဲ့ ကိုယ့်ရဲ့ အောင်မြင်မှုမရနိုင်ဘူး။ (ကိုယ်တိုင်ကြိုးစားကြည့်ပါ)

အများတွေရဲ့ တိုးတက်မှုကို မနာလိုခြင်းနဲ့လဲ ကိုယ်တိုင်တိုးတက်မှုကို မဖန်တီးနိုင်ဘူး။ (ကိုယ့်တန်ဖိုးဆိုတာ ကိုယ်ဖန်တီးခြင်းပါ)

အများတွေကို အကြောင်းပြဆင်ခြေပေးခြင်းနဲ့လည်း အလုပ်တွေက ပြီးမြောက်လာမှာမဟုတ်ဘူး။ (အလုပ်ပြီးဖို့ အလုပ်လုပ်မှပဲ ရလိမ့်မယ်)

ဘဝအောင်မြင်ဖို့ စိတ်ကူးယဉ် တွေးခေါ်နေရုံနဲ့လည်း တိုးတက်ပြောင်းလဲမှုတွေကို မဖန်တီးပေးနိုင်ဘူး။ (ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားရလိမ့်မယ်)

ဘဝကို ဆင်ခြေပေးရင်း၊ တွေးခေါ်ရင်း၊ ထိုင်ပြောနေရင်းနဲ့ပဲ နေ့ရက်များစွာ ကုန်ဆုံးသွားရင် ဘဝဟာရှုံးတယ်။ Don't Wish For It - Work for It ဆုတောင်းမှုထက် လက်တွေ့လုပ်ကြည့်လိုက်ပါ။ စာရွက်ဖြူ တရွက်ပေါ်မှာ လိုချင်တဲ့ ဒီဇိုင်းပုံစံတွေကို ရေးဆွဲဖန်တီးခွင့်ရှိသလိုပဲ မနက်ဖြန်တိုင်းဟာ နေ့သစ်ဖြစ်တယ် ကိုယ်လိုချင်တဲ့ ဘဝပုံစံကို ရေးဆွဲဖန်တီးဖို့ အားပေးချင်ပါတယ်။

## အလုပ်အကိုင်နှင့် အနာဂတ် အသက်မွေးဝမ်း

************************

**(Channel 7 Good Morning Myanmar Interview)**

**အခွင့်အရေးနဲ့ ဖန်တီးခြင်း ဘယ်ဟာအရေးကြီးသလဲ...?**

အခွင့်အရေးတွေက အရာတွေကို မပြောင်းလဲနိုင်စေပါဘူး။ အခွင့်အရေးနောက်ကွယ်မှ ဘယ်လိုဖန်တီး မလဲဆိုတဲ့ ဆန်းသစ်တီထွင်ဖန်တီးမှုကသာ အရာတွေကို ပြောင်းလဲစေလိမ့်မယ်။

အားသာချက်က အခွင့်အရေးတွေ ဖန်တီးပေးသလို အားနည်းချက်က အတားအဆီးတွေ ဖြစ်လာ စေတယ်။ အခွင့်အရေးဖြစ်ဖို့ အားသာချက်လိုအပ်သလို အတားအဆီးမဖြစ်အောင် အားနည်းချက်တွေကိုပြုပြင်ရပါတယ်။

**အလုပ်မှာဝန်ထမ်းဘဝနဲ့ ရေရှည်တိုးတက်အောင် ဘယ်လိုကြိုးစားနိုင်မလဲ...?**

ယနေ့ခေတ် လုပ်ငန်းခွင်ပုံစံတွေဟာ နိုင်ငံတကာနဲ့ယှဉ်

တိုးတက်ပြောင်းလဲလာလျှက်ရှိပါတယ်။ ဝန်ထမ်းဘဝဖြင့်လည်း အမြင့်ဆုံးရာထူးကြီးတွေနဲ့ အမြင့်မားဆုံးလစာတွေကိုရရှိနိုင်ဖို့ အခွင့်အလမ်းများရှိနေပြီဖြစ်ပါတယ်။

၂၀ % သော ထပ်ပိုင်းအဆင့် ရာထူးကြီးလာသူတွေဟာ၊ ၈၀ % သော ကုမ္ပဏီ၏ လစာတွေကို ခံစားနိုင်ပြီး

၈၀ % သော အောက်ပိုင်းအဆင့် ရာထူးငယ်သူတွေဟာ၊ ၂၀ % သော ကုမ္ပဏီ၏ လစာကိုသာ ခံစားနိုင်ပါတယ်။

လူနည်းစုသော ရာထူးအမြင့်ပိုင်း ၂၀ % ထဲ ရောက်အောင်ကြိုးစားနိုင်သူတွေဟာ ၈၀ % သော တိုးတက်အောင်မြင်မှုတွေကို ခံစားနိုင်ခြင်းပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ နာမည်ကြီး ကုမ္ပဏီကြီးတွေရဲ့ CEO နှင့် MD အဆင့်များဟာ ကိုယ်ပိုင်လုပ်ငန်းရှင်တွေမဟုတ်တော့ပဲ၊ ထူးချွန်သူတွေကို ဦးဆောင်စေပြီး အမြင့်ဆုံးသော ရာထူးတွေကို လွှဲပြောင်းလာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းဘဝဖြင့်လည်း အမြင့်ဆုံးသော ရာထူး၊ လစာခံစားခွင့်ရှိတဲ့ CEO / MD အဆင့် အထိ ကြိုးစားနိုင်ပြီဖြစ်ပါတယ်။

**အနာဂတ် အခွင့်အလမ်းတွေအတွက် ဘယ်လိုပြင်ဆင်ထားသင့်သလဲ . . . ?**

အောင်မြင်မှုအခွင့်အရေးဆိုတာ ပေးလာတဲ့အခါ ကိုယ့်

ဘက်မှပြင်ဆင်ထားမှပဲ အောင်မြင်နိုင်ပါတယ်။ အတွေ့အကြုံရှိပြီး၊ အင်္ဂလိပ်စာကျွမ်းကျင်တဲ့ (မန်နေဂျာ) ရာထူးနဲ့ လစာကောင်း ကောင်းခေါ်နေပေမယ့် တောင်းထားတဲ့ လိုအပ်ချက်တွေနဲ့ အတွေ့ အကြုံ စွမ်းရည်ရှိမှသာ ထိုအခွင့်အလမ်းကို ကိုယ်ကရရှိနိုင်သလို အနာဂတ်အခွင့်အလမ်းအတွက် P – Potential အနာဂတ်မှာ ဖြစ် လာနိုင်ချေက ဘာတွေအခွင့်အရေးရှိလာမလဲ။ P – Prepare ကိုယ်က ဘာတွေပြင်ဆင်ထားသင့်လဲ။ (2P) အချက် ၂-ခု ကို စဉ်းစား ထားရပါမယ်။ ဖြစ်လာနိုင်ချေရှိတဲ့ အရာနဲ့ ကိုယ်ပြင်ထားတာ ဆုံတဲ့ အခါမှာ သေချာပေါက် အောင်မြင်တိုးတက်မှာဖြစ်ပါတယ်။

အခွင့်အရေးဆိုတာ ပြင်ပမှ ပေးလာတဲ့အရာ (သို့သော်) အားသာချက်ဆိုတဲ့ ကိုယ့်တွင်းမှ ရှိနေတဲ့ စွမ်းရည်တွေကို ဖြည့်ဆည်း ထားဖို့သာ အဓိကဖြစ်ပါတယ်။ Telent War ထူးချွန်သူတွေကို လုယူနေရပြီဖြစ်တဲ့ ယနေ့ခေတ်မှာ အရည်အချင်းပြည့်ဝနေသူတွေ ဟာ အခွင့်အလမ်းများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။

အားလုံးလည်း တခြားသူတွေကြိုးစားနိုင်လျှင် ကိုယ်လည်း လုပ်နိုင်ပါတယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားနေဖို့အားပေးလိုက်ပါတယ်။

## ဆရာဇင်ဖြိုးပိုင်၏ အားပေးမှုဖြင့် ပြောင်းလဲတိုးတက်ခဲ့သူများ

**************

## Thesu Khine

ဆရာနဲ့တွေ့ဆုံခွင့်ရလိုက်တဲ့ အတွက် ဘဝအတွက် အသိပညာတွေ များစွာရရှိခဲ့တဲ့အပြင် အတွေးအခေါ်တွေပိုမိုတိုးတက်ပြောင်းလဲလာပါတယ်။ စိတ်ဓာတ်ကျနေသူကို အလင်းပြခေါ်ဆောင်နိုင်သူ ရုပ်ကြယ်တပွင့်အဖြစ်မှတ်တမ်းတင်ထားပါတယ်။ ဆရာများစွာထဲမှ ဘဝရဲ့အလင်းပြသူလက်ဦးဆရာတယောက်ဆိုရင်မမှားပါဘူး။

## Thant Zin Mg Mg

ကျွန်တော့်ဘဝမှာကိုယ့် ကိုယ်ကိုဘာလဲ ငါဘာလုပ်ချင်လဲ ငါဘာဖြစ်ချင်လဲဆိုတာကို မသိခဲ့ပါဘူး။ ဒီအတိုင်းပဲ Comfort Zone ထဲမှာနေပြီးတော့ ဘဝကိုကျေနပ်နေတဲ့အချိန်မှာ အမှတ်မထင်ပဲ ဆရာဇင်ဖြိုးပိုင်ရဲ့ဟောပြောပွဲတစ်ခုကို နားထောင်မိခဲ့ပါတယ်။ အဲ့ဒီအချိန်

ကစပြီး ကျွန်တော် ဘာလဲဆိုတာကိုသိလာတယ် ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်လာတယ်။ Sayar Zin လဲ ကျွန်တော့်ဘဝအတွက် Role Model တစ်ယောက်ဖြစ်လာတယ် Sayar Zin ရဲ့ ခေါင်းဆောင်မှုကို အားကျယုံသာမက Sayar Zin ရဲ့ Organization ကိုလည်း အရမ်းကိုလေးစားအားကျရလောက်အောင် Sayar Zin ရဲ့ ခေါင်းဆောင်မှုက လေးစားဖို့ကောင်းလှပါတယ်။

**ဆရာဇင်၏ အကြိုက်ဆုံးစကား (I Must, I Can - ဖြစ်မနေလုပ်ရင် လုပ်နိုင်ပါတယ်)**

## Tin Mar Khaing Win

အာဇာနည်နေ့ Leadership သင်တန်းမှာ ဆရာ့ရဲ့ ဟောပြောချက်တွေ နားထောင်ပြီး စိတ်ဓာတ်ခွန်အားတွေ တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ ဒီစာအုပ်ကြောင့်လည်း ကမ္ဘာမှာ အောင်မြင်ကျော်ကြားတဲ့ ဦးဆောင်သူတွေ ခေါင်းဆောင်သူတွေရဲ့ နည်းလမ်းတွေ အသိပညာတွေရခဲ့ပါတယ်။ ကျေးဇူးအထူးပါ ဆရာ။

## Kyaw Lin Htike

ကျနော်ကတော့ ဆရာဇင် အမြဲပြောနေကျ လူငယ်တွေကို အားပေးပါတယ်။ ကြိုးစားပါဆိုတဲ့ စကားတခွန်းကြောင့် အမြဲကိုယ့်ကိုယ်

ယုံကြည်မှုရှိခဲ့တယ် အားမငယ်တော့ဘူး။ ရာဇင်ရဲ့ ဦးဆောင်မှုက great leadet ပါပဲ။ ဆရာက ဘာလို့လဲဆိုတော့ ဆရာက ဆရာ့ရဲ့ မိတ်ဆွေတွေကို ဆရာ့ရဲ့တပည့်တွေကို ဆွဲခေါ်လို့ပါ အမြင့်ကို ဘဝ ပိုမြင့်အောင် ဦးဆောင်တယ်လို့ မြင်ပါတယ်။ ဆရာ့ရဲ့ ခေါင်းဆောင်မှု အဆိုအမိန့်ထဲကမှ ကျနော်အကြိုက်ဆုံးက ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ အဆိုအမိန့်ကိုအနှစ်သက်ဆုံးပါ။

## Khaing Zin Oo

ဆရာ့ရဲ့ သင်တန်း တက်ပြီးနောက်ပိုင်းမှာ ရှေ့ဆက်မယ့်လမ်းအတွက် ယုံကြည်မှုတွေ ပိုရှိလာပါတယ်။ အသိပညာတွေ မျှဝေပေးတဲ့ အတွက် ကျေးဇူးပါ ဆရာ။ မြန်မာပြည်မှာရှိတဲ့ မျိုးဆက်သစ်တွေအတွက် ပညာမျှဝေပေးနေတဲ့ ဆရာပါ။ I can do it ... You can do it ... We can do it ... !

## Tin Zar Tsin

မင်္ဂလာပါရှင်။ မကွေး MESI မှာ EDBM တက်နေပါတယ်ရှင်။ ဆရာ့ရဲ့ဟောပြော မှုတွေကို အမြဲနားထောင်ပါတယ်ရှင့်။

(၁) ဆရာဇင် Zero Power နဲ့ ပြောင်းလဲခဲ့တယ်

(၂) ဆရာဇင် မှာ Synergy နည်းလမ်းဖြင့် မျိုးဆက်သစ်တွေကို

နေရာပေးတယ် လက်တွဲခေါ်ယူတယ်။

(၃) ဆရာဇင်ရဲ့ ခြသေ့်ဖြစ်ချင်ရင် ခြသေ့်တွေ နဲ Train ပါ။ Leader ဖြစ်ချင်ရင် Leader တွေနဲ့ Train ပါ။ ကျေးဇူးတင်ပါတယ်ရှင်။

## Ainzali Mon

မင်္ဂလာပါ ဆရာဇင်။ ဆရာ့ကို ချစ်ခင်လေးစားပါတယ်ရှင့်။ ဆရာဇင်ရဲ့ ဟောပြောချက် အားလုံးကို ကြိုက်ပါတယ်။ ဆရာ သမီးကို 3M Taungyi ပွဲမှာတုန်းက ဆုံးမစကားပြောပေးတာ ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာပြောတဲ့ အောင်မြင်သူတွေက အလုပ်ကို များများနဲ့ မြန်မြန်လုပ်တယ်။ မအောင်မြင်သူတွေက အလုပ်ကို နဲနဲနဲ့ ဖြေးဖြေးလုပ်တယ်။ သမီးက အခုအလုပ်ကို များများနဲ့ မြန်မြန် လုပ်နိုင်သူဖြစ်အောင် ကြိုးစားနေပါတယ် ဆရာ။ ကျေးဇူးပါရှင့်။ ဆရာဇင် ရွှင်လန်းချမ်းမြေ့ပါစေ။

## Mg Thet Naung

ဆရာဇင်ကြောင့် Trainer ဘဝသို့ ပြောင်းလဲခဲ့ပြီး အနာဂတ်အတွက် သေချာတဲ့ လမ်းကြောင်းဖြစ်ခဲ့ပါတယ်။ ဆရာက စီမံဦးဆောင်မှုကောင်းတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ဆရာရဲ့ အကြိုက်ဆုံးစကားမှ ကြိုမြင်မှ ကြိုပြင်နိုင်မယ်။

## Thitsar Minmaung

ဆရာဇင်၏ စိတ်ခာတ်ခွန်အားပေး ဟောပြောမှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာပြီး ရည်မှန်းချက်တွေထားကာ ကြိုးစားနိုင်လာပါတယ် ဆရာ။ ဆရာဇင်၏ ဦးဆောင်မှုနှင့်အတူ MESI University ကျောင်းကြီး ပြောင်းလဲတည်ထောင်ပြီး အနာဂတ်မြန်မာနိုင်ငံကို ပညာရေးနဲ့ ပြောင်းလဲတိုးတက်အောင် ဖန်တီးနိုင်မယ်လို့ ယုံကြည်ပါတယ် ဆရာ။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ နံပါတ်တစ် အရေးကြီးဆုံးက ပညာရေးပါ ဆရာ။ ဆရာဇင်၏ အကြိုက်ဆုံးစကားများမှ I Can Do It. You Can Do It. We Can Do It. မဖြစ်မနေလုပ်ရင် လုပ်နိုင်ပါတယ်။ I must I Can. ဒီထက်မက အောင်မြင်ပျော်ရွှင်ပါစေ ဆရာ။

## Hninn Thon Thon Wai

ဆရာဇင်ရဲ့ Training တက်ပြီးတဲ့နောက်မှာ ကိုယ့်ကိုကိုယ်ယုံကြည်မှုပိုရှိလာပါတယ်။ Negative Thinking ကနေ Positive Thinking ဘက်ကိုလဲ အများကြီးပြောင်းလဲနိုင်ခဲ့ပါတယ်။ ဆရာ့ရဲ့စကားတွေထဲက အကြိုက်ဆုံးစကားလေးတစ်ခွန်းကတော့ ခြင်္သေ့ဖြစ်ချင်ရင် ခြင်္သေ့နဲ့လေ့ကျင့်ရမယ်ဆိုတာပါပဲ။ ဆရာ့ရဲ့ဟောပြော

ပို့ချမှုကို တစ်ကြိမ်တစ်ခါပဲ တက်ဖူးခဲ့တာတောင်မှ Motivation အများကြီးရရှိခဲ့ပါတယ်။ ဆရာ့ရဲ့အတွေးအခေါ် အယူအဆတွေ သင်ကြားပို့ချမှုတွေဟာ လမ်းပျောက်နေတဲ့ လူကြီးလူငယ်တွေအားလုံးကို လမ်းကြောင်းမှန်ပေါ်ပို့ဆောင်နေတယ်လို့ လုံးဝယုံကြည်ပါတယ်။

## Aung Moe Naing

ဆရာရဲ့ အတွေး ဆရာရဲ့အပြော ဆရာ့ရဲ့အရေး ဆရာရဲ့ ကျင့်ကြံမှုတိုင်းဟာ ဆရာ့အနားမှာ ရှိနေသူတိုင်းအတွက် အပေါင်းလက္ခဏာ အဖြစ်ပြောင်းလဲစေနိုင်တယ်။

ဆရာရဲ့လမ်းညွှန်မှုနဲ့ ခံယူချက်တွေ အများကြီးကို လက်ခံမိတယ်။ ယုံကြည်မိတယ်။ လေးလည်းလေးစားမိပါတယ်။ အဲ့ဒီအထဲက စိတ်ထဲမှာ မှတ်မိပြီး၊ အခွင့်သင့်တိုင်း မျှဝေမိတာလေးကတော့ Leader ဆိုတာ Leaders တွေကိုပဲ မွေးထုတ်ပေးတယ်။

Busines ဆိုတာ ကိုယ်တယောက်တည်းသိနေရုံနဲ့ လုပ်လို့မရဘူး၊ ဒါကြောင့် ကိုယ် Busines လုပ်မယ့် နယ်ပယ်ကသူတွေကိုလည်း အဲ့အသိနဲ့ ပညာကို မျှဝေသင်ကြားပေးရတယ်။ ခြင်္သေ့ ဖြစ်ချင်ရင် ခြင်္သေ့တွေနဲ့ အတူတူကျင့်ရတယ်။ BGI ဆိုတာရယ်၊ အဲ့ဒီအရာတွေကိုတော့ အမြဲ နှလုံးသွင်းထားမိပါတယ်ဆရာ။

# Life Winning Management

## ဘဝအောင်မြင်တိုးတက်ရေးစီမံခန့်ခွဲမှု

### Knowledge / Spiritual (အသိပညာ / ဘာသာတရား)

- ဆရာကောင်းများထံမှ ပညာဆည်းပူးလေ့လာပါ။
- လိုအပ်သော အသိပညာကို အစဉ်မပြတ်လေ့လာနေပါ။
- ဘာသာတရား အဆုံးအမ ခံယူကျင့်ကြံနေထိုင်ပါ။
- ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်အပေါ် အကောင်းမြင်ပါ။
- နေ့စဉ်တိုးတက်စရာ တွေးခေါ် သုံးသပ် ဆုံးဖြတ်ပါ။

### Work / Career (အလုပ် / အသက်မွေးဝမ်း)

- ဂါသနာပါရာ ချစ်မြတ်နိုးသောအလုပ်ကိုလုပ်ကိုင်ပါ။
- ကိုယ့်အလုပ်ဟာ ကိုယ့်ဘဝဆိုတဲ့ခံယူချက်နဲ့ကြိုးစားပါ။
- အသက်မွေးဝမ်း အစီအစဉ်များ ရေးဆွဲသတ်မှတ်ထားပါ။
- ဖြစ်ချင်တဲ့အလုပ်များကို မဖြစ်ဖြစ်အောင် ကြိုးစားပါ။
- အလုပ်နဲ့အသက်မွေးဝမ်းတိုးတက်မှု မျှတစွာကြိုးစားပါ။

### Family / Friend (မိသားစု / မိတ်ဆွေသူငယ်ချင်း)

- သာယာတဲ့မိသားစု ချစ်ခြင်းမေတ္တာ ဖန်တီးရှာဖွေပါ။
- မိသားစု သူငယ်ချင်းများသို့ ဖြည့်ဆည်းကူညီပေးပါ။
- မိသားစု တိုးတက်မှုသို့ တာဝန်ယူကြိုးစားပါ။
- မိတ်ဆွေစစ် သူငယ်ချင်းကောင်းများ ထားရှိပါ။
- မိသားစု မိတ်ဆွေအားပေးမှုမှ ဘဝခွန်အားရယူပါ။

### Income / Business (ဝင်ငွေ / စီးပွားရေး)

- နှစ်စဉ်ဝင်ငွေတိုးတက်ဖို့ နည်းလမ်းများရှာဖွေပါ။
- ရရှိလာတဲ့ငွေကြေးများကို ပြန်လည်ရင်းနှီးမြှုပ်နှံပါ။
- ရေရှည်ဝင်ငွေရှိဖို့ စီးပွားရေးထူထောင်လုပ်ကိုင်ပါ။
- အသုံးစရိတ်ထက် ဝင်ငွေပိုလျှံစေဖို့ စီမံခန့်ခွဲသုံးစွဲပါ။
- ဝင်ငွေတိုးတက်လာမှုနဲ့ ပတ်ဝန်းကျင်သို့ အကျိုးပြုကူညီပါ။




### Recreation / Satisfy (အနားယူမှု / စိတ်ကျေနပ်မှု)

- ဘဝရဲ့ချမ်းသာမှုအစစ် စိတ်ကျေနပ်မှုရှာဖွေပါ။
- ကိုယ်ပိုင်အနားယူချိန် ရွေးချယ်သတ်မှတ် အပန်းဖြေပါ။
-အလုပ်ဖန်တီးပြီးမြောက်မှုဖြင့် စိတ်ကျေနပ်မှု ရှာဖွေပါ။
- စိတ်ကျေနပ်စရာ တွေးခေါ်ဖန်တီးမှုဖြင့် ငြိမ်းချမ်းမှုရှာပါ။
- နေ့စဉ် စိတ် နှင့် ရုပ်စွမ်းအား မျှတစွာ အနားယူပါ။

### Social / Relationship (လူမှုရေး / ပေါင်းသင်းမှု)

- ပတ်ဝန်းကျင် ချစ်ခင်နှစ်သက်စေမှု အားပေးကူညီမှုရှိပါ။
- ဝန်းကျင်၏ကောင်းမှုမကောင်းမှုကြား လျော်ညီစွာနေပါ။
- ပတ်ဝန်းကျင်ကောင်း၊ မိတ်ကောင်းများနှင့် ပေါင်းသင်းပါ။
- လူမှုဆက်သွယ်များစေဖို့ လိုအပ်သလိုမိတ်ဆွေဖွဲ့ပါ။
- ကိုယ်ရေးကိုယ်တာနဲ့ လူမှုရေးမျှတစွာ ကြိုးစားပါ။

### Health / Physical (ကျန်းမာရေး / ရုပ်ပိုင်းဆိုင်ရာ)

- ကျန်းမာရေးကောင်းမွန်ဖို့ စိတ်နဲ့ရုပ်မျှတစွာ နေထိုင်ပါ။
- ရုပ်ပိုင်းဆိုင်ရာ ကျန်းမာဖို့ နေ့စဉ်လေ့ကျင့်ခန်း ပြုလုပ်ပါ။
- အလုပ်နဲ့ ခန္ဓာစွမ်းအားမျှတစွာ ကြိုးစားအားထုတ်ပါ။
- ကျန်းမာရေးလမ်းညွှန်ချက်များနဲ့ ညီညွတ်စွာနေထိုင်ပါ။
- ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းတက်ကြွစွာ နေထိုင်ပါ။

### Success/ Development (တိုးတက်မှု / အောင်မြင်မှု)

- အောင်မြင်တိုးတက်မှု အခွင့်အလမ်းသစ်များ ရှာဖွေပါ။
- တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖို့ ဘဝတန်ဖိုးမြှင့်တင်ပါ။
- ဘဝအောင်မြင်ဖို့ ရည်မှန်းချက်ပန်းတိုင်များ သတ်မှတ်ထားပါ။
- တိုးတက်ပြောင်းလဲမှုအတွက် စွန့်စားကြိုးစားဆောင်ရွက်ပါ။
- အောင်မြင်တိုးတက်မှုသို့ ရေရှည်ထိန်းသိမ်းဆောင်ရွက်ပါ။

---

- Good Work is Good Luck - အလုပ်အကောင်းဆုံးလုပ်ခြင်းဟာ ကံကောင်းခြင်းဖြစ်ပါတယ်။
- ဘာဖြစ်ပျက်နေသလဲဆိုတာထက် ဘယ်လိုတုန့်ပြန်မလဲဆိုတာ ဘဝရဲ့ ရလဒ်ကိုဖန်တီးစေတယ်။
- Tomorrow is New - မနက်ဖြန်တိုင်းဟာနေ့သစ်ဖြစ်တယ် သင်ဖန်တီးသလိုဖြစ်လာလိမ့်မယ်။
- အနာဂတ်ဖြစ်နိုင်ချေအတွက် ပြင်ဆင်ထားခြင်းသည် အောင်မြင်ဖို့အခွင့်အရေးကိုဖြစ်စေတယ်။
- There is a will - There is a way ဖြစ်ချင်တဲ့စိတ်ဆန္ဒရှိရင် ဖြစ်နိုင်တဲ့နည်းလမ်းတွေ ရှိပါတယ်။
- မိမိကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ ပန်းပုဆရာ-ဦးဆောင်ဖန်တီးနေသူ အရှင်သခင် ဖြစ်ပါတယ်။
- I can do it - ကိုယ်လုပ်နိုင်တယ်လို့ယုံကြည်နေခြင်းဟာ စိတ်ရဲ့ အကြီးမားဆုံးခွန်အားဖြစ်တယ်။

ဆန္ဒမွန်ဖြင့်

ဇင်ဖြိုးပိုင်

( MESI Institute )

ဖေဖော်ဝါရီ ( ၂၉ ) မွေးနေ့တူ ကမ္ဘာ့ နံပါတ် ( ၁ )

Tony Robbins အား ဂုဏ်ပြုလျှက်

# 7 in 1 Life Mastery


29 - Feb - 2020 (UMFCCI)

Birthday



Seminar

## ဆရာဇင်ဖြိုးပိုင် ၏ မွေးနေ့ဟောပြောပွဲကြီး






ဤစာအုပ်အား (၄)နှစ်တစ်ကြိမ် ဖေဖော်ဝါရီ ( ၂၉ ) မွေးနေ့အမှတ်တရ
အကောင်းဆုံးထုတ်ဝေရေးသားပြီး ... ကျွန်တော်နှင့်မွေးနေ့တူ
RoleModel ဖြစ်သော Tony Robbins အား
ဂုဏ်ပြုသော အားဖြင့် မွေးနေ့အမှတ်တရ အဖြစ်
ကျွန်တော် လေ့လာခဲ့ရတဲ့ စင်္ကာပူ၊ ထိုင်း နိုင်ငံများမှ သင်တန်းများနှင့်
အောင်မြင်ရေး အတွေ့အကြုံများပေါင်းစပ်ပြီး
A - Z အောင်မြင်မှုရေးရာ လက်စွဲစာအုပ်အဖြစ်
စု – တု – ပြု ရေးသားထားသော စာအုပ်ကောင်းဖြစ်ပါကြောင်း...။


ဆန္ဒမွန်ဖြင့်


ဇင်ဖြိုးပိုင်


# "ဆရာဇင်ဖြိုးပိုင်၏ ထွက်ရှိပြီးသော စာအုပ်များ"







မြန်မာနိုင်ငံအနှံ့ စာအုပ်ဆိုင်များနှင့် MESI ကျောင်းခွဲများတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် လိပ်စာ - အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၈၈၈၈၈၈၄၃၄၊ ၀၉ ၇၈၈၈ ၉၉၇၇၄

MESI

# Company Corporate Training

တိုးတက်ပြောင်းလဲလာသော ခေတ်ပြိုင်စီးပွားရေးအတွက် လူကြီးမင်းတို့၏လုပ်ငန်းများတွင် လိုအပ်သော Training ဝန်ထမ်းစွမ်းရည်မြှင့်တင်မှုများ၊ SOP လုပ်ငန်းခွင်နည်းစနစ်များနှင့် Company Consultant အကြံပေးဝန်ဆောင်မှုများကို လူကြီးမင်းတို့အတွက် အချိန်တိုတို အကျိုးရှိရှိ ကူညီဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးရင်း .....

**System Setup**
လုပ်ငန်းနည်းများပုံစံချပေးခြင်း




**Consultant Training**
ကုမ္ပဏီဖိတ်ခေါ်သင်တန်းပေးခြင်း




**Business Planning**
စီးပွားရေးစီစဉ်ရေးဆွဲပေးခြင်း



UN အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဘဏ်များ နှင့် Shopping Mall ကြီးများ၊ Telenor ကိုယ်စားလှယ်ကြီးများ နှင့် Company အဖွဲ့အစည်းပေါင်း (၅၀)ကျော်သို့ သင်တန်းများ ပို့ချပေးပြီးဖြစ်ပါသည်။

## Our Corporate Client in Myanmar

UNIDO · COMMERCE · awba · STAR MOE YAN GROUP OF COMPANIES

SHWE TAUNG GROUP · SHANGRI-LA HOTELS and RESORTS · SMIDBank · GBS ညီနောင်တို့အတွက် ဂျီဘီအက်(စ်)

FAME · ALPHA CEMENT · STEEL KING · SME

ကုမ္ပဏီအဖွဲ့အစည်းများတိုးတက်ဖို့ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြပါစို့ ....။


ဆရာ၏ ပညာဒါန
အသိပညာပေး Website

www.mesi-edu.com




ဆရာ၏ Personal
Facebook Acount

MESI Entrepreneur SMEs




ဆရာထူထောင်သော MESI သင်တန်းကျောင်း၏ Facebook Page တွင်
ဆရာ၏ Video ဟောပြောမှုများ လေ့လာနိုင်ပါသည်။

Zin Phyo Paing - MESI

